

# ခေတ်ပြိုင် ခဲခြစ်ကောက်ကြောင်းများ

## မောင်သာချို

www.facebook.com/NyisayEbookCreator

www.nyisay.com

အလင်းသစ်စာစဉ် - (၉၂)

# ခေတ်ပြိုင် ခဲခြစ်ကောက်ကြောင်းများ

မောင်သာချို

www.nyisay.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၁ ခုနှစ်၊ ဇွန်လ (ပထမအကြိမ်)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၅၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၇၉၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၄၂၀၆၁၁

ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊ လှည်းတန်း၊ ကမာရွတ်က ထုတ်ဝေသည်။ မျက်နှာဖုံးဖလင်-Eagle၊ မျက်နှာဖုံး sketch ပန်းချီ-မောင်နိုး၊ မျက်နှာဖုံးဒီဇိုင်း-ဗကြီးလင်းဝဏ္ဏ၊ အတွင်းဖလင်-အောင်ဇော်(ပုံရိပ်ရှင်)၊ ကွန်ပျူတာစာစီ-အလင်းသစ်၊ အဖုံးနှင့် အတွင်းစာသားကို ကာလာဖုန်ပုံနှိပ်တိုက်၊ အမှတ်(၁၈၄)၊ ၃၁ လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်းတွင် စာအုပ်ချုပ်သည်။

အတွင်း sketch ပုံများကို မောင်နိုး ရေးဆွဲသည်။

အလင်းသစ်စာပေ

အခန်း(၄၀၄)၊ တိုက်(၆)၊ ညောင်တန်းအိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၀၄၀၉၇ လိုင်းခွဲ - ၂၅၄၊ ၀၉ ၈၇၀၃၈၄၈ က ထုတ်လုပ်ဖြန့်ချိသည်။

http://www.ahlinthitbooks.com

၈၉၅.၈၄

သာချို မောင်

ခေတ်ပြိုင်ခဲခြစ်ကောက်ကြောင်းများ/မောင်သာချို။ - ရန်ကုန်။

သင်းစာပေ ၊ ၂၀၁၁။

၂၃၆ - စာ၊ ၁၃ x ၂၀.၅ စင်တီ။

(၁) ခေတ်ပြိုင်ခဲခြစ်ကောက်ကြောင်းများ။

www.nyisay.com

# မာတိကာ


| | | | |
|---|---|---|---|
| - | စာရေးသူ၏ အမှာစာ | ····· | ၇ |
| ၁။ | မင်းသစ်၊ သို့မဟုတ် | | |
| | အရှေ့တောင်အာရှ၊ သတ္တဗေဒနှင့် | | |
| | မူးယစ်ဝေရ နွေညများ | ····· | ၉ |
| ၂။ | မောင်သင်းခိုင်၊ သို့မဟုတ် | | |
| | မြို့ပြသစ်ရွက် | ····· | ၂၁ |
| ၃။ | ဇော်(ပျဉ်းမနား)၊ သို့မဟုတ် | | |
| | ဓားတစ်လက်၊ ပန်းတစ်ပွင့် | ····· | ၄၁ |
| ၄။ | မောင်ချောနွယ်၊ သို့မဟုတ် | | |
| | လူကြိုက်နည်းတဲ့ ကဗျာဆရာ | ····· | ၅၅ |
| ၅။ | မောင်ရန်ပိုင်၊ သို့မဟုတ် | | |
| | မီးကို နောက်တစ်ကြိမ်ထပ်တိုးတဲ့ | | |
| | ပလူတစ်ကောင် | ····· | ၇၁ |
| ၆။ | မောင်အောင်ပွင့်၊ သို့မဟုတ် | | |
| | ဟိုက်ပတ်ပန်းခြံထဲက | | |
| | ပုရွက်ဆိတ်ယောင်ဆောင်ထားတဲ့ လူတစ်ယောက် | ····· | ၈၃ |
| ၇။ | မင်းသိုက်မွန်၊ သို့မဟုတ် | | |
| | အရက်ဖြူပုလင်း၊ ချစ်ခြင်းမေတ္တာ၊ | | |
| | ရွှံ့နွံဗွက်အိုင်နှင့် အိုမာခိုင်ယမ်ညများ | ····· | ၉၇ |
| ၈။ | ဇော်ထက်၊ သို့မဟုတ် | | |
| | နေကြာတစ်ပွင့်အရိုင်း | ····· | ၁၀၃ |
| ၉။ | နေစိမ့်၊ သို့မဟုတ် | | |
| | မျောနေသော ရေခဲတုံး | ····· | ၁၁၇ |

www.nyisay.com


၁၀။ မောင်ဒီ၊ သို့မဟုတ်

အို… မောင်ဒီ ….. ၁၂၇

၁၁။ ရွှေစိုးဟန်၊ သို့မဟုတ်

ဘောဂဗေဒ ပန်းချီကားတစ်ချပ် ….. ၁၃၇

၁၂။ ဖေမြင့်၊ သို့မဟုတ်

လေထန်ကုန်းမှ ဝေါစထရီသို့ ….. ၁၅၁

၁၃။ ကိုတာ၊ သို့မဟုတ်

ဆင်ဖွယ်နန်းတော်တံခါးအဝက

စာရေးဆရာတစ်ယောက် ….. ၁၆၁

၁၄။ ကြူးနှစ်၊ သို့မဟုတ်

ကန္တာရစာမျက်နှာများ ….. ၁၇၇

၁၅။ နေဝင်းမြင့်၊ သို့မဟုတ်

ယာခရီးက ရွှေချိုးကူသံ ….. ၁၈၉

၁၆။ ဂျူး၊ သို့မဟုတ်

ဉာဏ်ပညာအပေါင်း ချစ်ခြင်းမေတ္တာ

ဖွယ်တော်ရွက်လေးတစ်ရွက် ….. ၂၀၁

၁၇။ အော်ပီကျယ်၊ သို့မဟုတ်

ရယ်စရာဘဝနှင့် မောစရာ စာမျက်နှာများ ….. ၂၁၃

၁၈။ သန်းမြင့်အောင်၊ သို့မဟုတ်

လောကကမ်းပါးမှာ

ကြယ်ငါးကောက်လေသူတစ်ယောက် ….. ၂၂၃

# စာရေးသူ၏ အမှာစာ

အင်္ဂလိပ်ဘာသာစကား၌ contemporary ဟု ရှိသည်ကို ကျွန်တော်တို့က ခေတ်ပြိုင် ဟု သုံးနှုန်းလိုက်ကြပါသည်။ အဘိဓာန်စာအုပ်များက သည်စကားလုံးကို တစ်ချိန်တည်း တစ်ခေတ်တည်း၌ ပေါ်ပေါက်သောလူဟု အဓိပ္ပာယ်ဖွင့်ကြပါသည်။

ရှင်မဟာရဋ္ဌသာရနှင့် ရှင်မဟာသီလဝံသက အင်းဝခေတ်မှာ ခေတ်ပြိုင်။ နဝဒေးနှင့် နတ်ရှင်နောင်က တောင်ငူခေတ်မှာ ခေတ်ပြိုင်။ ဦးပုညနှင့် အချုပ်တန်းဆရာဖေက ကုန်းဘောင်ခေတ်မှာ ခေတ်ပြိုင်။ ဇော်ဂျီနှင့် မင်းသုဝဏ်က ခေတ်စမ်းခေတ်မှာ ခေတ်ပြိုင်။

သည်အထိကဖြင့် ရှင်းပါသည်။ ရှင်ဘုရင် နန်းစိုက်ရာမြို့ကို သမိုင်းခေတ်အမည်တပ်ပြီး စာပေခေတ်ကိုလည်း သည်အတိုင်းခွဲလိုက်တော့ သိပ်ပြဿနာမရှိ။ ခေတ်စမ်းလို စာပေ၏လားရာ Trend ကိုကြည့်ပြီး ခွဲလိုက်တော့လည်း ပြဿနာမရှိ။ ကျွန်တော့်စာအုပ်မှာကျတော့ ပြဿနာ ရှိလာနိုင်ပါသည်။ ကိုမင်းသစ်၊ ကိုသင်းခိုင်၊ ကိုဖေမြင့်တို့လို ပုဂ္ဂိုလ်များကို လက်ညှိုးထိုးပြကာ ဒါခင်ဗျားနဲ့ ခေတ်ပြိုင်တွေလားဟု မေးလာခဲ့သော် ကျွန်တော် ဘယ်လိုဖြေရ မလဲမသိ။ အခက်အခဲ နည်းနည်းရှိပါသည်။

တကယ်တော့ သည်ကဗျာဆရာ၊ စာရေးဆရာတွေက ကျွန်တော်တို့ထက် အနည်းငယ် စောပါသည်။ သို့သော် သည်ပုဂ္ဂိုလ်များကို စာအုပ်ဈေးက ထုတ်ခဲ့သည့် ဖျတ်ခနဲတွေ့ရသည့် ကျွန်တော်တို့ရှေ့က ကြယ်တာရာများ စာအုပ်ထဲမှာ ဆရာမြသန်းတင့်၊ ဆရာဒဂုန်တာရာ၊ ဆရာမင်းသုဝဏ် အစရှိသော လူကြီးများနှင့်အတူ ထည့်သွင်းရန်လည်း မဖြစ်နိုင်ပြန်ပါ။

သို့ဖြစ်ရာ အနည်းငယ်စောခြင်းအတွက် ဝေါဟာရနောက်တစ်လုံး၊ အမျိုးအစား နောက်တစ်ခု ထပ်ရှာ၍ မရနိုင်သည့်အတွက် ခေတ်ပြိုင် တွင်း၌

www.nyisay.com



သွတ်သွင်းလိုက်ရသည်ကို နားလည် ပေးစေချင်ပါသည်။ ချိုးနှိမ်ခြင်း မဟုတ်ရလေပါ။

စာအုပ်စာပေချစ်သူတို့က စိတ်ဝင်စားတတ်လေ့ရှိသော အနုပညာရှင်တချို့၏ ပုံရိပ်ကို လူသားဆန်မှု ရှုထောင့်မှနေ၍ အတတ်နိုင်ဆုံး ရေးခြစ်ထားခဲ့ပါသည်။ ဤစာအုပ်တွင် မပါဝင်သည့် ခေတ်ပြိုင်ခဲခြစ်အချို့ကို သွားလမ်းသာ၍ လာလမ်းဖြောင့်သော တစ်နေ့၌ တင်ဆက်ရန် ရည်ရွယ်ထားပါသည်။

စာမူများကို မူလပထမ ဖော်ပြခဲ့ကြရာ မဂ္ဂဇင်းများက အယ်ဒီတာအသီးသီး (အိပ်မက်ဖူး၊ ပန်းဝေသီ၊ မြားနတ်မောင်၊ ရန့်သစ်၊ ရွှေဝတ်ရည်၊ မိုး၊ စတိုင်သစ်) တို့ကို အမှတ်ရလျက်ရှိကြောင်း ဖော်ပြပါရစေ။ အလင်းသစ်စာပေက ဦးညဏ်အောင်ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။


**မောင်သာချို**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊

ရန်ကုန်မြို့။

❒

www.nyisay.com



www.nyisay.com

# မင်းသစ်
## (အရှေ့တောင်အာရှ၊ သတ္တဗေဒနှင့် မှူးယစ်ဝေဒ နွေညများ)

အရက်သောက်ပြီး ဆိုကရေးတီးလောက်နီးနီး သူများက အထင်ရောက်အောင် ပြောတတ် ဆိုတတ်သော မိတ်ဆွေတစ်ယောက်ကို ကျွန်တော့် ဘဝတစ်သက်တာမှာ တစ်ခါတော့ တွေ့ခဲ့ဖူးပါပြီ။ သူ့ကို ကျူရှင်ဆရာ၊ မတောက်တခေါက် စာရေးဆရာ၊ ဟိုစပ်စပ် သည်စပ်စပ်အယ်ဒီတာအဖြစ် လူသိများသည်။ ဒါပေမဲ့ ကျူရှင်ပဲပြပြ၊ စာပဲရေးရေး၊ အယ်ဒီတာပဲလုပ်လုပ် နာမည်တစ်မျိုးနဲ့ပဲ သူ ကျင်လည်သည်။

မင်းသစ်တဲ့၊

Bio မင်းသစ်၊

စာရေးဆရာ မင်းသစ်၊

အယ်ဒီတာ မင်းသစ်။

ဆိုင်ကိုတော့ ကျွန်တော် ကောင်းကောင်း မမှတ်မိနိုင်တော့။ အရက်ဖြူဆိုင်တော့ အရက်ဖြူဆိုင် တစ်ဆိုင်ဆိုင်မှာ ဖြစ်သည်။ ၅၅လမ်းက ဦးတိုးတို့ဆိုင်မှာလား၊ ပုဇွန်တောင် အမေတို့အိမ်မှာလား၊ ဘူတာရုံလမ်းမှာလား၊ ၄၂လမ်းမှာလား မှတ်မှတ်သားသား ကျွန်တော် မရှိပြီ။ လူတွေကိုလည်း ကျွန်တော် မမှတ်မိနိုင်တော့။

ယမုံ၊ ကိုခိုင်မာ၊ မောင်မောက်(ဉက္ကလာ)၊ စောဒေဝေါ်၊ မြင့်ဦးဦးမြင့်၊ ကိုရန်ပိုင်၊ ကိုသင်းခိုင်၊ ဇော်(ပျဉ်းမနား) စသည်··· စသည်···

သည်လူတွေထဲက သုံးယောက်တစ်ဝိုင်းလည်း ဖြစ်နိုင်သည်။ လေးယောက်တစ်ဝိုင်းလည်း ဖြစ်နိုင်သည်။ လူအတွဲအစပ်ကိုလည်း အတိအကျ မမှတ်မိနိုင်တော့။ ကျွန်တော် မှတ်မိတာ တစ်ခုတော့ရှိသည်။ ကျွန်တော်တို့ အားလုံး မူးနေကြခြင်းကိုပါတည်း။

www.nyisay.com



သည်တုန်းက ကျွန်တော်က လူတတ်လူစွာကြီးလုပ်ကာ ကိုယ့်ထက် ဆယ်စုတစ်စု၊ ဒါမှမဟုတ် နှစ်စုခန့်ကြီးသော ကိုမင်းသစ်ကို ဆုံးမသွန်သင် မိဖူးသည်။

အရက်နှင့်ပတ်သက်၍…

"ကျွန်တော့်ကို စိတ်ဆိုးချင်လည်းဆိုး၊ မဆိုးချင်လည်းနေ ကိုမင်းသစ်၊ ဒါဟာ အရက်ဆိုင်ပါ၊ ဟုတ်တယ်နော် ဒါဟာ အရက်ဆိုင်၊ ဒီလို အရက်ဆိုင် ထဲမှာ အရက်သောက်တာ မကောင်းတဲ့အကြောင်း ပြောရတာတော့ ကျွန်တော် အားနာပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောမယ်။

ကျွန်တော်တို့တွေထဲမှာ အရက်နဲ့ပတ်သက်လို့ စည်းကမ်းမရှိဆုံးဟာ ကိုမင်းသစ်လို့ ထင်တယ်ဗျာ၊ တခြားလူတွေသာ နားတဲ့နေ့ ရှိရင်ရှိမယ်။ ကိုမင်းသစ်မှာ မရှိဘူး၊ ပြီးတော့ ရေချိန်ကိုက်ပြီ ဆိုတာလည်း ကိုမင်းသစ်မှာ မရှိဘူး။ နည်းနည်းတော့ ဆင်ခြင်သင့်တယ် ထင်တယ်ဗျာ။ ဒါ စေတနာ စကားပါ၊ စေတနာနဲ့ ပြောတာပါ"

"ဒီမှာ မောင်သာချို၊ မောင်ရင့်စကား မှားသွားပြီ၊ သိပ်ကိုမှားသွားပြီ မောင်သာချို၊ မင်းသစ် အရက်သမား မဟုတ်ဘူးကွ နားလည်လား၊ မင်းသစ် ဆိုတဲ့ကောင် ဘယ်တော့မှ အရက်သမား မဟုတ်ဘူး ရှင်းလား"

ပြောပြောဆိုဆို ကိုမင်းသစ်က ခုံကို နှစ်ချက်သုံးချက် ဆင့်ရိုက်သည်။ ခုံ ဆိုရအောင်ကလည်း ခုံမည်ကာမတ္တသာဖြစ်သည့် ထင်းရှူးသေတ္တာပုံးကို မှောက်ခုံလုပ်ကာ ခုံအဖြစ် ဖန်တီးထားရသောကြောင့် ကိုမင်းသစ်ရိုက်ချက်ကို မဟန်နိုင်ဖြစ်ကာ ဝရုန်းသုန်းကား ဖြစ်ကုန်သည်။ တစ်ယောက်က အမြည်း ပန်းကန်ကို ကိုင်ထားသည်။ ဖယောင်းတိုင်မီးကား ငြိမ်းလေပြီ။ ပြန်၍ ထွန်းကြရ၏။

"မင်းသစ် ဘယ်တော့မှ အရက်သမား မဟုတ်ဘူးကွ။ ဒါ မင်းသစ် အရက်ကို သောက်နေတာ မဟုတ်ဘူးကွ၊ အဘိဓမ္မာကို သောက်နေတာ၊ အဘိဓမ္မာတွေကို လိုက်သောက်နေတာ။

မောင်သာချိုနဲ့ တွေ့တယ်၊ ကိုယ် မောင်သာချိုအဘိဓမ္မာ သောက်မယ်။ ကိုချစ်ဦးညိုနဲ့တွေ့တယ်၊ ကိုချစ်ဦးညို အဘိဓမ္မာ သောက်မယ်။ မင်းသစ် အဘိဓမ္မာကို ခုံမင်လွန်းလို့ အရက်လိုက် သောက်နေတယ် မှတ်ပါ။ အရက် သောက်ချင်ရုံ သက်သက်ကတော့ အိမ်နားတင် ပြည့်လို့ ရှင်းလား"

www.nyisay.com



ကိုမင်းသစ်က အရက်ဖြူခွက်ကို တစ်ရှိန်ထိုး မော့ချ၏။ နောက်ထပ် ရေတစ်ခွက် ဆင့်သောက်ချလိုက်တော့မှ သူ့မျက်နှာပေါ်က ရှုံ့တွသော မျဉ်းကြောင်းတွေ ပြေသွားသည်။ ပါးစောင်မှ ရေတွေ စီးကျလာ၏။ သူ့ကို ဝိုင်းဝန်းငေးမောနေသော သူတွေလည်း ရီ၍ဝေ၍၊ မူး၍ယစ်၍ ဆေးလိပ်မီးခိုးငွေ့များက တောင်ယာမီးခိုးတွေနှယ်ပင် လွန့်လူး တွန့်ခေါက်နေပြန်သည်။

ဩော် အဘိဓမ္မာ ကိုမင်းသစ်၊ ဆိုကရေးတီး ကိုမင်းသစ်ပေတကား။

*

ကိုမင်းသစ်နှင့် ကျွန်တော်တို့ ရင်းရင်းနှီးနှီး ဖြစ်သွားကြသည်မှာ ၁၉၈၀ ပြည့်လွန်နှစ်များမှာ ဖြစ်ပါသည်။ ၁၉၈၃ ခုနှစ်လောက်ကဟု ကျွန်တော်ထင်ပါသည်။ သည့်မတိုင်ခင်ကတော့ ကိုမင်းသစ်နှင့်ပတ်သက်၍ သတင်းမျှသာ ကြားဖူးသည်။

မိုးဝေမဂ္ဂဇင်းမှာ အယ်ဒီတာလုပ်ဖူးသော ကိုမင်းသစ်၊

အဆိုတော် တွံတေးသိန်းတန် ဓာတ်ပြားတချို့မှာ သီချင်းရေးဖူးသော ကိုမင်းသစ်၊

အထက်တန်းပြကျောင်းဆရာလုပ်ဖူးသော ကိုမင်းသစ်၊

ဝတ္ထုတိုကလေး ကဗျာကလေး ခပ်ကျဲကျဲရေးသော ကိုမင်းသစ် စသည်ဖြင့် …

၁၉၇၅ ခုနှစ်တစ်ဝိုက်မှာတုန်းက ကျွန်တော်က ဆယ်တန်းကျောင်းသားဖြစ်သည်။ ဆယ်တန်းမှာ Bio ဘာသာတွဲ ယူသဖြင့် ကိုမင်းသစ်နာမည်ကို ကြားဖူးသည်။

မှန်ပါသည်။

စတီရီယိုဘိုင်အို မင်းသစ်။

ဆူးလေဘုရားလမ်း ဗဟို မီးသတ်ကြီးနဲ့ မျက်နှာချင်းဆိုင် တိုက်ခန်းတစ်ခုမှာ သူ Bio ကျူရှင်ပြသည်။

သန်းနိုင်၊ ပုလဲ စသော စတီရီယို တေးသံရှင်များ၏အသံဖြင့် ပိုးဟပ်တွေ၊ ဖားတွေ၊ ပလပ်စမိုဒီယမ်တွေအကြောင်းကို သီချင်းစပ်ကာ ကျူရှင်မှာ ဆိုဖူးသည်။

www.nyisay.com





သူ့သင်တန်းမှာက ပိုးဟပ်တွေလည်း လျှပ်စစ်ဂစ်တာကြိုးပေါ်မှာ ပြေးလွှားကုန်သည်။ ဖားတွေလည်း ဒရမ်ပေါ်မှာ ခုန်ဆွကုန်ကြသည်။

သည်သီချင်းအားလုံး ထိုစဉ်တုန်းက ဆယ်တန်းကျောင်းသူ ကျောင်းသားတွေ ပါးစပ်ဖျားပေါ်ကို ရောက်ကုန်ကြသည်။ ဆိုကြ ဟစ်ကြ ကျက်ကြ မှတ်ကြ။

သည်တုန်းက…

ကိုမင်းသစ်သည် ရုပါစတား။

အခုလက်ရှိ ကဗျာဆရာ။

အနုပညာ နယ်ပယ်သား တချို့ကို ထမင်း တင်ကျွေးထားဖူးသည်။ လေယာဉ်လက်မှတ် စီစဉ်ပြီး ပြင်ဦးလွင်သို့ လက်ဖက်သုပ် သွားစားဖူးသည်။

အဲသည် ကိုမင်းသစ်နှင့် ကျွန်တော်တို့ ၁၉၈၃ ခုနှစ်မှာ ဆုံကြသည်။ ဆုံကြသည့်နေရာက ရန်ကုန်တက္ကသိုလ်ထဲမှာ။

သည်တုန်းက တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်သူငယ်ချင်းတစ်ဦးဖြစ်သူ ကိုငွေသိန်းမှာ မြန်မာစာနည်းပြ အဖြစ် ခန့်စာရသောနေ့။ ကိုငွေသိန်းမှာ အပျော်ကြီးပျော်နေသည်။ သူငယ်ချင်းတွေကိုလည်း ငွေမရှိ၍ မပြုစုနိုင်။

"နောက်နေ့မှ ကိုယ် ပြုစုပါရစေကွာ"

သည်တုန်းမှာပဲ ကိုမင်းသစ် ဝင်လာသည်။

"ဒီမှာ ကိုငွေသိန်း၊ ခင်ဗျား ဒီနေ့ မပျော်ဘူးလား"

"ပျော်တာပေါ့ဗျာ"

"အေး… အဲဒီ ခံစားချက်ကို ရက်ဆွဲရွှေ့လို့ရလား"

အားလုံး ငြိမ်ကျသွားကြသည်။ ထိုနေ့က ကိုမင်းသစ်ကောင်းမှုဖြင့် ကျွန်တော်တို့တစ်သိုက် အင်းလျားကန်ဟိုတယ်သို့ ရောက်သွားကြပါသည်။

အလင်းသစ်စာပေ

www.nyisay.com



Chinese room ထဲမှာ။ ကျွန်တော်နှင့် ကိုမင်းသစ်တို့ကြားမှာ အရက်က တံတားခင်းပေးခဲ့ချေပြီ။

*

သည့်နောက်ပိုင်းတွင်ကား ကျွန်တော်နှင့် ကိုမင်းသစ်တို့သည် အရင်းနှီးဆုံး နှစ်ကာလများကို ဖြတ်သန်းဖြစ်ကြသည်။ အဲသည် နှစ်ကာလများပေါ်က စာမျက်နှာတချို့မှာ ကိုမင်းသစ်ပုံရိပ်ကို ကျွန်တော် ပိုပြီး ဖတ်တတ်လာသည်။

မူးယစ်ဝေသီ မင်းသစ်၊ အနုပညာ မင်းသစ်၊ ကျောင်းဆရာ မင်းသစ်၊ လူမှုရေး မင်းသစ် စသော စရိုက်လက္ခဏာများဖြင့် ရှုပ်ပွနေသော လူတစ်ယောက်။

*

မူးယစ်ဝေသီ မင်းသစ်ဟု ဆိုရလောက်အောင်ပင် ကိုမင်းသစ်တစ်ယောက် မူးပါ ယစ်ပါ ဝေသီပါသည်။ နေရာမရွေး၊ လူမရွေး၊ အရက်မရွေး၊ အချိန်အခါမရွေး။

တစ်ခါက ကျွန်တော်တို့တစ်တွေ ကုက္ကိုင်းက ပြည့်ဝမှာ သောက်ဖြစ်ကြသည်။ ကိုမင်းသစ်တစ်ယောက် မဝဟုဆိုကာ ကားငှားစီးစဉ်သဖြင့် အင်းလျားလိတ်ဟိုတယ်သို့ ရောက်သည်။ အင်းလျားလိတ်ကထွက်တော့ ကမာရွတ်ဘူတာရုံလမ်း၊ မဝသေးဟု ဆိုကာ သူ့ခြံထဲခေါ်သွားပြီး ခြံထဲမှာ ထွေးညိုခေါ်၊ ကော်နီခေါ် တောအရက်နှင့် နိဂုံးချုပ်စေသည်။

သည်မျှအထိ နေရာမရွေးသူ။

တစ်ခါတစ်ခါ ဆရာတင်မိုးတို့ဝိုင်းမှာ ကိုမင်းသစ်ကို တွေ့သည်။ တစ်ခါတစ်ခါ ကိုခိုင်မာ၊ တစ်ခါတစ်ခါ အညာက မိတ်ဆွေတွေ၊ တစ်ခါတစ်ခါ။ တစ်ခါတစ်ခါ··· လူမရွေး။

တစ်ခါကလည်း ကိုမင်းသစ်နှင့် ကျွန်တော်တို့ တောအရက်ဆိုင်ကလေးတစ်ဆိုင်မှာ ဆုံဖြစ်ကြသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ တောဆိုပြီး တွန့်သည်။ ကိုမင်းသစ်ကတော့ သည်လို မဟုတ်။

အရက်ကို တစ်ခွက်မော့ပြီး ပါးစပ်ကလေးက တပျတ်ပျတ်မြည်ကာ အရသာခံပြီးမှ···

www.nyisay.com



"မောင်သာချို သောက်ကြည့်စမ်း၊ ဒီတောလေးက တစ်မျိုး ကောင်းတယ်ဟ၊ တော့စ်မဆိုးဘူး၊ တောတောင်မထင်ရဘူး… နော်၊ သောက်ကြည့်စမ်း၊ သောက်ကြည့်စမ်းပါ၊ တော့စ် ဘယ့်နှယ်လဲ"

စသည်ဖြင့် တောင်ဦကာအဖွဲ့ကြောင့် ကျွန်တော်တို့ နွံ့ခဲ့ဖူးသည်။

တစ်ခါကလည်း အင်းလျားလိတ်မှာ ထိုင်ဖြစ်ကြတော့ -

"ကဲကွာ Something Special ပဲ သောက်ကြတာပေါ့၊ ဝီစကီပဲရှာ ဒီကောင် နိပ်တယ်ဟ မောင်သာချိုရ"

ဘာစပါယ်ရှယ်၊ ညာစပါယ်ရှယ် ဝီစကီတွေကို အမြင်ကတ်လို့ Something Special ဆိုပြီး ရွဲ့ထားတဲ့ ဝီစကီ အညွှန်းမှာ ကျွန်တော်တို့ လွမ်းဖူးသည်။ ယမုံက ရိုးရိုးစီးကရက်လေး ဘာလေး မပါဘူးလားမေးတော့ ကိုမင်းသစ် ဒေါသူပုန်ထသည်။

"ဟ-ယမုံ၊ ယူ သိပ်အောက်တာပဲကွာ၊ ရိုးရိုးစီးကရက်က တောသူဌေး သောက်တာဟ၊ ရော့"

ဟုဆိုပြီး နိုင်ငံခြားဖြစ်စီးကရက်ကို ထုတ်တိုက်သည်။ ပြီးတော့ မေးသေးသည်။

"အဲဒီ စီးကရက်ကို သောက်တော့ မောင်ရင့်စိတ်ထဲ ဘယ်လို ခံစားရလဲ"

ယမုံက ငေးငိုင်ပြီး စီးကရက် မီးခိုးကိုလည်း မှုတ်ထုတ်ပြီး၊ ဟိုလူ သည်လူလည်း ကြည့်ပြီး…

"ဘာမှ မခံစားရပါဘူး ကိုမင်းသစ်ရာ"

"အောက်သွားပြီ ယမုံ၊ သိပ်အောက်သွားပြီ၊ ဒီစီးကရက်က ဖွာလိုက်တာနဲ့ ကိုယ့်ကိုယ်ကိုယ် အိမ်ရှေ့မင်းသားလို့ ထင်သွားရတယ်ကွ၊ နို့မဟုတ်ရင် မောင်ရင် စီးကရက် မသောက်တတ်သေးလို့"

ကိုမင်းသစ် တဟားဟားရယ်သည်။ ဝီစကီကို တစ်ငုံငုံသည်။ အရက်မရွေးသော ကိုမင်းသစ်။

တစ်ခါကတော့ ကိုမင်းသစ်တစ်ယောက် ကျွန်တော် နေထိုင်ရာ မြောက်ဥက္ကလာသို့ အချိန်မတော် ပေါက်ချလာသည်။ ညကြီးသန်းခေါင် အိပ်မောကျနေသော ကျွန်တော်တို့ကို တော်တော်နှင့် နှိုးမရ၍ အိမ်ရှေ့မှာ ဆူညံနေသည်။

www.nyisay.com



"ဟော့ မင်းသစ်က လူကိုခင်လို့ လာတာကွ နားလည်လား၊ အရက်သောက်ချင်လို့ လာတာမဟုတ်ဘူး"

စသည်ဖြင့်…

အိမ်ထဲရောက်လာတော့ ကြောင်အိမ်ပေါ်က ဆီပုလင်းကို ရမ်ပုလင်းမှတ်ပြီး မော့ချပါလေတော့သည်။ ပြီး အရက်မရှိကောင်းလားဟု ဒေါတပွပွ။ အချိန်အခါမဲ့ပေတကား။

*

ကိုမင်းသစ်နှင့် ပတ်သက်၍ အနုပညာမင်းသစ်ဟု ဝိသေသနပြုရလောက်အောင်ပင် အနုပညာရှိကြောင်း ကျွန်တော် နားလည်သွားသည်။ ဟိုအရင် မိုးဝေခေတ်က အသံမှန်ဖြင့် ဖွဲ့ဆိုသည့် သူ့လေးချိုးကဗျာတွေ ကျွန်တော် ဖတ်ဖူးသည်။ နောက်တော့ 'အပျိုရုပ်ထွေး ဗိုလ်ချုပ်ဈေး'၊ 'လန်ဒန်မိုးခါးရေ' စသောဝတ္ထုတိုများ။ သည်ဘက်ပိုင်းမှာကျတော့ ချယ်ရီက 'ခံစားသူကြီး ဝတ္ထု'၊ 'ကျန်စစ်သားနဲ့ တွေ့ချင်လိုက်တာ' စသော ဝတ္ထုတွေ ထင်ရှားသည်။

တစ်ခါက ကဗျာလောကကို စော်ကား မော်ကား စကားဆိုသော ဝေဖန်ရေးဆရာတစ်ဦးကို ကိုမင်းသစ်က ဝတ္ထုရှည်ဖြင့် တုံ့ပြန်သည်။ ပန်က 'ဘာလင်အိပ်မက် (၁၉၈၈)'။

သည်ဝတ္ထုရှည်နှင့် ပတ်သက်၍ ကျွန်တော်တို့က သူ့ကို လေးစားကြသည်။ သူကလည်း…

"ဒီမယ်၊ မင်းသစ်က မသေချာရင် ဘာမှ မလုပ်ဘူးမှတ်ပါ၊ ရိုးရိုးမင်းသစ် မဟုတ်ဘူးကွ၊ သည် မင်းသစ် (The Min Thit) ဒက်ဖနိတ်အာတီကယ် (Definite Article) သည်ကို နာမည်ရှေ့မှာ ထည့်ထားတာ"

စသည်ဖြင့်…

တစ်ခါက အနုပညာငြင်းခုံပွဲတစ်ခုမှာ ကိုမင်းသစ် ဝုန်းဒိုင်းကြဲနေတာ ကျွန်တော် တွေ့ဖူးသည်။ Existentialism နှင့် ပတ်သက်၍။

"ဘာ အိပ်ဇစ် (Exist) လဲ၊ အဲဒီအိပ်ဇစ် (Exist) ကို မင်းသစ် လက်မခံဘူးကွ၊ မင်းသစ် ဘယ်တော့မှ လက်မခံဘူး၊ အလကား ပညာတတ်အလေဏတောဝါဒ"

www.nyisay.com



တစ်ခါက အရက်ဆိုင်တစ်ဆိုင်မှာပဲ စာဒေဝါက ကိုမင်းသစ်၏ ကျူရှင် ကြော်ငြာသော 'တစ်ကြိမ်ဆက်ဆံ၊ မင်းလက်ခံမှ၊ ပုံမှန်အတိုင်း၊ ဆက်တက်ပါ' ဆိုသော ကဗျာကို ကျီစယ် နောက်ပြောင်ဖူးသည်။ မူးယစ်ရီဝေ ကိုမင်းသစ်က ပေါက်ကွဲပါလေပြီ။

"ဟေ့ ဒေဝါ၊ မောင်ရင် သိပ်ငယ်သေးတယ်နော်၊ သိပ်ငယ်သေးတယ်၊ မင်းသစ် ကဗျာရေးတာက ကြာပြီကွ၊ ဒါလျောင်စရာမဟုတ်ဘူး၊ အနုပညာနဲ့ မိုင် ၂၀၀၀ လောက် ဝေးတဲ့ကောင်တွေက လျောင်လားပြောင်လားနဲ့၊ ဒီမှာ မင်းသစ် အရှေ့တောင်အာရှ ပတ်လာတဲ့ကောင်ကွ ရှင်းလား၊ မင်းသစ် အရှေ့တောင်အာရှ ပတ်လာတဲ့ကောင်"

သည့်နောက်တွင်တော့ "ဟေ့-မောင်သာချို၊ ပိုက်ဆံတစ်ဆယ်လောက် ပေးစမ်းကွာ" ဟု ဆိုကာ အိမ်ပြန်တတ်မြဲ။

*

ကိုမင်းသစ်နှင့်ပတ်သက်၍ ကျွန်တော်တို့ စိတ်ညစ်ရတာ တစ်ခုရှိသည်။ ယင်းမှာ စာသင်ခန်းအပြင်ဘက် နေရာတကာတွင် သူ၏ကျောင်းဆရာ ဝိညာဉ်က လာရောက် ပူးကပ်နေခြင်းပါတည်း။ "ဒီမှာ မင်းရှာနေတဲ့ မင်းသစ်" ဟု ဆိုင်းဘုတ်ဆွဲထားသော ဆူးလေဘုရားလမ်းမှ ကျူရှင်ခန်း၏ပြင်ပတွင်ပါ ဆရာစကားတွေနဲ့ ကိုမင်းသစ် နေထိုင်သည်။

တစ်ခါက သူ့ကျူရှင်စာအုပ်ကိစ္စတွေ ယမုံ့ကို ရှင်းပြနေသည်။

"ယမုံ၊ ကိုယ့်ဘိုင်အိုစာအုပ်က တစ်အုပ်အစိတ်ကွ၊ အဲတော့ နှစ်ဆယ့်ငါး လေးလီ ဘယ်လောက်လဲ"

"တစ်ရာ..."

"ဟုတ်ပြီ၊ အဲဒီ တစ်ရာကို မှတ်ထား၊ ကိုယ် အုပ်ရေ ၃၀၀၀ လောက် ရိုက်ထားတယ်ကွာ၊ အဲတော့ ၃၀၀၀ ကို လေးနဲ့စားလိုက်စမ်း၊ လေးခုနစ်လီကွာ"

"၇၅၀ ပါဗျာ"

"ဟုတ်ပြီ၊ အဲဒီ ၇၅၀ ကို ခုန ၁၀၀ နဲ့ မြှောက်လိုက်တော့..."

"ခုနစ်သောင်း ငါးထောင်"

ကျွန်တော့်မှာ မနေသာတော့။

www.nyisay.com



''ကိုမင်းသစ်ရာ၊ ကိုယ့်ဘာသာတွက်ပြီး ပြောလိုက်လည်း ရတဲ့ဟာ၊ အမေးအဖြေလုပ်နေရသေးတယ်''

ဟု ဝင်ပြောမှ ရယ်ကျဲကျဲ။

ဒါလည်း သူ့ညာဉ်မပျောက်။

တစ်ခါက နယ်မှ ကဗျာဆရာတစ်ယောက်ကို ချယ်ရီမဂ္ဂဇင်းတိုက် နေရာကို ညွှန်ပြနေသည်။ စာရွက်နှင့် ဘောလ်ပင်နှင့်။

''ဒါ... အနော်ရထာလမ်းမကြီး မဟုတ်လား၊ ဒါက အခု ကိုယ်တို့ ရပ်နေတဲ့လမ်း၊ ၃၃လမ်း၊ အဲတော့ ဒါက''

''၃၄ လမ်း...''

''ဟုတ်ပြီ၊ ဒါက...''

''မဟာဗန္ဓုလလမ်း...''

''ဟုတ်ပြီ၊ ဒါက...''

''၃၅ လမ်း...''

''အိုကေ၊ ဒါက...''

''၃၆ လမ်း...''

''ဟုတ်ပြီ၊ ဒါက... လမ်းကျယ်ကြီးနော်''

''ပန်းဆိုးတန်းလမ်း...''

''ဒါက...''

''၃၇ လမ်း...''

''ဟုတ်ကပြီ၊ ဒါကကော''

''၃၈ လမ်း...''

''ဟုတ်ပါပြီ၊ ဟော့ဒီမှာ လမ်းကျယ်ကြီး''

''ဆိပ်ကမ်းသာလမ်း...''

''အိုကေ... မောင်ရင် အပေါ်ဘလောက်ကို ကွေ့လိုက်၊ ဘယ်ဘက်မှာ လေးငါးဆယ်ခန်းအကျော်မှာ ချယ်ရီမဂ္ဂဇင်းလို့ ရေးထားတယ်''

ဩော်... ဆိပ်ကမ်းသာလမ်းအပေါ်ဘလောက်ကို တစ်ခါတည်း တန်းပြောလိုက်ပါလား ကိုမင်းသစ်ရယ်။

မိလိန္ဒပဥှာ ဆန်လွန်းလှပေစွ။

*

www.nyisay.com



ကိုမင်းသစ်သည် လူမှုရေးမင်းသစ်ဟု ဆိုရလောက်အောင်လည်း သူ့ကိစ္စ ကိုယ့်ကိစ္စများဖြင့် လုံးထွေးပတ်ချာလိုက်နေသောသူ ဖြစ်သည်။

တစ်ခါ ယမုံ ခါးရိုးကျိုးပြီး ဆေးရုံတက်နေခိုက် ဘီယာပုလင်းတွေ၊ ပိုက်ဆံတွေနှင့် ဆေးရုံပေါ်ကို ရောက်လာသည်။ အစ်မ စမ်းစမ်းနွဲ့ (သာယာဝတီ) တို့ ပိုက်ဆံ အပြောင်းအလဲ ကိစ္စတွေမှာ ဒုက္ခရောက်သည်ကြားတော့ စားသောက်စရာ တစ်ပွေ့တစ်ပိုက်နှင့် ရန်ကင်းတိုက်ခန်းပေါ်သို့ ကိုမင်းသစ် အပြေးတက်လာသည်။

သူ့ အိမ်မှာ အနုပညာလောကသားတွေ ဝင်လာမစဲ တသဲသဲ။ ပျဉ်းမနားက အစ်ကို မောင်သင်းခိုင်၊ ကိုဇော်(ပျဉ်းမနား) အစ မအူပင်က မြတ်လှိုင်းအဆုံး တည်းကြ ခိုကြ စားကြ သောက်ကြ၊ ရုပ်ရှင် အစ်ကိုကြီး ကိုမြတ်လေး၊ ဆရာ လယ်တွင်းသား စောချစ်၊ သူရိန်ကိုကို၊ ကိုရန်ပိုင်၊ ကိုချစ်ဦးညို စသည်။

နယ်က မိတ်ဆွေတွေ အပြန်မှာ လမ်းစရိတ် ရှာပေးလိုက်ရသေးသည်။ မိသားစုအတွက် ကမ်းလှမ်းလိုက်ရသေးသည်။

ကိုမင်းသစ်မှာကား ခြံကျယ်ကျယ်ကြီးနဲ့ တဲတစ်လုံး။ သားတွေ သမီးတွေ လေးငါးယောက်။ ကျွန်တော်က သူ့ဇနီး မရှယ်လီ (ယခင် မြန်မာ့အသံ အင်္ဂလိပ်ပိုင်းအစီအစဉ်) ကို အားနာသည်။

"ကိုမင်းသစ်၊ နည်းနည်းပါးပါးလည်း စုပါဆောင်းပါ ကိုမင်းသစ်ရာ၊ ကိုမင်းသစ် အခု သုံးနေတာ တစ်နေ့ နှစ်ရာ ပတ်ဝန်းကျင် ရှိမယ်ထင်တယ်။ ရွှေလေးဘာလေး လုပ်ထားပါလား။ ခင်ဗျားမှာ နာရီကောင်းကောင်းတစ်လုံး တောင် မရှိဘူး"

"တော်စမ်းပါ မောင်သာချိုရာ၊ ကိုယ့်ကိုယ်ခန္ဓာပေါ်မှာ ဘာသတ္တု ပစ္စည်းမှ မတင်ဘူး ရှင်းလား"

ကိုမင်းသစ်ကား ပြောမရ ဆိုမရ။

*

အခုတော့ ကိုမင်းသစ်နှင့် ကျွန်တော် မတွေ့တာကြာပြီ။ သူ့ခြံထဲမှာ ကျင်းပနေကျ အနောက်တိုင်းဆန်သော ဟက်ပီးနယူးယီးယားကိုလည်း ကျွန်တော် မသွားဖြစ်။ သူ့ကျူရှင်ကလည်း ပိတ်ထားဆဲ။ ၃၃ လမ်းတစ်ဝိုက်

www.nyisay.com



ကိုလည်း သူ ရောက်မလာ။ သူ အယ်ဒီတာလုပ်မည်ဆိုသော ကောင်းကင်သစ် မဂ္ဂဇင်းလည်း မလုပ်ဖြစ်တော့။

ကိုမင်းသစ် ဘာလဲ ဘယ်လဲ။

*အိပ်မက်ဖူးမဂ္ဂဇင်း*

အမှတ် ၃၊ ၁၉၈၉။

❐


2011

# မောင်သင်းခိုင်
# (မြို့ပြသစ်ရှက်)

"ကျွန်တော်တို့ မြန်မာစာပေလောကမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြီးတဲ့အခါ ဆရာဒဂုန်တာရာ၊ နောက် ဆရာတာရာ ပြီးတော့ ကိုသင်းခိုင်ပေါ့၊ အဲသလိုများ ဆိုခဲ့ရင် ခင်ဗျား ဘယ်လို ယူဆမလဲ"

ထိုစဉ်က ရှုပ်ထွေးနေသော ချည်ထုံးကြီး၏ အစကို စပြီးဆွဲထုတ်လိုက်သူ၊ လောင်စာတွေနှင့် အပြည့်ဖြစ်နေသော ယမ်းအိုးကြီး၏ စနက်တံကို မီးတို့ ပေးလိုက်သူ၊ အဖြေရှာရန် စောလွန်းသေးသည့် ပုစ္ဆာတစ်ပုဒ်ကို မေးခွန်းထုတ်လိုက်သူမှာ ကျွန်တော်တို့၏ ကဗျာဆရာ မောင်အောင်ပွင့်ပဲ ဖြစ်ပါသည်။

အချိန်မှာ ၁၉၈၉ ခုနှစ်၏ နှစ်ဦးပိုင်းကာလများတစ်ဝိုက်ဖြစ်ပြီး ရောဝတီတိုင်းကို ကျောခိုင်းခဲ့ကာ ရန်ကုန်ရှိ ကျွန်တော့်အိမ်ကလေးမှာ ဘဝခရီးတစ်ထောက် လာရောက် ခိုနားနေစဉ် ကာလများအတွင်း ကိုအောင်ပွင့်က ကျွန်တော့်ကို ပြောခဲ့ခြင်း ဖြစ်ပါသည်။

ထိုစကားကို ကျွန်တော် ကြားခွင့်ရခဲ့ခြင်းမှာလည်း ကိုအောင်ပွင့်နှင့် အနီးဆုံးလူဖြစ်နေ၍ အစောဆုံး ကြားခွင့်ရခဲ့ခြင်းဟုပင် ကျွန်တော်က မှတ်ထင်ယူဆမိပါသည်။ သည့်နောက်ပိုင်းမှာတော့ ကိုဖြိုးထိန်၊ ကိုသစ်စိုး၊ နေစိမ့်စသည် စသည်ဖြင့်။

စင်စစ် ကိုအောင်ပွင့်၏ စကားက မေးခွန်းသက်သက် မဟုတ်ပါ။ သူ၏ ဆုံးဖြတ်ချက်လည်း မဟုတ်ပါ။ ဖြစ်နိုင်လောက်သည့် အဆိုတစ်ခုကို အစမ်း တင်သွင်းကြည့်သည့် သဘောဟု ကျွန်တော် ထင်ပါသည်။ ဆရာကြီးမှိုင်းပြီးတဲ့အခါ ဆရာဒဂုန်တာရာ။ ဆရာဒဂုန်တာရာ ပြီးတဲ့အခါ ကိုသင်းခိုင်။ ကိုအောင်ပွင့်၏ အမေးကို ကျွန်တော် ဘယ်လို ပြန်ဖြေရမည် မသိတတ်နိုင်ဘဲ စိတ်ထဲမှာ လေးလံနောက်ကျို၍ သွားသည်။

www.nyisay.com



မြန်မာစာပေလောက၌ 'မောင်သင်းခိုင်' ဟူသော ကဗျာဆရာ တစ်ယောက်အဖြစ် အခိုင်အမာ အထင်အရှား မှတ်တိုင်တစ်တိုင် စိုက်ထူ ထားပြီးသား ဖြစ်သည်ကို ကျွန်တော် မငြင်းနိုင်ပါ။ ပြီးတော့ သူသည် ကျွန်တော်တို့ ရှေ့က လူတစ်ယောက်။ ကျွန်တော်တို့ဘက်က လူတစ်ယောက်။ ကျွန်တော်တို့၏ ကဗျာနောင်တော်ကြီး။

သူနှင့် ကျွန်တော်တို့ကြားထဲမှာ နွေးထွေးလေးနက်သော ပေါင်းသင်း ဆက်ဆံရေးတရား အခိုင်အမာပင် တည်ရှိခဲ့သည်။ သူ၏ ပုဂ္ဂလိက စွန့်လွှတ် စွန့်စားနိုင်မှုများကိုလည်း ကျွန်တော်တို့က အလေးအနက်ပင် အသိအမှတ် ပြုထားပြီး ဖြစ်သည်။

သို့သော် ဆရာကြီးမှိုင်း၊ ဆရာဒဂုန်တာရာ စသည်တို့နှင့် မျဉ်း တစ်ကြောင်းတည်းထားကာ ဆွဲချပစ်လိုက်ဖို့ ဆိုတာမျိုးကတော့ နည်းနည်းများ တွန့်ကွေးသွားလေမလားဟု ကျွန်တော် စဉ်းစားမိသည်။ ဒါကြောင့်လည်း ကိုအောင်ပွင့်က ထိုစကားကို ပြောလာသောအခါ ဘယ်လို အဖြေ ပြန်လည် ပေးရမည် မသိတတ်နိုင်ဘဲ ကျွန်တော့်နှုတ်ခမ်းတို့ တွန့်ဆုတ်နေခဲ့ခြင်း ဖြစ်ပါ သည်။ ဒါပေမဲ့ အချို့ အချို့သော စာပေမိတ်ဆွေများကတော့ နှုတ်ခမ်းတုံ့နေး မနေကြ။ ခပ်သွက်သွက် ခပ်ပြတ်ပြတ်ဆိုသလိုပင် ပြန်လည် တုံ့ပြန်လိုက်ကြ လေသည်။

"ကျွန်တော်တို့ကတော့ ဒါကို လုံးဝ လက်မခံနိုင်ဘူးဗျာ"

ဒါကတော့ ကဗျာဆရာ ကိုဖြိုးထိန်၏ သဘောထားပင် ဖြစ်သည်။

"ဒီမယ် ကိုအောင်ပွင့်၊ ဒဂုန်တာရာပြီးရင် ကိုသင်းခိုင်ဆိုတာကို ကျွန်တော် သဘောမတူရခြင်းရဲ့ အရေးကြီးဆုံး အချက်တစ်ချက်ကို ကျွန်တော် ပြောလိုက်မယ်၊ အဲဒါသိလား၊ သူ့ရဲ့ ပုဂ္ဂလိကနေထိုင်မှု စရိုက် ကြောင့်ပဲဗျာ"

ဒါကတော့ လပွတ္တာမြို့ကလေးမှာ ကျူရှင်ပြစားနေသည့် စက်မှု တက္ကသိုလ် တစ်ပိုင်းတစ်စ ကျောင်းသားဟောင်းကြီး ကိုစိုးမြင့်(ခေါ်) ကိုသစ်စိုး၏ ရင်ဖွင့်ချက်ပဲ ဖြစ်ပါသည်။

ဤသို့ ဤသို့ အများက ခပ်ကန့်ကန့် ငြင်းဆန်လာလေသော အခါတွင်တော့ ဒဂုန်တာရာပြီးတော့ ဆရာကိုသင်းခိုင်ဆိုသော စကားကို ကိုအောင်ပွင့်က တစ်စ တစ်စ ပြန်လည် ရုပ်သိမ်းသွားခဲ့ပါတော့သည်။

www.nyisay.com



"တကယ်တော့ဗျာ၊ ကိုသင်းခိုင်ဘဝကိုကြည့်၊ တကယ့်ကို ဟာလာဟင်းလင်းကြီး၊ သူ့မှာ ဘာအကာအကွယ်မှ မရှိဘူး၊ အဲဒါကြောင့်လည်း ခက်နေတာ"

ကိုအောင်ပွင့်ကတော့ နောက်ဆုံးအချိန်အထိ သံယောဇဉ်လက်ကျန် တစ်စွန်းတစ်စဖြင့် သူ့စကားကို အနှားသတ်နေဆဲ ဖြစ်ပါသည်။ မှန်သည်၊ ဘဝမှာ ဘာအကာအကွယ်မှ မရှိဘဲ ဟာလာဟင်းလင်းကြီး ဖြစ်နေသော ကိုသင်းခိုင်ဆိုသည့် အချက်ကတော့ တကယ့်ကို မှန်သောအချက် ဖြစ်ပါသည်။

ကဗျာဆရာ မောင်သင်းခိုင်ဆိုသည့် အချက်မှလွဲပြီး သူ့မှာ ဘာမျှမရှိ။ ရာထူးရာခံ အကာအကွယ် မရှိ။ ဥစ္စာနေ လုပ်ငန်းကိုင်ငန်း အကာအကွယ်မရှိ။ အစုအဝေး ဂိုဏ်းဂဏ အကာအကွယ်မရှိ။ ဟန်တွေမာန်တွေနှင့် အဟန့်အတား အကာအကွယ်မရှိ။ ဟင်းလင်းကြီးပွင့်နေသည့် သူ့ဆီကို ဘယ်သူမဆို ဘာအခက်အခဲ တစ်စုံတစ်ရာမရှိဘဲ ရောက်ရှိသွားနိုင်သလို သူကလည်း ဘယ်သူ့ဆီကိုဖြစ်ဖြစ် ဟင်းလင်းကြီးဖွင့်ပြီး ဝင်ရောက်လာတတ်သည်။

တကယ်တော့ ၁၉၄၀ ပြည့်နှစ်မှာ မွေးဖွားခဲ့သော အစ်ကိုတစ်ယောက် ခုဆို အသက် ၆၀ နီးပြီ။ ၁၉၅၆ ခုနှစ်ကပင် ကဗျာ စရေးခဲ့သည်ဆိုတော့ ကျွန်တော် မမွေးခင်ကပင် ကဗျာရေးခဲ့သော ကဗျာဆရာကြီးတစ်ယောက်။ သည်တော့ ကျွန်တော်တို့က အစ်ကို့ကို ဆရာဟု ခေါ်သင့်ကြသည်။ ဒါပေမဲ့ ဆရာဟု ဘယ်လိုမှ ခေါ်၍ မထွက်။ အစ်ကို၊ ဒါပဲ ဖြစ်သည်။

ကိုအောင်ပွင့်ကလည်း ကိုသင်းခိုင်။ ကိုညီညွတ်ကလည်း ကိုသင်းခိုင်။ အောင်ဘညိုကလည်း ကိုသင်းခိုင်။ အားလုံးက ကိုသင်းခိုင်ခဲ့ကြသည်ပဲ ဖြစ်ပါသည်။ ဟာလာဟင်းလင်းကြီး။

သူ့ကို 'အစ်ကို' ဟုခေါ်လိုက်ဖို့အရေး နှုတ်တွန့်လေးကွေးသွားစေမည့် အဆီးအတားများအဖြစ် ရာထူးရာခံ ဥစ္စာငွေကြေး အစုအဖွဲ့ ဟန်တစ်လုံး ပန်တစ်လုံး ဘာဆိုဘာမျှ သူ့မှာမရှိ။ တကယ့်ကို ဟာလာဟင်းလင်းကြီး။

တစ်ခါတစ်ခါတော့လည်း အဲသလို ဟာလာဟင်းလင်း လွတ်လွတ်ခါခါကြီး နေတတ်သည့် စရိုက်ကြောင့်များ အစ်ကို့အပေါ်မှာ ထိုက်တန်သလောက် နေရာမထားကြလေရော့သလားဟု စဉ်းစားချင်စရာ ဖြစ်လာပေသည်။

*

www.nyisay.com



ကတ္တီပါညှပ်ဖိနပ် တစ်ရန်ကို သပ်သပ်ရပ်ရပ် ဝတ်ထားရမည်။ ချည်လုံချည်၊ ချည်အင်္ကျီနှင့် တိုက်ပုံအင်္ကျီ အသင့်အတင့်ကိုလည်း ဝတ်ဆင်ထားရမည်။ လမ်းလျှောက်သောအခါ နှေးနှေးလေးလေး။ စကားပြောသောအခါ တမင် ရွေးချယ်ထားသည့် စကားလုံး အလှအပလေးများဖြင့် ဖြည်းဖြည်းဆေးဆေး။ မျက်လုံးများက ထာဝရ ငေးရီကွဲကြေလျက်။

ဤသို့ဤသို့သော သရုပ်သကန်များဖြင့် ပြည့်စုံနေသူတို့မှ ကဗျာဆရာဟု ဆိုခဲ့လျှင်တော့ ကျွန်တော်တို့ ကိုသင်းခိုင်ကို ကဗျာဆရာဟုခေါ်ရန် ခက်ပါလိမ့်မည်။

ဟိုး ၁၉၈၀ ပြည့်နှစ်လွန်စ ၅၅လမ်း အရက်ဆိုင်တွေ ခေတ်ကောင်းစဉ် ကာလမှစကာ ယနေ့အထိ အစ်ကို့ကို ကျွန်တော်တွေ့ဖူးသမျှမှာ တစ်ပုံစံတည်း။ ကိုသင်းခိုင်က အရပ်အနည်းငယ် ပုပျပ်သည်။ ထို့ကြောင့် ဂျင်းဘောင်းဘီ ခပ်ပွပွမှာ သူနှင့် ရှည်နေရာ အောက်မှ ဖြတ်ဝတ်ချင်ဖြတ်ဝတ်ထားတတ်ပြီး ခေါက်ချင်လည်း ခေါက်ဝတ်ထားတတ်သည်။ အတန်ငယ် နွမ်းနေသည့် Walking Shoes၊ ဂျင်းဂျာကင် အရောင်လွင့်လွင့်။ ကြိုးနှင့်သိုင်းထားသည့် ပါဝါမျက်မှန် တစ်လက်။ ကျောပိုးအိတ် တစ်လုံး။ ဒါပဲ ဖြစ်ပါသည်။

ကိုသင်းခိုင်က ထာဝရ လွယ်ထားတတ်သော သူ၏ ကျောပိုးအိတ်ထဲ၌ သူ့ဘဝတစ်ခုလုံးကို ထိုးသိပ်ချိုးခေါက်ကာ ထည့်ထားဟန်တူသည်။ အဝတ်အစားတစ်စုံနှစ်စုံ။ ကဗျာစာအုပ် တစ်အုပ်စ နှစ်အုပ်စ။ ပလတ်စတစ်ဖြင့် ပတ်ထားသည့် မှတ်ပုံတင်။ စာမူစာရွက် အတိုအထွာများ။ ယင်းသည်ပင် ကိုသင်းခိုင် ၏ 'သေ' နေသောဟန် ဖြစ်လေသည်။ မိုးရွာရွာနေပူပူ ဘယ်တော့မှ မပြောင်းလဲစတမ်း။

"ဟော့လူ… ကိုသင်းခိုင် ပုဆိုးနဲ့ နေတာကို ခင်ဗျားတွေ့ဖူးလားဗျ။ သူ ဘယ်တုန်းလောက်က ဘောင်းဘီ စဝတ်တယ်ထင်လဲ"

တစ်ခါတော့ ကိုသင်းခိုင်နှင့် အလွန်ရင်းနှီးသော ကဗျာဆရာ တစ်ယောက်ကို ကျွန်တော်က မေးကြည့်မိသည်။ ဤတွင် ထိုကဗျာဆရာ တွေသွားသည်။

"အင်း… ကျွန်တော် စသိကတည်းက ဘောင်းဘီနဲ့ပဲဗျ"

မှန်ပါသည်၊ အစ်ကိုနဲ့ကျွန်တော် သိကျွမ်းခင်မင်ခဲ့တာ အနှစ်၂၀ပြည့်တော့မည်။ တစ်ခါမှ ပုဆိုးနှင့် မတွေ့ဖူးဘူး၊ ညှပ်ဖိနပ်နှင့် မတွေ့ဖူးဘူး။

www.nyisay.com



တိုက်ပုံအင်္ကျီနှင့် မတွေ့ဖူးဘူး။ လွယ်အိတ်နှင့် မတွေ့ဖူးဘူး။ Princess and Photographer ရုပ်ရှင်ကားထဲက ဂျပန်မင်းသားများလို ဆံပင်များ ဖွားခနဲဖွားခနဲ ဖြစ်လာအောင် လမ်းကို ခပ်ခုန်ခုန်လျှောက်၍ လာတတ်မြဲ။

ဘယ်လက်ဖက်ရည်ဝိုင်း၊ ဘယ်အရက် ဝိုင်းကိုမဆို အကျွမ်းတဝင်ရှိပြီးသော ရယ်သံကြီးဖြင့် ရောက်လာတတ်မြဲ။ ဘယ်တော့မှ မပြိုလဲဟန်တူသော စိတ်ဓာတ်ဖြင့် အနုပညာလည်ဆံမွေးတွေ တဖွားဖွား ထောင်နေမြဲ။

တစ်ခုသော နွေရက်မှာတော့ ထုံးစံအတိုင်း ဂျင်းဂျာကင်ကြီး၊ ဂျင်းဘောင်းဘီ ပွရောင်းရောင်း၊ Walking Shoes များဖြင့် လေထန်ကုန်းသို့ ရောက်လာသော ကိုသင်းခိုင်ကို ကြည့်ကာ ကျွန်တော်က မေးမိသည်။

''အစ်ကို မအိုက်ဘူးလားဗျာ''

''အကျင့်ဖြစ်သွားပြီကွ မောင်သာချိုရ၊ ငါ့ညီရ၊ အေး… ဟားဟား ဟား ဟား ဟား ဟား''

လိုဏ်ခေါင်းထဲမှ ပဲ့တင်ရိုက်ထွက်လာသော အသံမျိုးဖြင့် ကိုသင်းခိုင်က လွတ်လွတ်လပ်လပ်ကြီးပင် ရယ်ချလိုက်ပြန်ပါလေသည်။

*

လွန်ခဲ့သော ဆယ်နှစ် မပြည့်တပြည့် ဝန်းကျင်ခန့်လောက်ကဟု ထင်ပါသည်။ ကျွန်တော်တို့ မြန်မာစာပေလောကမှာ နဘေနှင့် ပတ်သက်သည့် ဂယက်ကလေးတွေ အတန်အသင့် ရိုက်ခတ်လိုက်ပါသေးသည်။ ထိုစဉ်က ယင်းနဘေကိစ္စနှင့်ပတ်သက်၍ တိုက်ရိုက် ပတ်သက်သူမှာ ကျွန်တော်တို့ ကိုခိုင်မာ ဖြစ်ပါသည်။

ကိုခိုင်မာသည် ထိုတစ်လောက ဘယ်က ဘယ်လို မှော်ထသည် မသိ။ ကဗျာတိုင်းမှာ နဘေတွေနှင့် သီးပြွတ်နေအောင် ရေးပါလေတော့သည်။ ကောင်းသည်လည်းရှိ၊ မကောင်းသည်လည်းရှိ၊ ကြိုက်သည်လည်းရှိ၊ မကြိုက်သည်လည်းရှိပင် ဖြစ်ပါသည်။ ကိုသင်းခိုင်ကတော့ နဘေနှင့် ပတ်သက်၍ တူးတူးခါးခါးပင် မုန်းဟန်တူသည်။ ထို့ကြောင့်လည်း 'နဘေဟာ အဟောင်းလား အသစ်လား' ဆိုသော ဆောင်းပါးဖြင့် ကိုခိုင်မာကို ထိုးနှက်လိုက်ပါသည်။

ကျွန်တော့်သဘောကတော့ ကောင်းသောနဘေဆိုလျှင် မပစ်ပယ်လိုလှ။ ဖွတ် နဘေကတော့ စကားထဲပင် ထည့်သွင်းဆွေးနွေးစရာမလို။ ဒါပေမဲ့

www.nyisay.com



အစ်ကို ကတော့ နဘေဆို မုန်းမှမုန်း။ ဘာနဘေမှ အနုပညာအိမ်ရိပ် မနင်းရ။ မဝင်ရ။

''စောဗုဒ္ဓါဘုရား
ဟောနှုတ်ကာကြား
လောကုတ္တရာတရား
ဘောပုတ်ကာသွား…
ဟားဟား ဟားဟား ဟားဟား
ညီလေး မောင်သာချိုလေး လုပ်ပါဦးကွ
မင်းကရတယ်…
သွားခေါ် အသုပ်မှာစား
ဟားဟား ဟားဟား ဟားဟား''

လိုဏ်သံပါနေသော အစ်ကို့ရယ်သံက ရန်ကုန်၏ မူးယစ်ဝေသော နွေညများကို လှုပ်ခါသွားစေလေသည်။

*

မှတ်မိနေပါသေးသည်။

၁၉၈၈ ခုနှစ် လွန်သောအခါ ကျွန်တော်တစ်ယောက် အမိရန်ကုန် တက္ကသိုလ်မှ ဝေးရာကို ပြေးခွာခဲ့ရပါသည်။ ကျွန်တော် အညာကို မန္တလေး အမြန်နှင့် သွားမည့်ညက ရန်ကုန်ဘူတာကြီးကို စာပေမိတ်ဆွေ တော်တော် များများက လိုက်ပို့ကြသည်။ သည်ထဲမှာ ကိုသင်းခိုင်တစ်ယောက်လည်း ပါပါ သည်။ သည်တုန်းက အစ်ကိုသည် ရန်ကုန်မြို့ပြကို သစ်ရွက်တစ်ရွက်နှယ် မုန်တိုင်းဖြင့် လွင့်ပါလာခဲ့ပြီးဖြစ်သည်။

ထိုညက ကိုသင်းခိုင်သည် ဘူတာရုံသို့ တော်တော်နောက်ကျမှ ရောက် လာခဲ့ပြီး သူရောက်လာတော့ ကျွန်တော် ရထားပေါ် ရောက်နေခဲ့ပြီ ဖြစ်ပါသည်။ ရထားက ထွက်လုထွက်ဆဲ။ ဘူတာစကြံမှ ရထားထွက်ရန် ငါးမိနစ်အလို ဟူသည့်စာတန်းက မှိတ်လိုက်လင်းလိုက်။ ကိုသင်းခိုင်ကား သံဆန်ခါတစ်ဖက်မှ နေ၍ ဂနာမငြိမ်ဖြစ်နေရင်း လှမ်းအော်ပြောလျက်။

''ဟေ့… မောင်သာချို ညီလေး… လုပ်ကွာ… ဟေ့ တစ်လုံးဖိုး လောက် ပေးခဲ့ပါကွ… မောင်သာချို''

www.nyisay.com



ဘီးစတင်လိမ့်သွားနေစ ရထားပေါ်မှ ဆင်းကာ သံဆန်ခါကြားမှနေ၍ ပိုက်ဆံကို ထိုးထည့်ပေးလိုက်ပြီး ရထားပေါ်သို့ ကျွန်တော် ခပ်သွက်သွက် ပြန်ပြေးတက်လိုက်ရပါသည်။

သူ့အသက်၊ သူ့အရွယ်၊ သူ့ဂုဏ်နှင့် မမျှလောက်အောင်ပင် ညီတွေ အပေါ်မှာ ဆိုးချင်လွန်းသော အစ်ကို့ကိုကြည့်ပြီး ကျွန်တော့် စိတ်ထဲမှာ တနင့် တပိုး ခံစားမိသည်။

တကယ့် တကယ်တမ်း ဝန်ခံကြရကြေးဟုဆိုလျှင် ကျွန်တော်တို့လည်း အသောက်အစားနှင့် ကင်းကင်းရှင်းရှင်းကြီး မဟုတ်လှပါ။ ကိုယ့်စိတ်ကြိုက်လူ၊ ကိုယ့်စိတ်ကြိုက်နေရာ၊ ကိုယ့်စိတ်ကြိုက်အချိန်ဆိုလျှင် စကား ဝိုင်းဖွဲ့မိတတ်မြဲ ဖြစ်ပါသည်။ သို့သော် အစ်ကို ကိုသင်းခိုင်ကတော့တစ်မျိုး။ လူမရွေး၊ အချိန် မရွေး၊ နေရာမရွေး။ အမှတ်တရ နေ့ရက်တွေကလည်း အစ်ကို့မှာ ပြက္ခဒိန်နှစ် အပြည့်။

"ဟော့… မောင်သာချို၊ ဒီနေ့ ဝိုင်းကြရအောင်၊ ဒီနေ့ May 19th လေကွာ၊ တို့ရဲဘော် မောင်လေးအောင် ဆုံးတဲ့နေ့ကွ"

"ကြည့်စမ်း၊ ဒီနေ့ July 17th ပဲ၊ ဒါ ကိုယဉ်မွန် ဆုံးတဲ့နေ့ကွ၊ ဆုံလိုက်ကြရအောင်"

ဤသို့ ဤသို့နှယ်ဖြင့် တော်တော်ကြာ ကားလ်မာ့က်စ်မွေးနေ့၊ လီနင် ကွယ်လွန်သောနေ့၊ ပါဘလိုနီရူဒါမွေးနေ့၊ ဆရာကြီးမှိုင်းမွေးနေ့၊ သခင်မြသန်း ကွယ်လွန်သောနေ့၊ ဗန်းမော်တင်အောင်မွေးနေ့၊ ဟိုချီမင်းမွေးနေ့၊ ဥက္ကဋ္ဌကြီး မော်မွေးနေ့၊ သခင်သန်းထွန်းကွယ်လွန်နေ့၊ ချေဂွေဗားရားတို့ ကျူးဘား ကမ်းခြေကို တက်သောနေ့၊ ကဗျာဆရာရှယ်လီ ကွယ်လွန်သောနေ့။ မဆုံးနိုင် စတမ်းသော အမှတ်တရ နေ့ရက်များ။ ကျွန်တော်ကဖြင့် ကိုသင်းခိုင်၏ မှတ်မိ နိုင်စွမ်းကိုသာ အံ့သြငေးမောနေမိတော့သည်။

သို့သော် တစ်ခုကောင်းသည်က ဘယ်ဝိုင်းကို ရောက်သွားရောက်သွား အစ်ကိုကတော့ ကဗျာအနုပညာ မှော်ဓာတ်များဖြင့် ပူးဝင်စီးကပ်လျက်။ သူ ပြောလိုရာကို လွတ်လွတ်လပ်လပ်ကြီး ပြောချလျက်။ ကဗျာတစ်ပုဒ်ကို ရင်ခေါင်းသံကြီးဖြင့် ရွတ်ဆိုနေလျက်။

"ညီလေး၊ မင်း စဉ်းစားကြည့်စမ်းကွာ၊ ကဗျာရေးတယ်တဲ့… အပြာ ရောင်သမ်းနေတဲ့ တောင်တန်းများဆိုလား၊ တောင်ပြာတန်းပေါ့ကွ၊ ပြီးပြီပေါ့။

www.nyisay.com



ဘယ့်နှယ် အပြာရောင်သမ်းနေတဲ့ တောင်တန်းများဆိုတော့ ခက် ခက်နေပါပြီ၊ ဟား ဟား ဟား ဟား ဟား ဟား''

ဤသို့ဖြင့် အစ်ကိုက သူ့ခေတ်ပြိုင် ကဗျာဆရာတစ်ဦး၏ကဗျာကို ခပ်စပ်စပ် ထိုးနှက်ဝေဖန်သည်။

''မောင်သာချို၊ ငါ ကဗျာပေါင်းချုပ်တစ်အုပ် ရထားတယ်ကွ၊ Austria က ကဗျာတစ်ပုဒ်များ လွှတ်လှတယ်ကွာ၊ A tree တဲ့၊ လဲနေတဲ့ သစ်ပင်ပေါ့ကွာ၊ အင်္ဂလိပ်လို ခဏထား၊ မြန်မာလို ငါရွတ်ပြမယ်။ လဲနေတဲ့ သစ်ပင်··· သူ့အရွက်တွေက ရှင်သန်နေတုန်း··· သူ့အသီးတွေက ရွှမ်းမှည့်နေတုန်း··· သူ့အကိုင်းပေါ်မှာ ငှက်တွေက နားနေတုန်း··· လဲနေတဲ့သစ်ပင်··· ဟားဟား ဟားဟား ဟားဟား လွှတ်လှတယ်၊ ပိုလှတယ်၊ မင်း ဆောင်းပါး ရေးသင့်တယ်ကွ ငါ့ညီ၊ မင်း Scholar ကွ''

အစ်ကိုက နိုင်ငံရပ်ခြား ကဗျာတစ်ပုဒ်ကို လက်တန်းဘာသာပြန်ပြီး ဌာန်နှင့်မာန်နှင့် ရွတ်ချလိုက်ရာ ကျွန်တော့်တစ်ကိုယ်လုံး ဖြန်းခနဲ နွေးတက်သွားသည်။

တစ်နေ့မှာတော့ ကျွန်တော်တို့ လူငယ်စာရေးဆရာတစ်စု ကဗျာဆရာ နေစိမ့်၏အိမ်မှာ ဆုံကြရာ အစ်ကိုပါ ရောက်လာသည်။ ကျွန်တော် ထိုဝိုင်းတွင် သူရဲကောင်းက ပထမ၊ သဘောတရားက ဒုတိယအဆိုကို တင်သွင်းမိသည်။

ငယ်ရွယ်သူတို့သဘာဝ သူရဲကောင်းတွေကို အားကျတတ်ကြကြောင်း၊ ဂျိုဆေရီဇော်၊ ချေဂွေဗားရား၊ ကတ်စထရို၊ နော်မန်ဗက်သွန်း၊ ငုယင်ဗန်ထရွိုင်း စသည် စသည်ဖြင့် စိတ်ဝင်စားမိကြရာမှ သူတို့၏ခံယူချက်နှင့် သဘောတရားကိုပါ လေးစားသွားမိကြကြောင်း ပြောမိရာ လူငယ်တစ်ယောက်က ခွတိုက်ပါလေတော့သည်။ သူရဲကောင်းကိုးကွယ်မှုသည် အလကား ဖြစ်ပါကြောင်း။ ဤတွင် အစ်ကိုတစ်ယောက် လည်ဆံမွေးများ ဖွားခနဲ ထောင်ထလာပါတော့သည်။

''ဟေ့ကောင်၊ မင်းဘယ်မြို့ကလဲ''

''မအူပင်ကပါ''

''မင်းအဖေ ဘယ်သူလဲ''

''လှကြည်ပါ''

''အေး··· လှကြည်ကို ငါက···''

www.nyisay.com



ဟုဆိုကာ အစ်ကိုက ဘာထင်ကြောင်း ပက်ပက်စက်စက် ဆဲချလိုက်ပါတော့သည်။

အစ်ကို စိတ်ဆိုးတော့ တစ်ဝိုင်းလုံး တိတ်ကျသွားပါတော့သည်။ အပြန်လမ်းမှာတော့ ကျွန်တော်က ဖအေနာမည်မေးပြီး ဆဲခြင်းကို နားမလည်နိုင်ကြောင်း ပြောမိပါသည်။

"ဟ… ငါ့ညီရ၊ ဖအေလောက်ကို ဖမ်းဆဲထားမှ သားက ငြိမ်မှာကွ၊ မင်းနှယ် ခက် ခက်နေပြီ၊ ဟားဟား ဟားဟား ဟားဟား"

တစ်ရပ်ကွက်လုံး အိပ်မောကျနေသည့်ညကို အစ်ကို့ရယ်သံက လှုပ်နှိုးပစ်လိုက်ပေသည်။

*

၁၉၈၉ ခုနှစ်မှာတော့ ကိုသင်းခိုင်တစ်ယောက် မြို့တော်ကို သစ်ရွက်လိုလွင့်ကျလာခဲ့သည်။ ကိုသင်းခိုင်က ကျွန်တော့်ဆီမှာ နေလိုပါကြောင်း စကားကမ်းလှမ်းလာပါသေးသည်။ သို့သော် ကျွန်တော့်ဆီမှာက ကိုအောင်ပွင့်ရှိနေပြီးဖြစ်၍ နှစ်ယောက်ဝန်ကို ကျွန်တော်မတတ်နိုင်သဖြင့် ငြင်းဆန်ခဲ့ရပေရာ ကိုသင်းခိုင်တစ်ယောက် ကိုမင်းသစ်၏အိမ်၊ ကိုစိမ်းနီ၏အိမ်၊ ဘုန်းတော်ကြီးကျောင်း စသည်တို့၌ အလိုက်သင့် လွင့်ပါးနေခဲ့ပါသည်။

ထိုအချိန်မှာ မည်မည်ရရ အလုပ်ကတော့ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းအယ်ဒီတာ။ တကယ်တော့ ထိုကဗျာအယ်ဒီတာအလုပ်ကို ၁၉၆၉ ခုနှစ်တုန်းက ရှုထောင့်ဂျာနယ်၊ ၁၉၇၀ ပြည့်နှစ်တုန်းက မိုးဝေမဂ္ဂဇင်းများမှာပါ အစ်ကိုတာဝန် ယူခဲ့ဖူးပေရာ ကဗျာတစ်ပုဒ်ကို အကဲဖြတ်နိုင်စွမ်း၌ ကျွမ်းဝင်ပြီးသားဟု အားလုံးက ယုံကြည်ပြီး ဖြစ်ပါသည်။ ဒါကြောင့်လည်း ရုပ်ရှင်တေးကဗျာစာမျက်နှာများကို ကဗျာဖတ်သူတို့က အလေးအနက် ဖတ်ရှုကြရမြဲ။

သို့ဖြင့် ၁၉၉၅ ခုနှစ်လောက်မှာတော့ အစ်ကို့ကဗျာစာအုပ် ထွက်လာပါသည်။ ရေးသက်ရင့်(ကဗျာ)ဆရာတစ်ယောက်အနေဖြင့် တော်တော်နှောင်းမှထွက်လာသော စာအုပ်ဟု ဆိုနိုင်ပါသည်။

'ချစ်သူများကို တမ်းတခြင်း' တဲ့။ စာအုပ်၏ နောက်ကွယ်မှာတော့ အသံဗလံ တချို့တစ်ဝက်။

*

www.nyisay.com



ကိုသင်းခိုင်၏ 'ချစ်သူများကို တမ်းတခြင်း' ကဗျာစာအုပ် ထွက်လာအပြီးတွင် အဓိက ထွက်လာသည့် အသံတစ်ခုကတော့ 'အရက်'ကို ဖွဲ့ဆိုခန်းတွေ များလွန်းသည်ဆိုသည့် အသံပဲဖြစ်ပါသည်။

'အရက်'နှင့် ပတ်သက် ဆက်နွယ်သည့် ကဗျာများ ကိုသင်းခိုင်၏ ကဗျာစာအုပ်ထဲတွင် မပါမဟုတ်၊ ပါပါသည်။ သို့သော် အခြား အခြားသော ဘဝ၏စာမျက်နှာများကိုလည်း ထိုစာအုပ်မှ တစ်ပုံတစ်ပင် တွေ့ရှိရမည် ဖြစ်ပါသည်။

'မြို့ကိုသွားတဲ့လှည်း' ကဗျာ၌ ဘုရားပျက်ကိုဖြိုပြီး ရလာသည့် အုတ်ခဲများကို မြို့တက်ရောင်းသည့် လူတို့၏ ဘဝများကို တွေ့နိုင်သည်။ 'ဟသ်ပြဒါးဖြစ်သွားတဲ့ည' ကဗျာ၌ ရိုးမထဲတွင် အမဲလိုက်ရင်း တောဝက် ပက်လိုက်၍ သေဆုံးသွားသူ၏ ရွာပနတွင် ထိုတောဝက်သားဖြင့် သပိတ် သွတ်လိုက်ရပုံကို တွေ့နိုင်သည်။

'ဖန်ဆင်းရှင်' ကဗျာ၌ ကော်မက်သာဇင်ကို ဆီအဖြစ်ပြောင်းကြသော၊ ဒူးယားနှင့် သကြားကို ကြက်ကင်၊ ဘဲကင်အဖြစ် ပြောင်းကြသော၊ မွေး၊ ရွှေဝါဆပ်ပြာများကို ထိုင်းဆစ်အဖြစ် ပြောင်းကြသော၊ ဒီဇယ် ဓာတ်ဆီကို ဟင်နက်ဆီ ကော့ညက်အဖြစ်ပြောင်းကြသော တစ်ခါက စားသုံးသူများ၏ ဘဝကို တွေ့နိုင်သည်။



'၂၅ရာစု မုန်တိုင်း' ကဗျာတွင် ၁၆ရာစုမှာ ပေါ်ခဲ့သည့် နတ်သျှင်နောင်သည် သစ္စာဖောက်မဖောက် ၂၀ရာစုမှာ ငြင်းနေကြရကြောင်း၊ နှမ်ဂျာသိုင်း၊ မြင့်မောင်မောင်၊ ငြိမ်းကျော်၊ ခင်ဆွေဦး၊ ကြည်အေး၊ မစန္ဒာ၊ မိုးမိုး (အင်းလျား)တို့ လောကကို ဘယ်သူသစ္စာဖောက်မဖောက်ကို ၂၅ရာစု လူသားတို့ ဝေဖန်ကြမည့် အသံ စသည်ဖြင့်

www.nyisay.com



တို့ထိထားသည်ကို တွေ့နိုင်သည်။ သို့ဖြစ်ရာ အစ်ကို့ ကဗျာများသည် အရက်ချည်းပဲတော့လည်း မဟုတ်ပါ။

ကိုသင်းခိုင်၏ ဘဝဖြတ်သန်းမှုတစ်စွန်းတစ်စကို အရိပ်အကဲဖမ်းနိုင်သည့် ကဗျာတစ်ပုဒ်ကတော့ 'တစ်နေ့ထဲ(တည်း)' ကဗျာဖြစ်သည်။ ...။ ထိုစဉ် မန္တလေးမှ ဟဲဟိုး၊ ဟဲဟိုးမှ ရန်ကုန် လေယာဉ်ဖြင့် အခေါက်ခံလာရခြင်းဖြစ်ရာ မန္တလေးမှာ နွေ၊ ဟဲဟိုးမှာ ဆောင်း၊ ရန်ကုန်မှာ မိုး စသည်ဖြင့် ခံစားလိုက်ရပုံကို ထိုကဗျာမှာ အစ်ကိုက ဖွဲ့သည်။

ကားကလေး
မောကြီးပန်းကြီး စက်ကုန်သုတ်
ပျားရည်ဆမ်းခရီးတော့ မဟုတ်
မန္တလေးကို နှုတ်ဆက်ခြင်း
ချမ်းမြသာစည် လေယာဉ်ကွင်း
နွေနဲ့ ရန်စစ်ခင်းနေပေါ့။

ဒါက မန္တလေးအဖွဲ့ တစ်စွန်းတစ်စ ဖြစ်သည်။

ဟဲဟိုးလေဆိပ်
ရေခိုးငွေ့သိပ်သည်းဆ မှိုင်းတပျပျ၊
လေနအေးက တမြမြ
မန္တလေးတုန်းက နွေ
ဟဲဟိုးကျတော့ ဆောင်း
နာရီပိုင်းအတွင်း အလှည့်အပြောင်း
ကျွန်တော်တို့
ကျန်းမာရေးကောင်းနေကြပါတယ်။

ဒါကတော့ ဟဲဟိုးလေဆိပ် အဖွဲ့အနွဲ့ဖြစ်သည်။

မင်္ဂလာဒုံမှာ တဖွဲဖွဲ
အင်းစိန် ရွာမ ရောက်တော့

www.nyisay.com



တသည်းသည်း
ကိုးခွင်လုံး မှိုင်းမှုန်မည်း
မိုးပုဆိန်ကြီး ရှာပြီပဲ
ဂျိမ်းခနဲ ဂျိမ်းခနဲ
မိုးချုန်းသံတို့ လျှောင်တော်လဲ
တစ်နေ့ထဲ… တစ်နေ့ထဲ… တစ်နေ့ထဲ။

ဒါကတော့ ခရီးလမ်းဆုံး အင်းစိန်ခံစားမှု။ သြော်… တစ်ခါက ကဗျာဆရာ မောင်သင်းခိုင် တစ်နေ့တည်း ဖြတ်သန်းခဲ့ရသည့် ခရီးမှန်ကူကွက်များ။

*

ကျွန်တော်တစ်ယောက် ဟသ်ာတကောလိပ်ကို ရောက်သွားပြီးသည့် နောက်ပိုင်း ကာလများ၌ ရန်ကုန်ကို မကြာခဏ ဆိုသလို ရောက်ဖြစ်သည်။ တစ်ခေါက်မှာတော့ ရန်ကုန်ကို ရောက်သွားစဉ် မိတ်ဆွေတစ်ဦး၏ အဖော်ဆွယ်မှုကြောင့် ကလျာမဂ္ဂဇင်းရှိရာ သုဝဏ္ဏကို လိုက်သွားဖြစ်ရာ ပုဇွန်တောင်ကို ဖြတ်သွားရပါသည်။ နာမည်ကျော် အရက်ရှာကို လှမ်းကြည့်ဖြစ်သည်။

ခနိဆိုင်တန်းကြီးတွေ အုံ့အုံ့ဆိုင်းဆိုင်းနှင့် တစ်ခါက ပခုံးချင်းတိုက်အောင် လူစည်ကားခဲ့သောနေရာမှာ မြေပြင်လင်းကို ဝန်ချီစက်ကြီးများဖြင့် တူးကာမကာ လုပ်နေသော ဆောက်လုပ်ရေးမြင်ကွင်းကို တွေ့လိုက်ရသည်။ သြော်… တစ်ခါကတော့ ထိုနေရာသည် ကိုသင်းခိုင် အပါအဝင် စာပေအနုပညာသည်တချို့တို့ ညနေရီ နားခိုခဲ့ရာ နေရာများပါတကား။

ခုတော့ဖြင့်။

ပုဇွန်တောင်၊ ပုဇွန်တောင်…

ကိုသင်းခိုင်ကတော့ ထိုပုဇွန်တောင်ခံစားမှုကို သူ၏ 'အရက်ဖြစ်သွားတဲ့နာရီ' ကဗျာထဲမှာ တို့ထိ ဖော်ပြသွားခဲ့ဖူးသည်။

ကက်ဆက်ထဲက စိုင်းထီးဆိုင်အသံ
ပလက်ဖောင်းပေါ် အန်ကျ
လူတွေ ခလုတ်တိုက်သွားကြတယ်။
မုန်တိုင်းဗဟိုချက်မ

www.nyisay.com



လက်ဖက်ရည်ဆိုင်ထဲကျနေ
တစ်နာရီ မိုင် ၆၀ နှုန်း
တဝုန်းဝုန်းတိုက်ခတ်နေလေရဲ့။
ရောမခေတ်ဆံပင်နဲ့လူ
မျက်မှန်ထူထူနဲ့လူ
ဗိုက်ခေါက်ထူထူလူ မပါပါ
လူငယ် လူရွယ် လူလတ်
ပိန်ကပ်ကပ် ပြားချပ်ချပ်
ပါးစပ်ခေါင်းလောင်းသံ တညံညံ
အဖန်တစ်အိုးပြီးတစ်အိုး
သောက်လိုက်တဲ့ အချိုက
ချိုးဖြူကန် ခန်းလောက်တယ်။

ဒါတွေကတော့ လက်ဖက်ရည်ဆိုင် မြင်ကွင်းအဖွဲ့တွေဖြစ်သည်။ ဆိုင်ထဲက ကက်ဆက်မှ သီချင်းသံ အပြင်ကို လျှံကျလာပုံ၊ မုန်တိုင်းတိုက်သလို စကားဝိုင်း ကောင်းနေပုံ၊ ရေနွေး တစ်အိုးပြီး တစ်အိုး သောက်နေပုံတွေပဲ ဖြစ်သည်။

ဆန်းသော်တာ ပျားသလက်
ဝက်ဝံလက်က ကုတ်ခြစ်ဖွဲ့
ချက်ကော့စကီ ဒစ္စကို
ကိုကာကိုလာ တမ်းချင်းသစ်
အလင်းမြစ်ရေဆန်ထဲ
မျောနေဆဲ ခရေပွင့်ကြွေ
တောင်ကြီးမြို့ရဲ့ ညနေခင်း
မောင်လေးအောင်ကို တမ်းတခြင်း
စက္ကူငွေလမင်း ရုပ်ရှင်
ဒဂုန်တာရာရဲ့ အလင်္ကာ
နှစ်လေးဆယ် သမ္မာကျမ်းစာ
မောင်သာနိုးရဲ့ မလင်းပြာ
ပီကာဆိုရဲ့ ခရစ်တော်ပန်းချီကား

www.nyisay.com



စကားလှိုင်းလုံးတအိအိ
ဘင်္ဂလားအော်ထိ မျှောစီးသွား။

ဒါတွေကတော့ လက်ဖက်ရည်ဆိုင် စကားဝိုင်းအဖွဲ့အနွဲ့။ ပျားအုံနဲ့တူတဲ့ အာဖဂန်နစ္စတန်ကို ရုရှားဝက်ဝံကြီးဝင်ရောက်ခဲ့တဲ့အကြောင်း၊ စက်တင်ဘာမှာ သခင်သန်းထွန်း အနိစ္စရောက်ခဲ့တဲ့အကြောင်း၊ ကိုကာကိုလာအကြောင်း၊ ကိုလေးအောင် အကြောင်း၊ စက္ကူငွေလမင်းဆိုတဲ့ ရုပ်ရှင်အကြောင်း၊ အလင်္ကာ ဆိုတဲ့ ကဗျာစာအုပ်အကြောင်း၊ နှစ်လေးဆယ် ရန်မီးများအကြောင်း၊ ဆရာနိုးရဲ့ မလင်းပြာ ကဗျာအကြောင်း၊ ပီကာဆိုအကြောင်း စသည် စသည်ဖြင့် ကိုသင်းခိုင်က လက်ဖက်ရည်ဆိုင်စကားဝိုင်းရဲ့ နယ်နိမိတ် ကျယ်ပြောလှပုံကို ဖွဲ့ပြသည်။

ပြီးတော့မှ တဖြည်းဖြည်း ညနေစောင်းလာပြီး မှောင်စပျိုးလာတော့ ကဗျာဆရာတို့ ပုဇွန်တောင်အရက်ဆိုင်ရှိရာကို တစ်စစ အသိုက် ပြောင်းသွား ကြမြဲဖြစ်ကြောင်းကို ခုလို အနှားသတ် ဖွဲ့နွဲ့လိုက်ပါသည်။

အလင်းဆံစ အုပ်လုံးသိမ်း
နေလုံးစိမ်းစိမ်းကားကား
ဖြတ်စာပေးသွားတဲ့အချိန်
မှန်တိုင်းငြိမ်ပြီ
မာကျူရီ အပျင်းကြောဆန့်
မအိပ်ရာက လန့်နိုးထကာ
ရှုသိုးသိုးမျက်နှာနဲ့
စောင်းငဲ့ ကြည့်လိုက်တယ်
ညဆိုတဲ့ ညှော်သည်ကိုလေ။

နိစ္စဓူဝ အလုပ်
အချိန်သစ်သီး ပုပ်ပွတော့
ပြန်ပေါ့ ပြန်ပေါ့ ပြန်ပေါ့
ကဗျာဆရာတို့ ပြန်ကြတော့
ငါလည်း တစ်ယောက်အပါအဝင်ပေါ့
ပုဇွန်တောင်မှာ မော့ဖို့လေ။

အလင်းသစ်စာပေ

www.nyisay.com



ကိုယ်တိုင်ရေး ပုံတူပုံပင် ဆိုရမလား မပြောတတ်တော့ပါ။ ကိုသင်းခိုင် အဖို့ အချိန် ဟူသည်မှာ ကဗျာရေးနေဖို့၊ သို့မဟုတ် ကဗျာဖတ်နေဖို့ပဲ ဖြစ်သည်။ လက်ဖက်ရည်ဆိုင်နှင့် ဘုံဆိုင်ကလေးများကတော့ သူ့သဘော် ခဏကျောက်ချ ရပ်နားရာ ယာယီဆိပ်ကမ်းကလေးများ။

ဒါကြောင့်လည်း သူ ခဏခဏ ဆိုက်ကပ်ခိုနားခဲ့ရသည့် ပုဇွန်တောင် ဆိပ်ကမ်း ပြိုသွားသောအခါ သူ ခံစားရသည်။ ယင်းကို မကြာခင်က ဖတ်လိုက်ရသည်။ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလထုတ် မြန်မာ့ရုပ်ရှင် မဂ္ဂဇင်းထဲမှာ တွေ့လိုက်ရသည်။

ပုဇွန်တောင်ရဲ့
ညနေခင်းဆိုသော ကဗျာ၊
ချစ်သူများကို တမ်းတရတဲ့
အထဲမှာ
ပုဇွန်တောင်ရွာလယ်က
မခင်အေးအရက်ဆိုင်လည်း
ပါတယ်
လွန်ခဲ့တဲ့
အနှစ်သုံးဆယ်ကျော်ကစပြီး
ပုဇွန်တောင်ဟာ
ကဗျာဆရာတွေရဲ့
မြို့ပြကန္တာရထဲ
အိုအေစစ်ဖြစ်တယ်။

အရက်ဆန့်ကျင်ရေး
ပိုစတာထောင်ပြနေကြတဲ့
ငှက်မွေးဦးနှောက်ပိုင်ရှင်တွေရဲ့
အစာအိမ်တွေကို
ပြုတ်တူနဲ့ ညှပ်လိုက်
ပုဇွန်တောင်က မျိုဆို့ထားတဲ့
အရက်တွေ

www.nyisay.com



လည်ချောင်းထဲက ဒလဟော
အန်ကျလာလိမ့်မယ်။

ကိုသင်းနိုင်က မရှိတော့ပြီဖြစ်သော ပုဇွန်တောင် အရက်ရှာကြီးကို တမ်းတရင်းက ထိုအရပ်ကို ကျောခိုင်း ဆန့်ကျင်သွားကြလေသော သူ့မိတ်ဆွေ တချို့ကို လှမ်း၍ ထိပါးလိုက်သည်။

ငါးပါးသီလထဲမှာ
အရက်ကိုရှောင်ကြဉ်ဖို့
ပြဋ္ဌာန်းတယ်
ကြည့်လိုက်စမ်း
အရက်ကြော်ငြာ
ဘီယာကြော်ငြာ
တတ်နိုင်ရင် ကောင်းကင်ကြီးကို
တံခါးဖွင့်ပြီး
ခပ်တည်တည်နဲ့
ကြော်ငြာကပ်ဦးမယ့်သူတွေ
တစ်ပုံကြီး။

ဆန့်ကျင်ဘက်တို့
ပေါင်းစည်းမှုဆိုတာ
သဘာဝတရားရဲ့
လွတ်လပ်ငြိမ်းချမ်းစွာ
ကွဲလွဲနေထိုင်ခြင်း မဟုတ်လား။
သောက်တာလည်း အပြစ် မဟုတ်၊
မသောက်တာလည်း
ဂုဏ်ဒြပ်ကြီး မဟုတ်။
တစ်ယောက်နဲ့တစ်ယောက် မပုတ်ခတ်ကြဖို့ အစ်ကိုကဖွဲ့သည်။

လူတွေကို သောက်တယ်
စကားလုံးတွေကို သောက်တယ်

www.nyisay.com



အရက်ကိုတော့
အမြည်းလိုပဲ မြည်းခဲ့။
ဖန်ခွက်ထဲမှာ
မွန်ရိုးနဲ့ ချေဗွေဗားရားပါတယ်
ပြီးတော့ ဂျော့သွန်မဆင်၊
ရှေးမာ့စ်ဟေနီ
ပေ့ါပါး၊ ဟိုးလုဗ်
ဂေါ်ဘာချက်လည်း
အဆစ်ပါသေးတယ်။

မှန်ပါသည်၊ ကဗျာဆရာများ စုဝေးသည့် အရက်ဝိုင်းထဲမှာ အနုပညာကိစ္စ၊ ဒါတွေသာလျှင် ကြီးစိုးပါလိမ့်မည်။ ပေါက်တတ်ကရ မပါစတမ်း၊ ဖေတော့ မောင်တော့ မပါစတမ်း။

အနှစ်သုံးဆယ်ကျော်
မှူးခဲ့ရတဲ့နေရာ
ပုဇွန်တောင် ညနေခင်း
ငါတို့ကိုစွန့်ခွာ
အသံတွေကွယ်ပျောက်
သန်ရှိုင်းလို ငြိမ်သက်
ထုပ်လျှောက် ဒိုင်းမြား
အုတ်ကျိုးအုတ်ပဲ့တွေစုပုံ
ဝတ်လစ်စလစ် ဟင်းလင်းပြင်
ပြန်မရတော့တဲ့ ပုဇွန်တောင်ရသ
အချစ်ရယ်
ပတ်ဝန်းကျင်ကို
ပြန်ကြည့်လိုက်တော့
ဘယ်ကိုရောက်နေမှန်းမသိ
နှင်းခါးတွေကျနေတဲ့
ကန္တာရတစ်နေရာမှာ
မေ့ဆေးပေးခံနေရတဲ့ လူမမာလို

www.nyisay.com



ငါတစ်ယောက်တည်း ငူငူကြီး
ရပ်လို့။

အမြဲလိုလို သွားရောက် ဆိုက်ကပ်တတ်သည့် ကိုသင်းခိုင်သာမက တစ်ခါနှစ်ခါလောက် သွားရောက်ခိုနားဖူးသည့် ကျွန်တော်ပင်လျှင် ပုဇွန်တောင်၏ အသွင်ကူးပြောင်းစ မြင်ကွင်းကိုကြည့်ကာ ဘယ်ဆီလွမ်းမိတယ် မသိ ဖြစ်သွားခဲ့ရပေသည်။

*

မကြာခင် ရက်များအတွင်းက ကျွန်တော် ရန်ကုန်ကို တစ်ခေါက် ရောက်သွားသည်။ ၃၃ လမ်းထိပ်မှာ ပေတူးနှင့်တွေ့သည်။ ပေတူး ဆိုတာ ကိုသင်းခိုင်၏သမီး။ မန္တလေးတက္ကသိုလ်မှ ဘွဲ့ရပြီးစ။ သူ့နာမည်ရင်းကို ကျွန်တော် မသိ။

"ဟယ်… ဦးသာချို၊ ပေတူး အခု အလုပ်ဝင်နေပြီ၊ ရန်ကုန်မှာ"

"ဘယ်မှာလဲ"

"ကုမ္ပဏီတစ်ခုမှာ"

"ညည်းအဖေကော"

"နေပြည်တော်မှာ ခဏပြန်နားနေတယ်"

သြော်… ဘာလိုလိုနှင့် အစ်ကို့သမီးပင် အလုပ်နှင့်အကိုင်နှင့် ဖြစ်နေပြီ။ အစ်ကို့အသက်လည်း မငယ်လှတော့။ တစ်ခါက ရှေ့သွားတွေပင် ကျိုးနေပြီဖြစ်သော အစ်ကို့ကိုကြည့်ကာ ကျွန်တော်က သတိပေးဖူးသည်။

"အေး… အသက်တွေလည်း ကြီးပြီကွ ငါ့ညီရ"

ကိုသင်းခိုင်က တွေးတွေးဆဆပြောသည်။ သည်ဘက်ပိုင်းကာလတွေ ထဲမှာ အစ်ကိုလည်း အများကြီး ပြောင်းလဲသွားခဲ့သည်။ တစ်ခါက 'တော်လှန် ကဗျာ' ဖြင့် အနုပညာဆိုတာ ပုဂ္ဂလိကကိစ္စပါပဲဟု ဖြစ်လာခဲ့ပြီ။

ဆရာ ဒဂုန်တာရာကို ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌချင်းထပ်၊ ဆရာ့ဆီကို ခြေရာချင်းထပ်အောင် သွားခဲ့ရာမှ -

"အဘိုးကြီးက Duelism ကွ မောင်သာချိုရ၊ နှစ်ခွ၊ ဘယ်တော့မှ မပြတ်သားဘူး၊ မှဆိုးစိုင်သင်တဲ့၊ ကဗျာဆိုတာ ရေးရင်း တတ်သွားတာပဲတဲ့၊ ဟော… နောက်တော့ ဂန္ထဝင်ကို လေ့လာသင့်တယ်တဲ့။ ဘာလဲကွာ

www.nyisay.com



ရှိသေးတယ်။ ကာရန်မဲ့တာ မမဲ့တာထက် အဘိဓမ္မာမမဲ့ဖို့ လိုတယ်တဲ့။ ဟော… တော်ကြာ ကဗျာဟာ စကားပြေလောက်တော့ လျှောကျသွားဖို့ ·မကောင်းတဲ့၊ ခက် ခက်နေပါပြီ'' ဟု ဖြစ်လာခဲ့သည်။

အင်း… ခုတော့ သူ့မြို့ နေပြည်တော်ကို ပြန်ရောက်နေပြန်ပြီ။ ဘယ်တော့ ရန်ကုန်ကမ်းပါးကို ဆိုက်ကပ် ခိုနားလာဦးမည် မသိ။

''ကိုသင်းခိုင်က တွေ့ကရာဆိပ်ကမ်း ဝင်ကပ်တာဗျ၊ သူ့ကို ထိုးမထုတ်လိုက်မချင်း အဲဒီကမ်းက မခွာတော့ဘူး''

ကိုအောင်ပွင့်၏ ကောက်ချက်ကလေးကို အမှတ်ရရင်း ကျွန်တော် ပြုံးလိုက်မိလေသည်။

*ရွှေဝတ်ရည်မဂ္ဂဇင်း*

အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ၁၉၉၇။

❒



## ဇော်(ပျဉ်းမနား)
## (တားတစ်လက်၊ ပန်းတစ်ပွင့်)

တစ်ဇာတ်သိမ်းသွားခဲ့ပြီဖြစ်သော ၁၉၉၇ ခုနှစ် နှစ်ကုန်လုကုန်ဆဲ ရက်များအတွင်းက ဟသ်ာတကောလိပ်ရှေ့ရှိ ကျွန်တော် ငှားရမ်းနေထိုင်ရာ အိမ်ကလေးဆီသို့ မိန်းမပျိုကလေးတစ်ယောက် ရောက်လာပါသည်။ သူက သူ့ကိုယ်သူ ပျဉ်းမနားကပါဟု ပထမ မိတ်ဆက်ပါသည်။ ထို့နောက် ကျွန်တော့်ကို စာတစ်စောင် ထုတ်ပေးပါသည်။

စာအိတ်ပေါ်မှာတော့ ကျွန်တော်နှင့် မစိမ်းလှသော လက်ရေးတချို့။ မှန်ပါသည်၊ ကျွန်တော်က ကဗျာဆရာ ဇော်(ပျဉ်းမနား)၏ လက်ရေးကို မြင်တာနှင့် မှတ်မိလိုက်ပါသည်။

*ကိုသာချို*

*ကျွန်တော့်တူမ ဖြူမြင့်ခိုင်ပါ၊ စာကြုံပါးလိုက်ပါရဲ့* ဟု ဆိုကာ ဇော်(ပျဉ်းမနား)ဟု လက်မှတ်ထိုးထားသော စာအိတ်ကို ကျွန်တော်က တစ်ခဏ တွေကြည့်မိရာမှ စာအိတ်ကို ဖောက်ဖြဲနေဆဲမှာပဲ မိန်းမပျိုက ကျွန်တော့်ရှေ့မှာ ဝင်ထိုင်ပါသည်။

ကိုဇော်(ပျဉ်းမနား)၏စာက လက်ရေးနှစ်မျိုးနှင့်။

*"ချစ်သော ကိုသာချို*

*ကျွန်တော့်နှမနှင့်ကြုံလို့ စာကြုံပါးလိုက်တယ်။ ပြီးတော့ မြားနတ်မောင်ကို ကျွန်တော့် စာတစ်စောင်ပေးထားတယ်။ ခင်ဗျား ဖတ်ချင်လည်း ဖတ်ရမှာပေါ့။*

*ကဗျာဆရာဆိုတာ စကားလုံးထဲက လူမို့လား။ ကျွန်တော့်ကို ဘရုတပ်စ်လို့ ခင်ဗျားစွပ်စွဲလိုက်ပုံက သင်းတယ်။ ကျွန်တော့်မှာ သမိုင်းက သက်သေရှိပါတယ်"*

www.nyisay.com



ဟူသော ဝါကျများက ကဗျာဆရာ ဇော်(ပျဉ်းမနား)၏ လက်ရေး ဖြစ်ပြီး ကျန်စာတစ်စောင်လုံးက အခြားသော လူတစ်ယောက်ယောက်၏ လက်ရေး။

"ကိုဇော်တစ်ယောက် စာကောင်းကောင်း မရေးနိုင်သေးဘူး ထင်တယ်"

ဟု ကျွန်တော်က မေးပြောပြောတော့ သူ၏တူမဆိုသော မိန်းမပျိုက ထောက်ခံပါသည်။

"ဟုတ်တယ် ဆရာ၊ လက်က ကောင်းကောင်းမသန်ချင်ဘူး"

ကိုဇော့် စာတစ်စောင်လုံးက ကတ္တီပါလမ်းခွဲနှင့်ပဲ ပတ်သက်ပါသည်။ ကိုဇော်က ဆရာဒဂုန်တာရာနှင့် ပတ်သက်၍ လမ်းခွဲသင့်ပြီ ဖြစ်ကြောင်းကို ဆောင်းပါးတစ်ပုဒ် ရေးခဲ့သည်။

ကတ္တီပါလမ်းခွဲ ဟူသော ဆောင်းပါး။

ကျွန်တော်က ယင်းနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ကာ ကိုဇော့်ကို ဘရုတပ်စ်နှင့်နှိုင်းလျက် နောက်ကျောကို ဓားနဲ့ထိုးသူအဖြစ် တုံ့ပြန်ဆောင်းပါး တစ်ပုဒ် ရေးခဲ့သည်။ ဒါကို အခြေခံပြီး ကိုဇော်က ကျွန်တော့်ထံ စာပေးလာခြင်း ဖြစ်ပါသည်။

စာတွင် ပါသည့် အဓိကအကြောင်းအရာကတော့ ဒဂုန်တာရာကို သူ မလုပ်ကြံကြောင်းပင် ဖြစ်ပါသည်။

အရစ္စတိုတယ်က ပလေတိုကို ချစ်ပါကြောင်း၊ သို့သော် ပလေတိုထက် အမှန်တရားကို ပိုချစ်ခဲ့ကြောင်း၊ ထို့အတူပင် ဘရုတပ်စ်ကလည်း ဂျူလိယက် ဆီဆာကို ချစ်ပါကြောင်း၊ သို့သော် ဂျူလိယက် ဆီဆာထက် ရောမကို ပိုချစ်၍ ဆီဆာကို သတ်ခဲ့ရပါကြောင်း၊ ဆရာဒဂုန်တာရာကို သူ မလုပ်ကြံပါကြောင်း၊ ကျွန်ကျွန်ချင်း ခွက်စောင်းမခုတ်စေလိုကြောင်း၊ ကျန်းမာရေးမကောင်းသေး၍ လမ်းမလျှောက်နိုင်ပါကြောင်း စသည် စသည်တို့ပင် ဖြစ်ပါသည်။ ကျွန်တော် အတန်ကြာအောင် ငိုင်၍သွားမိပါသည်။

တကယ့်တကယ်ကတော့ ကိုဇော်တစ်ယောက် ကျွန်တော့်တင်စားချက်ကို နားမလည်နိုင်ခြင်း ဖြစ်သည်ဟုပဲ ကျွန်တော် သဘောရမိပါသည်။

ဤနေရာ၌ အလျဉ်းသင့်၍ နည်းနည်းပါးပါး ပြောရလျှင် အလင်္ကာမှု နယ်ပယ်၌ ကျွန်တော်တို့ တင်စားကြရာတွင် ကတ္တားကို တင်စားသည်လည်း

www.nyisay.com



ရှိပါ၏၊ ကံကို တင်စားသည်လည်း ရှိပါ၏၊ ဖြစ်ရပ်ကို တင်စားသည်လည်း ရှိပါ၏။

ကလေးတစ်ယောက်က မိဘထက်ဦး၍ ကိစ္စတစ်ခုခုကို ဆောင်ရွက်သောအခါ နွားရှေ့ထွန်ကျူးဟု ကျွန်တော်တို့ တင်စားလိုက်ကြသည်။ ယင်းမှာ ကလေးညီမျှခြင်း ထွန်၊ မိဘညီမျှခြင်း နွားဟု ဆိုလိုလိုက်သည် မဟုတ်ဘဲ ဖြစ်ရပ်၊ လုပ်ရပ်ကို တင်စားခြင်းသာ ဖြစ်ကြောင်း မြန်မာအလင်္ကာများနှင့် ပတ်သက်၍ အနည်းငယ် တီးမိခေါက်မိ သူကပင် သဘောပေါက်နိုင်လောက်ပါသည်။

ထို့အတူပင် တကယ်လူရင်း စိတ်ရင်းတွေဖြစ်ကြသော ကိုဇော်တို့လို ပုဂ္ဂိုလ်က ဆရာ ဒဂုန်တာရာကို ချဲလိုက်ခြင်းကို ကျွန်တော်က နောက်ကျောဓားနှင့်ထိုးသည့် လုပ်ရပ်၊ လူယုံသတ်သည့် လုပ်ရပ်ဟု ခံစားကာ ဂျူလိယက်ဆီဆာ၊ ဘရုတပ်စ် စသူတို့၏ ဇာတ်လမ်းနှင့် ဟပ်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။ ကံနှင့် ကတ္တားကို ထပ်တူပြုလိုက်ခြင်း မဟုတ်။ ဖြစ်ရပ်၊ လုပ်ရပ်။ အလင်္ကာကိစ္စ၌ ဒါ တော်တော်အရေးကြီးပါသည်။ ထားတော့။

ဘာပဲဖြစ်ဖြစ် ကိုဇော့်စာကို ဖတ်ပြီးပြီးချင်း ကျန်းမာရေးသိပ်မကောင်းလှသေးဟု သိရသောအခါ ကျွန်တော် စိတ်မကောင်းမိသည်ကား အမှန်ပင် ဖြစ်ပါသည်။

ဩော်… ကိုဇော်၊ ကိုဇော်။

ကဗျာဆရာ ဇော်(ပျဉ်းမနား)…

ကျွန်တော့်မှာ မဆီမဆိုင် ဟိုးအတိတ်က ကိုဇော့် ဓားဇာတ်လမ်းကိုပါသွား၍ အမှတ်ရနေမိပြန်ပါလေသည်။

*

မြန်မာကဗျာဖတ်သူများက ဇော်(ပျဉ်းမနား)ဟူ၍ သိသိမှတ်မှတ် ပြုထားကြပြီး ကျွန်တော်တို့တစ်သိုက်က ကိုယ့်နောင်တော်ကြီးအရာကိုထားလျက် ကိုဇော်ဟု ခေါ်ကြရသည့် သူ့ကို လူချင်း မတွေ့မီကတည်းကပင်လျှင် သူ့ကဗျာများကို ကြိုက်နှင့်နေပြီး ဖြစ်ပါသည်။ မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ဟိုတစ်စ သည်တစ်စ ကျဲပြန့်၍နေခဲ့သည့် သူ့ကဗျာတွေကိုဖတ်ကာ သူ့ကို တွေ့ဖူးချင်နေခဲ့သည်။

www.nyisay.com



သို့သော် ကဗျာဆရာ ဇော်(ပျဉ်းမနား)က လူကိုယ်တိုင် ကျွန်တော်တို့ထံ ရောက်မလာမီကပင် သူ၏သတင်းတချို့တစ်ဝက်က ရန်ကုန်ရှိ ကျွန်တော်တို့အစုအဝေးရှိရာကို ရောက်ရှိနေခဲ့ပြီး ဖြစ်ပါသည်။

ပျဉ်းမနားမှ စာပေမိတ်ဆွေ တွေ သယ်ဆောင်လာသော ကိုဇော့်ပုံရိပ်တချို့က ကျောယားချင်စရာ။

ဓား ထွန်းဆင့်တဲ့။

ကျွန်တော့်မှာ နာမည်ကြားရုံနှင့်ပင် ကြက်သီးတွေထ၍ သွားပါသည်။ သည် နာမည်ကြီးကတော့ ကဗျာရေးရန်မကောင်းလှ။ မှုခင်းဇာတ်လမ်းတွေဘာတွေ ရေးလျှင်တော့ မဆိုးလှဟု ကျွန်တော် သဘောရမိသည်။

ပျဉ်းမနားမြို့၏ လသာသောညတစ်ည၊ တိတ်ဆိတ်ငြိမ်သက်စွာသော နှစ်ထပ်အိမ်ကြီးတစ်အိမ်မှ လသာဆောင်။

ထိုလသာဆောင်ပေါ်မှ လူတစ်ယောက်။ လသာဆောင်ပေါ်သို့ ပေ့ါပါးစွာ တွယ်၍တက်လာသော လူရွယ်တစ်ယောက်က ထိုလသာဆောင်ပေါ်မှလူကို နောက်ကျောကနေဓားနှင့် ရုတ်တရက် ထိုးချလိုက်ခြင်း။

အားခနဲ အော်သံ၊ သွေးပွက်ပွက်၊ လရောင်ကြယ်ရောင်။

ဓားထွန်းဆင့် ဟူ၍ အမည်ပေး ကင်ပွန်းတပ်လိုက်သံများ။

ဩော်··· ကျွန်တော်က ပျဉ်းမနားမိတ်ဆွေတို့ စကားပေါ်တွင် အခြေခံကာ ကဗျာဆရာ ဇော်(ပျဉ်းမနား)၏ အရင်ဘဝ တစ်ခန်းတစ်ကဏ္ဍကို စိတ်ကူးနှင့် ပုံဖော်ကြည့်နေမိပြန်သည်။

သို့ဖြင့် တစ်ခါက ဓားထွန်းဆင့်တစ်ယောက် ကဗျာဆရာ ဇော်(ပျဉ်းမနား) အဖြစ် ရန်ကုန်ကို ခဏတာတက်လာခိုက် ကြုံကြိုက်ခွင့်ရရှိလိုက်သောအခါတွင်ကား ကျွန်တော့်မှာ သူ့ရုပ်၊ သူ့လိပ်ပြာ၊ သူ့နာမည်နာမတို့မှာ တစ်သားတည်းပါလားဟု သဘောရမိလိုက်ပါတော့သည်။

*

ကဗျာဆရာ ဇော်(ပျဉ်းမနား)နှင့် ကျွန်တော်တို့ စတင်သိကျွမ်းရင်းနှီးခွင့်ရခဲ့သည့်အချိန်ကိုကား တိတိကျကျကြီးတော့ဖြင့် ကျွန်တော်မမှတ်မိတော့ပါ။ သို့သော် ၁၉၈၀ တစ်ဝိုက် နှစ်ကာလများဟူ၍ကား ကျွန်တော် မှတ်မိနေပါသည်။ သည် ၈၀ တစ်ဝိုက်နှစ်တွေတုန်းက ကျွန်တော်တို့တစ်တွေ ကဗျာအရေးစိပ်

www.nyisay.com



ကြသည်။ ကဗျာဆရာမြင့်ဦးဦးမြင့်၊ မြမြင့်မိုရ်၊ ယမုံ၊ နေစိမ့်၊ မင်းသိုက်မွန်၊ ဖောင်းထက် စသည်ဖြင့်…

ထို ကျွန်တော်တို့တစ်သိုက် ကဗျာအရေးစိပ်သော နှစ်တွေထဲမှာ ကိုဇော်တစ်ယောက် ရန်ကုန်သို့တက်လာရာမှ ဆုံကြ၊ တွေ့ကြ၊ သိကျွမ်း ရင်းနှီးသွားကြရခြင်း ဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ်ကို ဗဟိုပြုကာ လျော့လှလည်း ဟိုဘက်ကို နှစ်နှစ်၊ တက်လှလည်း သည်ဘက်ကို နှစ်နှစ်ဟု ကျွန်တော် ထင်သည်။

နေရာကတော့ ၃၃လမ်းထိပ် ရွှေကြည်အေးမှာလား၊ ရန်ကုန်တက္ကသိုလ် ကဲ့ကော်တောထဲက ဦးချစ်လက်ဖက်ရည်ဆိုင်မှာလား၊ ၅၅လမ်းမှူးယစ်ဝေသည့် ညနေခင်းများမှာလား၊ ကိုမင်းသစ်ခြံထဲမှာလား၊ သဘင်မဂ္ဂဇင်းက ကိုချစ်ဦးညို စားပွဲမှာလား၊ တစ်နေရာရာမှာပဲ ဖြစ်ပါသည်။

ကိုဇော်က ဓားထွန်းဆင့်ဟူသော သူ့အတိတ်က အမည်နာမနှင့် တော်တော်ကလေးကို လိုက်ဖက်လှသူဟု ကျွန်တော်က ယူဆမိသည်။

သူ့ အရပ်က မြင့်သည့်အထဲတွင် ပါပါသည်။

အသားက ဟိုး… ဘဝကန္တာရထဲက ဖြတ်သန်းလာခဲ့ရသူ တစ်ယောက် ပီပီ ကြေးနီရောင်သမ်းချင်ချင်။

သူ့ အပြုံးက နောက်တစ်လှမ်း ဆုတ်ထားသည့် အပြုံး။

နှုတ်ခမ်းကို တွန့်ရုံပြုံးလိုက်သောအခါ ပါးတစ်ဖက်တစ်ချက်မှ မုံ့တွေက လှုပ်သွားသည်။

မျက်နှာပြည့်ပြည့်ကြီးကတော့ ဆံပင်တိုတို အောက်မှာ ကားထွက် လျက်။ သူက ဘာအရောင်မျှ မထွက်တော့သည့် လက်ဆွဲအိတ်တစ်လုံးကို အမြဲဆွဲထားလေ့ ရှိပါသည်။

အထူးသဖြင့် ကိုဇော်သည် ကိုယ်တွင်းမှာ အမြဲတမ်း အနာတစ်ခုခု ရှိနေကာ အမြဲတမ်းအညှော်မိထားပြီး အမြဲတမ်း ရောင်ကိုင်းနေသည့် အသား အရေမျိုးရှိသည်ဟု ကျွန်တော်ထင်မိသည်။

မျက်နှာကို အနည်းငယ် အောက်ကိုစိုက်၊ မျက်လုံးကို စာကြည့်မျက်မှန် ပိစိကွေးကလေးပေါ်က ကျော်ကြည့်ပြီး စကားပြောလာသောအခါတွင်မူကား ရုပ်နှင့် တခြားစီ ဖြစ်သော ကဗျာစကားလုံးတွေက သူ့နှုတ်မှ ပွင့်အန်ကျလာ ပါတော့သည်။

www.nyisay.com





ကျွန်တော့်မှာဖြင့် ဒသဂီရိကြီး တယောနှင့်နွဲ့ပုံကိုသာ မြင်ယောင်မိလိုက်ပါတော့သည်။

*

တကယ့် တကယ်တမ်းကတော့ ကိုထွန်းဆင့် ဟူသည့် ရေရိုင်းမြေရိုင်း လူတစ်ယောက်ဆီမှ ဓားထွန်းဆင့် ဟူသည့် လက်နက်ကို သိမ်းဆည်းကာ ဇော်(ပျဉ်းမနား) ဟူသည့် လက်နက်သစ်ကို တပ်ဆင်ပေးလိုက်သည်မှာကား အနုပညာဟုပင် ကျွန်တော်က ဆိုလိုက်ချင်ပါသည်။

ရွှေဘစိတ်၊

မိုက်ခဲထွန်းရွှေလိပ်ပြာ၊

မင်းအသက် ငါ့ပေး ဆရာကြီးမြခိုင် ဝိညာဉ်များဖြင့် မတရားဘူးထင်လျှင် ကာယကံမြောက် တုံ့ပြန် ဖြေရှင်းပစ်လိုက်ချင်သော သူ့ကို အနုပညာက ယဉ်ပါးသွားစေသည်ဟု ကျွန်တော် အကဲခတ်မိပါသည်။ ရင်ထဲက အစိုင်အခဲတွေကို ကဗျာနဲ့ ထုခြေပစ်လိုက်ကြစတမ်း။

မှန်ပါသည်၊ ကိုထွန်းဆင့်ဆိုသော သူတစ်ယောက်ကို ကဗျာက ဇော်(ပျဉ်းမနား)အဖြစ် ပျောင်းနွဲ့သွားစေခဲ့ပါသည်။

ကျွန်တော်တို့ ကိုဇော်ကြီးလို ကဗျာနှင့် အကြောင်းအပေါင်းသင့်သွားအောင် လုပ်ပေးသည့် လူတွေ၊ အဖြစ်အပျက်တွေ လောကတွင် မနည်းမနော ရှိနိုင်ပါလိမ့်မည်။

သို့သော် အထင်ကရ အရှိဆုံးကတော့ ကျွန်တော်တို့၏ အစ်ကို ကဗျာဆရာ မောင်သင်းခိုင်ဟု ထင်ပါသည်။ ဒါကို ကိုဇော်ကလည်း မကြာခဏ ဆိုသလိုပင် ဝန်ခံခဲ့ပါသည်။ ဒါပေမဲ့ ဝန်ခံချိန်က နှစ်ယောက်သား မပြောမဆိုရှိနေကြသောအချိန်ဖြစ်ရာ ဒေါ်မနသာ မကင်းလှ။

www.nyisay.com



"ဟော့လူ ကိုသာချို၊ ကိုသင်းခိုင်က ကျွန်တော့်ဆရာပါဗျာ၊ ကျွန်တော် ဝန်ခံပါတယ်၊ သူ့ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီး ရှိပါတယ်။ ဒါပေမယ့်ဗျာ ပြောရရင်ဗျာ ကဗျာတော့ လေးစားပါတယ်၊ လူကတော့…"

ကိုဇော်က ဘာထင်ပါကြောင်း ရင့်ရင့်သီးသီးပင် ပြောချလိုက်ပါသည်။ သည်တုန်းက ကိုဇော်တစ်ယောက် ကိုသင်းခိုင်အပေါ်တွင် ဘာတွေများ မကျေမနပ် ဖြစ်နေခဲ့သည် မသိပါ။

ကျွန်တော်ကတော့ ကိုဇော်ရေးဖွဲ့ခဲ့ဖူးလေသော **မနာလိုစရာကောင်းတဲ့ ဦးခေါင်း** ကဗျာသည်ပင်လျှင် ထို Inspiration ဖြင့်များ ရေးဖွဲ့ခဲ့လေသလားဟု မှန်းဆမိသည်။

ကျွန်တော်လား
လေပါ
ဘလော့က ပြောသလို
အလံကို ဖောင်းစေ ပွစေတယ်ဆိုတဲ့
ကဗျာထဲက လေပါ။
တစ်နေ့တစ်နေ့ စိတ်ညစ်
အရုစ္စတိုတယ် ကသားဆစ်တဲ့။
အရုစ္စတိုတယ် ဝမ်းနုတ်ဆေးပေါ့ဗျာ
ဂျယ်ရီလူးဝစ်ကိုကြည့်ပါ
ရှင်ပြုတုန်းကကို သတိရပါ
နေသာထိုင်သာမရှိလားတဲ့။
ကသားဆစ် စားသလိုဆိုတဲ့
အရုစ္စတိုတယ်ရဲ့နာရီဟာ
အကြင်နာမဲ့စွာ
ကုန်ဆုံးသွားပါတော့တယ်။
ဟုတ်ကဲ့
ဒီလိုနဲ့ရယ်
အသက်လေးဆယ်
ဆားမပါတဲ့ ခေတ်ပြား
အသံတွေ ကြားနေရတယ်။

www.nyisay.com



ကပြားမလေး ညိုပြာညက်
အလှဖုရားမလေး ဂိုယာအရက်
ကိုမြတ်လေးနဲ့ တစ်ခွက်။
အရက်ဖြစ်သွားတဲ့ နာရီဆိုတဲ့
ငါ့ မောင်သင်းခိုင်နဲ့တစ်ခွက်။
သိုးတွေဟာ ကဗျာမရေးဘူးဆိုတဲ့
ငါ့မောင်လေးအောင်နဲ့တစ်ခွက်။
ရေပမာ ငါလာ
လေပမာ ငါသွားဆိုတဲ့
အိုမာခိုင်ယမ်နဲ့တစ်ခွက်။
လူကိုဖျက် အရက်
အရက်ကိုဖျက်တော့ ရေ
သော်တာဆွေနဲ့ တစ်ခွက်။
ဒါကတော့
ခင်ဗျားအမြင်ကိုး ဦးဘချစ်ရဲ့
တလဲ့လဲ့ အရယ်မပျက်
ကျုပ်တို့ ဗိုလ်အောင်ဒင်နဲ့ တစ်ခွက်။
အိုး
ခင်ဗျားတို့ ပြောဟန်
ကျုပ် မထောက်ခံဘူး
အေး... ဒါပေမဲ့
ခင်ဗျားတို့ပြောခွင့်
အသက်ပေးဖို့ အသင့်ပါ
အာဂစာရေးဆရာ
အာဂ ဗော်လ်တဲယား
တစ်ခါသားပေါ့
မူးသလား မမေးနဲ့
တွေးကြည့်မယ်ဆိုရင်
ငှက်ပျောပင်ထက်ပိုင်း

www.nyisay.com



ဓားနဲ့ဆိုင်းသလို
ဗိုင်းခနဲကျ၊ ပြန်ထ
ရန်စ၊ ကျောင်းတော်က ရန်စလေ
ဝိုင်းချမယ် တကဲကဲ၊ ရိုက်ကြမယ် တကဲကဲ
ရန်းရင်းဆန်ခတ်ပွဲ
မသဲမကွဲ အသံတစ်ခု
ခင်ဗျားတို့ သတိပြုမိပါစ
ဟော့… ဖော်လ်တဲယားကို ရိုက်မယ်ဆိုရင်
ခေါင်းကို မထိစေနဲ့ဟော့
သူ့စာတွေ မတွေ့ရဘဲ ဖြစ်သွားမယ်။

ဒါကတော့ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ မိုးဝေထဲက ကဗျာဆရာ ဇော်(ပျဉ်းမနား) ၏ **မနာလိုစရာကောင်းတဲ့ ဦးခေါင်း** ကဗျာပဲ ဖြစ်ပါသည်။ မှူးချင်မှူး၊ ရှူးချင်ရှူး၊ ကြမ်းချင်ကြမ်း၊ ရမ်းချင်ရမ်း၊ ခေါင်းထဲမှာ တွေးခေါ် မြော်မြင်မှုတွေနှင့် ပြည့်နေသောလူကို ကျွန်တော်တို့ ပစ်ပစ်ခါခါ မထိုးနှက်ကြစတမ်း။

ကိုဇော်က ပြင်သစ်တွေးခေါ်ရှင် လူ့ခွစာကြီး ဖော်လ်တဲယားနှင့် ဟပ်ပြလိုက်သည့်အတွက် ကဗျာက ရင်ကို လာရောက် ထိခတ်၍ သွားလေသည်။

*

ကဗျာဆရာ ဇော်(ပျဉ်းမနား)က လူပုံကသာ ကျေးလက်လူမိုက်ကြီး ပုံပေါက်နေသော်လည်း စကားအပြောအဆိုမှာကတော့ ကဗျာဆရာ့လိပ်ပြာ အပြည့်ဖြင့် ပျောင်းနွဲ့၍နေသည်ဟု ကျွန်တော်ထင်သည်။ ဘာကိုပဲပြောလိုက် ပြောလိုက် ဝက်္ကတွေနှင့်။

"ဟော့လူ ကိုသာချို၊ ကျွန်တော်တို့ဆီက လူတွေက အာဖရိက မြင်းကျား တွေနဲ့ တူတယ်ဗျ။ ခင်ဗျား ရုပ်ရှင်တွေ ဘာတွေထဲမှာ အာဖရိကမြင်းကျား တွေ့ဖူးတယ်မဟုတ်လား၊ အုပ်လိုက်ကြီးတွေ မြက်စားနေကြတာပဲဗျ။ ခြင်္သေ့က ချောင်းနေလည်း ကိုယ်နဲ့မဆိုင်သလိုဘဲ သီသိနဲ့စားနေကြတာပဲ။ မြင်းကျား တစ်ကောင်ကောင်ကို ခြင်္သေ့က ဝင်ဆွဲတော့လည်း ကြည့်၊ တစ်ချက်လောက်

www.nyisay.com



လှည့်ပြီး စားမြဲပဲ။ ကိုယ့်အပေါ်အန္တရာယ်ကျမလာမချင်း လောကဟာ ဘာမှ မဖြစ်သလိုဘဲ။ ထွက်ပြေးဖို့လည်း မစဉ်းစားဘူး၊ ဝိုင်းဝန်းတိုက်ခိုက်ဖို့လည်း မစဉ်းစားဘူး''

ဒါကတော့ တစ်ခါက ဇော်(ပျဉ်းမနား)၏ စကားပင်ဖြစ်ပါသည်။ တစ်ခါမှာတော့ ကျွန်တော်က လူတွေ တစ်ခါတစ်ခါ မတတ်သာလွန်းသောကြောင့် မတရားမှုဘက်ကနေ ဝင်ဝင်လုပ်ပေးနေကြရဟန်တူကြောင်း ပြောဖြစ်ပါသေးသည်။ ဇော်က -

''ခင်ဗျားနှယ်ဗျာ၊ အမေ ဘယ်လိုသိပ်သိပ် ကိုယ်အိပ်မှ ပျော်တာပါဗျ၊ လူတွင်ပါလို့ နွားကျားကိုက်တာပါ''

ဟု တင်းတင်းပြတ်ပြတ်ကြီးဆိုရာမှ တစ်ခါတစ်ခါမှာတော့လည်း နူးညံ့၍ သွားပြန်ပါသည်။

''ထဘီမှန်းသိပေမယ့် ချမ်းတော့လည်း ခြုံမိတယ်နဲ့ တူပါတယ်ဗျာ''

ဟု ဆိုပြန်ပါသည်။

ကျွန်တော်က ကိုဇော့်ကဗျာတော်တော်များများကို ကြိုက်သည်။ သူ့ဟေမန္တစာတ်ပြားနှင့် ပျဉ်းမနားသား၏ မေတ္တာစာ ကဗျာတို့ကို ချယ်ရီနှင့် ရုပ်ရှင်အောင်လံတို့မှာ ခံစားမှုဆောင်းပါးများ ရေးဖူးသည်။

တစ်ခါသားတွင် ကျွန်တော် မိတ္ထီလာကောလိပ်တွင် ရှိနေခိုက်၊ ဆရာကျော်စောမင်း ခေါ် ကြည်မင်းနှင့်အတူ ကိုဇော်ကြီးရောက်ရှိလာပြီး သူ့ကဗျာတွေထက် ကျွန်တော့်ဆောင်းပါးက ပိုကောင်းနေကြောင်း ဝင်ပြောသွားသည်။ ပုဂံကိုအသွား ဝင်ပြောသွားခြင်း ဖြစ်ပါ၏။ ရန်ကုန်မြေပေါ်မှာ ရှိနေကြပြီဆိုလျှင်လည်း ကိုဇော်တို့၊ ကျွန်တော်တို့ မတွေ့ဘဲ နေသည်ဟူ၍မရှိ။

*

ကျွန်တော်တို့ မြန်မာကဗျာအဖွဲ့အနွဲ့ကိစ္စတွင် ကောင်း၊ မကောင်း၊ ကြိုက်၊ မကြိုက် နည်းနည်းကလေး စကားပြောကြသည့် အချက်တစ်ခုမှာ နဘေကိစ္စပင် ဖြစ်ပါသည်။ နဘေပါရင် စာပေါ့တယ်၊ မပေါ့ဘူး၊ နဘေဟာ ဟောင်းတယ်၊ မဟောင်းဘူး စသည်ဖြင့် ပြောကြဆိုကြပါသည်။

ကိုဇော်ကတော့ နဘေကို ခံတွင်းတွေ့သူ ဖြစ်ပါသည်။ သူ့ကဗျာတိုင်းမှာ နဘေနှင့် မလွတ်ကင်းလှ။ သို့သော် ကိုဇော့်နဘေတွေက ဖွတ်ထည့်ထား

www.nyisay.com



သည့်များ မဟုတ်ဘဲ အကြောင်းအရာနှင့် ခံစားမှုနှင့် အပ်ကျမပ်ကျ ကွက်တိ ထည့်လွှတ်လိုက်သောကြောင့် လှနေသည်ဟု ကျွန်တော် ယူဆသည်။

ဟေမန္တခေတ်ပြားထဲတွင် 'ယုန်မွေး ဆိုတာ ဂုဏ်လေးတစ်ခုပေပေါ့' စသည်ဖြင့် ဖွဲ့သည်။ ပျဉ်းမနားသား၏ မေတ္တာစာထဲတွင် 'F.E ကို ချက်ကြီးတို့ ရှာကြတယ်' စသည်ဖြင့် ဖွဲ့သည်။

ကျွန်ုပ် ဆံပင်ဖြူရခြင်း အကြောင်းထဲတွင် 'ကျွန်တော့်အသက်တွေလည်း လျော့တွက်လျော့တွက်နဲ့ သော့ချက်သဖွယ် ရောက်လာပြီ၊ ဖော့ဖျက်တွေကို အားနာရမယ်မို့လား' စသည်ဖြင့် ဖွဲ့သည်။

နာမည်များတဲ့ မိကြွေထဲတွင်...

'တစ်ညသားမှာပေါ့၊ လအားကမရှိ'

'အဝေးကကြည့်၊ သွေးကတော့သိသလိုလို'

'ကျားကြိုက်တဲ့အလှလား၊ မှားမိုက်တဲ့ဇလား၊ အလျားလိုက်ဘဝနဲ့ ကြွေရယ်' စသည်ဖြင့် ဖွဲ့သည်။

လောကအမွှန်၌ အိပ်ပျော်ခြင်းထဲတွင် 'ကြက်ဆင်လို ထိုင်းအသူ မရှိ၊ ဝက်ဝံလို ရိုင်းပျသူ မရှိ' စသည်ဖြင့် ဖွဲ့သည်။ ကိုဇော်ရေးသမျှ ကဗျာတွေထဲမှာ သည်လို နဘေတွေကို ထုံ့ပိုင်းထုံ့ပိုင်း တွေ့ရပါသည်။

သို့သော် ကိုဇော်က ကဗျာကို အမြောက်အမြား ရေးဖွဲ့သူကား မဟုတ်ပြန်ပါ။ အညာက ကဗျာဆရာကြီးတစ်ယောက်က မဂ္ဂဇင်းတိုက်များသို့ ကဗျာ ပို့သောအခါ ၁၀ပုဒ်၊ ၁၅ပုဒ် ပို့သည်ကို ကြည့်ပြီး အံ့ဩဟန်တူသည်။

"ဘာလဲဗျာ ကဗျာပို့တယ်တဲ့၊ ကန်စွန်းရွက်တွေ အစည်းလိုက်ပို့တာ ကျနေတာပဲ"

ကိုဇော်က အနုပညာဟူသည် Mass Production လုပ်၍မရဟု ယူဆဟန် တူပေသည်။

*

၁၉၉၇ ခုနှစ်ထဲမှာတုန်းက မိုးကုန်လု ရက်တွေထဲမှာ ကျွန်တော် ရန်ကုန်ကို တစ်ခေါက်ရောက်သွားရာ မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာက ကိုဇော်ကြီး တစ်ယောက် ဆေးရုံရောက်နေကြောင်း ဆီးပြောပါသည်။ ကျွန်တော့်စိတ်ထဲတွင် စာပေညီအစ်ကိုများစိတ်ဖြင့် ထိတ်ခနဲ ဖြစ်သွားမိသည်။ ထို့ကြောင့် မိုးထဲ

လေထဲမှာ တာဝန်ခံအယ်ဒီတာနှင့်အတူ ဦးနှောက်နှင့် အာရုံကြောကို ရောက်ရှိသွားပါသည်။

သူ့ဇနီး၊ သူ့သားတို့နှင့်အတူ ကိုဇော်ကြီးက ခုတင်ပေါ်မှာ ငုတ်တုတ်။ ပျဉ်းမနားမှာ လေဖြတ်သွားခဲ့ပြီး ပျဉ်းမနားဆေးရုံပေါ်မှာ တက်နေရာမှ ၁၁ ရက်လုံးလုံး မျက်စိကွယ်သွားခဲ့သည်ဟု သူ့ဇနီးက ပြောပြပါသည်။ ကျွန်တော်က ကျွန်တော်တို့ကို တွေ့၊ မတွေ့ မေးသောအခါ လူလုံးကိုသာ မည်းမည်းမည်းမည်းနှင့် တွေ့ကြောင်းဆိုတော့ ကျွန်တော့်စိတ်ထဲ လေးသွားမိသည်။

ဟိုး… မကြာသေးခင် ရက်တွေတုန်းက ကိုဇော်တစ်ယောက် ဆရာဒဂုန်တာရာကို ကတ္တီပါလမ်းခွဲ ဘာညာတွေလုပ်နေသည့်အတွက် ကျွန်တော်က ရန့်သစ်မဂ္ဂဇင်းမှနေ၍ -

'ဤကမ္ဘာပေါ်တွင် ကျေးဇူးသစ္စာကို မသိသူတို့သည် ရှိကြကုန်၏။ ထိုသူတို့ အကြွင်းမဲ့ ပျက်သုဉ်းကြစေကုန်'

ဟု ကျိန်တွယ် ရေးသားထားခဲ့ဖူးရာ စိတ်မကောင်းလည်း ဖြစ်သွားမိသည်။

ကျွန်တော်က ဟသ်ာတပြန်ရန် လမ်းစရိတ်ဖယ်ပြီး ငွေတစ်ထောင်သာ ပေးနိုင်ခဲ့ပါ၏။ သို့သော် ကိစ္စ မရှိ။ ကျွန်တော်တို့ စာပေညီအစ်ကိုများက တတ်အားသမျှ ဝန်းရံထားကြကြောင်း သတင်းက စိတ်ကို ပေါ့ပါးသွားစေခဲ့ပေသည်။

*

ခုတော့ဖြင့် ကိုဇော်တစ်ယောက် ပျဉ်းမနား ပြန်ရောက်နေပြီဟု ဆိုပါသည်။ ကျန်းမာရေးကတော့ သိပ်မကောင်းလှသေးတဲ့။ ရန်ကုန်က ထုတ်ဝေသူတစ်ယောက် လက်ထဲမှာကတော့ သူ့ကဗျာစာမူ တစ်အုပ်စာကို ကျွန်တော် တွေ့လိုက်ရသည်။

ကြက်ဥတစ်ပွေ့နှင့် လမ်းလျှောက်ခြင်းဆိုလား၊ စာအုပ်ရှေ့က အညွှန်းမှာကတော့ ဆရာဒဂုန်တာရာ၊ ဆရာဖန်းမော်တင်အောင်၊ ဆရာ မြသန်းတင့်၊ အထူးသဖြင့် ကဗျာအတွက် ကျေးဇူးရှိခဲ့တဲ့ ဆရာနတ်နွယ်၊ ဆရာမောင်သာနိုး တို့အား ဂါရဝစိတ် အသောင်းသောင်းဖြင့် တအောင်းမေ့မေ့ဟု ကမ္ပည်းတင်ထားသည်ကို သတိပြုမိသည်။

www.nyisay.com



မြန်မာကဗျာအကြောင်း ပြောကြသောအခါ ထည့်သွင်း ပြောဆိုရန် လိုအပ်သည့် ဇော်(ပျဉ်းမနား)လို ကဗျာဆရာတစ်ယောက်၏ ကဗျာစုစည်းမှု စာအုပ် ထွက်ရှိလာရန်မှာ ဟိုး··· စောစောကပင် ဖြစ်သင့်သည်ဟု ယူဆမိပေသည်။

*ရန်ကုန်သစ်မဂ္ဂဇင်း*

စက်တင်ဘာလ၊ ၁၉၉၈။

❐

www.nyisay.com



# မောင်ချောနွယ်
# (လူကြိုက်နည်းတဲ့ ကဗျာဆရာ)

မနှစ်က ၂၀၀၆ ခုနှစ် ဆောင်းရက်တွေထဲမှာ သရေခေတ္တရာ ခေါ် ပြည်မြို့သို့ ကျွန်တော်‌ ခပ်စိပ်စိပ်ကလေး ရောက်သွားဖြစ်သည်။ အလုပ်ကိစ္စဖြင့် မြန်အောင်သို့ရောက်သွားခဲ့ရာ အပြန်၌ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းသို့ကူးပြီး ပြည်မှာ ခရီးတစ်ထောက် နားဖြစ်သည်။ နောက်တစ်ခါ စာပေဟောပြောပွဲ ကိစ္စဖြင့် မြန်အောင်သို့ ရောက်သွားပြန်ပါသည်။ ကျွန်တော် ပြည်မှာ တစ်ည ဝင်နားဖြစ်ခဲ့ပြန်ပါ၏။

နောက်တော့ ရွှေတောင်မြို့ စာပေဟောပြောပွဲခရီး၊ ပုဂံညောင်ဦး၊ ပုပ္ပား၊ အင်းလေး၊ တောင်ကြီးခရီး။ အားလုံးသော ခရီးစဉ်တိုင်းမှာ ကျွန်တော် ပြည်မှာ ခရီးတစ်ထောက်နားပါသည်။

မြစ်ကြီးဧရာဝတီ၏ အနောက်ဘက်ကမ်းသို့ နဝဒေးတံတားပေါ်ကနေ ကျော်ဖြတ်ကူးသန်းသွားပြီးနောက် မြစ်အရှေ့ဘက်ကမ်းပါးပေါ်က ပြည်မြို့သို့ ကြည့်ရသည်မှာ ပြည်မြို့သားကဗျာဆရာ မောင်ချောနွယ်ကို သတိရစရာ ကောင်းလှပါသည်။ ချစ်စရာကောင်းလှသော ပြည်မြို့ကလေးဟာ နှစ်ထပ် သဘော်နဲ့တူတဲ့ မြို့ကလေးတဲ့။

ကဗျာဆရာ မောင်ချောနွယ်က -

လဝန်းထဲ

ပွဲကြည့်လှေကလေး လှော်ခတ်ဝင်သွား

လမ်းရွှေးမှားသူမြစ်

နှစ်ထပ်သဘော်မြို့ကလေးပေါ် နားခဲ့ပေါ့။

ဒါက ကဗျာဆရာမောင်ချောနွယ်၏ ပြည်ကဗျာ အပြည့်အစုံ ဖြစ်ပါသည်။ လရောင်ဖြင့် ဝင်းပနေသော ဧရာဝတီမြစ်၏ ရေပြင်အရိပ်မှာ ငွေလဝန်း

www.nyisay.com



ကလေး ထင်ဟပ်နေပုံ၊ တံငါလှေတစ်စင်းက လရောင်အောက်က မြစ်ရေပြင်ထဲ လှော်ခတ် ရွေ့လျား ဝင်ရောက်သွားပုံ၊ မြို့ကို အဝေးက လှမ်းကြည့်ရသည်မှာ နှစ်ထပ်သဘော်ကလေးနှင့်တူပုံ စသည်ဖြင့် ချစ်စရာကောင်းအောင် ဖွဲ့ထား သော ကဗျာကလေး ဖြစ်ပါသည်။

ပြည်မြို့က တကယ့်ကိုလည်း နှစ်ထပ်သင်္ဘောနှင့်တူသောမြို့ ဖြစ်ပါ သည်။ တောင်အောက်မှာက ကားလမ်းတစ်လမ်း၊ တောင်ပေါ်မှာက ကားလမ်း တစ်လမ်း၊ အမြင့်ဆုံး မင်းကြီးတောင်က သင်္ဘောခေါင်းတိုင်ကြီးနှင့် သွားတူ နေသည်။ ပြည်ကို သည်လိုပဲ ကျွန်တော် ခံစားရသည်။

ပြည်၊ ပြည်၊ မြန်မာနိုင်ငံရဲ့ မြို့တော်ဟောင်း သရေခေတ္တရာပြည်။

ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းပါးပေါ် မေးတင်ကာ ဣန္ဒြေကြီးမား လွန်းစွာ စီးဆင်းနေသော မြစ်မဟာရေပြင်ကို ငုံ့ကြည့်နေသောပြည်။ အနောက် ဘက်ကမ်းဆီက ရခိုင်ရိုးမ၏ တောင်စွယ် အကွန့်အညွန့်အလွန့်တွေကို လှမ်းကြည့်နေသော ပြည်။ သည်ပြည်ကို ကျွန်တော် ခပ်စိပ်စိပ်ရောက်ဖြစ်တော့ ကဗျာဆရာ မောင်ချောနွယ် မရှိတော့ပါပြီ။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်တစ်နှစ် ၁၉၄၉ ခုနှစ်တွင်မွေး၍ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၌ လူ့ဘဝကို စွန့်ခွာသွားခဲ့သော မောင်ချောနွယ်က မရှိတော့ပါပြီ။

ဩော်… ဧရာဝတီ စီးဆင်းနေပုံဟာ လွမ်းစရာ ကောင်းလှပါချည့်။

*

တကယ့်တကယ် ကဗျာဆရာ မောင်ချောနွယ်ကို ကျွန်တော် စသိခဲ့ တုန်းက အမျက်ကလေးနှင့် ဖြစ်ပါသည်။ လွန်ခဲ့သည့် ၁၅ နှစ်၊ အနှစ် ၂၀ ဝန်းကျင် ကာလတွေဖြင့် ထိုင်ကြရသည့် လေထန်ကုန်း လက်ဖက်ရည်ဆိုင်၏ ညနေခင်းများ။

တစ်ညနေခင်းမှာတော့ ထုံးစံအတိုင်း ကိုချောနွယ်တစ်ယောက် လေထန် ကုန်းထဲကို ဝင်လာကာ စားပွဲအလွတ်တစ်လုံးမှာ ဝင်ထိုင်ဖို့ပြင်သည်။ မလှမ်း မကမ်းရှိ စားပွဲတစ်လုံးမှာက စာရေးဆရာဇမိုး။ ဆရာဇမိုးက အသက် ၇၀ ဝန်းကျင်လောက်အရွယ်ဖြစ်ရာ သူ့နေရာ သူ့အသက်အရ ကိုချောနွယ်ကို လှမ်းနှုတ်ဆက်သည်။

www.nyisay.com



"ဟော့… မောင်ချောနွယ်၊ မင်းကဗျာကလေးတွေ ကောင်းတယ်ကွ"

ကိုချောနွယ်ကား ခြသေ့်လိုလည်ဆံမွေးတွေ ထောင်သွားသည်။ ဆတ်ခနဲ ဆိုသလို ထိုင်ရာ ခွေးခြေအပုပေါ်မှထကာ ဆရာဇမိုးရှေ့ကခုံမှာ မျက်နှာချင်းဆိုင် သွားထိုင်ပစ်လိုက်သည်။

"ဘယ်ကဗျာလဲဗျ… ကိုဇမိုး"

ဆရာဇမိုးက မဖြေ။

"ဘယ်မဂ္ဂဇင်းထဲက ကဗျာလဲ"

ဆရာဇမိုးဆီက ဘာသံမျှ မထွက်။

"ကဗျာခေါင်းစဉ်ကို ပြောစမ်းပါ"

ဆရာဇမိုးက ရေနွေးကိုသာ ငုံ့သောက်နေသည်။ ကိုချောနွယ်ကား ကျသွားသော ခံတပ်ဆီမှ ပြန်လည် ထွက်ခွာလာပုံမျိုးဖြင့် ထွက်ခွာကာ သူ့စားပွဲမှာ ပြန်ထိုင်နေလိုက်သည်။

ထိုညနေက လေထန်ကုန်း၌ လူတော်တော် ရှင်းနေခဲ့သေးရာ ကိုချောနွယ်လုပ်လိုက်သည့် အသံတွေ ဟန်တွေ မာန်တွေကို အနီးကပ်စားပွဲခုံမှ အရှင်းသား မြင်ကြားနေရသော ကျွန်တော့်စိတ်ထဲမှာ မျက်ခနဲ ဖြစ်သွားမိသည်ကား အမှန်ပဲ ဖြစ်ပါသည်။

ဆရာဇမိုးရေးခဲ့သည့် စာတွေ ဘာတွေကို ကျွန်တော်တို့ ကြိုက်တာ မကြိုက်တာအပထား၊ အသက်အရွယ်အရ မလုပ်ထိုက်ဟု သည်တုန်းက ကျွန်တော်မြင်မိသည်။ ဒါ့ကြောင့်လည်း ချက်ချင်းကြီးကိုပဲ မကျေနပ်သော အကြည့်ဖြင့် ကိုချောနွယ်ကို လှမ်းကြည့်ပစ်လိုက်ကာ၊ နောက် အချိန်အတော်ကြာသည်အထိ ခပ်တန်းတန်းပဲ ဆက်ဆံဖြစ်ခဲ့သည်။ ရင့်လိုက်တာ သည်လူ။

နောက်တော့ ဘဝဖြတ်သန်းမှုတွေအရ ကိုချောနွယ်ကို ကျွန်တော် နားလည်လာခဲ့သည်။

ကိုယ်က ဘဝတစ်ခုလုံး ပေးဆပ်ထားရသည့်ကိစ္စ။ သူတို့က လျှာဖျား ကလေးတွေပေါ်ကနေ ဖြီးဖြန်း ဖြတ်သန်းကောင်းရုံ။ ဒါကို အစော်ကား မခံနိုင်သော ကဗျာဆရာစိတ်ဓာတ်။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ကျွန်တော်တို့ကိုယ်တိုင်လည်း သည် အဖြစ်မျိုးတွေကို မကြာခဏ ကြုံတွေ့ကြရပြီးသား ဖြစ်ပါသည်။ ကျွန်မက

www.nyisay.com



စာဖတ်ဝါသနာပါလို့ပါဆိုသော မိန်းမတစ်ယောက်ကို ဘာစာအုပ်တွေဖတ်နေလဲ လို့ ကျွန်တော် မေးကြည့်ဖူးသည်။ လစဉ် ဘာဂျာနယ်၊ ဘာမဂ္ဂဇင်းစာအုပ် စွဲဖတ်ဖြစ်သလဲ ကျွန်တော် စေ့ငုကြည့်ဖူးသည်။

အိအိ… အအ အသံတွေ ထွက်လာကာ နောက်ဆုံးတော့ အလုပ်တွေ မအားလို့ စာမဖတ်နိုင်ဘူးဆရာရယ်မှာပဲ အဆုံးသတ်သွားခဲ့ရသည်။

ကဗျာချစ်သူဆိုသော တက္ကသိုလ်ကျောင်းသားတစ်ယောက် သူက လာမိတ်ဆက်သောကြောင့် တက္ကသိုလ်နယ်မြေတစ်ခုတည်းမှာပင် ကျွန်တော်နှင့် ဆုံဖြစ်သည်။ ခင်ဗျားကြိုက်တဲ့ ကဗျာဆရာတစ်ယောက်ယောက် ပြောပါဟု ကျွန်တော်က တောင်းဆိုမိရာ သူက ခေါင်းပဲ ကုတ်နေသည်။ ဘယ်မဂ္ဂဇင်းက ကဗျာတွေ စွဲဖတ်သလဲဟု ဆက်မေးမိပြန်ရာ မဂ္ဂဇင်းနာမည်ကိုသော်မှ ရေရေ ရာရာ မပြောနိုင်။

မယုံကြည်သူတွေဟာ ဘယ်တော့မှ မသေချာ။ ဘယ်တော့မှ မရေရာ။ ဒါကို ကဗျာဆရာမောင်ချောနွယ်က မြင်ပြင်းကတ်ပုံရပါသည်။

*

ကိုချောနွယ်က သူ့အင်တာဗျူးတစ်ခုထဲမှာ သူကဗျာ စရေးသောနှစ်ကို ပြဇာတ်မင်းသားစတိုင်လ်နှင့် ဖြေသွားခဲ့သည်။ သူ ကဗျာ စရေးတော့ တော်လှန် ရေးကောင်စီတက်တယ်၊ တွံတေးသိန်းတန် တက်တယ် ဟု ဆိုပါသည်။ ဒါဆို ၁၉၆၂ ခုနှစ်တစ်ဝိုက် ဖြစ်ပေမပေါ့။ သူ အသက် ၁၅ နှစ်ဝန်းကျင် အထက်တန်း ကျောင်းသားဘဝ။

သည်တုန်းက တော်လှန်ရေးကောင်စီနှင့်အတူ ရွှေဘတို့၊ တွံတေး သိန်းတန်တို့ ခေတ်ထသော ကာလများဖြစ်ရာ ရုပ်ရှင်ထဲမှာလည်း လူထုနှင့် ပြည်သူ။

ဓာတ်ပြားပေါ်မှာလည်း လူထုနှင့်ပြည်သူ။

စာမျက်နှာတွေပေါ်မှာလည်း လူထုနှင့် ပြည်သူ။

လူထုနှင့်ပြည်သူကို ကျွန်တော်တို့ ရှောင်လို့မလွတ်၊ ကဗျာဆရာ မောင်ချောနွယ်လည်း ရှောင်လို့ လွတ်ခဲ့ပုံ မရပါ။

နိုင်ငံရေးစံထားချက်နဲ့

အနုပညာစံထားချက်ကို

www.nyisay.com



အခြေခံပြီး သည်ကဗျာများကို
ရေးချလိုက်ရခြင်း
ဖြစ်ပါသည်။

ဟူသည့် သူ့အယူအဆကို စာအုပ်ရှေ့ဆုံးတွင် တင်ထားပြီးနောက် ရေးဖွဲ့ခဲ့ကြသည့် တော်လှန်ကဗျာ စာအုပ်တစ်နေရာတွင် ကဗျာဆရာ မောင်ချောနွယ်က ကဗျာတစ်ပုဒ်ကို ဤသို့ ရေးဖွဲ့ထားခဲ့သည်။

တော်လှန်ရေးသမား
မြေကြီးထဲမှာ မြုပ်နေပါလဲ
ကျောက်ခဲဟာ ကျောက်ခဲ
မာသည်ပဲလေ။
မြေကြီးပေါ်မှာ ရောက်နေပါလဲ
ကျောက်ခဲဟာ ကျောက်ခဲ
မာသည်ပဲလေ။

အခုခေတ် ကဗျာဆရာတို့အနေဖြင့် ပြုံးတုံ့တုံ့ ဖြစ်သွားနိုင်သော ကဗျာဟု ကျွန်တော်က ထင်မြင်မိပါသည်။ အနုပညာမပါသောခေတ်က လက်ရာများ။

သို့သော် နောက်ပိုင်းမှာတော့ ကိုချောနွယ်တစ်ယောက် ကဗျာမှော်ဝင် သူကြီးတစ်ဦးလို မြန်မာကဗျာ အလှရတနာတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် တောက် စားပြခဲ့သည်ကိုကား အများက အသိပင် ဖြစ်ပါသည်။

ဆံပင်ဘယ်ခွဲနဲ့
အသည်း ရောင်ကိုင်းနေတဲ့
မောင်ချောနွယ်
စွတ်စိုထိုင်းမှိုင်းလှပေရဲ့။

ကိုချောနွယ်က သူ့နာမည်ကျော် ကဗျာတစ်ပုဒ်ဖြစ်သော ကြမ်းပိုးများတဲ့ အိပ်ရာ ကဗျာထဲတွင် သူ့ရုပ်ပုံလွှာကို သူ သည်လိုပဲ ရေးခြစ်ထားခဲ့ဖူးပါသည်။ ဆံပင် ဘယ်ခွဲ၊ အသည်း ရောင်ကိုင်း၊ စွတ်စိုထိုင်းမှိုင်းနေသူ လူတစ်ယောက် ပါတဲ့။ သူ့အသည်း ရောင်ကိုင်းနေတယ် ဆိုတာကတော့ ကျွန်တော်တို့အားလုံး အသိ။

မောင်ချောနွယ်ဆိုတဲ့ကောင်ဟာ

www.nyisay.com



ကမ္ဘာ့ပတ်လမ်းကြောင်းထဲမှာ နေတာလို့
ကြက်ရင်အုပ်လောက်သာရှိတဲ့ သူ့ရင်အုံကို
ကော့ကော့ပြတတ်သေး။

ဒါကတော့ လူကြိုက်နည်းတဲ့ကောင် ကဗျာထဲက ကိုယ်တိုင်ရေးပုံတူ။ တကယ်လည်း ကိုချောနွယ်က အသားညိုညိုညစ်ညစ်၊ ပိန်ပိန်သွယ်သွယ်၊ ရင်အုပ် သေးသေးလှီလှီ။ ဂျင်းဘောင်းဘီ အမြဲလိုလို ဝတ်ထားတတ်တဲ့ လူတစ်ယောက်။

နွမ်းပါးတဲ့ အောက်ခြေလူတန်းစားတွေနဲ့
ဒူးတင်ပေါင်တင် တစ်တန်းတည်းနေပေမယ့်
ဘုံဆန်တဲ့ အိမ်သာမျိုးကျ
သင်းက မကြိုက်ပြန်ဘူးတဲ့။

ဒါကလည်း လူကြိုက်နည်းတဲ့ကောင် ကဗျာထဲမှာ ကဗျာဆရာကိုယ်တိုင် သူ့အစ္စတ္တကို သူ ပြန်ဆွဲလှန်ထားခဲ့သော အဖွဲ့ပဲဖြစ်ပါသည်။ လူ၏ ပုဂ္ဂလဆန်လိုမှု Individual life ကို ထိပါးလာသည်အထိ ဘုံဆန်တာကိုတော့ ကျွန်တော်လည်း မကြိုက်။

တစ်လောကလုံးဟာ
ကျုပ်လုပ်စာ ထိုင်စားနေတဲ့လူတွေချည်း။

ဘဝတစ်လျှောက်လုံးမှာ ကဗျာရေးခြင်းကလွဲပြီး ဘာအလုပ်မှ မလုပ်ခဲ့သူ ကိုချောနွယ်၏ဘဝက လွယ်သောဘဝတော့ မဟုတ်ခဲ့ပါ။ သို့သော် သူက သူ့အနုပညာအတွက် မာနတော့ တော်တော်ကလေး ကြီးပုံရပါသည်။



ရှင်းရှင်း ပြောရလျှင် သူ့နေထိုင်မှုသွင်ပြင်က ဘယ်လိုမှကို ခင်တွယ်ချင်စရာ မကောင်းလှ။ အရပ်သုံးစကားနှင့် ပြောရလျှင် ထောင့်မကျိုးသူ လူတစ်ယောက်။

www.nyisay.com



'သူ ငါ့ကို ဘီယာ မတိုက်တဲ့နေ့က' ကဗျာထဲကလိုပဲ တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေကြတဲ့ မျက်လုံးမျိုးနဲ့ ကြည့်တတ်သူ။

၁၉၈၀ ပြည့်နှစ်လွန် နှစ်တွေထဲမှာတော့ ကိုချောနွယ် ရန်ကုန်မှာ အနေစိပ်လာခဲ့ပါသည်။ သူ့ကဗျာဆရာဘဝကို လေးစားသူ လူငယ်တွေက လေထန်ကုန်းမှာ သူ့ကို လာလာရှာသည်။ တစ်နေရာကို သွားဖို့။ သဘော်တွေလို ကျောက်ချရပ်နားဖို့။ သံချေးတွေကို ခွာဖို့။ သို့သော် ကိုချောနွယ်က ကြေးနည်းနည်း ကြီးသည်။

ကြက်ကြွပ်ကြော်၊ ငါးရှဥ့်ချဥ်စပ်၊ ပြည်ကြီးငါး၊ သီဟိုဠ်စေ့နဲ့မှ ဆိုက်ကပ်တတ်သူဟု သတင်းနည်းနည်း မွေးထားလေရာ သူ့ကို တချို့က ဘဝင်ကျပုံမရ။ တစ်နေ့မှာတော့ ထိုဘဝင်မကျသူတစ်ယောက်နှင့် ကဗျာဆရာတို့ ပက်ပင်းတိုးကြပါတော့သည်။

ထိုနေ့က ပန်းဆိုးတန်းအထက် အဆင့်မြင့် ယမကာဆိုင်ကလေး တစ်ဆိုင်ထဲမှာ ဆုံခဲ့ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့က သည်ဘက်စားပွဲ။

ကိုချောနွယ်တို့က ဟိုဘက်စားပွဲ။

ထုံးစံအတိုင်း နယ်ကတက်လာသော ကဗျာဆရာကလေးများနှင့် ကိုချောနွယ်တို့၏ စားပွဲပေါ်မှာ နရသီဟပတေ့ဆန်သည့် အခင်းအကျင်းတွေကို ကျွန်တော်က သတိပြုမိသည်။ ကျွန်တော့်လိုပဲ သတိပြုမိသူ ဝတ္ထုတိုသမားက ဒါကို မကျေနပ်။ ကိုချောနွယ်ကို မကျေနပ်။ ကြည့်မရဘူးကွာ ဟူသော စကားနှင့်အတူ ကျွန်တော်တို့ ဘာမှ မတားဆီးလိုက်နိုင်မီမှာပင် တစ်ဖက်စားပွဲဝိုင်းသို့ ဖွေ့ခနဲ ရောက်သွားပါတော့သည်။

''ထိုင်ကွာ ညီလေး''

ကိုချောနွယ်က ကြက်ကြွပ်ကြော်တစ်တုံးကို တူဖြင့် လှမ်းအညှပ်မပျက်။ ကျွန်တော့်မိတ်ဆွေကတော့ စစ်ကိုပြင်ပြီးသား။

''ကိုချောရေ၊ ကျွန်တော့်လက်ကို အစ်ကို သေချာကြည့်၊ လက်သီးဘယ်လောက် ထိုးလာသလဲဆိုတာ၊ အခု ကိုချောကို စမ်းဖို့လာတာ၊ ဒီမှာ လက်သီးဆုပ်၊ အစ်ကိုရအောင် ဖြေဗျာ''

ကျွန်တော့်မိတ်ဆွေ ဝတ္ထုတိုသမားက ညိုမည်းစွဲညစ်ကာ ဒဏ်ရာဒဏ်ချက်များဖြင့် ပေပွနေသည့် သူ့လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား

www.nyisay.com



ကာ ကိုချောနွယ်ရှေ့စားပွဲပေါ်မှာ တင်ထားလိုက်သည်။ ရအောင်ဖြေဆိုသည့် သဘော။ ကျွန်တော်တို့ကတော့ ရန်ဖြစ်ခြင်းမှတစ်ပါး အခြား မရှိတော့ဟုဆိုကာ ကြည့်နေလိုက်ကြရသည်။

ကိုချောနွယ်ကတော့ ကြက်ကြွပ်ကြော်တစ်တုံးကို တူဖြင့်လှမ်းညှပ်ယူနေခဲ့ကာ ပါးစပ်ထဲ ထည့်လိုက်ပြီး သူ့နှုတ်ခမ်းမွေးကျဲကျဲတွေ တွန့်ရှုံ့သွားသည်အထိ မထိပြုံး ပြုံးလိုက်ပါသည်။

ပြီးမှ -

"တကယ့်နေ့ထူးနေ့မြတ်ပါပဲ ညီလေးရာ၊ ကိုယ် မင်းလိုလူမျိုးကို လိုက်ရှာနေတာ ကြာကြာလှပေါ့ ကြိုက်တယ်၊ ဒါမျိုးကို အစ်ကိုလိုချင်နေတာ၊ ကဲ - နောင်မှာ အစ်ကို ခရီးရှည်ကြီးတွေ ထွက်တဲ့အခါ မင်းကိုယ့်ရဲ့ Body Guard အဖြစ်နဲ့ လိုက်ခဲ့၊ ဟုတ်ပလား။ အစ်ကို ခန့်လိုက်ပြီ၊ ကဲ... သွားသွား၊ ငါ့ညီ ဆက်သောက်လိုက်ဦး"

ကျွန်တော်တို့ကတော့ ကိုချောနွယ်၏ ပြဇာတ်ဆန်ပုံကို တော်တော့်ကို သဘောကျသွားမိသည်။ ပြန်လာသူ ဝတ္ထုတိုဆရာကတော့ သူ့လက်သီးဆုပ်သူ ငုံ့ကြည့်ကာ ဘာဆက်လုပ်ရမှန်း မသိသော မျက်နှာနှင့်။

"ရန်ရှာဖို့သွားတာ၊ သူ့သက်တော်စောင့်တောင်မှ ခန့်လိုက်သေး၊ ငါကွာ"

ကျွန်တော်ကတော့ ရန်အပေါင်းကြောင့် ဉာဏ်ကောင်းခဲ့ပြီ ဆိုသော သူ့ကဗျာတစ်ပိုင်းတစ်စကို သွားပြီး သတိရနေမိလိုက်ပါသည်။

တကယ်တော့ ကဗျာဆရာတစ်ယောက်အဖြစ် အသက်ရှင် ရပ်တည်ခွင့်မရလောက်အောင် ကန္တာရဆန်လှသည့် အဖြစ်များ၊ နှစ်များ၊ ခေတ်များ အတွင်းမှာမှ ကိုချောနွယ်က ကဗျာဆရာဖြစ်လာခဲ့ခြင်း ဖြစ်ပါသည်။

တစ်ကိုယ်စာ ဘယ်လိုရပ်တည်မလဲဆိုသည့် ကိစ္စမှာပင် အဖြေမရှိနိုင်သည့် ကဗျာရေးဖွဲ့သူ တစ်ယောက်အဖို့၊ မိသားစုဘဝ တည်ဆောက်ရေးဆိုသည့် မျှော်မှန်းချက်က တော်တော့်ကို ဝိုးတဝါး အိပ်မက် ဆန်လွန်းလှပါသည်။

ကဗျာတစ်ပုဒ် ရေးဖွဲ့သူ၏ ဘဝက နံပြားတစ်ချပ်ရိုက်သူ၏ ဘဝ လောက်မှ မရေရာ မသေချာသော မြေပြင်တစ်နေရာမှာ ကိုချောနွယ် တော်တော် အသက်ရှူကျပ်ခဲ့မည်မှာ ကေန်ပင် ဖြစ်ပါသည်။

www.nyisay.com



မလှမ်းမကမ်း နှစ်တွေတုန်းက ညနေခင်းတစ်ခုမှာ ကိုချောနွယ်နှင့် ကျွန်တော်တို့ စားသောက်ဆိုင်ကလေးတစ်ခုထဲမှာ ဆုံဖြစ်ကြသည်။

ကျွန်တော်က အစ်ကိုကြိုက်တာမှာဟု ပြောမိသည်။ သူကလည်း ကြိုက်တာမှာပါတဲ့။ ဒါပေမဲ့ . . .

"ချိုကြီး ကြိုက်တာသာမှာ၊ တစ်ခုပဲ၊ ကန်စွန်းပလိန်းတော့ မမှာပါနဲ့ကွာ၊ ရင်ထဲမှာ ထိလွန်းလို့ . . . အိမ်မှာလည်း ကန်စွန်းပလိန်း၊ အပြင်မှာလည်း ကန်စွန်းပလိန်း"

ကျွန်တော်က အစ်ကို့ကိုကြည့်ကာ ကဗျာဆရာ့နောက်ကွယ်က သူ့ချစ်ဇနီး မမမြင့်၊ သူ့သမီးကလေးများ အားလုံးကိုပါ စာနာနေမိသည်။ ကဗျာဆရာကတော့ သူ့အိမ်နှင့် ဝေးနေစဉ်ရက်များ၏ ခံစားမှုအဖြစ် အိမ်ငေးသူ ကဗျာထဲမှာ ခုလို ရေးဖွဲ့ခဲ့ဖူးသည်။

ဟိုး . . . အဝေး
မြေလတ်မြို့ကလေးဆီက
ယိုင်နဲ့နဲ့ အိမ်ကလေးထဲ
အိမ်ငေးသူ ငါ ဝင်ရောက်သွား
ငါ့ဇနီး ငါ့အပေါ် အပြစ်ဖို့သံ ငါကြားမြင်ရ
လျှပ်စီး တဖျတ်ဖျတ် လက်သလိုမျိုးအသံ
ငါမျက်စိရှုးပေမယ့် ငါချစ်မိခဲ့ပေါ့
ငါအသည်းစူးပေမယ့် ငါချစ်မိခဲ့ပေါ့
မလောက်မင မဝရေစာ ထမင်းလုတ်တွေ
ငါ့မိသားစု တိုင်းပြည်ကလေးအပေါ်
မဝရေစာထမင်းလုတ်တွေထဲ
ငါ့သမီးလေးတွေ အစီအရီပေါ်လာ
ဆန်ရွေးနေဆဲ သမီးကြီးရယ်
စာကျက်နေဆဲ ငါ့သမီးအလတ်ကလေးရယ်
တစ်အိမ်လုံးမှာ
ဘာများ စားစရာလက်ကျန်ရှိမလဲလို့
မျက်လုံးဝင်းဝင်းတောက်တောက်ကလေးနဲ့
ကြောင်ကလေးလို

www.nyisay.com



တစ်အိမ်လုံး လိုက်အနံ့ခံ ရှာဖွေနေတဲ့
ငါ့သမီးအငယ်လေးရယ်
ငါတွေ့မြင်လိုက်ရ။

မိသားစု သက်ပြင်းရှည် ချသံကြီးတွေထဲမှာ ကဗျာဆရာတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေခဲ့မည်မှာ အမှန်ပဲဖြစ်ပါသည်။ ဒါ့ကြောင့်လည်း တစ်ခါတစ်ခါတော့ ကဗျာကို၊ ကဗျာဆိုတာကြီးကို ကဗျာဆရာက စိတ်နာသွားပုံရပါသည်။

ကဗျာအပေါ်မှာလေ
ငါက
သားဖွားခန်းရောက်မိန်းမ
လင်ကို စိတ်နာသလိုမျိုး နာရဲ့။

နတ်တို့ နိုးဝှက်ခြင်း ခံရတဲ့ကဗျာ ထဲမှာ ကိုချောနွယ်က သည်လိုပဲ ဖွဲ့ဆိုခဲ့ဖူးပါသည်။ သို့သော် သားဖွားခန်းထဲက ထွက်လာတော့လည်း လင်သည်ကို သူစိတ်ကုန်နိုင်စွမ်း မရှိပါ။

ဒါကို -
ပထမ ဘာသာရေးက ဗုဒ္ဓ
ဒုတိယ ဘာသာရေးက ကဗျာ ဟုဆိုပြီး

သူ့ ရထား ကဗျာစာအုပ် အမှာမှာ သူဖြောင့်ချက်ပေးထားခဲ့ခြင်းလည်း ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ်အကျော် သူ အသက် ၅၀ စွန်းလာသော နှစ်တွေထဲမှာတော့ သေခြင်းတရားဆိုတာ သောက်ဖော်စားဖက်ပါပဲဆိုသည့်ကဗျာဆရာ သေမင်းနှင့် စစ်ခင်းဖို့ ပြင်ဆင်စပြုလာရပါပြီ။ အလဲလဲ အကွဲကွဲ။

'ပထမဘာသာရေးက ဗုဒ္ဓ၊ ဒုတိယ ဘာသာရေးက ကဗျာ' ဟု ဖွင့်ပြောခဲ့သည်အထိ ကဗျာပေါ်၌ ရူးမူးတပ်မက်သူ ကိုချောနွယ်က ကမ္ဘာပေါ်မှာ ကဗျာက လွဲပြီး ဘာကိုမျှ ဂရုမစိုက်သူ အမှန်ဖြစ်ပါသည်။

ကဗျာ ရေးဖွဲ့သော အလုပ်ကလွဲပြီး ဘာကိုမျှ သူ မလုပ်။ ပြီးတော့ ခရီးသွားဟန်လွှဲ ကဗျာရေးသူ၊ ကဗျာလောက အပြင်ဘက်က စိုက်ခင်းတွေထဲမှာ ထွန်ယက် စိုက်ပျိုးသူတွေကိုလည်း ကိုချောနွယ်က အထင်သေးနေပုံရပါသည်။

www.nyisay.com



၁၉၉၀ ပြည့်နှစ်တစ်ဝိုက် ဟိုဘက် သည်ဘက်နှစ်တွေထဲမှာ ကဗျာဆရာတချို့ ဇာတ်ညွှန်း လောကထဲကို ရောက်ကုန်ကြပါသည်။ ဥပမာ- မြင့်ဦးဦးမြင့်၊ မြမြင့်မိုရ်၊ ခရမ်းပြာမြင်းရိုင်း၊ ယမုံ စသည်ဖြင့်။ သည်တုန်းက ပန်းဆိုးတန်း လမ်းမကြီးအထက်က အဆင့်မြင့် ဘီယာကလပ်ကလေးတစ်ခုမှာ ရုပ်ရှင် ဗီဒီယို လောကသားတချို့ အခြေချလေ့ရှိရာ ကျွန်တော် ရောက်ရောက်သွားတတ်ပါသည်။

ကျွန်တော်က ဒါရိုက်တာ ပိုင်သ၊ ခရမ်းပြာမြင်းရိုင်းတို့ ဝိုင်းမှာ ထိုင်လေ့ရှိရာ တစ်ခါမှာတော့ ကိုချောနွယ် ရောက်ချလာပါသည်။

‘‘ဟော့… ကိုယ်လည်း ဇာတ်ညွှန်းရေးချင်တယ်ကွာ’’

‘‘ရေးပေါ့’’

ကဗျာရေးသည့် အလုပ်ကလွဲပြီး ဘာမှမလုပ်ဟု ကြွေးကြော်ထားသူ ကိုချောနွယ်က ဇာတ်ညွှန်းရေးတော့မည်ဟု ဆိုလာသောအခါ ခရမ်းပြာမြင်းရိုင်းက ခပ်ပေါ့ပေါ့ပဲ ရေးပေါ့ဟု ဆိုလိုက်ရာ ကိုချောနွယ် တွေနေသည်။ သူ့စိတ်ထဲ ကဗျာနှင့်မဆိုင်သောအလုပ်ကို လုပ်ရမည်ကို မသိုးမသန့် ဖြစ်နေပုံရပါသည်။ သူက ဆေးခါးကြီးသောက်သလို ဘီယာကို မသက်မသာမော့ချနေပြန်ပါသည်။ နောက်တော့ သည်ရုပ်ရှင်ဗီဒီယိုဇာတ်ညွှန်း ဆိုတာကြီးကို သူ ရေးဖြစ်ခဲ့တာလဲ မဟုတ်။

ကဗျာတစ်ခုတည်းနှင့်ကတော့ ရန်ကုန်မှာ၊ ကျွန်တော်တို့ဆီမှာ ဘယ်လိုမှ သူ အဆင်မပြေ၊ သည်တော့ မြန်မာပြည်ကို သူ ပတ်ရသည်။

တစ်ခါတစ်ခါ သူရောက်ရောက်လာသည်က အောင်သွယ်တော်နားကြပ်ကလေး၏ မဂ္ဂဇင်းတိုက်။

‘‘ဟော့… ဒေါက်တာလေး၊ မောင်ချောနွယ်ကို ထောက်ပံ့ဦး’’

ထုံးစံအတိုင်း ဂျင်းဘောင်းဘီနှင့် တက်လာသော ကဗျာဆရာက ညို့ညစ်ညစ်။

အောင်သွယ်တော်နားကြပ်ကလေးကတော့ သူ တတ်စွမ်းနိုင်သမျှ ကိန်းဂဏန်းတွေကို ကဗျာဆရာ့လက်ထဲသို့ ထိုးထည့်တတ်မြဲ။ နှစ်သောင်းစ သုံးသောင်းစ။

ဩော်… ဘယ်အဖွဲ့အစည်းထဲမှာမှ မပါဝင်သူ ကိုချောနွယ်မှာ ဘာ ရပိုင်ခွင့်မှလည်း မရှိ။ ကျွန်တော်က မဟာပထဝီ လက်တစ်ဖဝါးစာကို ငွေစက္ကူ

www.nyisay.com



အဖြစ် အသွင်ပြောင်းကာ ဘီယာကလေး မော့နေသည့် အနုပညာသမားဆိုသူ တစ်ယောက်ကို သတိရနေမိသည်။

"ဒီမယ် မောင်သာချို၊ မင်း ခွေးတိုးပေါက်က ဝင်ဖူးလား"

"အစ်ကိုကလည်းဗျာ"

"အေးပါ ကိုယ်က စကားအဖြစ်ပြောတာပါ၊ မောင်ချောနွယ် ဝင်တယ်ကွာ၊ တကယ်ဝင်တယ်၊ ဒါပေမဲ့ ခွေးတိုးပေါက်ကတော့ ဘယ်တော့မှ မဝင်ဘူး၊ မရှိရင် တောင်းသုံးမယ်"

ထိုနေ့က ၂၇ လမ်း လက်ဖက်ရည်ဆိုင်ကလေးထဲမှာ ကိုချောနွယ်က ပြဇာတ်ဆန်စွာဖြင့် စကားဝိုင်းကို သိမ်းသည်။

"မောင်သာချို၊ မင်း ကိုယ့်ကို ငွေ ၂၀၀ လောက် ပေးခဲ့ကွာ"တဲ့။

ကျွန်တော်တို့အားလုံး အမောထဲမှာ ဟာသဖောက်လျက်က ဝေါခနဲ ပွဲကျ သွားမိကြသည်မှာ အမှန်ပဲ ဖြစ်ပါသည်။ ဩော်··· ကိုချော ကိုချော၊ ပြဇာတ်ဆန်လွန်းလှပါပေ့။

ကဗျာဆရာ မောင်ချောနွယ်က တစ်ခါတစ်ခါ ပြဇာတ်ဆန်လွန်းလှပါသည်။ တစ်ခါတွင် ကဗျာဆရာ သုခမိန်လှိုင်က သူ့ကဗျာတစ်ပုဒ်၏အောက်ခြေတွင် ကဗျာဆရာ၏ ခွင့်ပြုချက် မရဘဲ ကူးယူဖော်ပြ၍ မရကြောင်း ထည့်သွင်းဖော်ပြလိုက်ပါသည်။

ဤတွင် ကိုချောနွယ်က သက်မဲ့သက်သေ ဟူသောကဗျာကိုရေးကာ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းထဲမှာ ဖော်ပြလိုက်ပါသည်။ ကဗျာ၏ အောက်ခြေတွင်ကား -

ကျွန်ုပ်ချစ်သော ကဗျာပရိသတ်များ

ဤကဗျာအား ကူးယူဖော်ပြ ရွတ်ဆိုနိုင်ပါကြောင်း

ဟု ဖော်ပြလိုက်ရာ ကဗျာဖတ်သူတို့ သူ့ပြဇာတ်ဆန်ပုံကို ပြုံးထေ့ထေ့ ဖြစ်ကုန်ကြပါသည်။

သို့သော် သူ့ထက် ပြဇာတ်ဆန်သူ ခရမ်းပြာကြီးက သူ့ကဗျာအောက်ခြေတွင် မူပိုင် ယာမာဂူချီ ဟု လုပ်ထည့်လိုက်ရာ ထိုပြဇာတ် ဤတွင် တစ်ခန်း ရပ်သွားခဲ့ရပါလေသည်။

လူ့ဘဝဆိုတာ

ခြကုန်းမှာ နေရသလို

www.nyisay.com



မကြာခဏ ရွှေ့ရွှေ့နေရမယ်
မရွှေ့ရင် ခြစားခံရမယ်။

ငါ့ကို ဘီယာ မတိုက်တဲ့နေ့က ကဗျာထဲမှာ ကဗျာဆရာ မောင်ချောနွယ်က သည်လိုပဲ ထည့်ရေးခဲ့ဖူးပါသည်။ သူ့ကဗျာထဲကလို သူ ခြစားခံရမှာကြောက်နေလေရော့သလား မသိ။

မောင်ချောနွယ်ဆိုတာ Mobile ။

ဖြူးမှာ ခဏဆိုက်ကပ်တော့ ဖြူး ဆိုသောကဗျာကို သူရေးချခဲ့သည်။

ဝါးခယ်မမြို့ကလေးကိုရောက်တော့ ရေထဲမြို့ ကဗျာကို သူဖွဲ့စပ်ခဲ့သည်။

ကျောက်ပန်းတောင်းကို ဝင်တော့ 'မမတင်' ရဲ့ ကျောင်းကလေး ကဗျာကို သူ သီကုံးခဲ့သည်။

မြစ်ကြီးနားကို သွားရတော့ 'ရထား' ကဗျာ၊
တောင်တွင်းကြီးနယ်ထဲကို ရောက်တော့ 'ဆတ်သွား' ကဗျာ။
ရောက်လေရာမှာ ကဗျာဖြစ်သူ ကဗျာဆရာတစ်ယောက်။

ဆတ်သွားတဲ့၊ ကဗျာလောကမှာ ပြောစမှတ်တွင်သွားရတဲ့ ကဗျာရတနာ နဝရတ် ကျောက်မျက်ပုလဲတစ်ပွင့်။

ခုတော့
မြို့ဆန်ဆန် မြို့အင်္ကျီနဲ့ ဆတ်သွား
ကလေးအမေတစ်ယောက်ရဲ့ နို့ပိန်နဲ့ တူတဲ့
ဘတ်သီးတွေ
မမှန်မကန်လင်းတတ်တဲ့ နေရာ
ကျောမှာ
အမာရွတ်ကြီးလို
အဝေးပြေး ကားလမ်းမ
ခါးမှာ
မီးရထားသံလမ်း ခါးပတ်ပတ်လို့
ဗိုက်ထဲမှာ
မြို့ရဲ့ချွေးခံအင်္ကျီနဲ့တူတဲ့ ဘိလိယက်ခုံတစ်ခုံ
ခုန်လို့

www.nyisay.com



မြို့ပာန်ဆောင်ပါလေ ဆတ်သွားရေ။
ကမ္ဘာလုံးဝန်းကြီးကိုတောင်မှ
ထည့်ထုပ်ပစ်လိုက်နိုင်တဲ့
အင်ဖက်ကားကားကြီးတွေ
သားပေါက်ရာ အရပ်။
လောကဓံတရားထက် ပြင်းတဲ့အရက်
မချစ်က ချက်တဲ့
ဒီအရပ်မှာ။

ဆတ်သွားကဗျာထဲက သည်အပိုဒ်တွေက ကျွန်တော်တို့ကို မိန်းမော သွားစေခဲ့ဖူးသည်မှာ အမှန်ပဲ ဖြစ်ပါသည်။

''ကျွန်တော့်အထင်ပေါ့ဗျာ၊ ကိုချော နေရာအနှံ့ အဲလို လျှောက်သွား နေတာ အိမ်မှာ မနေချင်လို့လား မသိဘူးဗျ''

ကဗျာဆရာ စိုင်းဝင်းမြင့်က စာနာစွာဖြင့် သူ့နေရာကနေ မှတ်ချက် ချဖူးသည်။

''ကိုချောက တစ်ခေါက်လာပြီးသွားရင် ခြောက်လလောက် လုံလောက် တယ်ဗျ''

ဇာတ်မင်းသားလေး မန္တလေးကိုသိန်းဇော်ကတော့ လက်ဖက်ရည် ဝိုင်းတစ်ခုမှာ သည်လို ကောက်ချက်ချခဲ့ဖူးပါသည်။

၁၁-၁-၉၉ တွင် အဆိုတော်ကြီး တွံတေးသိန်းတန် အနိစ္စရောက်ခဲ့ပြီး ရေဝေးမှာ သင်္ဂြိုဟ်ကြတော့ ကဗျာဆရာ မောင်ချောနွယ် ရောက်လာပါသည်။ လောကဓံတရားထက် ပြင်းသောအရက်ကို သောက်လို့။

သူက တွံတေးသိန်းတန် သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ဟစ်အော် သီဆိုနေခဲ့သည်။ သစ်ပင်ကြီးတစ်ပင်ကို မှီလို့။ တော်လှန်ရေးကောင်စီ တက် တော့၊ တွံတေးသိန်းတန်တက်တော့ ကဗျာစရေးပါသည် ဆိုသော ကိုချောနွယ် လောင်ကျွမ်းနေပုံရပါသည်။

ခုတော့ ကျွန်တော်တို့ ကဗျာဆရာ ၃-၉-၂၀၀၂ က ကွယ်လွန်သွားခဲ့ ပြီး ဖြစ်ရာ ငါးနှစ်ပင် ပြည့်ခဲ့ပါပြီ။

တစ်ခုခု စားပြီးတိုင်း ပန်းကန်ကို ဆောင့်၍ ဆောင့်၍ ချကာ -

''မသေတော့ဘူးကွ''

အလင်းသစ်စာပေ

www.nyisay.com



ဟုပြောတတ်သော အစ်ကိုမောင်ချောနွယ် မရှိတော့ပါပြီ။ ခေတ်ထန်ကြမ်းတမ်းလှသော ကဗျာကန္တာရက သူ့ကို အလဲထိုးချလိုက်ပုံရပေသည်။

*မိုးဂျာနယ်*

ဒီဇင်ဘာလ၊ ၂၀၀၇။

ဇန်နဝါရီလ၊ ဧပြီလ၊ ၂၀၀၈။

❐

www.nyisay.com



www.nyisay.com

## မောင်ရန်ပိုင်
## (မီးကို နောက်တစ်ကြိမ် ထပ်တိုးတဲ့ ပလူတစ်ကောင်)

သည်တစ်နှစ်ကတော့ မိုးဦးလေဦး စောသောနှစ်ပင် ဖြစ်ပေသည်။ မေလဆန်းရုံကလေးရှိသေး၊ မိုးနှင့်လေက ရန်ကုန်မြို့တော်ကို သူ့လက်နှင့် တစ်ချက် လှမ်းတို့လိုက်လေသည်။

ရွာပါ၊ ရွာစမ်းပါ၊ ရွာချင်သလောက်သာ ရွာချလိုက်စမ်းပါ။ ဘယ်လောက်ပဲရွာရွာ သောကပရိဒေဝမီးများဖြင့် ပူစပ် ပူလောင်နိုင်လှဆဲ ရန်ကုန်ကဖြင့် မိုးနှင့်လေကို ကျောခိုင်းထားလိုက်ဟန် တူပါသည်။

လောင်ဆဲ၊ မြိုက်ဆဲ။

ထိုညနေကား မိုးခပ်စပ်စပ် ရွာပြီးခါစ တစ်ညနေပင် ဖြစ်ပါသည်။ ကျွန်တော်သည် ကဗျာဆရာမိုးကျော်အောင်နှင့်အတူ ၃၃ လမ်းထဲကို ဖြတ်သန်းဝင်ရောက်မိခဲ့သည်။ ထုံးစံအတိုင်း လေထန်ကုန်းထဲမှာတော့ လူစုံတက်စုံ။ ရွက်ကတော့ စုံသလား၊ မစုံသလား ကျွန်တော် မသိ။

လေထန်ကုန်းလမ်းကြားသည် အပေါ်တွင် ခပ်နိမ့်နိမ့်မိုးထားသည့် အမိုးကြောင့် မှောင်လည်းမှောင်၊ မှိုင်းလည်း မှိုင်း၍နေသည်။ ကျွန်တော် လမ်းကြားထဲသို့ လှည့်ကြည့်လိုက်မိတော့ ကျွန်တော့်ကို ခပ်စူးစူးစိုက်၍ ကြည့်နေသော မျက်လုံးတစ်စုံနှင့် အပြုံးမောမောတွေနှင့်အတူ ဖွေးဆွတ်နေသည့် သွားများကို လှမ်းတွေ့လိုက်ရသည်။

ကျွန်တော်က ထိုအကြည့်များ အပြုံးများရှိရာကို ရှေ့သို့ တစ်လှမ်းနှစ်လှမ်း တိုး၍ သွားဆဲမှာပင် သူ့ဆီကအသံက ကျွန်တော့်ကို လှမ်းကြိုလိုက်ပါသည်။

"ဟော့-ချိုကြီး၊ နေကောင်းလား"

"ဟာ… ကိုရန်ပိုင်"

www.nyisay.com



ကျွန်တော့်စကားသည် 'ဟာ' တွင် အတန်ကြာအောင် မျောသွားနေရာက 'ကိုရန်ပိုင်' တွင် တုံ့ခနဲ ရပ်တန့်၍ သွားသည်။

ရှေ့ကို ဆက်စရာ စကားလည်း မရှိ။ အားလည်း မရှိတော့။

ဆံပင်ဖြူ ကျိုးတိုးကျဲတဲ၊

အသားအရေ ညိုရင့်ရင့်၊

မျက်လုံးဝိုင်းဝိုင်း စက်စက်၊

ခပ်မောမောအပြုံးနှင့် ဖွေးဖွေးလှုပ်နေသည့်သွားများ။

ချည်လုံချည် ချည်အင်္ကျီ သန့်သန့်နွမ်းနွမ်းနှင့်။

ကိုရန်ပိုင် ကိုရန်ပိုင်၊ ကျွန်တော်တို့နှင့် ပတ်သက်ရင်းနှီးဖူးခဲ့လေသော ကိုရန်ပိုင်။

လူဘောင်ဟာ ရှုပ်ထွေးလှချည်ရဲ့ဟု ဆိုကာ ရဟန်းဘောင်သို့ အပြီးတိုင် ဝင်ရောက်သွားတော့မည်ဟု ဆိုပြီး ၃၃လမ်းကို ကျောခိုင်းထားခဲ့လေသော ကိုရန်ပိုင်။

ခုတော့ဖြင့် လေထန်ကုန်းရဲ့ စားပွဲဝိုင်းတစ်ခုမှာ ကျကျနနထိုင်ရင်းက လောကကို လည်စင်းပေးထားသလို မျက်လုံးများနှင့်။

''အပြီးထွက်လာတာလား ကိုရန်ပိုင်''

''ချိုကြီးကလည်းကွာ၊ ထွက်ပြီဆိုမှတော့ အပြီးပေါ့''

ကျွန်တော်သည် ထိုနေ့ညနေအတွက် ကိုရန်ပိုင့်ကို ခေါင်းစဉ်တပ်၍ ထားဟန်တူသော လက်ဖက်ရည်ဝိုင်းကလေးမှာ လေးလံစွာ ဝင်ထိုင်လိုက်ရင်းက အတိတ်ကို ဖျတ်ခနဲ ပြန်ရောက်သွားလေသည်။

*

တကယ်တော့ ကျွန်တော်သည် ကိုရန်ပိုင့်ကို မဟုတ်ဘဲ ကိုရန်ပိုင်၏ အစ်ကို ဆရာ ဦးဌေးညွန့်ကို စ၍ သိကျွမ်းခဲ့ရသူ ဖြစ်ပါသည်။

မှတ်မှတ်ရရ ၁၉၇၆ ခုနှစ်တွင် ကျွန်တော်သည် ဆယ်တန်းကျောင်းသား ဖြစ်ပါသည်။ ထိုစဉ်က မြောက်ဥက္ကလာပ မေဓာဝီလမ်းဆုံ၌ Top ဟူသော ကျူရှင်တစ်ခုရှိရာ ထိုကျူရှင်၌ ကျွန်တော်က ဘာသာစုံတက်သည်။

တစ်နေ့တွင် ထိုကျောင်းသို့ ဦးဌေးညွန့် ဟူသည့် ဆရာတစ်ယောက် ရောက်လာပါသည်။

www.nyisay.com



ဆရာက ရှေးဦးစွာ ကျွန်တော်တို့ကို အင်္ဂလိပ်စာ သင်ကြားပို့ချပါသည်။ သို့သော် ကျောင်းသားများက ဆရာ့ကို သိပ်လက်မခံကြပါ။ နောက်တော့ ဆရာက မြန်မာစာ ပြောင်းသင်ပြန်ပါသည်။ ဤတွင်လည်း ကျောင်းသားများက ဆရာ့ကို သဘောကျဟန် မတူကြပြန်ပါ။

ဤသို့ဖြင့် ဆရာသည် ရက်ပိုင်းမျှသာ ကြာလိုက်ပြီးနောက် ကျူရှင်မှ ဖျတ်ခနဲ ပျောက်သွားပါတော့သည်။

သို့ဖြင့် ဆရာပျောက်သွားပြီးပါမှ ထိုဆရာဦးဌေးညွန့်သည် စာရေးဆရာ မောင်ရန်ပိုင်၏အစ်ကိုဖြစ်ကြောင်း သိလိုက်ရသောအခါ ကျွန်တော့်ရင်ထဲတွင် နှမြောသလိုကြီး ဖြစ်သွားလေသည်။

*

၁၉၇၈ ခုနှစ်တစ်ဝိုက်သည်ကား ကျွန်တော်တို့တစ်တွေ အင်းလျားကန်စပ်ကို ရောက်သွားကြသော နှစ်ကာလများပင် ဖြစ်ပေသည်။ ကျွန်တော်တို့ ဒေသကောလိပ် ၂ (ယခု ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ)တွင် ကျောင်းတက်နေကြဆဲ၌ တက္ကသိုလ်၏ နံရံများပေါ်သို့ စာအုပ်ကြော်ငြာကလေးများ ရောက်လာပါတော့သည်။

မှတ်မှတ်ရရ ကိုအောင်ချိမ့်၏ **ဂန္ဓဝင်မမ၊**

မောင်ရန်ပိုင်၏ **ချစ်သူတွေ ရန်မဖြစ်ကြနဲ့၊ တက္ကသိုလ်ရွှေရတုသဘင်မှာ ကန့်လန့်ကာဆွဲတဲ့ကောင်လေး** စသည် စသည်···

ထိုစာအုပ်များက စာဖတ်ပျော်စ ကျွန်တော်တို့ကို ညို့ယူလိုက်သည်။ အကုန်ဝယ် အကုန်ဖတ်နှင့် ကိုအောင်ချိမ့်ကို ကြိုက်သွားပြီး ကိုရန်ပိုင်ကို စိတ်ဝင်စားသွားသည်။

ကျွန်တော်တို့နှင့်အတူ မြောက်ဥက္ကလာပတွင်နေသော ကိုရန်ပိုင်။

ဆရာ ဦးဌေးညွန့်၏ညီ ကိုရန်ပိုင်။

ဤသို့ဖြင့် ကျွန်တော်တွေ့ချင်နေသော စာရေးဆရာ မောင်ရန်ပိုင်နှင့် ကျွန်တော်တို့သည် မြန်မာစာပေလောက၏ ခြွင်းချက်ထားရန် မဖြစ်နိုင်သော နယ်မြေတစ်ခုဖြစ်သည့် ရွှေကြည်အေးနှင့် ၅၅ လမ်း တစ်ဝိုက်တို့တွင် တည့်တည့်ကြီး ဝင်တိုးမိကြပါတော့သည်။

*

www.nyisay.com



အနော်ရထာလမ်းနှင့် ၃၃လမ်းထောင့်မှ ယခု Excellence ရှိသော နေရာသည် ယခင်က ရွှေကြည်အေး လက်ဖက်ရည်ဆိုင်နေရာပင် ဖြစ်ပါသည်။ တစ်ခါက ထိုနေရာသည် စာရေးဆရာ ကြီးငယ်ပေါင်းစုံတို့ ထိုင်ခဲ့ကြရာ နေရာဖြစ်သည်။

ထိုဆိုင်မှာထိုင်ရင်း စာမူ ပေးကြ တောင်းကြသည်။ စာမူခ ပေးကြ ယူကြသည်။ စာအကြောင်း ကဗျာအကြောင်း ပြောကြဆိုကြသည်။

သည်ဆိုင်မှာ ဘယ်သူရှိရှိ မရှိရှိ ဘယ်သူထိုင်ထိုင် မထိုင်ထိုင် အမြဲတမ်း ရှိနေတတ်သူကတော့ ကိုရန်ပိုင်ပဲ ဖြစ်ပါသည်။

အသားညိုညိုရင့်ရင့်၊ ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်း၊ ဆံပင်အဖြူ တစ်ဝက် အနက်တစ်ခြမ်း၊ သွားများက ဖြူဖြူစင်စင်၊ လွယ်အိတ်တစ်လုံးကို အမြဲလွယ်ထားလျက်။ နေ့တစ်ဝက်ကျိုးကနေ ညနေစောင်းသွားသည်အထိ သည်ဆိုင်မှာ ဖင်မြဲမြဲထိုင်တတ်သော၊ ထိုင်နိုင်သော ကိုရန်ပိုင့်ကို ကျွန်တော် အံ့သြမိသည်။

နောက်တော့လည်း ရွှေကြည်အေးမှာ အတူထိုင်ကြရင်း၊ ၅၅ လမ်းမှာ အတူ ရီဝေကြရင်း၊ မြောက်ဥက္ကလာနှင့် ရန်ကုန်ထဲ အတူသွား အတူပြန်ကြရင်း ကိုရန်ပိုင့်ဘဝနှင့် ကျွန်တော်တို့ နည်းနည်းကလေး ပို၍နီးသွားသောအခါ သူ့ဘဝကိုလည်း နည်းနည်းပို၍ နားလည်သလို ဖြစ်သွားခဲ့ပါသည်။

ကိုရန်ပိုင်က ပုသိမ်ဘက်မှ ဖြစ်ပါသည်။ ဒါပေမဲ့ ငယ်ငယ်ကတည်းက ပုသိမ်ကို နောက်ကျောဘက်မှာ ခါချထားခဲ့ပြီး ရန်ကုန်ကို အပြီးအပိုင် တက်လာခဲ့သည်။ သို့သော် ရန်ကုန်တွင် သူ့အတွက် အိုးမရှိအိမ်မရှိ။ အလုပ် အကိုင် အခိုင်အမာမရှိ။ အနှောင်အဖွဲ့မရှိ။

သူ့ရင်ဘတ်ကို သူ ထွန်ယက်စားဖို့ ဆုံးဖြတ်ချက်တစ်ခုတည်းနှင့် တက်လာခဲ့ခြင်းဖြစ်သည်။ စာရေး၊ စာဖတ်သော အလုပ်မှလွဲ၍ ဘယ်အလုပ်မှ သူ့အလုပ် မဟုတ်။

ကိုရန်ပိုင် သံတစ်ချောင်းကိုမှ ရိုက်ဖူးပါစ၊ အုတ်ခဲတစ်ချပ်ကိုမှ မ ဖူးပါစ၊ ရေတစ်ပုံးကိုမှ ဆွဲဖူးပါစဟု ကျွန်တော် တွေးကြည့်မိသည်။ ကျွန်တော် ကဖြင့် သိပ်မထင်လှပါ။

ကိုရန်ပိုင် အလုပ်ကိုမုန်းတီးပုံနှင့် ပတ်သက်၍ ကိုအောင်ပွင့်ကတော့ မကြာခဏဆိုသလို ရင်ဖွင့်ဖူးသည်။

www.nyisay.com



သည်တုန်းက ကိုရန်ပိုင်ရော ကိုအောင်ပွင့်ပါ ရန်ကုန်ကို တက်လာကြခါစ ဝက်ပါရိပ်သာလမ်းထဲတွင် အတူ နေထိုင်ဖူးခဲ့ကြရာ ယင်းကိုပင် ကိုအောင်ပွင့်က မကြာခဏ အမှတ်တရ ပြန်ပြောခြင်း ဖြစ်သည်။

''ခင်ဗျား ကိုရန်ပိုင်ဆိုတဲ့ လူကတော့ဗျာ မေဒေးနေ့ မွေးပေလို့ပေါ့၊ ပျင်းလိုက်တာ လွန်ရော။ သောက်ရေအိုးထဲများ တစ်ခါမှ ရေမထည့်ဘူး။ ရေကုန်နေတယ်မို့လား၊ ဟော သူ့ခွက် သူကိုင်ပြီး ဘုံပိုင်ခေါင်းမှာ သွားခံသောက်တယ်။ မေဒေးနေ့ မွေးလို့''

ကိုအောင်ပွင့်က ပြောပြောဆိုဆို မပွင့်တပွင့် ရယ်တတ်သည်။

စာရေးသူတစ်ယောက် စာရေးခြင်း၊ စာဖတ်ခြင်းမှလွဲ၍ မည်သို့သော လူမှုကိစ္စကိုမျှ မလုပ်ဘူးဆိုသည်မှာ မှန်သလား၊ မှားသလား၊ ဒါကိုတော့ ကျွန်တော် မသိ။

ကိုရန်ပိုင့်အလုပ်က မနက်မိုးလင်းသည်နှင့် အိမ်ကထွက်မည်။ သူ မှီခိုနေထိုင်ရာ မြောက်ဥက္ကလာရှိ ဆရာဦးဌေးညွှန့်အိမ်ကလည်း သူ့မိသားစုနှင့် သူဖြစ်ရာ ကိုရန်ပိုင့်အတွက် မလွတ်လပ်လှဟု ကျွန်တော်ထင်သည်။

သည်တော့ နေ့အလင်းရောင်နှင့်အတူ အိပ်တန်းမှ ထပျံရသည့် ငှက်တွေလိုပဲ လင်းလင်းချင်း ကိုရန်ပိုင် အိမ်ကထွက်ရဟန် တူပါသည်။ ပြီးတော့ မေဓာဝီလမ်းဆုံက လက်ဖက်ရည်ဆိုင်ကလေးမှာ ၉ နာရီ၊ ၁၀ နာရီအထိ သူထိုင်မည်။

ပြီးလျှင် မြို့ထဲကိုထွက်မည်။ မြို့ထဲရောက်ချိန်မှာ ၁၁ နာရီဝန်းကျင် ဖြစ်ရာ တစ်ဆိုင်ဆိုင်ဝင်ပြီး မနက်စာ စားမည်။

ကျွန်တော် သိရသလောက်ကတော့ ကိုရန်ပိုင် အများဆုံး စားလေ့စားထ ရှိတတ်သည်မှာ မြဝတီတိုက်ဘေး အပေါ်ထပ်က ဝန်ထမ်းသက်သာ စားသောက်ဆိုင်။ ငွေ ၂၀ လောက်နှင့် မနက်စာပြီးသော ဆိုင်ကလေး။

သို့ဖြင့် မနက်စာကိစ္စ ပြီးသောအခါ ၃၃ လမ်းထိပ်က ရွှေကြည်အေး လက်ဖက်ရည်ဆိုင်မှာ ကိုရန်ပိုင် ထိုင်ပါသည်။

လက်ဖက်ရည်တစ်ခွက်ကို တည်ကြက်အဖြစ် ချထားပြီး ရေနွေးကြမ်း သောက်လိုက်၊ အပေါ့အပါး ထသွားလိုက်၊ လာသမျှ စာသမားပေသမားတွေနှင့် စကားစမြည်ပြောလိုက်နှင့် ရွှေကြည်အေးလက်ဖက်ရည်ဆိုင်၏ ဝင်ဝင်ချင်း ကျောက်စားပွဲဝိုင်းကြီးမှာ ညနေတိုင်သည်အထိ မြိန့်မြိန့်ကြီး ထိုင်နေမည်။

www.nyisay.com





တစ်ခါတစ်ခါ စာအုပ်တစ်အုပ်ကို ထုတ်ဖတ်နေလိုက်၊ ဗလာစာအုပ်ကလေးတစ်အုပ်ကို ထုတ်ကာ စာရေးချင် ရေးနေလိုက်၊ ယပ်တောင်ကလေးကို တဖျပ်ဖျပ် ခတ်ချင်ခတ်နေလိုက်နှင့် ကိုရန်ပိုင့်ကို ဆိုင်ရှင်များကတော့ သိပ်ကြည်ဖြူကြဟန်မတူပါ။

သို့သော် ရွှေကြည်အေးသည် စီးပွားရေးလုပ်နေသူများဖြစ်၍ အတတ်နိုင်ဆုံးတော့ သည်းခံနေခဲ့ကြဟန် တူပါသည်။ သို့သော် သည်းမခံနိုင်တော့သည့် နေ့တစ်နေ့တွင်ကား ပြဿနာက အထွတ်အထိပ်ကို တက်ခဲ့ပါတော့သည်။

ထိုနေ့က ရွှေကြည်အေး စားပွဲဝိုင်းကြီးတွင် လူတော်တော် စုံပါသည်။

ကိုရန်ပိုင်၊ မြမြင့်မိုရ်၊ ဖောင်းထက်၊ ယမုံ၊ မြင့်ဦးဦးမြင့်နှင့် ကျွန်တော်တို့ဖြစ်သည်။

ထိုနေ့က လက်ဖက်ရည်ဖိုးအားလုံးကို ကျွန်တော်က ပေးချေပြီးသားဖြစ်ပါသည်။ သို့သော် ဆိုင်ရှင်သည် ခေတ်အဆက်ဆက် မထတမ်း ထိုင်ခဲ့သည့် ကိုရန်ပိုင့်ကို ထိုနေ့တွင်မှ ပြဿနာလုပ်လာခဲ့ပါသည်။

ပထမ မြမြင့်မိုရ်က ကွမ်းယာ ထ ဝယ်သည်။ ဆိုင်က မြမြင့်မိုရ် ထိုင်သောခုံကို သိမ်းသွားသည်။ ကျွန်တော်က တောင်းသောအခါ လူလာလျှင် ပြန်ပေးမည်ဟုဆိုသည်။

မြမြင့်မိုရ် ပြန်လာသောအခါ ဆိုင်က ခုံလာပြန်ချသည်။ ထို့နောက် စားပွဲထိုးတစ်ယောက် လျှောက်လာပြန်ပါသည်။ ထိုသူက ကိုရန်ပိုင့် ကျောကို တစ်ချက်ပုတ်ရင်း ထိုင်ဦးမှာလားဟု မေးသည်။ ကိုရန်ပိုင်က ထိုင်ဦးမည် ဖြစ်ကြောင်း ပြောသောအခါ ပြန်မည်ဆိုလျှင်လည်းပြန်ရန်၊ ဆက်ထိုင်ဦးမည် ဆိုကလည်း ဝင်ဝင်ချင်းစားပွဲမှာ မထိုင်ဘဲ အတွင်းစားပွဲမှာ ဝင်ထိုင်ရန် ခပ်စီးစီး ပြောလာပါသည်။

www.nyisay.com



ကိုရန်ပိုင်သည် မြွေဟောက် တစ်ကောင်နှယ် ဆတ်ခနဲ ခေါင်းထောင်သွားသည်။ တစ်လှမ်းချင်း နောက်ဆုတ်သွားသည့် စားပွဲထိုးနောက်ကို တရှူးရှူးနှင့် ထိုးလိုက်သွားသည်။

"ဟေ့ကောင်၊ မင်း ဘာစကားပြောတာလဲ၊ ငါ ဒီဆိုင်မှာ ထိုင်တာ ဆယ်နှစ်ပြည့်တော့မယ်၊ ဟေ့ကောင် လာစမ်းပါဦး"

သို့ဖြင့် ဆဲကြဲဆွဲကြဲ တားကြဆီးကြနှင့် ဝရုန်းသုန်းကားဖြစ်သွားသော ရွှေကြည်အေးဆိုင်ကလေးသည် တစ်ဆိုင်လုံးကို သိမ်းကျုံး၍ ဆဲလိုက်သော ကျွန်တော်၏ ပေါက်ကွဲမှုတွင်ပင် ပြဿနာအဆုံးသတ်သွားပါတော့သည်။

သည်သို့သည်နှယ် ပြဿနာတစ်စုံတစ်ရာ တက်သည်အထိ လက်ဖက်ရည်ဆိုင်ထိုင်တတ်သော ကိုရန်ပိုင်သည် ညနေတိုင်တော့ သင့်ရာသင့်ရာ အစုအဝေးကလေးတွေနှင့် ညနေရီရီ ဆိုင်ကလေးများရှိရာသို့ ပါသွားတတ်ပြန်ပါသည်။

အထူးသဖြင့် အိုးအိမ်ဦးစီးနောက်က တောအရက်ဆိုင်ကလေးများကို ကိုရန်ပိုင် ပါသွားတတ်သည်။ တစ်လုံး တစ်ဆယ်လောက်သာ တန်သည် ဆိုသော တောအရက်များအကြောင်းကို ကြားဖူးနေသည့် ကျွန်တော် ဘေးမှ ကြည့်ပြီး လန့်နေမိသည်။

"ကိုရန်ပိုင် ပြင်းသလားဗျ"

"ချိုကြီးကလည်း တစ်ခွက်မော့ချလိုက်တာနဲ့ ကျားသစ်တစ်ကောင် မျက်နှာကို ဖြတ်ရိုက်လိုက်သလိုပဲ ဖျဉ်းခနဲ"

သည်လိုနှင့် ညမှောင်တော့ ဥက္ကလာကို ကိုရန်ပိုင် ပြန်သည်။ တစ်ခါတစ်ခါ ကျွန်တော်နှင့်လမ်းကြုံတတ်သည်။ လမ်းကြုံတိုင်း မေဓာဝီလမ်းဆုံမှာ ခဏဆင်းကာ နည်းနည်းပါးပါး ရီဝေလေ့ရှိကြရာ ထိုအခါများ၌ ကိုရန်ပိုင် ညစာဖြေရှင်းပုံကို ကျွန်တော်ဘေးမှ ငေးကြည့်နေမိသည်။

မုန့်ဟင်းခါးကို ကြွပ်ကြွပ်အိတ်နှင့်ဝယ်၊ ထိုအိတ်ထဲကို ထမင်းဖြူနည်းနည်းဝယ်ထည့်၊ အသင့် ပါလာသည့်ဇွန်းနှင့် နယ်ဖတ်စားပြီး အိတ်ကို လွှင့်ပစ်လိုက်သည်။ ညစာ ပြီးသည်နှင့် သူ၏အစ်ကို အိမ်ရှိရာ ရပ်ကွက်ကလေးထဲသို့ ဝင်သွားတတ်မြဲ။

လမ်းကြားမှောင်မှောင်လေးထဲမှာ တစ်စစ ပျောက်ကွယ်သွားသည့် ကိုရန်ပိုင့် ကျောပြင်ကားကားကြီးကို ငေးမောကြည့်မိလေတိုင်း ကျွန်တော်

www.nyisay.com



သက်ပြင်းရှည်ကြီးတွေ ချမိသည်။ သည်လောက် ရင်မောဖွယ်ကြားထဲက ကိုရန်ပိုင် ဘယ်လိုများ စာရေးနေပါလိမ့်။

"ကိုယ်က အချိန်ကို ခိုးတတ်တယ် ချိုကြီးရ။ သွားရင်းလာရင်း၊ စကားပြောရင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ရသလောက်ကလေးကို ချချ ရေးထားတာပဲ"

စာရေးစားပွဲ မရှိ၊ ကိုယ်ပိုင်စာကြည့်ခန်း မရှိ၊ ပူနွေးသည့်ညစာ မရှိ။ ဤသို့ ဤနှယ် မရှိခြင်းများကြားမှ မြန်မာစာရေးဆရာတစ်ဦး၏ဘဝကို ကျွန်တော် ငေးလည်းငေး မောလည်းမောနေမိသည်။ ကျွန်တော်တို့ဆီမှာက စာပေရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသည်ဆိုခြင်းမှာ ကျိုန်စာသင့်နေသည့် အသက်မွေးဝမ်းကျောင်းများ ဖြစ်နေလေရော့သလား။

*

ကိုရန်ပိုင့်ဘဝကို ပုံဖော်ကြည့်သောအခါ စာပေတစ်ခုတည်းဖြင့်တော့ မလုံလောက်ဟု ကျွန်တော်ထင်သည်။

ဂီတ၊ ပြဇာတ်၊ ရုပ်ရှင် စသည့် အခြားသော အနုပညာလမ်းကြောင်းတွေ ပေါ်မှာလည်း ပြော၍ ဖြစ်လောက်အောင်တော့ သူရှိခဲ့ဖူးသည်။

မန္တလေးသိန်းဇော် ဇာတ်ထဲမှာ အလျှားလိုက်ကြီး သူစုန်ဆန်မျောပါ နေခဲ့ဖူးသည်။ ပြဇာတ်တချို့ ဝင်ရေးသေးသည်။ နှစ်ပါးခွင် သီချင်းတချို့ ဖွဲ့စပ်ပေးသည်။

တစ်ခါကလည်း စာရေးဆရာ ကိုချစ်ဦးညိုကို မင်းသားတင်ကာ 'ကောင်းလှချည့်လား ဒေါင်းမြကြည်' အမည်ဖြင့် ဗီဒီယို ရိုက်ကူးရန် ပုဂံ ညောင်ဦးဘက်ကို သူ ထွက်သွားဖူးသည်။ သို့သော် ထိုကားပြီးဆုံးအောင် သူ မရိုက်ကူးဖြစ်ခဲ့။ ဘာပြဿနာတွေ ရှိကြသလဲတော့ ကျွန်တော် မသိ။

ကိုရန်ပိုင့်တွင် အနုပညာမာနကလေးကတော့ ခိုင်ခိုင်မာမာရှိဟန် တူပါသည်။

တစ်ခါတွင် အဝကျွန်းကိုချစ်မောင်က ရုပ်ရှင်တေးကဗျာအတွက် စာမူခ ကြိုပေးကာ ကိုရန်ပိုင့်ထံမှ စာမူတောင်းသည်။ ကိုရန်ပိုင်ကလည်း ပေးသည်။ သို့သော် ထိုစာမူကို အဝကျွန်းကြီးက မရိုက်ဖြစ်ခဲ့ပါ။ ငွေပေးချေပြီးသားဖြစ်၍ ရိုက်ရိုက် မရိုက်ရိုက် အရေးမကြီးကြောင်းလည်း အဝကျွန်းက ဆိုလာပါသည်။

www.nyisay.com



သို့ဖြင့် ကိုရန်ပိုင်က ငွေပြန်ပေးပြီး စာမူပြန်တောင်းရန်အထိ တင်းတင်းမာမာ ဖြစ်သွားခဲ့ကြပါသည်။

ကျွန်တော်တို့ အိပ်မက်ဖူးမဂ္ဂဇင်း လုပ်နေစဉ် ကာလများကလည်း ကိုရန်ပိုင်က အေးချစ်အမည်ဖြင့် အနုပညာဆောင်းပါးများ လစဉ်ရေးရန် ညှိသည်။ ကျွန်တော်တို့က လစဉ် မဖော်ပြသောအခါ တစ်ယောက်နှင့် တစ်ယောက် တင်းခဲခဲကြီး ဖြစ်သွားခဲ့ကြဖူးသည်။

သည်သို့သည်သို့သော ကိုရန်ပိုင်သည် မိုးသက်မုန်တိုင်းများကြားတွင်တော့ ကျွန်တော်တို့နှင့်အတူ ရှိနေခဲ့ပါသည်။ သူ၏တင်းမာသော မျက်နှာကြီးဖြင့် လူတွေထဲမှာ တိုးဝှေ့ သွားနေလျက်။ ကဗျာဆရာများ၊ မြန်မာနိုင်ငံမှ ကဗျာဆရာများ။

ထိုထိုသော ကိုရန်ပိုင်သည် လွန်ခဲ့သည့် သုံးနှစ်လောက်ကတော့ သူ သာသနာ့ဘောင်သို့ ဝင်ရောက်တော့မည်ဖြစ်ကြောင်း တရားဝင်ပြောကြား လာခဲ့ပါသည်။ သူ့ကို ကျွေးမွေးပြုစုလိုလျှင် ပြုစုကျွေးမွေးထားဖို့၊ လှူထား တန်းထားလိုလျှင် လှူဖို့တန်းဖို့ လေထန်ကုန်းမှာ တွေ့တိုင်းပြောလာပါသည်။

သာဓုခေါ်သူက ခေါ်ကြပြီး၊ တချို့ကလည်း ရဟန်းဘောင်သို့ ဝင်ရောက်စဉ်သုံးစွဲဖို့ နဝကမ္မ လှူဒါန်းကြပါသည်။

ကိုအောင်ပွင့်ကတော့ စာအိတ်ကလေးထဲတွင် ငွေ ၂၀၀ ထည့်ကာ 'ဘဝတစ်ပါးပြောင်းရွှေ့သွားသူကြီးသို့' ဟု ကမ္ပည်းတပ်လျက် လှူဒါန်းလိုက် ပါသည်။ ကျွန်တော်ကတော့ တစ်ပြားတစ်ချပ်မျှ မပေးလှူခဲ့။

"သိဒ္ဓတ္ထမင်းသား တောထွက်တာ လူသိမှာစိုးလို့ တိတ်တိတ်ကလေး ထွက်သွားခဲ့တယ်။ သူ့နှယ်ဗျာ၊ ဘယ်နေ့ဘယ်လမ်းအတိုင်းသွားမယ်၊ ဘယ်နေရာ က စောင့်လှူနိုင်တယ်နဲ့။ လိပ်စာပေးပြီး ထွက်ပြေးတာနဲ့ တူမနေဘူးလား ကိုပွင့်ရယ်"

ကျွန်တော်က သည်လိုပြောတော့ ကိုအောင်ပွင့်က ခပ်ယဲ့ယဲ့ရယ်သည်။ သည်လိုနှင့် ကိုရန်ပိုင်တစ်ယောက် တကယ့်ကို ရဟန်းဝတ်သွားခဲ့ပါသည်။

တောင်စွန်းမြို့နယ် ဇုတ်သုတ်ကျေးရွာ ကျိုက်ထီးဆောင်းဆရာတော် ဘုရားကြီးထံ သီတင်းသုံးနေကြောင်း၊ ရဟန်းဘွဲ့မှာ ဦးဝဏ္ဏာလင်္ကာရဖြစ်ကြောင်း ကြားသိရသည်။ ကျွန်တော် ရန်ကုန်ကို မကြာမကြာ ရောက်သွားခဲ့သည့် အခါများတွင်လည်း ကိုရန်ပိုင် ရန်ကုန်ကို ကြွလာတတ်ကြောင်း သတင်းများကို

www.nyisay.com



ကြားရသည်။ တစ်ယောက်ကတော့ ''တရားရတဲ့ပုံ မပေါ်ဘူးဗျ''ဟု ကောက်ချက်ချသည်။

မဂ္ဂဇင်းအယ်ဒီတာ တစ်ယောက်ကတော့ -

''မဂ္ဂဇင်းတိုက်ကို ဘယ်ဦးပဥ္စင်း ကြွလာကြွလာ ကျွန်တော်တို့က နေရာ ဖယ်ပေးတာပါပဲ။ ဒါပေမဲ့ ဦးပဥ္စင်း ကိုရန်ပိုင်ကတော့ တက်လာကတည်းက ငါ့ခေါင်းရင်းမှာထိုင်မယ် ဆိုတဲ့စိတ်မျိုး ရှိနေတယ်ထင်တယ်''

ဟု သိမ်သိမ်မွေ့မွေ့ သုံးသပ်သည်။

သည်လို ဆိုလျှင်ဖြင့် ကိုရန်ပိုင်တစ်ယောက် သူ့ အတ္တကြေးခွံကြီးကို ချွတ်မှ ချွတ်နိုင်ပါလေစ။ နောက်တော့ ကိုရန်ပိုင်တစ်ယောက် တောင်စွန်းမှာ နှစ်နှစ်ကျော် သုံးနှစ်ကြာသွားသည်။ ထို့နောက် ရန်ကုန်ကိုကြွလာပြီး သာကေတ မြို့နယ် ဇိနမာန်အောင်စေတီအနီးက ပညာမဥ္ဇူကျောင်းမှာ သီတင်းသုံးလာပြန်သည်။ ထို့ပြင် မဂ္ဂဇင်းအချို့၌ ချစ်သား ဟူသောအမည်ဖြင့် သူ၏ဝတ္ထုတွေကို တွေ့လာရပြန်ပါ၏။

ခုတော့ဖြင့်။

ထိုထိုသော ကိုရန်ပိုင်က လေထန်ကုန်း လက်ဖက်ရည်ဆိုင်မှာ လူဝတ်ကြောင်ဖြင့် ငုတ်တုတ်။

*

''ကဲ… ချိုကြီး၊ ကိုယ် ပြန်လိုက်ဦးမယ်''

အတိတ်ကို တစ်ခဏ ပြန်ရောက်သွားသော ကျွန်တော့်စိတ်များသည် ကိုရန်ပိုင်၏ ပြောပြောထထစကားကြောင့် မျက်မှောက်ကို ပြန်ရောက်လာခဲ့ပါသည်။ အားလုံးက ထွက်သွားသော သူ့ကို ငေးရီလျက်။

''ကျွန်တော်က ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့် အမျိုးသမီးကတော့ ငိုဦးမှာပဲ။ သူ ရန်ကုန်ရောက်ကတည်းက ပစ္စည်းလေးပါးဒါယကာ လုပ်လာခဲ့တာဗျ။ တနင်္လာနေ့ သူ အိမ်ကိုကြွလာတိုင်း တစ်ပတ်စာ ဆွမ်းဟင်းကို အခြောက်ကြော်လှော်ပြီး ပုလင်းမျိုးစုံနဲ့ထည့်၊ ဝတ်မပျက်ခဲ့ဘူး။ သူ ရဟန်းဘဝက ကျွန်တော်က တစ်ဆင့်ပေးတဲ့ စာမူတွေကို ဘယ်တိုက်ကိုမှ ပို့မပေးဘူး၊ စာပေလောကသတင်း ဘယ်တော့မှ သူ့ကို မပေးဘူး။ ဒီလောက် ဝဋ်ဒုက္ခကြီးတဲ့ စာပေလောကက သူမို့ ပြန်လာချင်တယ်ဗျာ''

www.nyisay.com



ကိုချစ်ဦးညိုက ဆွေးဆွေးမြည့်မြည့် စကားကိုဆိုသည်။ ပန်းချီလှထွဏ်းအောင်၊ ကိုဟိန်းလတ် စသည်ဖြင့် ကြားရသူအပေါင်းက 'ဟာခနဲ ဟင်ခနဲ' ဖြစ်သွားကြသည်။

''ကိုချစ်ဦးညို၊ ကျွန်တော်မသိလို့ မေးပါရစေ၊ ဗုဒ္ဓဘာသာမှာ ရဟန်းဝတ်တယ်ဆိုတာ ဝတ်လိုက်ထွက်လိုက် မရဘူးဆို။ ပိုင်မှနိုင်မှဝတ်၊ ဝတ်ပြီးရင် မထွက်စတမ်း၊ ထွက်ပြီးရင် ပြန်မဝတ်စတမ်း၊ အဲဒါ ဟုတ်လား''

''တကယ်တော့ ဟုတ်တယ်ဗျ''

ကျွန်တော့်အမေးကို ကိုချစ်ဦးညိုက ပြတ်ပြတ်သားသားပင် ဖြေသည်။ လေထန်ကုန်းညနေသည် မိုးရိပ်တွေဖြင့် မှောင်မှိုင်းလာပြန်၏။ ကိုရန်ပိုင်တစ်ယောက် ဘယ်စခန်းကို ဘယ်လမ်းကများ ပြန်သွားပြန်ပါလိမ့်။

*

နောက်တစ်နေ့ လေထန်ကုန်းကို ရောက်ပြန်တော့လည်း ကိုရန်ပိုင်နှင့်ကျွန်တော် တွေ့ကြပြန်ပါသည်။ ကိုရန်ပိုင်က လောကကို လိပ်ပြာမလုံသည့်အပြုံးများဖြင့် စားပွဲမှာ ဝင်ထိုင်သည်။

''ကိုရန်ပိုင်၊ ကျွန်တော့်ကို တစ်ခုလောက်တော့ ဖြေဗျာ၊ လူထွက်ချင်လောက်အောင် ကိုရန်ပိုင်ကို စေ့ဆော်တဲ့အချက်၊ အဲဒါ ကျွန်တော် အတိုချုံးပြီး သိချင်တယ်''

''ချိုကြီးရာ တစ်ခုခုထဲမှာ ကိုယ် အသေမနေချင်တဲ့စိတ်ပါပဲ။ နောင်မှအသေးစိတ် ကိုယ်ပြောပါ့မယ်''

နိုင်တယ် ခေါ်သလား၊ ရှုံးတယ် ခေါ်သလား၊ ခေါင်းမော့တာလား၊ ဒူးထောက်တာလား မသိ။ ကျွန်တော် မသိ။ ဒါတွေကို ဘာမှ ကျွန်တော်မသိ။ ကိုရန်ပိုင်ကတော့ လေထန်ကုန်း သောကပရိဒေဝစားပွဲမှာ လူဝတ်ကြောင်ဖြင့် ပြန်ရောက်နေပြန်ပါလေပြီ။

*ပန်းဝေသီမဂ္ဂဇင်း*

အောက်တိုဘာလ၊ ၁၉၉၆။

❑

www.nyisay.com



## မောင်အောင်ပွင့်
## (ဟိုက်ပတ်ပန်းခြံထဲက ပုရွက်ဆိတ်ယောင်ဆောင်ထားတဲ့ လူတစ်ယောက်)

ကျွန်တော် အိပ်ရာမှထတော့ နေရောင်ပင် အတန်အသင့် ရွှန်းပြက်၍ နေပါပြီ။ မြောက်ဥက္ကလာပ၏ နံနက်ခင်းသည် ကျေးငှက်မြည်သံ တချို့ တစ်ဝက်နှင့် နိုးထ၍ လာခဲ့ပြန်ပါသည်။

အိမ်ခေါင်းရင်းဘက် ပြတင်းပေါက်မှ တစ်ဆင့် ဖြတ်၍ မြင်နေရသော ခြံထောင့် ရေဘုံပိုင်ကလေးမှာတော့ သူတို့ အားလုံး ရောက်ရှိနေကြပြီ။ ကိုသင်းခိုင်၊ ကိုအောင်ပွင့်၊ ကိုခင်လွန်း…။ သွားပွတ်တံ ကိုယ်စီ၊ ရေခွက် ကိုယ်စီနှင့်။

ထိုညက သူတို့အားလုံး ကျွန်တော့်အိမ်မှာ အိပ်ကြသည်။ ကျွန်တော့် အိမ် ဆိုသည်ထက် ယမုံ့အိမ်ဟုဆိုလျှင် ပို၍ မှန်ပါသည်။ ယမုံနှင့် ကျွန်တော် တို့သည် မယားညီအစ်ကိုများ ဖြစ်ကြရာ ထိုအိမ်၌ မိသားစုနှစ်စု အတူနေခဲ့ကြ ရာမှ နောက်ပိုင်း ယမုံတို့မိသားစု သာပေါင်းမြို့သို့ ပြောင်းရွှေ့သွားသောအခါ ကျွန်တော်တို့မိသားစု ဆက်လက် ကျန်ရစ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ထိုအိမ်သို့ လူပေါင်းစုံ ရောက်ဖူးကြသည်။ မန္တလေးမှ၊ တောင်ကြီးမှ၊ မကွေးမှ၊ ရေနံချောင်းမှ၊ ပုသိမ်မှ၊ လပွတ္တာမှ၊ မြောင်းမြမှ…။ ထိုအိမ်တွင် ခြင်ထောင်ကြီးတစ်လုံးလည်း ရှိသည်။

ဧည့်သည်များအတွက်ထားသော ခြင်ထောင်ဖြစ်ရာ ကိုမင်းသစ်၊ ကိုသင်းခိုင်၊ ဇော်(ပျဉ်းမနား)၊ မောင်ဒေါင်း၊ ကိုအောင်ပွင့်၊ ကိုစိုးသစ်၊ ကိုစိုးအိမ်၊ မောင်ကောက်၊ သစ်စိုး၊ ပန်းချီလှထွဏ်းအောင် စသည်ဖြင့် ခင်မင်သော မိတ်ဆွေအချို့ကို ဤခြင်ထောင်ကြီး၏ အမိုးအောက်မှာ ညများကို ဖြတ်သန်း ကြဖူးသည်။ ယခုလည်း ထိုခြင်ထောင်ကြီး၏ အမိုးအောက်မှာ ကိုသင်းခိုင်၊ ကိုအောင်ပွင့်နှင့် ကိုခင်လွန်းတို့ တစ်ည ဖြတ်သန်းပြီးကြပါပြီ။

www.nyisay.com



ကျွန်တော်က ခြင်ထောင်သိမ်းရန် ကြိုးများကို ဖြုတ်ချလိုက်ပြီး လုံးထွေး ပစ်လိုက်သည်။ ထို့နောက် ခေါင်းအုံးနှင့်စောင်များကိုပါ မ ယူကာ အတွင်းခန်း သို့ ပို့လိုက်သည်။ ထို့နောက်တွင်မှ ဖျာကိုလိပ်ပြီး ထရံတွင် ကပ်ထောင်ထား လိုက်ပြီးနောက် တံမြက်စည်းလှည်းရန် ပြင်ဆဲမှာပင် မသင်္ကာစရာကောင်းသည့် ပစ္စည်းလေးတချို့ကို တွေ့လိုက်ရခြင်း ဖြစ်သည်။ ဝွမ်းလုံးကလေး နှစ်လုံး။ အရွယ်မှာ မန်ကျည်းစေ့ခန့်။ ဘာအတွက် ဝွမ်းလုံးကလေးများပါလိမ့်။

''ကိုပွင့်ရေ၊ ဒါ ဘာလေးတွေလဲဗျ''

ကျွန်တော်က အိမ်ပေါ်သို့ ပထမဦးဆုံးတက်လာသော ကိုအောင်ပွင့်ကို လှမ်းမေးမိသည်။ သူက မချိတရိပြုံးရင်း…

''အဖြစ်ကတော့ဗျာ၊ ညက ကိုသင်းခိုင်ဆိုတဲ့ လူရယ်လေ၊ ဟောက် လိုက်သမှ အိပ်ဖို့ဆိုတာ ဘယ်လိုမှကို မတတ်နိုင်တော့ဘူး။ စောင်ခြုံမရ၊ တစ်ဖက်စောင်းအိပ်မရ။ နောက်ဆုံး နားရွက်ထဲ ဝွမ်းလုံးဆို့ထည့်မှ အိပ်ရ တော့တယ်။ အဖြစ်များ…''

အိမ်ပေါ်သို့ ဆက်တက်လာသော ကိုသင်းခိုင်ကတော့ ဝက်ဝက် ကွဲအောင် ရယ်သည်။ ခြသေ့ဲဟိန်းသလား ထင်ရအောင် လိုဏ်သံပါပါဖြင့် ရယ်ခြင်းဖြစ်သည်။ ကိုအောင်ပွင့်ကတော့ သူ့ထုံးစံအတိုင်း အေးစက်စက် အပြုံးဖြင့်။ ၁၉၉၀ ပြည့်နှစ်လွန် နှစ်ကာလများ…။

*

ကိုအောင်ပွင့်နှင့် ကျွန်တော်တို့ စတင်သိကျွမ်းခဲ့ကြသော နှစ်ကာလများ မှာ ၁၉၈၃-၈၄ ခုနှစ်ဝန်းကျင် နှစ်ကာလများ ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော် သည် ရန်ကုန်တက္ကသိုလ်၌ မဟာဝိဇ္ဇာတက်နေဆဲကာလဖြစ်သည်။ မြစ်ဝ ကျွန်းပေါ် အတွေ့အကြုံမရှိသည့် ဆရာကြည်အောင်ကို မြောင်းမြ၊ ပုသိမ်မြို့ များသို့ ခေါ်သွားရန်ဖြစ်ရာ ထိုသွားမည့်နေ့၌ ကျွန်တော်တို့က သင်္ဘောဆိပ်သို့ လိုက်ပို့ကြသည်။

ဤတွင် သင်္ဘောဆိပ်ရောက်သောအခါ ဇာတ်လမ်းက တစ်မျိုးပြောင်း သွားပါသည်။ ဆရာကြည်အောင်ရော၊ မိတ်ဆွေတစ်ဦးကပါ ကျွန်တော့်ကို အပါ ခေါ်ကြသည်။ ဘယ်လိုမှ ငြင်းမရသည့်အဆုံးတွင် ကျွန်တော်လည်း မြောင်းမြ၊ ပုသိမ်မြို့များသို့ ပါသွားတော့သည်။

www.nyisay.com



သို့ဖြင့် ပုသိမ်တွင် ကိုအောင်ပွင့်နှင့် စတင် သိကျွမ်းမိခြင်းဖြစ်ပါသည်။ ထိုစဉ်က ပုသိမ်တွင် နံနက်ရောက် ညနေပြန်ဖြစ်ရာ တရင်းတနှီးစကားပြောခွင့် မရလိုက်ပါ။ နောင်တွင်လည်း ထပ်မံ တွေ့ဆုံရလိမ့်ဦးမည်ဟု ကျွန်တော် မထင်မိခဲ့ပါ။ သို့သော် နောက်ပိုင်းမှာကား ဘ၀ချင်း လုံးထွေးသွားသည်အထိ ဖြစ်ခဲ့ရပါတော့သည်။

*

နောက်ထပ်တစ်ခါ ပုသိမ်သို့ ကျွန်တော် ရောက်သွားသည်မှာ ၁၉၈၅ ခုနှစ်က ဖြစ်ပါသည်။ ထိုစဉ်က သင်္ကြန်ရက်များသည်လည်း နီးကပ်နေခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော့် အမျိုးသမီးသည် ပုသိမ်ကောလိပ်၌ စာမေးပွဲဖြေရန် ရောက်နေခြင်းဖြစ်ရာ သူနှင့် ပတ်သက်သည့်အိမ်တွင် ခေတ္တ တည်းခိုရာမှ နေ့လယ်ခင်းတစ်ခုတွင် ကိုအောင်ပွင့်အိမ်သို့ ကျွန်တော် ရောက်သွားပါသည်။ ထိုစဉ်က ကိုပွင့်၏ အိမ်ပေါ်တွင် လူငယ်တော်တော်များများကို တွေ့ရပါသည်။

ကျွန်တော်က သူ့အိမ်ပေါ်သို့ တက်တက်ချင်းမှာပင် အပေါ့သွားခွင့်တောင်းပြီး အိမ်အနောက်ဘက်သို့ ဝင်ခဲ့ရာ ခြင်းကျားကြီးများနှင့် အပြည့်ထည့်ထားသော ခိုဖြူငှက်များကို တွေ့ရပါသည်။

"ကိုပွင့်၊ ခိုဖြူတွေ ဘာလုပ်ဖို့လဲ"

"သင်္ကြန်ကား ထွက်မလို့လေ၊ လွှတ်ချင်တာကတော့ ချိုးဖြူပဲ။ ဘယ်လိုမှ ရှာမရလို့ ခိုတွေနဲ့ လုပ်ထားရတာ"

ထိုနှစ်က ကိုအောင်ပွင့်တို့ သင်္ကြန်ကားသည် ပုသိမ်တစ်မြို့လုံးက ဆုတော်တော်များများကို သိမ်းပိုက်ယူနိုင်ခဲ့ကြောင်း ကျွန်တော် ကြားရပါသည်။ အထူးသဖြင့် ငြိမ်းချမ်းရေးပြကွက်များက လူထုအသည်းစိုင်ကို ဆွဲလှုပ်နိုင်ခဲ့ကြသည်ဟု ဆိုပါသည်။

ထိုစဉ်ကတည်းကပင် ကျွန်တော်က ကိုအောင်ပွင့်နှင့် ငြိမ်းချမ်းရေးကို တွဲ၍မြင်ခဲ့သည်။ ထို့ပြင် ထိုစဉ်က ကျွန်တော် တည်းခိုသောအိမ်သို့ ကိုအောင်ပွင့်ကို ခေါ်သွားခဲ့ပါသည်။

ကိုအောင်ပွင့်သည် ကျွန်တော် တည်းခိုသည့် ကြီးကျယ်ခမ်းနားသော အိမ်ကို တစ်ချက်ကြည့်ကာ စက်ဘီးပေါ်မှ မဆင်းဘဲ -

"ကျွန်တော် ဒီအိမ်မျိုးတွေထဲ မဝင်ချင်ဘူးဗျာ"

www.nyisay.com



ကိုအောင်ပွင့်၏ အရိုးခံမျက်နှာကို ကျွန်တော် အလေးအနက်စူးစိုက်၍ ကြည့်နေမိသည်။ မှန်ပါသည်၊ ကျွန်တော်ကလည်း မတတ်သာ၍ တည်းရခြင်း ဖြစ်ပါသည်။ ပိုက်ဆံရှာဖို့မှတစ်ပါး ဘာအနှစ်သာရမှ မရှိသော လူတွေထဲသို့ ကိုအောင်ပွင့်ကို ကျွန်တော် ခေါ်မသွားလိုပါ။

"ခဏစောင့် ကိုပွင့်၊ ကျွန်တော် ယူစရာရှိတာ ယူလိုက်ဦးမယ်။ အပြင် သွားကြရအောင်"

*

ကျွန်တော်တို့ စာပေအဝန်းအဝိုင်းကလေးက ကိုအောင်ပွင့်ကို ပုရွက် ဆိတ်နှင့် တွဲ၍တွဲ၍ မြင်တတ်ကြသည်။ ကိုအောင်ပွင့်ကလည်း ပုရွက်ဆိတ်ကို နောက်ခံထားကာ ကဗျာအတော်များများကို ရေးဖြစ်ခဲ့သူ ဖြစ်သည်။

စံပယ်ဖြူမဂ္ဂဇင်းမှာ သူ၏ ပုရွက်ဆိတ်ကဗျာများကို ကျွန်တော်တို့ ဖတ်ခဲ့ကြရသည်။ ပုရွက်ဆိတ်များရဲ့ သာရေးနာရေး ပဏာမအစီရင်ခံစာ၊ ပုရွက်ဆိတ်များပေါ်သို့ အရေးပေါ် ကန့်သတ်ဖြန့်ဝေခြင်း၊ ပုရွက်ဆိတ် ကြေညာ စာတမ်း၊ ပုရွက်ဆိတ် အဓိပ္ပာယ်ရှင်းလင်းချက် စသည် စသည်ဖြင့် အတန်အသင့် များပြားပါသည်။

ပုရွက်ဆိတ်ကဗျာများသည် အင်အားပါသော ကဗျာများ ဖြစ်သည်ဟု ကျွန်တော်ကတော့ ယုံကြည်နေမိသည်။

ဘယ်တွင်း ဘယ်လောက်ကျဉ်းကျဉ်း
ဆင်းတတ်တယ်။
ဘယ်လောက်နက်နက် ထွက်တတ်တယ်။
အောက်ဆီဂျင်ခေတ်
ဂျိုးကပ်ဂျင်းကပ်နဲ့လည်း
နေတတ်တယ်။
ပုရွက်ဆိတ်တွေဟာ
ရေမှာတောင်
တစ်ကောင်နဲ့တစ်ကောင်
ဖောင်ဖွဲ့ပူးကပ် ကူးတတ်တယ်။
ပုရွက်ဆိတ်တွေမှာ

www.nyisay.com



ဗိုက်ရွဲတာမရှိ၊
မေးစေ့နှစ်ထပ်နဲ့
အသားလတ်တဲ့သူ မရှိ၊
ပုရွက်ဆိတ်တွေဟာ
လေဘာထပ်စရာ
ပြဿနာမရှိ။

စသည် စသည်ဖြင့် ကိုအောင်ပွင့် ဖွဲ့ခဲ့ဖူးသည်။ စင်စစ် ပုရွက်ဆိတ်ကို တိုင်တည်၍ ရေးဖွဲ့ထားသည်မှာ မှန်သော်လည်း လူ့ဘဝကို ထင်ဟပ်ထားသော ကဗျာများဟု ကျွန်တော်က မြင်သည်။ ကိုအောင်ပွင့် ကိုယ်တိုင်ကလည်း သူ့ကိုယ်သူ ပုရွက်ဆိတ်အဖြစ် ပူးဝင်နေသူဖြစ်ပါသည်။ သူ၏ ကဗျာတစ်ပုဒ်မှာပင် -

'ပုရွက်ဆိတ်ကောင်ဟာ
မောင်အောင်ပွင့်ယောင်ဆောင်နေရဲ့'

ဟု ဖွဲ့ဆိုခဲ့ဖူးပါသည်။

မောင်အောင်ပွင့်သည် ပုရွက်ဆိတ်၊ ပုရွက်ဆိတ်သည် မောင်အောင်ပွင့် ဖြစ်ပါသည်။ ဝေန်မြစ်ကမ်းပါး ပုသိမ်မြို့မှ ထိုထိုသော ပုရွက်ဆိတ်တစ်ကောင်သည် တစ်ကြိမ်တစ်ခါမှာတော့ မြို့တော်ကို လွင့်၍ကျလာပါတော့သည်။ မှတ်မှတ်ရရ မုန်တိုင်းများ စဲသွားပြီးစ တစ်နေ့မှာ ဖြစ်ပါသည်။

*

ကျွန်တော်တို့ ကျောင်းသားအရွယ်က ကားလ်မာ့က်စ်၏ ဘဝဇာတ်ကြောင်းကို ဖတ်ဖူးခဲ့သည်။ ဂျာမနီတွင် နေထိုင်ရန် မဖြစ်နိုင်တော့သောအခါ ဖက်ဆစ် ဂျာမနီမှဝေးရာ အင်္ဂလန်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အင်္ဂလန်သည် လွတ်မြောက်ရာ၊ လန်ဒန်သည် ငြိမ်းချမ်းရာ။ လန်ဒန်မြို့ ဟိုက်ပတ်ပန်းခြံထဲမှာ စိမ်းလန်းသော အိပ်မက်များကို ဆက်မက်ရသည်။

ခုတော့ဖြင့် ပုရွက်ဆိတ်ယောင်ဆောင်နေရသည်ဆိုသော မောင်အောင်ပွင့် တစ်ယောက် ကျွန်တော့်ဆီကို ရောက်ရှိ၍ လာပါသည်။ ဝေန်ကို ကျောဘက်မှာထားရစ်၍ ရန်ကုန်ကို မျက်နှာချင်းဆိုင်ကာ သူရောက်ရှိလာသောကာလသည် ၁၉၈၉ ခုနှစ်ဦးကာလများပင် ဖြစ်ပါသည်။ တစ်ခါ တစ်ခါ ကျွန်တော်တို့၏

www.nyisay.com



အိပ်မက်ဖူးမဂ္ဂဇင်းကို သူ ရောက်လာသည်။ တစ်ခါ တစ်ခါ လေထန်ကုန်း လက်ဖက်ရည်ဆိုင်မှာ သူ့ကိုတွေ့သည်။ လောကဓံလက်ချက် ဗရပွပြင့် အလဲလဲ အကွဲကွဲ။

သူ ဘယ်လို ထမင်းစားသလဲ၊ သူ ဘယ်လို အိပ်စက်နားနေသလဲ၊ သူ ဘယ်လို အသက်ရှူသလဲ၊ ကျွန်တော် မစဉ်းစားတတ်အောင် ရှိခဲ့ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် လေထန်ကုန်းမှာထိုင်ရင်း လက်ဖက်ရည်သောက်လိုက်၊ ညနေတိုင်တော့ အနုပညာနယ်ပယ်ကလူတွေနှင့် တစ်နေရာရာကို ပါသွားလိုက်နှင့်။ ကြာတော့ ညနေတိုင် ရောက်လာပြီဆိုလျှင် ကိုအောင်ပွင့်ကိုယ်တိုင်က-

"နည်းနည်းပါးပါး ရီဝေကြရအောင်ဗျာ" ဟု တောင့်တလာတတ်သည်။ ဒါကို ကျွန်တော် မကြိုက်ချင်ပါ။ တစ်ခါတစ်ခါ ပုသိမ်မှ တက်လာသည့် သူ့ညီငယ်များကလည်း ရီဝေနေသည့် သူတို့နောင်တော်ကြီးကိုကြည့်ကာ မနှစ်သက်ဟန် ရှိတတ်ပါသည်။ တစ်ခါတော့ ကျွန်တော်က တိုက်တိုင်းမလိုက်ရန် တားရာ -

"ခက်တယ် ကိုသာချိုရာ၊ လူတွေက အရက်မသောက်ရင် ထမင်း မကျွေးချင်ကြဘူးဗျ၊ ကျွန်တော့်မှာဗျာ..." ဟုဆိုပြီး မျက်ရည်ဝိုင်းနေသော ကိုအောင်ပွင့်ကိုကြည့်ကာ ကျွန်တော့်မှာ ဖြေမဆည်နိုင်တော့။ ဘယ်လိုတွေ ဖြစ်ဖြစ် ကိုအောင်ပွင့်ကတော့ လေထန်ကုန်းကို တွယ်တာသည်။ လေထန်ကုန်း၏ဖေးမမှုကို ယုံကြည်သည်။ သူ့ကဗျာတစ်ပုဒ်တွင်ပင် -

လက်ဖက်ရည်ဆိုင်မှာ
မျက်နှာချင်းဆိုင် ထိလုလု
တို့တွေ ထိုင်ကြတယ်။
တစ်ခါတလေ ဝိုင်းကျပ်
လူချင်းထိကပ်
သူ့ပခုံးသားထဲ ကိုယ့်ပခုံးဝင်
ကိုယ့်ပခုံးသားထဲ သူ့ပခုံးဝင်နဲ့။
ငါ့ဘဝ
တစ်ခြမ်းမက
ထမ်းကြတာ ဒီလူတွေပါလေ။
စသည်ဖြင့် ရေးဖွဲ့ခဲ့ဖူးသည်။

www.nyisay.com



ထိုကဲ့သို့ လေထန်ကုန်းမှာ ကိုအောင်ပွင့် နားခိုနေခြင်းကိုပင် အမြင်များကလည်း အမျိုးမျိုး ရှိလာတတ်ကြပါသည်။ ကဗျာဆရာတစ်ယောက်က -

"ကိုအောင်ပွင့် လေထန်ကုန်းကို တွယ်တာတာ ဘာဆန်းသလဲ။ လက်ဖက်ရည်သောက်ရတယ်၊ ထမင်းစားရတယ်၊ အရက်ရတယ်။ ခင်ဗျားက ညာညာပြီး မတွေးစမ်းပါနဲ့ ကိုသာချိုရ" ဟု ဆိုလာတိုင်း -

"မဟုတ်သေးပါဘူးဗျာ၊ မဟုတ်သေးဘူး" လုပ်ရသည်က ကျွန်တော်။ ကျွန်တော်ကတော့ သည်လို မမြင်ရက်၊ မမြင်ချင်ပါ။ သူများမြင်သည်ကိုလည်း ကျွန်တော် မကြိုက်နိုင်ပါ။ ကိုအောင်ပွင့်ကဗျာတစ်ပုဒ်ထဲကလိုပင် သူ့ဘဝကြီးကလည်း လွမ်းမိလွမ်းမော ဆန်လွန်းလှလေသည်လေ။

*

ကိုအောင်ပွင့်က ၁၉၄၅ ခုနှစ်မှာ မွေးသူ ဖြစ်သည်။ သည်တော့ သူ့ငယ်ဘဝ နေ့ရက်များသည် ပြည်တွင်းမငြိမ်မသက်ကာလကို ကောင်းကောင်း ဖြတ်ကျော်ခဲ့ရသည်မှာ ထင်ရှားသည်။ ဒါကြောင့်လည်း သူ့ငယ်ဘဝအကြောင်း ပြန်ပြောသည့် ညများစွာသည် စစ်ရိပ်စစ်ငွေ့များ၊ ကြေကွဲဖွယ် ဇာတ်ကွက်များ၊ အနိဋ္ဌာရုံများဖြင့် ပြည့်နှက်လျက် ရှိတတ်မြဲ ဖြစ်သည်။

"ကိုသာချိုရယ်၊ ကျွန်တော်က အမေငတ်ခဲ့တဲ့ကောင်ပါဗျာ။ အမေဆိုတာ ဘယ်လိုဟာလဲလို့ တစ်ခါလောက်တွေ့ရရင် ကျွန်တော်ကျေနပ်ပါပြီ။ ဒီတုန်းက ကျွန်တော်မှတ်မိတာက အမေဆိုတဲ့မိန်းမကြီးကို လူတစ်စုက ဖမ်းခေါ်သွားတာပဲ။ ဆက်သားလုပ်ပေးလို့ဆိုလားဗျာ။

လွတ်လပ်ရေးရပြီးခါစဆိုတော့ ကျွန်တော့်အသက်က လေးနှစ်လောက်ရှိသေးတာဗျာ။ ဘယ်သူတွေက ဘယ်ခေါ်သွားမှန်းလည်း မသိ။ အမေနဲ့ ပတ်သက်ရင် ဒါလေးပဲ ကျွန်တော့်မှာ မှတ်မိတော့တယ်။ အောင်ပွင့်ဆိုတာ အမေပေးတဲ့နာမည်လေ…။ ဒါကြောင့် ကျွန်တော်စာရေးတဲ့ နာမည်ဟာလည်း မောင်အောင်ပွင့်ပဲ ဖြစ်ရမှာပေါ့"

ကိုအောင်ပွင့်၏ မျက်နှာက အလွမ်းဖြင့် ရီဝေ၍ နေသည်။ လိုင်းတွန့်ဆံပင် သပ်သပ်ရပ်ရပ်၊ မျက်နှာ ရှည်သွယ်သွယ်၊ ရိတ်သင်ပြီးခါစ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး စိမ်းညို့ညို့ဖြင့် သူ့မျက်နှာကို ကျွန်တော် ငေးရီ၍နေမိသည်။ နောက်ကျို ရီဝေသော ဒီရေအတက်အကျ၊ မှောင်ပိန်းနေသည့် ဓနိတောများ၊

www.nyisay.com



မြစ်ဝကျွန်းပေါ်က စိမ်းလန်းသော ရွာကလေးတွေ၊ လွတ်လပ်ရေးရပြီးခါစ မငြိမ်သက်မှုများ။ အားလုံးသည် ကျွန်တော့်ရင်ကို လာရောက်ကာ ကပ်ငြိလာကြသည်။

''တစ်ယောက်က ဒုံးကို လုပ်တယ်။ နောက်တစ်ယောက်က အဲဒီဒုံးကို ခွင်းတဲ့ဒုံးကိုလုပ်တယ်၊ နောက်တစ်ယောက်က အဲဒီ ဒုံးခွင်းကို ခွင်းဖို့ လုပ်တယ်။ ကြိုက်သလောက်လုပ်စမ်း၊ ဘယ်တော့မှ မပြီးဘူးဗျာ။ ငြိမ်းချမ်းရေးပဲ။ အားလုံးဟာ စားပွဲပေါ်ရောက်လာမှ ပြီးကြတာပဲဗျာ။ အာဖရိက ကြည့်။ အာရပ်၊ အစ္စရေး ကြည့်။ ကြိုက်သလောက်သတ်လေ၊ စားပွဲဝိုင်းတွေကပဲ ရန်ကို ငြိမ်းစေတာပါဗျ''

သည်တုန်းကဖြင့် ကဗျာဆရာသည် သူ့အရက်ခွက်ကို ကိုင်ကာ ခေါင်းငိုက်စိုက်ချလျက်။

ကိုခင်လွှန်းက ဆေးလိပ်ကို မီးခိုးလုံးကြီး ထအောင်ဖွာလျက်။

ကိုသင်းခိုင်က ကိုက်လန်တစ်ဖတ်ကို တူဖြင့် ညှပ်နေလျက်…။

''တစ်မိုးသစ်ပြန်ပြီ ကိုသာချိုရေ၊ ပုသိမ်က ကျွန်တော့်အိမ်ကလေး မမိုးရသေးဘူးတဲ့။ ဒီမှာလေ ဆရာမ ရေးလိုက်တဲ့စာ။ ခုတော့ သားအမိတစ်တွေ မုန့်ဟင်းခါး ရောင်းစားနေကြသတဲ့။ ကျောင်းဆရာမ လုပ်ရတာက တစ်ဖက်။ ဘယ်လောက် ကသီလင်တ ဖြစ်နေကြမလဲ။ ကျွန်တော်ဗျာ၊ ရန်ကုန်ကို တကယ် မနေချင်တာပါ။ ခုတော့ ဟိုလူ့ဆီလက်ဖြန့်တောင်း၊ သည်လူ့ဆီ လက်ဖြန့်တောင်းနဲ့၊ သူတောင်းစားအကြီးစားကို ဖြစ်လို့ဗျာ။



ကျွန်တော့်ကိုယ်ကိုယ် ကျွန်တော်လည်း ပြန်ကြည့်မိတယ်။ ဆယ်နှစ်တစ်ကြိမ် အမြဲတမ်း ကံခေတယ်။ ၁၉၆၇ ခုနှစ်တုန်းက တစ်ခါ။ အဲဒီတုန်းက ၂၂နှစ်သား။ ၁၉၇၈ ခုနှစ်မှာ တစ်ခါ။ ၃၃ နှစ်။ ခုတစ်ခါ

www.nyisay.com



၁၉၈၉ ခုနှစ်၊ ၄၄နှစ်။ ဘယ်လောက် တိုက်ဆိုင်လိုက်သလဲ။ ခင်ဗျားတို့ ကိုသင်းခိုင်နဲ့ ကျွန်တော် ၁၉၇၈ ခုနှစ်မှာ ဆုံကြတာပေါ့။ ဆိတ်ဖလူးနဲ့တွေ ကြားမှာလေ''

ဒါကတော့ မိုးနဲ့တို့ သင်းပျံ့လာသော ရက်တစ်ရက်မှာ ပြောလာခြင်း ဖြစ်သည်။

''ဒီမှာ စာလာပြန်ပြီဗျ၊ ဆရာမဆီက။ ကြည့်ပါဦး၊ ခေါ်ပုံက… ခေါ်ပုံက… ပုရွက်ဆိတ်ကြီးရေတဲ့''

မျက်ရည်ကြည်များဖြင့် ပြည့်လုပြည့်ခင်ဖြစ်နေသော ကိုအောင်ပွင့်၏ မျက်ဝန်းကို ကျွန်တော်မကြည့်ရဲ၊ မမြင်ရဲ ဖြစ်နေမိသည်။ ၁၉၈၉ ခုနှစ်မှာ ရန်ကုန် ရောက်လာသော ကိုအောင်ပွင့်တစ်ယောက် ပထမတော့ လွင့်ချင်ရာ လွင့်နေခဲ့ပြီး၊ နောက်တော့ ကျွန်တော့်အိမ်နှင့် အိပ်မက်ဖူးမဂ္ဂဇင်းတို့တွင် နေထိုင်ရာက မကြာမကြာ ဆိုသလို ပုသိမ်ရှိ သူ့ဇနီး ဆရာမ နန်းညွန့်ရွှေထံမှ စာများလာတတ်သည်။ လာတိုင်းလည်း ကိုပုရွက်ဆိတ်ကြီးအစချီသော စာများမှ ပြသင့် ပြထိုက်သည့်စာများကို ကျွန်တော့်ကို ပြပါသည်။

ကျွန်တော့်ရင်ထဲမှာဖြင့် မောကျပ်နေလျက်။ မဲဇာတောင်ခြေလား၊ သံလွင်ချောင်းခြားလား၊ ဆိုက်ဘေးရီးယားလား။ သူ့အဖြစ်က သည်လိုတော့လည်း မဟုတ်ပြန်ပါ။

ကျွန်တော်တို့ကတော့ မြို့ပြမှာ သစ်ရွက်တစ်ရွက်လို လွင့်ချင်ရာ လွင့်နေသည့် ကိုအောင်ပွင့်ကို စာနာမိသည်။

သူ၏ 'လွမ်းမိလွမ်းမော' ကဗျာတွင် သူ၏ မြို့ပြဘဝများကို တွေ့ရသည်။

ဟောဒီလူဟာ
ကလေးဘဝ အစကတည်းက
အမေလို့ ခေါ်မယ်ကြံခါရှိသေး
အဝေးပျောက်ဆုံးသွား
ရည်းစားဦးနဲ့ကွဲဖူး
အောင်မြင်မှုတွေနဲ့
အခါခါလွဲဖူး
ဆယ်နှစ်တစ်ကြိမ်

www.nyisay.com



အိမ်သတိရ ခရီးရှည်
ပုံမှန်ထွက်ခဲ့ရ။

ကြာတော့လည်း
ဒီလူ့အသည်း
တဲတဲလေးမှ တဲတဲလေးရယ်
မျက်လုံးအိမ်ဟာ
အလွမ်းဖွဲ့စိမ်
အချိန်တိုင်း ရှိဝေလို့။

လေထန်ကုန်း ညနေတွေ
မောင်ဒီ ရယ်လေ
ယိုင်နဲ့လေးကန်စွာ ထွက်ခွာသွား
သူ့ကျောပြင်
ကျွန်တော် မမြင်ရဲဘူးဗျာ
ကျွန်တော့်ပုံရိပ်
တိတ်တိတ်ကလေး ကပ်ပါသွားလို့ပါ။

သူတော့ မသိ၊ သူ့ကဗျာကို ဟိုတစ်စ သည်တစ်စ မှတ်မိနေသည့် ကျွန်တော်လည်း တကယ့်ကို လွမ်းမိလွမ်းမောရပါလေသည်။

*

တစ်ခါကတော့ ကျွန်တော်၊ ကိုခင်လွန်း၊ မင်းသိုက်မွန်၊ ကိုအောင်ပွင့် စသည်ဖြင့် လူတော်တော်များများသည် အိပ်မက်ဖူးမှအပြန် ၄၂ လမ်းတွင် ဝင်ကာ နည်းနည်းပါးပါး ရှိဝေခဲ့ကြသဖြင့် ခပ်ထွေထွေဖြင့် ပြန်လာခဲ့ကြသည်။ ဘားလမ်း(ပန်းခြံလမ်း) အရောက်တွင် ကျွန်တော်နှင့် လူငယ်သုံးယောက် ဝင်တိုက်မိရာမှ ရန်ဖြစ်ရာ တစ်ဖက်မှ မျက်နှာကို စွတ်ရိုက်လိုက်သဖြင့် ကျွန်တော် မှောက်လဲနေသည်။

နှာခေါင်းမှသွေးများ လျှံလာသောအခါ ကျွန်တော် ဘာကိုမှ မမြင်တော့ဘဲ ထီးကိုကိုင်၍ သူတို့ထံ အပြေးဝင်သွားသည်။ ကိုခင်လွန်းက

www.nyisay.com



ကျွန်တော့်ကို ကုပ်မှ ကိုင်ဆွဲထားရင်း အသင့်ပြင်ထားသည်။ သို့သော် ကိုအောင်ပွင့်က သည်လို မဟုတ်၊ နှစ်ဖက်ကြားတွင် ရပ်နေရင်းက -

"ဟော့… တို့ညီအစ်ကိုတွေကွာ၊ ဟော့ တို့ညီအစ်ကိုတွေကွာ" နှင့် တစ်ကွာတည်း ကွာနေတော့သည်။ ငြိမ်းချမ်းရေးလား၊ ဘာလား။ ဒါကိုတော့ ကျွန်တော် မသိတတ်နိုင်ခဲ့ပါ။

*

မိတ္ထီလာကောလိပ်သို့ ကျွန်တော် ပြောင်းသွားပြီး နောက်ပိုင်းတွင် ရန်ကုန်ကို မကြာမကြာရောက်ပါသည်။ သွားတိုင်းလည်း ကိုအောင်ပွင့်နှင့် တွေ့ပါသည်။ သူကတော့ ဗွီဒီယိုလုပ်ငန်းတစ်ခုမှာ စီစဉ်သူအနေဖြင့် ထမင်း ရှာစားနေသည်။

သူ 'ဉာဏ်မော်' အမည်ဖြင့် စီစဉ်သော တန်ခိုးကြီးဘုရားများ၊ ရောဝတီ မှတ်တမ်း၊ who's who စသည် စသည်များကို ကျွန်တော်ကြည့်ဖူးသည်။ သတင်းနှင့် ယဉ်ကျေးမှုနောက်ခံကာ ရိုက်ကူးသည့် ဗီဒီယိုကားများဖြစ်၍ ကိုအောင်ပွင့် ခရီး အများကြီးသွားခဲ့ရသည်။ မြောက်ဖျား၊ တောင်ဖျား၊ မန္တလေး၊ ပုဂံ၊ ကလော၊ ကလေး။ ခြေရာချင်း ထပ်ခဲ့သည်။ အဲဒီ နောက်ခံတွေနဲ့လည်း ကဗျာများ ရေးဖွဲ့ခဲ့ပါသေးသည်။

တစ်ခါ ကျွန်တော်က ရန်ကုန်အရောက် သူနှင့်အတူ မြစ်ဆိပ်ကို ပါသွားသည်။ ထိုစဉ်က မြစ်ညာတွင် နေဝင်လုလု။ ပုသိမ်သင်္ဘောကလည်း ထွက်လု ထွက်ဆဲ။ လေက တဖျပ်ဖျပ် ထိုးတိုက်နေသည်။ ကိုအောင်ပွင့်ကတော့ သူ၏သား မောင်ကြီးငြိမ်းချမ်းနှင့် သမီး လုံမငြိမ်းချမ်းတို့ကို ပခုံးကိုယ်စီ ကိုင်ကာ တတွတ်တွတ်။

"ကလေးတွေကလည်း ဖအေကို သတိရလို့တဲ့၊ တက်တက်လာကြ တယ်။ ဆရာမကလည်း ရန်ကုန်မှာ နေကြဖို့ကို သတ္တိ မရှိနဲ့၊ ခက်တယ်ဗျာ။ ကျွန်တော်လည်း အိမ်ပြန်ချင်လှပြီ"

"ပတ်ဝန်းကျင်ကတော့ ကောင်းတယ် မဟုတ်လား"

"ကောင်းလည်း ကိုသာချိုရယ်၊ လုံမက အရွယ်ရောက်နေပြီလေ။ အဖေ မရှိတဲ့အိမ်ဗျာ၊ မူးလာတဲ့လူကလည်း ခြံစည်းရိုးကပ်ပြီး သေးလှန် ပေါက်ရဲတယ်ဗျ"

www.nyisay.com



ကိုအောင်ပွင့်က သက်ပြင်းရှည်ကြီးကို ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်သည်။ နောက်ဆုံး အက္ခရာ၊ နောက်ဆုံးနံပါတ်နှင့် ကားသံများ၊ ဘီယာဆိုင်ထဲမှ ဝေါခနဲ လျှံထွက်လာသည့်အသံများ။

ထိုထိုသော အသံများ၏အောက်တွင် သူ၏ သက်ပြင်းသံက တိုးလျပါးလျား၍သွားသည်။ ဩော်… ကျွန်တော်တို့တစ်တွေ သူများရယ်ဖို့ ကိုယ်ငိုခဲ့ကြလေသလား။

*

"ဟေ့လူ၊ စိန်လိုက်လေဗျာ၊ စိန်လိုက်၊ ခင်ဗျား ဘာလဲ၊ ကျုပ်ဘာလဲ။ ဒီမှာ မြန်မာပြည်မှာ ကဗျာဆရာဆယ်ယောက်ရှိ အဲဒီဆယ်ယောက်ထဲ ကျုပ်ပါတယ်။ ကျုပ်တို့က သေချာတယ်။ ခင်ဗျားက ဘာလဲ၊ ခင်ဗျား… ဗျာ"

ပေါက်ကွဲချင်တိုင်း ပေါက်ကွဲနေသည့် ကိုအောင်ပွင့်ကို ကြည့်ကာ ကျွန်တော့်မှာ အံ့သြ၍နေသည်။ ကိုအောင်ပွင့် သည်လို ပေါက်ကွဲနေပုံမျိုးကို ကျွန်တော့်ဘဝမှာ တစ်ခါမျှ မတွေ့ခဲ့ဖူးဘူး။

ထိုနေ့သည် ကျွန်တော် ရန်ကုန်ကို နောက်ဆုံးအကြိမ် ရောက်သွားသည့် အခေါက်မှ နေ့တစ်နေ့ ဖြစ်သည်။ ညနေစောင်းတော့ ၄၂လမ်းမှာ ဆုံဖြစ်သည်။ ကျွန်တော်၊ ကိုအောင်ပွင့်နှင့် ကိုအောင်ဘညို။

ကျွန်တော်တို့ထိုင်ပြီး မကြာခင်မှာပင် ကိုနော်နှင့် ကိုလင်းဝေမြိုင်တို့ ရောက်ချလာသည်။ ကိုနော်က Art for no sake (အနုပညာသည် ဘယ်သူ့အတွက်မှ မဟုတ်) ဟူသော သဘောကို ဆောင်းပါးရေးခဲ့သည့် ဒဿနိကဗေဒဆရာလည်း ဖြစ်သည်။

သည်တော့ ကိုအောင်ပွင့်က 'No ဆိုတဲ့ကိစ္စကတော့ မဟုတ်သေးပါဘူးဗျာ' ဖြင့် စကားစသည်။ ကိုနော်ကလည်း လူထုအတွက် အနုပညာဆိုတာ မရှိ၊ ရှိအောင် ဖန်တီးလျှင်လည်း အနုပညာမဟုတ် စသည်ဖြင့် ပြန်ပြောရာမှ တင်းမာသွားကြခြင်း ဖြစ်သည်။ ကိုနော့်ကို ကိုလင်းဝေမြိုင်က ချော့၍ ကိုအောင်ပွင့်ကို ကျွန်တော်က ချော့ရသည်။

"နားလည်မှု နည်းနည်းလေးလွဲနေတယ် ကိုပွင့်ရာ၊ နည်းနည်းလေး လွဲနေတယ်။ သူ ဆိုလိုတာက ဝါဒဖြန့်တာ အနုပညာမဟုတ်၊ ဒါကို ဆိုလိုတာ။ အတူတူပါပဲ ကိုပွင့်ရဲ့။ ကျွန်တော်တို့ဟာ ရန်သူတွေ မဟုတ်ပါဘူး"

www.nyisay.com



''အေးလေ၊ ပြေလည်အောင်ပြောလေဗျာ။ ဘာလဲဗျ၊ ပါမောက္ခ လေသံနဲ့''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ တော်ပါတော့''

ရန်ကုန်ညသည် မှုးယစ်ဝေ၍ သွားလေသည်။

*

ခုတော့ မိုးတစ်ပြိုက်နှစ်ပြိုက် ရွာပြန်ပါပြီ။ ဗီဒီယိုအတွက် လှိုင်ကော် ဘက်ကို တက်ဦးမည်ဆိုသော ကိုအောင်ပွင့်လည်း တက်သွားလောက်ပါပြီ။ ကျွန်တော်လည်း မိတ္ထီလာကို ပြန်ရောက်ပါပြီ။ ဘာလိုလိုနှင့် ချစ်သော ကိုအောင်ပွင့်တစ်ယောက် သူ့အိမ်နှင့်ဝေးရာ၊ သူ့အိပ်ရာနှင့်ဝေးရာ၊ သူ့ထမင်းဝိုင်း ကလေးနှင့် ဝေးရာ မြို့ပြလမ်းတွေထဲမှာ အတန်အသင့် ကြာခဲ့ပါပြီ။ ဆယ်နှစ် ဆယ်မိုးတော့ မဟုတ်၊ ခုနစ်နှစ် ခုနစ်မိုး။ မှန်ပါသည်၊ ပုရွက်ဆိတ်ယောင် ဆောင်ထားတဲ့ လူတစ်ယောက် ဟိုက်ပတ်ပန်းခြံထဲကို ရောက်နေတာ ခုနစ်နှစ် ခုနစ်မိုး ရှိခဲ့ပါပြီ။

*ကြူးပစ်မဂ္ဂဇင်း*

ဒီဇင်ဘာလ၊ ၁၉၉၆။

❑

www.nyisay.com



## မင်းသိုက်မွန်
## (အရက်ဖြူပုလင်း၊ ချစ်ခြင်းမေတ္တာ၊ ရွှံ့နွံပွက်အိုင်နှင့် အိုမာခိုင်ယမ်ညများ)

"မင်းသိုက်မွန် ဓားထိုးခံရတယ် ကိုသာချို"

ရုတ်တရက် ကြားလိုက်ရသောသတင်းကြောင့် ကျွန်တော့် နားထင်နားရင်းတွေ ပူတက်သွားသည်။ နဖူးကြောမျှားပင် ထောင်တက်လာလိမ့်မည်ဟု ကျွန်တော် ထင်သည်။

ဘယ်မှာလဲ၊ ဘာဖြစ်လို့လဲ၊ ဘယ်သူက ထိုးတာလဲ၊ ဘယ်လိုအခြေအနေလဲ၊ ဘကုန်းဖြင့် စသောမေးခွန်းတွေ ကုန်သလောက်နီးနီး ကျွန်တော် တန်းစီမေးပစ်လိုက်သည်။

သူ့ဆီက အဖြေ တသီတတန်းကြီး ကြားပြီးသည်နှင့် ကျွန်တော် မြောက်ဥက္ကလာဆေးရုံကို ဆက်လိုက်သွားဖြစ်သည်။

မင်းသိုက်မွန်ကား ခုတင်ပေါ်မှာ ပက်လက်၊ သွေးသွင်းထားရသည်။ ဗိုက်ကိုခွဲပြီး operation လုပ်ထားရသည်။

ရင်ညွန့်မှသည် ဆီးစပ်သို့တိုင်အထိ ဓားဖြင့် ထိုးခွဲ ခံလိုက်ရခြင်းဖြစ်သည်။ ကိုယ့်အူကို ကိုယ်ပိုက်ပြီး ဆိုက်ကားဖြင့် ဆေးရုံရောက်လာရသော မင်းသိုက်မွန်။ သတိမရတစ်ချက် ရတစ်ချက်။ နှုတ်ခမ်းဖျားပေါ်မှာ ကယောင်ကတမ်း စကားများ။

"ကျွန်တော် သေလို့ မဖြစ်ဘူး၊ ကျွန်တော့်ကို ကယ်ကြပါ။ ကျွန်တော် စာတွေ အများကြီး ရေးသွားဖို့ ရှိလို့ပါ၊ ကယ်ကြပါ"

ပြီးတော့… ပြန်လည် မေ့မြောသွားပြန်သည်။

ကျွန်တော့်မှာမူ မင်းသိုက်မွန်ကို ကြည့်ကာ ကရုဏာတစ်ဝက် သက်ပြင်းတစ်ပိုင်း။ ခေါင်းတဆတ်ဆတ်လည်း ညိတ်မိသည်။ မင်းသိုက်မွန် အပေါင်းအရက် ညီမျှခြင်း နှလုံးစိတ်ဝမ်း မချမ်းမြေ့ဖွယ်တကားဟု ကျွန်တော် ကောက်

www.nyisay.com



ချက်ဆွဲချမိသည်။ ဘာမှျ မဖြစ်လောက်သော ကိစ္စကလေးနှင့် သေကောင်ပေါင်းလဲ ဖြစ်ခဲ့ရပြီ။

ထိုစဉ်က မင်းသိုက်မွန်နှင့် သူ၏အဖော်တို့ အရက်ဖြူဆိုင်တစ်ဆိုင်မှာ အရက်သောက်နေကြသည်ဟု ဆိုသည်။

ထုံးစံအတိုင်း ကိုယ်ကျင့်တရားဗေဒ၊ သစ္စာရှိမှုပေတံ၊ လူယဉ်ခေတ်၊ ဥပေက္ခာတံတား၊ ယဉ်ကျေးမှုထုံးစံ စသော စကားများဖြင့် မင်းသိုက်မွန် ကျွက်ကျွက်ညံနေခဲ့သည်ဟုလည်း ဆိုသည်။

မင်းသိုက်မွန် ထိုင်သောက်နေသောဝိုင်းနှင့် ဝိုင်းချင်းကပ်လျက်မှ သွေးအေးအေးလူတစ်ယောက်က ယင်းစကားတို့ကို နားကြားပြင်းကတ်ကာ ဆိုင်မှအထွက်တွင် လိုက်လာပြီး ဓားနှင့် ထိုးသွားခြင်း ဖြစ်သည်။

"သူငယ်ချင်း ခုန သုံးနှုန်းနေတဲ့ ဝေါဟာရတွေကို ကိုယ်မကြိုက်ဘူး" ဟုပင် ပြောသွားသေး ဆိုလား။ ပခုံးကို အသာဖက်၍ ဗိုက်ကို ထိုးခွဲသွားခဲ့ခြင်း ဖြစ်သည်။ ဝေါဟာရ မသုံးတတ်သော မြန်မာစာဆရာတစ်ယောက်၏ အဖြစ်ဆိုးပေတကား။

လွန်ခဲ့သော လေးငါးနှစ်ခန့်က။

*

ကျွန်တော် စာ စ ရေးဖြစ်သောနှစ်မှာ ၁၉၇၄ ခုနှစ်တစ်ဝိုက် ဖြစ်သည်။ ကျွန်တော်တို့လူစု ကိုညိုသစ်၊ ကိုသန်းအုန်းတို့လုပ်သော မိုးဝေ စာပေမဂ္ဂဇင်းတွင် ဝတ္ထုတိုတွေ ဝင်ရေးကြတော့ မင်းသိုက်မွန်က ဝတ္ထုရော ကဗျာပါ ပို၍စောစွာ ရေးပြီးနေသူ ဖြစ်သည်။ ပြီးတော့ မောင်ရိုးပြတ်ဆိုသော ကလောင်ခွဲနှင့်လည်း ဝေဖန်ရေးတွေ ရေးနေလိုက်သေးသည်။

တစ်ခါမှာတော့ ရောင်ခြည်၏ကခုန်မှု ဆိုပြီး ကဗျာစာအုပ်တစ်အုပ် ကျွန်တော့်ကို လက်ဆောင်လာပေးသည်။

မောင်သာချို့သို့ ချစ်ခြင်း ဟူသော စာတန်းထိုး၍။ ပြီးတော့ စကားတွေ အများကြီး။

"ကဗျာစာအုပ်က စွန့်စားပြီး ထုတ်တာ ကိုသာချိုရေ၊ ကျွန်တော့် အမျိုးသမီး ဆွဲကြိုး ခဏယူရောင်းပြီး ထုတ်တာ၊ အခုပြန်မဆပ်နိုင်ဘူးဗျာ။ စိတ်လည်း ဆိုးပြီပေါ့၊ သမီးရည်းစားတောင် ကွဲမလို ဖြစ်နေတယ်ဗျာ..."

www.nyisay.com



သည့်တုန်းက မင်းသိုက်မွန်ပြောသည့်အတိုင်းပင် သူ့ချစ်သူနှင့် သူ ကွဲသွားပါသည်။ သူတို့စုံတွဲ မဟာဝိဇ္ဇာတွဲ ရပြီးသည်နှင့် အမျိုးသမီးက အထက် အညာသို့ပြန်သွားကာ အထက်တန်းပြဆရာမ သွားလုပ်နေသည်။ လက်ထပ်ရန် အတွက် မင်းသိုက်မွန် သွားရောက်ညှိနှိုင်းသည်၊ မရ။

ပြန်လာတော့ ဒဏ်ရာအနာတရတွေနှင့် နှလုံးသားမှာရော၊ အရေပြား ပေါ်မှာပါ။

"မသေကောင်း မပျောက်ကောင်းပါပဲ ကိုသာချိုရာ၊ ရထားမှောက် တာဗျ၊ ကျွန်တော်က မကောင်းဘူးဗျ၊ ဥပစ္ဆေဒကကံ ပါတယ်"

ကျွန်တော်ကား ပတ်တီးတွေဗရပွနှင့် မင်းသိုက်မွန်ကို ငေးကာ မောကာ။

*

သည့်နောက်ပိုင်းမှာတော့ အမြဲတမ်း ယစ်ထွေ၍နေသော မင်းသိုက်မွန် နှင့် ကျွန်တော်တို့ ပိုမို ရင်းနှီးလာသည်။ အလုပ်ဝင်ကြတော့ ကျွန်တော်က ရန်ကုန်တက္ကသိုလ်မှာရောက်ပြီး သူက ဒေသကောလိပ်(၂)သို့ ရောက်သွား သည်။

မင်းသိုက်မွန်၏ဘဝမှာ သုံးခုပေါင်းလျှင် ပြည့်စုံသည်ဟု ကျွန်တော် ထင်သည်။ ကဗျာ၊ အရက်၊ ချစ်ခြင်းမေတ္တာ။ ပေါင်မုန့်ရယ်၊ ဝိုင်အရက်ရယ်၊ ချစ်သူရယ် ရှိရင် လုံလောက်ပြီဟု ဆိုဖွဲ့ဖူးသော ပါရှန်းကဗျာဆရာကြီး အိုမာ ခိုင်ယမ်ကို သတိရစရာ ဖြစ်သည်။

"ကျွန်တော် တစ်ခါတစ်ခါ ခြေတစ်ဖက်မသန်တဲ့ ကောင်မလေးတစ် ယောက်ကို ယူထားရရင် ကောင်းမလားလို့ စဉ်းစားမိတယ်ဗျာ၊ ဒါမှ ကိုယ့်ကို အမြဲတမ်း အားကိုးပြီး တွယ်တာနေမှာဗျ"

မောပန်းလျ စကားများ။

"လောကကြီး မကောင်းပုံများတော့ဗျာ... မပြောချင်ပါဘူး၊ ရည်းစားလေးတစ်ယောက် ထားမိပါတယ်၊ ကွဲပါလေရော..."

တစ်ခါက စင်မြင့်ပေါ်က အသံများ။

ကျန်ခဲ့သော နှစ်နှစ်လောက်ကတော့ မင်းသိုက်မွန် အိမ်ထောင်ပြုသည်။ ဒါပေမဲ့ မကြာခင်မှာပဲ ကွဲသည်။

www.nyisay.com





"ဒီလိုဗျ ကိုသာချို၊ ကျွန်တော့် အမျိုးသမီးက အရက်ရှောင်ဖို့ ပြောတယ်။

အနုပညာရယ်၊ အရက်ကလေး တစ်ခါတလေရယ်တော့ ဘဝမှာ လိုအပ်တာပေါ့၊ ပြီးတော့ ချစ်သူရယ်ပေါ့၊ ကဗျာတစ်ပုဒ် ကိုင်လာတဲ့ လူဟာ ယောကျ်ား မဟုတ်ဘူးဗျ။ ဟား… ဟား… ဗီဒီယိုစက်တစ်လုံး ကိုင်ထားတဲ့သူကမှ ယောကျ်ား ဟား… ဟား"

သည့်နောက်ပိုင်းမှာတော့ မင်းသိုက်မွန် အမြဲတမ်းယစ်ထွေ နေတာပဲ ကျွန်တော်တွေ့သည်။ စာပေဆုပေးပွဲတုန်းကလည်း မူး၍ ထွေ၍၊ ၃၃ လမ်းထိပ်မှာလည်း ယစ်၍ ထွေ၍။

တောင်စဉ်ရေမရ စကားတွေ မွစာကြဲအောင် လိုက်ပြောနေသည်။ ဘဝမှာ ဟန်ချက်မညီသော လူတစ်ယောက်နှယ် ကျွန်တော် ခံစားရသည်။

ချစ်ခြင်းမေတ္တာ၊ အရက်၊ ကဗျာ တစ်ခုခု လျော့နည်းနေ၍မဖြစ်။ သုံးခုပေါင်းမှ မင်းသိုက်မွန် ဖြစ်သည်။

ခုတော့ အိမ်ထောင်ရေးအဆင်မပြေတိုင်း အရက်သောက်။

ရေးတဲ့ဝတ္ထုတွေကလည်း အသည်းကွဲဇာတ်လမ်း။

ပြောတဲ့ စကားလုံးကလည်း မျက်ရည်ကန်ထဲက ဆယ်ယူပြီးခါစ စကားလုံးများ။

"ကျွန်တော်တို့ အိမ်ထောင်ရေး ပြိုကွဲတာ တစ်ချက်ပဲ ရှိတယ်ဗျ။ ကျွန်တော်တို့ ခြံထောင့်က ထိန်ပင်နဲ့ ညောင်ပင်ကို ကျွန်တော် ခုတ်ပစ်မိတယ်။ နည်းနည်းခိုက်သွားတယ် ထင်တယ်ဗျာ"

မျက်လုံးတွေ မှေးစင်းကာ၊ ကွမ်းတံတွေးတို့ဖြင့် ပေကျံနီရဲနေသော သွားများဖြင့် မပွင့်တပွင့်ပြုံးကာ၊ ဖြစ်ကတတ်ဆန်း ဝတ်ထားသော အင်္ကျီလုံချည်များဖြင့် ဖရိုဖရဲဖြစ်ကာ…

www.nyisay.com



ကျွန်တော်ကတော့ မင်းသိုက်မွန်ကိုကြည့်ပြီး အောင်လင်း၊ မြင့်ကျော်၊ မြင့်နီတို့ ဝတ္ထုတွေထဲက အသည်းကွဲဇာတ်လိုက်တွေကိုသာ ပြေးပြေးမြင်နေမိပါတော့သည်။

*အိပ်မက်ဖူးမင်္ဂဇင်း*

အမှတ် ၄၊ ၁၉၈၉။

❑



## ဇောင်းထက်
## (နေကြာတစ်ပွင့် အရိုင်း)

ဆောင်းကတော့ လက်နက်ချသွားခဲ့ပါပြီ။

အညာနွေ ဆိုတာကတော့ တိုက်ချင်သလို တိုက်နေတဲ့ လေပူရိုင်းတွေရဲ့ အောက်မှာ တစ်ရွက်မျှ မကျန်တော့ဘဲ တမာတွေ၊ ရှားတွေ၊ ဆူးဖြူတွေနဲ့ ကြည့်လေရာရာမှာ မွဲခြောက်ခြောက်ပါပဲ။ ထနောင်းပင်များကတော့ အားလုံး အစိမ်း။

ကျွန်တော့်အခန်းနဲ့ တည့်တည့်ကို လှမ်းကြည့်တဲ့အခါ မိန်းကလေး ဆောင်ထောင့်ကနေ ကောင်းကင်ကို လွတ်လွတ်ကျွတ်ကျွတ်ကြီး လွင့်တက်သွားတဲ့ လက်ပံပင်ကြီးတစ်ပင်ကို တွေ့နေရတယ်။ အက်ကွဲနေတဲ့ လက်ပံသီးတွေကနေ ထွက်ကျလာတဲ့ လက်ပံမှိုတွေဟာ ဖွေးခနဲ ဖွေးခနဲနှင့် ကြည့်မဝတဲ့ အညာအလှများပါပဲ။

တက္ကသိုလ်ကောလိပ်တွေကလည်း ပိတ်သွားကြပြန်၊ ဆယ်တန်း အဖြေလွှာတွေ သွားစစ်ဖို့ရက်ကလည်း မရောက်သေးနှင့် အားနေတဲ့အချိန်များမှာ ကျွန်တော့်ဆီရောက်လာတာကတော့ အတွေးပါပဲ။

အဲဒီအတွေးထဲမှာ ပါလာတာက တစ်ခါက… ဇောင်းထက်။

ဘာလိုလိုနဲ့ ကျွန်တော်တို့ရဲ့ စာပေလောက၊ တက္ကသိုလ်လောက၊ ပြီးတော့ သူ့မိသားစုလောက အဝန်းအဝိုင်းကလေးကနေ ဇောင်းထက် ထွက်ခွာသွားခဲ့တာ တစ်နှစ်ကျော်ခဲ့ပါပြီ။

ဆုံးဆုံးချင်း ဇောင်းထက်အကြောင်းကို ရေးဖို့ ကျွန်တော် ပြင်ဆင်ခဲ့ဖူးတယ်။ ဒါပေမဲ့ ရေးမရလောက်အောင် စိတ်လှုပ်ရှားနေမိတဲ့အတွက် ဒီအတိုင်း ချထားခဲ့ရတယ်။ နောက် တစ်လနှစ်လအကြာမှာ ရေးဖို့ ထပ်လုပ်ပြန်တော့လည်း ရေးမရအောင် ရှိခဲ့ပြန်ဆဲ။

www.nyisay.com



တကယ်တော့ ဇော်ထက်နဲ့ ကျွန်တော်ဟာ စာပေလောက၊ တက္ကသိုလ်လောက၊ လူမှုလောက အထွေထွေမှာ အရင်းနှီးဆုံးသူငယ်ချင်းများလို့ ဆိုရလောက်တဲ့ သူများပါပဲ။

ဒါ့ကြောင့် သူ့အကြောင်း အမှတ်တရများကို ကျွန်တော် ရေးသင့်တယ်လို့ တချို့က တိုက်တွန်းကြတယ်။

တချို့ကလည်း ဘယ်သူ့အတွက်မှ အကျိုးမရှိဘူးဆိုရင် မရေးသင့်တဲ့အကြောင်း တားတယ်။

ပြောရရင် ကျွန်တော့်စိတ်ထဲရှိတဲ့အတိုင်း လွတ်ရေးလိုက်ရင် သေပြီးတဲ့သူတစ်ယောက်၊ ဘာမှမပြောနိုင်တဲ့ သူတစ်ယောက် ထိများထိခိုက်လေမလားလို့ ကျွန်တော် အကြိမ်ကြိမ် ချင့်ချိန်နေမိတာလည်း ပါပါတယ်။

ဘာပဲဖြစ်ဖြစ်၊ ခုတော့ ကျွန်တော် ချရေးဖြစ်ပြီ။

အမှားများ၊ အမှန်များ၊ ပြီးတော့… အစောဆုံး ထွက်သွားသူအတွက် ကျွန်တော့်အမှတ်ရချက်များ…။

*

မနှစ်က ဆယ်တန်းအဖြေလွှာတွေ စစ်ကြတော့ ရန်ကုန်တက္ကသိုလ်ထဲမှာ သူငယ်ချင်းတွေ ဆုံကြတယ်။ သည်တုန်းက ဇော်ထက်ဆုံးပြီးတာ တစ်လလောက်ပဲ ရှိပါဦးမယ်။

တစ်ညနေမှာ စာစစ်လို့အပြီး တက္ကသိုလ်ရိပ်သာ လမ်းပေါ်က ပြည့်ဝမှာ သူငယ်ချင်းတစ်စု ဆုံမိကြတယ်။

ဇရာဝဏ်သွေးဆေး ကိုကျော်ဝင်း၊ ကိုအောင်ကျော်မင်း၊ ကိုကျော်မင်း၊ ကိုခင်သော်၊ ဆလိုင်းစာခေါင်နဲ့ ကျွန်တော်တို့ပါပဲ။ အလုပ်မအားဘူးဆိုတဲ့ ပညာတန်ဆောင်က ကိုအောင်မြင့်ဦးနဲ့ ကိုငွေးလွင်၊ ကိုငွေးသိန်းတို့က လွှဲရင်ပေါ့။

မြက်ခင်းစိမ်းစိမ်း၊ စားပွဲခင်းနီနီပေါ်မှာ လူ ခြောက်ယောက်၊ အရက်ခွက်ခုနစ်ခွက်။

ကိုကျော်မင်းက နောက်ဆုံးအရက်ခွက်ထဲမှာ ဝီစကီကို ငှဲ့ထည့်ပြီး ကျွန်တော်က တစ်ခွက် ပိုနေကြောင်း ပြောမိသည်။

"တမင်ထည့်ပေးထားတာ၊ ဒီဝိုင်းမှာ ဇော်ထက်ရှိတယ်။ ဒါ သူ ထိုင်ဖို့ခုံ၊ သူလည်း သောက်ပေ့စေ"

www.nyisay.com



ကျွန်တော်တို့ အားလုံး ကြက်သီးတွေ ဖြန်းခနဲ ထသွားမိတယ်။ ကွက်လပ်ကြီးတစ်ခုထဲ ဖြတ်သွားရသလိုပါလား။

Irich Shegel ရဲ့ The Class ကို ဘာသာပြန်တဲ့ ဆရာမြသန်းတင့်ရဲ့ လွမ်းမောခဲ့ရ တက္ကသိုလ်ညများ ကို ကျွန်တော် ဖတ်ဖူးတယ်။ ဒီဝတ္ထုထဲမှာ Herverd တက္ကသိုလ်ထွက် ကျောင်းသားတွေ နှစ်တိုင်းပြန်ဆုံတဲ့ ညစာစားပွဲ ပါတယ်။

တက်သူတက်၊ ပျက်သူပျက်၊ အောင်မြင်သူ၊ ရှုံးနိမ့်သူ၊ လူဆိုး၊ လူကောင်းအစုံပေါ့။

မတက်နိုင်တာက အများအကျိုးအတွက် အသက်ကို စွန့်သွားသူများနဲ့ အကျဉ်းစံ။ ဒီလို ခပ်ဆင်ဆင် စားပွဲဝိုင်းတစ်ခုမှာ ဖောင်းထက်ဟာ အမှတ်ရစရာ ဖြစ်ခဲ့ပါတယ်။

တစ်လောကလည်း ပင်လယ်မဂ္ဂဇင်းအမှတ် ၃ ကို ဖတ်ဖြစ်တယ်။ ဒီမဂ္ဂဇင်းထဲမှာ ဆရာနန္ဒာသိန်းဇံရဲ့ ဆောင်းပါးတစ်ပုဒ်ပါ ပါတယ်။ 'အလွဲမာန၏ လားရာကို ဖန်ဆင်းသူ' ဆိုပြီး ဖောင်းထက်အကြောင်းကို ဖွဲ့ထားခဲ့တယ်။

ခုရက်ပိုင်းတွေထဲမှာ မန္တလေးက ကာတွန်းဆရာ အော်ပီကျယ်ဆီက စာတစ်စောင် ကျွန်တော့်ဆီ ရောက်လာပြန်ပါတယ်။ သူ့စာရဲ့ အောက်ခြေမှာ 'မန်းဘဲ' လို့ လက်မှတ်ထိုးထားတယ်။

အဲဒီမန်းဘဲ(အော်ပီကျယ်)တို့ရဲ့ ရန်ကုန် စက်မှုတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ် စုစည်း နွေးထွေးစေခဲ့တာဟာလည်း ဖောင်းထက်ပါပဲ။

ဘာပဲဖြစ်ဖြစ် အရာအားလုံးဟာ ဖောင်းထက်ကို အမှတ်ရစရာတွေ ဖြစ်စေခဲ့တယ်။

*

ကျွန်တော့်ရဲ့ ဒိုင်ယာရီစာမျက်နှာများထဲမှာ ဖောင်းထက်နဲ့ ပတ်သက်တဲ့ စာမျက်နှာများကို ၁၉၇၈-၇၉ ခုနှစ်လောက်က စတွေ့လာရတယ်လို့ပဲ ဆိုရမှာပါ။

ကျွန်တော်တို့ တစ်သိုက်ဟာ ၁၉၇၇ ခုနှစ်မှာ ဆယ်တန်းအောင်ခဲ့သူများဖြစ်လို့ ၁၉၇၈ ခုနှစ်မှာ ဒေသကောလိပ်တွေနဲ့ တန်းတိုးပါတယ်။

www.nyisay.com



မြောက်ဥက္ကလာက အောင်တဲ့ ကျွန်တော်နဲ့ သမိုင်းက အောင်တဲ့ ဓာင်းထက်တို့ ဒေသကောလိပ် ၂ မှာ ဆုံကြတယ်။

ကျွန်တော်က ပထမနှစ် သင်္ချာကျောင်းသား၊ ဓာင်းထက်က ပထမနှစ် ဇီဝဗေဒ ကျောင်းသား။ ဘာသာတွဲချင်းကွဲကြလို့ တစ်နှစ်လုံး မဆုံမိပေမယ့် နှစ်လည်မဂ္ဂဇင်း ထွက်ပြီးတဲ့အခါ စာဝင်ရေးကြတဲ့သူ အချင်းချင်း ရင်းနှီးသွားကြတယ်။

ကျွန်တော်က ကိုးတန်းကျောင်းသား ဘဝကတည်းက မဂ္ဂဇင်း စာမျက်နှာပေါ်တွေကို ရောက်ပြီးသား ဖြစ်လို့လားမသိ။ ဓာင်းထက်က အစစ အရာရာ ကျွန်တော့်ကို ဦးစားပေး ဆက်ဆံတတ်မြဲ။

ဒီလိုနဲ့ ဒုတိယနှစ်ရောက်တဲ့အခါ ကျွန်တော်က သတ္တုပညာယူပြီး ဓာင်းထက်က ဓာတုလုပ်ငန်းယူပါတယ်။ ဒါပေမဲ့ ရေထွက်ပညာဌာနက ဦးသိန်းဦးရဲ့ အကူအညီနဲ့ အလွမ်းကျောင်း ဆိုတဲ့ ကဗျာစာအုပ်လေး ထုတ်ဖြစ်သွားတဲ့အခါ သူနဲ့ ကျွန်တော်ဟာ တစ်အုပ်တည်းပျံတဲ့ငှက်တွေ ဖြစ်သွားခဲ့ပါတော့တယ်။

*

တကယ်တော့ ဓာင်းထက်ဟာ ဖခင်မေတ္တာ ငတ်တဲ့သားပါ။

သူ ငယ်ငယ်ကတည်းက သူတို့ညီအစ်ကိုလေးယောက်ကို မိခင်က အုပ်ထိန်းခဲ့တယ်။ ဖအေက အရပ်တစ်ပါးကို ထွက်ခွာသွားခဲ့တာ သေသလား ရှင်သလား မသိတော့။ သည်တော့ သူတို့မိသားစု စီးပွားရေးကျပ်တည်းကြတာ ဘာမှမဆန်း။

အိမ်အောက်ထပ်နှစ်ခန်းကို ငှားထားတယ်။ အဝီစိတွင်းကနေ ရပ်ကွက်ထဲကို ပိုက်နဲ့ ရေပေးတယ်။

ဒါဟာ မိသားစု ထမင်းအိုးပါပဲ။

တစ်ခါ တစ်ခါ ဓာင်းထက်ဟာ သမိုင်းကုလားကျောင်း မှတ်တိုင်ကနေ သမိုင်းကောလိပ်ဝင်းကို ဖြတ်ပြီး ဒေသကောလိပ် (၂) ကို ခြေကျင်လာတယ်။

သည်တုန်းက ကားခ ၁၀ ပြား၊ မြောက်ဥက္ကလာနဲ့ ကောလိပ်မှ ပြား ၂၀။

www.nyisay.com



''ပြောရင်လည်း မောင်ရင်က အပိုလို့ ထင်ဦးမယ် ကိုသာချို။ တစ်ခါ တစ်ခါ ကိုယ့်မှာ ဆယ်ပြားလည်း ခက်တယ်ကွာ''

ကော်လာက ချုပ်ရိုးစတချို့ ဖွာထွက်နေတဲ့၊ အဝါရောင်ဘက်ကို လုနေတဲ့ တက်ထရွန်အင်္ကျီဖြူ ခပ်ပါးပါးကို ဝတ်ထားတဲ့ ဇော်ဂျီထက်ကို ကျွန်တော် ငေးကြည့်နေမိတယ်။

သူ့ကိုယ်ပေါ်မှာက သတ္တုပစ္စည်းဆိုလို့ ဆီစွန်းနေတဲ့ လက်သုတ်ပဝါနဲ့ ထုပ်ထားတဲ့ ထမင်းဘူးပဲ ပါပါတယ်။

တစ်ခါမှာတော့ ဇော်ဂျီထက်နဲ့ ကျွန်တော် ဒေသကောလိပ်ရှေ့ အင်းလျား ကန်စပ်က ကုက္ကိုပင်ကြီးအောက်မှာ ထိုင်ဖြစ်ကြတုန်း အသက်မပါလှတဲ့ အပြုံးနဲ့ သူက ကျွန်တော့်ကို ပြုံးပြရင်း -

''တင်တင်ဦးနဲ့ ကိုယ်နဲ့တော့ ကိစ္စပြတ်ပြီ ကိုသာချို''

''အေးလေ၊ ထင်ထားသားပဲ''

ဝင်းဝင်းပပ ရှိလွန်းသော အမျိုးသမီးတစ်ယောက်နှင့် ညှိုးငယ်လွန်း လှသော ကျွန်တော့်သူငယ်ချင်း ဇော်ဂျီထက်တို့ သည်အတိုင်းပဲ ဖြစ်လာကြ မည်ကို ကျွန်တော်တို့ ကြိုတင် တွက်ဆထားပြီးပင်ဖြစ်၍ ထူးပြီးတော့ မအံ့ဩလှ။

*

ဒုတိယနှစ်အောင်ပြီးတော့ ရန်ကုန်တက္ကသိုလ်ကြီးဟာ ကျွန်တော်တို့ရဲ့ ခိုလှုံရာ။ တတိယနှစ်ကျောင်းသားတွေဘဝမှာ ကျွန်တော်က ရူပဗေဒအဓိက၊ သူက သတ္တဗေဒအဓိက။

အဲဒီမှာ ကိုယ့်အတန်းတွေကိုကိုယ် ပုံမှန်တက်နေကြရင်း ကျွန်တော်တို့ သိပ္ပံကျောင်းသားတစ်စုကို့မှာ ရောဂါတစ်ခု တက်လာကြတယ်။ မြန်မာစာပေ ကို ပြောင်းယူဖို့ အိပ်မက်များ။

မှတ်မှတ်ရရ အဆိုတော် မေခလာ၊ ရုပ်ရှင်သရုပ်ဆောင် စန္ဒာလင်း (မှုံရွှေရည်) တို့ကအစ ကျွန်တော်တို့ တစ်သိုက် မြန်မာစာဌာနကို ချီတက် သွားကြပြီး သည်တုန်းက ဆရာမကြီး ဒေါ်စီစီဝင်းနဲ့တွေ့ကာ မေဂျာပြောင်း ယူရေး ဆွေးနွေးဖြစ်ကြတဲ့အခါ ဆရာမကြီးက လိုလိုလားလားပဲ လက်ခံပါ တယ်။

www.nyisay.com



''ခုလို စာလည်း တကယ် ရေးသားနေကြတဲ့ သားတို့တွေ ဒီဌာနကို ပြောင်းလာမယ်ဆိုတာ ဝမ်းသာစရာပါကွယ်၊ ဇော်ထက်က နာမည်ရင်း မောင်ဇင်ဝေ ဆိုတော့ နာမည်ရင်းကလေးကမှ ပိုလှနေသလားလို့''

ဒါနဲ့ပဲ တောင်ငူဆောင် တောင်ပိန္နဲပင်ရိပ်ဟာ ကျွန်တော်တို့ရဲ့ စကားဝိုင်း ရှည်လျားရာနေရာ ဖြစ်လာခဲ့တယ်။

တစ်ခါတစ်ခါ ရုပ်ရှင်အောင်လံမဂ္ဂဇင်းက အစ်ကိုရွှေမြိတ်သောင်းတင်၊ သဘင်မဂ္ဂဇင်းက ကိုချစ်ဦးညိုတို့ ရောက်လာတတ်တယ်။

တစ်ခါတစ်ခါ ကိုမင်းသစ်၊ တစ်ခါတစ်ခါ မြို့တော်မောင်ယဉ်အောင်၊ တစ်ခါတစ်ခါ ဆရာဒဂုန်တာရာ၊ ဆရာထွန်း (တက္ကသိုလ်မင်းမော်)တို့နဲ့ လက်ဖက်ရည်ဆိုင်ဟာ စကားလှိုင်းတွေ ကြီးနေခဲ့ကြတယ်။

ကြာတော့ ဇော်ထက်နဲ့ ကျွန်တော်ဟာ အိမ်ပြန်ဖြစ်တယ်မရှိတော့ဘဲ ပဲခူးဆောင်က သူငယ်ချင်းတွေ အခန်းမှာအိပ်လိုက်၊ စက်မှုတက္ကသိုလ်သွားပြီး မောင်နေသစ်(ရေဦး)အခန်းမှာအိပ်လိုက်၊ ရန်ကုန်တက္ကသိုလ် ပန်းချီခန်းမှာ အိပ်လိုက်နဲ့ လိမ့်နေသော ကျောက်ခဲများ။

အဲဒီလို ဖြတ်သန်းနေကြရင်းက ဇော်ထက်က အလုပ်တစ်ခုခု လုပ်ချင် ပါကြောင်း ကျွန်တော့်ကို ပြောလာပါတယ်။

သည်တုန်းက ယမုံဟာ မဟူရာစားသောက်ဆိုင်မှာ ကောင်တာ ထိုင်ပါ တယ်။ ယမုံဟာ ကျွန်တော်နဲ့အတူ ရင်းနှီးပြီးသူဖြစ်လို့ ဇော်ထက်နဲ့ မိတ်ဆက်ပေးပြီး အလုပ်တစ်ခု ဖန်တီးပေးဖို့ပြောတဲ့အခါ ချက်ချင်းပဲ ဆိုင်ကို ကြက်ဥသွင်းဖို့ လက်ခံတယ်။

ပထမတော့ သူ့အလုပ်ဟာ မနက်စောစော အိပ်ရာထ၊ ကြက်ခြံတွေက ကြက်ဥသွားကောက်၊ ပြီးရင် မဟူရာကိုသွားသွင်းပါပဲ။ နောက်တော့ ညနေ ဘက်ပါ မဟူရာကိုသွားပြီး စားပွဲဝိုင်းထိုးတယ်။ ညဘက် စာရင်းကိုင်တယ်။ အားချိန်တွေကတော့ တက္ကသိုလ်ထဲမှာ။

ရုပ်ရည် သနားကမားနဲ့ ဇော်ထက်တစ်ယောက် မဟူရာ အရက်ဆိုင် ရဲ့စားပွဲဝိုင်းတွေမှာ လင်ပန်းကလေးကိုင်ပြီး ဘာသုံးဆောင်မလဲ မေးနေဟန်၊ ပိုငွေကို ပြန်အမ်းဟန်၊ သောက်သုံးသူတွေက ငါးကျပ် တစ်ဆယ်ပြန်ပြီး ချီးမြှင့်တဲ့အခါ ဦးညွှတ်လို့ ပြုံးပြဟန်တွေက ဗီဒီယိုပြကွက်တွေ ဆန်လွန်းပါ တယ်လေ။

www.nyisay.com



တစ်ခါမှာတော့ ဇောင်းထက်က ကျွန်တော့်ကို အကူအညီတစ်ခု တောင်းတယ်။ ဆရာမကြီးတစ်ယောက်ဆီသွားပြီး ခွင့်တိုင်မယ့်ကိစ္စမှာ အဖော်လိုက်ခဲ့ဖို့။

ဒါနဲ့ ကျွန်တော် လိုက်သွားတဲ့အခါ မြန်မာကျောက်စာသင်တဲ့ ဆရာမကြီးကို သူဟာ စီးပွားရေး အဆင်မပြေကြောင်း၊ ဒါ့ကြောင့် မနက်ပိုင်း အလုပ်ဆင်းရကြောင်း၊ မနက်ပိုင်း ကျောက်စာချိန် ပျက်တာကို ခွင့်လွှတ်ပေးရန်အကြောင်း၊ ရသလောက် ပြန်ဖတ်နေရပါကြောင်း သူ တောင်းပန်နေခဲ့တယ်။

"ပိုက်ဆံမရှိရင် တက္ကသိုလ် မတက်နဲ့ပေါ့ကွ၊ အတန်းပျက်လို့ ရမလား"

ရုတ်တရက် အားပေးလိုက်တဲ့ ဆရာမကြီးရဲ့စကားမှာ အားလုံး မှင်တက်မိသွားကြတယ်။ ကြောက်လန့်ဖွယ် တိတ်ဆိတ်မှုနဲ့အတူ နှစ်ယောက်သား အခန်းထဲက ပြန်ထွက်လာမိကြတယ်။

တစ်ခါမှာလည်း ရန်ကုန်မြို့လယ်အနှံ့ စားသောက်ဆိုင်တွေကို တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် သူခေါ်လို့ ကျွန်တော် လိုက်သွားခဲ့ရတယ်။

ကောင်တာဆီက အသားနီစပ်စပ်နဲ့ လူတွေဆီကို အပြုံးနဲ့သွားရင်း "ကြက်ဥပို့ချင်လို့ပါ" လို့ ပြောဟန်၊ ခေါင်းခါပြလိုက်တဲ့အခါ ခပ်ညှိုးညှိုး ပြန်ထွက်လာဟန်တွေဟာ ဘယ်သူမှ မှတ်တမ်းမတင်လိုက်နိုင်တဲ့ ပြကွက်တွေ ဖြစ်ခဲ့ရပြီ။

သည်ကြားထဲကပဲ ကြည်ကြည်ဝင်းဆိုတဲ့ ချာတိတ်မနဲ့ မေတ္တာမျှမိကြပြီး မီးတစ်စကို သူ ထပ်ပျိုးခဲ့တယ်လေ။

*

တကယ်တော့ ကြည်ကြည်ဝင်းနဲ့ ကျွန်တော်တို့ဟာ ဇောင်းထက်နဲ့ မညားခင်အထိ စကားပြောဖူးကြသူများ မဟုတ်ကြပါဘူး။ တစ်ခါ တစ်ခါမှသာ ဇောင်းထက်နဲ့ အတူတွဲလျှောက်သွားတာမျိုးကို တက္ကသိုလ်လမ်းတွေပေါ်မှာ ဖြတ်ဖြတ်တွေ့လိုက်ရတာမျိုးပါ။

တကယ့်တကယ် စပြီး ရင်းနှီးခွင့်ကြုံတဲ့အခါကျတော့ ပြဿနာဟာ ထုနဲ့ထည်နဲ့ ကပ်ပါလာခဲ့ပြီ။

www.nyisay.com



ဒီတုန်းက နောက်ဆုံးနှစ်စာမေးပွဲတွေ ဖြေလုဆဲဆဲအချိန်ပါ။ ဇောင်းထက်ရော ကြည်ကြည်ဝင်းပါ မျက်နှာမသာမယာနဲ့ ကျွန်တော့်ဆီကို ရောက်လာကြတယ်။ ခိုးပြေးကြဖို့ အစီအစဉ်ကို ကျွန်တော်က ကူညီဖို့ပါပဲ။ သူတို့နှစ်ယောက်ဟာ တစ်နေ့လုံး ပန်းခြံပေါင်းစုံ၊ ဘုရားပေါင်းစုံ၊ လမ်းပေါင်းစုံကို သွားနေပြီး အကျပ်ရိုက်နေခဲ့ရတာကြောင့် တော်တော်လည်း နွမ်းညှိုးနေကြပါပြီ။

ဒါနဲ့ ကျွန်တော်က လေလောဆယ် မြောက်ဥက္ကလာက ကျွန်တော်တို့အိမ်ကို တစ်ညအိပ်လာဖို့ လမ်းညွှန်ပါတယ်။

အိမ်မှာလည်း ကျွန်တော့်ညီ အလတ်တစ်ယောက်သာ ရှိပြီး လူကြီးတွေက နယ်ပြန်နေတဲ့အချိန်ကိုး။ ဒါကြောင့် တစ်ညနေပြီး နောက်နေ့မှာမှ ကွမ်းခြံကုန်းက ကျွန်တော့်မိဘများရှိရာ အိမ်ကိုသွားဖို့ စီစဉ်ရပါတယ်။

မှောင်မှ မြောက်ဥက္ကလာအိမ်ကို ရောက်လာတဲ့ ဇောင်းထက်နဲ့ ကြည်ကြည်ဝင်းကို အိမ်မှာခဏထားခဲ့ပြီး ယမုံ၊ ခင်လွန်း၊ နေစိမ့်စတဲ့ စာပေမိတ်ဆွေတွေဆီသွားပြီး ငွေရေးကြေးရေးကအစ လိုတာတွေစီစဉ်ဖို့ ကျွန်တော် ထွက်ခဲ့တယ်။

နောက်နှစ်ရက်မှာ ကျွန်တော်၊ ကိုခင်လွန်း၊ ယမုံ၊ နေစိမ့်၊ ချစ်လွမ်းနွေး (အခု မိုးဆက်) တို့ရဲ့ ဝန်းရံမှုတွေနဲ့ မြောက်ဥက္ကလာ တရားရုံးမှာ သူတို့နှစ်ယောက် လက်ထပ်ဖြစ်ကြတယ်။



ဒါကြောင့် ထင်ပါရဲ့၊ နောင်တစ်ချိန်မှာ ကြည်ကြည်ဝင်းက ကျွန်တော့်ကို ဦးချကန်တော့တယ်။

အဲဒီ ကြည်ကြည်ဝင်းကပဲ သားနှစ်ယောက် မွေးတဲ့အခါ အနော်ရထာဇောင်းထက်၊ သာလွန်ဇောင်းထက်ဆိုပြီး ကိုဇောင်းထက်က နာမည်ပေးပါသတဲ့။

ကျွန်တော် နည်းနည်း စိတ်ညစ်သွားမိတယ်။

*

အလင်းသစ်စာပေ

www.nyisay.com



သည့်နောက်ပိုင်းမှာတော့ မဟာဝိဇ္ဇာ တက်လိုက်၊ မဂ္ဂဇင်းတိုက်တွေ သွားလိုက်၊ စားပွဲထိုးလိုက်၊ စာရင်းကိုင်လိုက်နဲ့ လောကကို ဖြတ်သွားရင်း တက္ကသိုလ်ဆရာဘဝကို သူ ရောက်လာခဲ့ပါတယ်။ ကြည်ကြည်ဝင်းကလည်း အိမ်က ဆင်းသွားလိုက်၊ ကျွန်တော်တို့က ကြားဝင်လိုက်၊ ပြန်ပေါင်းလိုက်နဲ့ ပါပဲ။

ကြည်ကြည်ဝင်းရဲ့ ဆန္ဒ တစ်ခုက အိမ်ခွဲဆင်းပြီး ဘဝကို သီးသီး သန့်သန့် ထူထောင်ချင်တဲ့ ဆန္ဒပါ။ ဇော်ထက်ကတော့ အမြဲတမ်း ကာလ သားလို နေချင်သူ။ အဲဒီ ကမ်းပါးနှစ်ခုကြားမှာ တံတားထိုးလိုက်၊ ပြန်ကျိုး သွားလိုက်။

"ကိုဇော်ထက်တို့က သားတွေချည်း လေးယောက် မွေးထားတာ ဆိုတော့ မိန်းမသားတွေရဲ့ ဆန္ဒကို ကိုယ်ချင်းမစာတတ်ဘူး ထင်တယ်ဗျာ"

ကိုအောင်ပွင့် ပြောဖူးတဲ့ စကားတစ်ခွန်းပါ။

"ဟေ့ကောင် ဇော်း၊ ကောင်မလေး တစ်ခုခု လမ်းချော်သွားရင် မင်းတာဝန်နော်"

ကိုငွေးလွင်ရဲ့ သတိပေးသံ။

ဒါပေမဲ့ ဘယ်သူတွေက ဘာပြောပြော နောက်ပိုင်းမှာ ဇော်ထက်ဟာ ဘဝကို ကြမ်းကြမ်းရမ်းရမ်း နေထိုင်လာတယ်။ ကိုမင်းသစ်ရဲ့ ခြံထဲမှာ စက်ကျ လာတယ်။

ကြည်ကြည်ဝင်းကလည်း အစိုးရအလုပ်တစ်ခု ဝင်လုပ်ရင်းက ဆရာဝန် လောက်ကို အသာလေး ယူလို့ရတယ်ဆိုတဲ့အထိ ချဲလာတယ်။

အဆိုးဆုံးကတော့ ဇော်ထက်ဟာ နောက်ထပ် မေတ္တာတေးချင်း တစ်ပုဒ်ကို တက္ကသိုလ် ကျောင်းသူမတစ်ဦးနဲ့ သံပြိုင် သီဆိုလိုက်ခြင်းပါပဲ။

ကြည်ကြည်ဝင်းကလည်း ပြတ်တယ်။

အဲသည်တစ်ပါးသော မိန်းမပျိုရဲ့ အိမ်ကိုလိုက်သွားပြီး တကယ်ယူမယ် ဆိုရင် ကလေးနှစ်ယောက်နဲ့တကွ လွှဲပေးမယ်ဆိုတဲ့အကြောင်း သွားရှင်း တာပါပဲ။

သည်မှာတင် တစ်စတစ်စ တင်းလာတဲ့ကြိုးဟာ ထောင်းခနဲ ပြတ်တောက် သွားခဲ့ရပြီ။ တရားဝင် ကွာရှင်းကြတယ်။ ကလေးတွေကို ကြည်ကြည်ဝင်းက ကိုမင်းသစ်ကို ခဏလွှဲပေးတယ်။

အလင်းသစ်စာပေ

www.nyisay.com



နောက်ဆုံးမှာတော့ ကြည်ကြည်ဝင်းဟာ အငယ်ဆုံးသားကို ဆွေမျိုးတွေဆီအပ်ပြီး အလုပ်လုပ်ဖို့ မလေးရှားကို ထွက်သွားတော့တာပါပဲ။

*

တကယ်တော့ ဇော်းထက်ကို ဗီဒီယိုလောကထဲကို ဆွဲသွင်းသွားတဲ့ သူဟာ ပန်းချီလှထွဏ်းအောင်လို့ ပြောရလောက်ပါတယ်။ ကိုလှထွဏ်းအောင် က မန္တလေးသိန်းဇော်နဲ့ ပတ်သက်သူ။

သည်တော့ မန္တလေးသိန်းဇော်ပါဝင်တဲ့ မြောက်ပြန်လေတွင် တင်သောကမ္ဘည်း က စပြီး ဇော်းထက် ဗီဒီယိုလောကထဲကို ရောက်သွားတယ်လို့ ဆိုရမှာပါ။ ကျွန်တော်တို့ကတော့ ဒါကို သဘော မတွေ့လှပါဘူး။

''မင်းရဲ့ ခပ်ပျက်ပျက်စရိုက်နဲ့တော့ ကိုက်ပါ့ကွာ''

လို့ ကိုဌေးလွင်(ထွန်းဇော်ဌေး)က ပြောတဲ့အခါ ဇော်းထက်မျက်နှာ ပျက်ချင်တယ်။

*

ဟစ်ခါ တစ်ခါတော့လည်း အတိတ်က မှန်တိုင်းများကို ကျွန်တော် သတိရနေတယ်။

၃၃လမ်းထဲက လှေကားခြေရင်းမှ ထမင်းထုပ်များ၊ ဗားတော့ဗရက်၊ အနာဂတ်အတွက် ကဗျာ၊ ကိုစိမ်းနီ၊ ကိုမင်းသစ်၊ ယမုံ၊ ကိုအောင်ဇင်မင်း၊ ကိုရန်ပိုင်၊ မင်းနွယ်စိုး၊ မြင့်ဦးဦးမြင့်၊ ကိုညီညွှတ်၊ မင်းသိုက်မွန်၊ နေစိမ့်၊ မင်းထက်မောင်၊ ကဗျာကို ချစ်ခဲ့ကြ၊ မိုးရေစက်များ၊ အိပ်မက်၊ အတင်း ဖြတ်မောင်းသွားတဲ့ကား၊ အတင်း လူးလာ ကူးခပ်နေတဲ့ ဇော်းထက်။

ဒီမှာ သူ မမှားခဲ့ပေဘူး။ သူ ခြသေ့်ပါ။

*

ကိုမင်းသစ်ဟာ စုပေါင်းအရက်သောက်တဲ့ပွဲတွေကို အတော်ဝါသနာ ထုံတဲ့သူပါ။ သူ့ခြံထဲမှာ မကြာ မကြာ ဆိုသလို ကျင်းပလေ့ရှိတယ်။

ရုပ်ရှင်မင်းသားကြီး မြတ်လေးတို့ အပါအဝင် မိတ်ဆွေတချို့ကို ဝိုင်းတစ်ခု လုပ်ပေးပါတယ်။ ရွက်ကြွေတွေ တစ်ခုချင်း ထပ်နေတဲ့သစ်ပင်ကြီးရဲ့

www.nyisay.com



အောက်မှာ စားပွဲရှည်ကြီးခင်းလို့။ တော်တော်လေး ညဥ့်နက်လာတဲ့အခါ အဲဒီဝိုင်းကို ဇောင်းထက် ရောက်လာတယ်။ ရေချိုးမျှားလာဟန်တူပါရဲ့၊ အတော်လည်း မူးနေပါပြီ။

ကိုမင်းသစ်က နောက်မှ ရောက်လာတဲ့လူဖြစ်လို့ အားလုံးကို မိတ်ဆက်ပေးပါတယ်။

အဲဒီမှာပဲ ဇောင်းထက်က လက်ဆွဲနှုတ်ဆက်တယ်။ ပြီးတော့ ဘယ်သူမှ မထင်မှတ်ထားတဲ့ စကားတစ်ခွန်းကို ပြောချလိုက်ပါရော။

တစ်ဝိုင်းလုံး ဘာလုပ်ရမှန်းမသိ ငြိမ်ကျသွားတယ်။ အိမ်ရှင်ကိုမင်းသစ်ကတော့ ပေါက်ကွဲမဆုံး။

"ဟေ့ ဇောင်းထက်၊ မင်း ထွက်သွား၊ ဒါ ငါ့ဧည့်သည်ကွ"

ရုပ်ရှင်မင်းသားကြီး မြတ်လေးကတော့ -

"ဟေ့ ဖိုးမင်းသစ်၊ နောင် ဘာပဲလုပ်လုပ် ဇောင်းထက် မပါစေနဲ့ကွာ"

မှန်ပါတယ်၊ ခုတော့ ဘာလုပ်လုပ် ဇောင်းထက် မပါဝင်နိုင်တော့ပါ။

ဇောင်းထက်မှာ ရှိတဲ့ ထူးချွန်တဲ့ အချက်တစ်ခုကတော့ ဇဝနဉာဏ်ရှင်တယ်လို့ပဲ ဆိုရမယ့် အချက်ပါ။

သူ တစ်ခါ တစ်ခါ ဖောက်လိုက်တဲ့ အသောက တစ်ဖက်လူကို တော်တော်ကလေး လှုပ်နှိုးသွားစေတယ်ဆိုတာ မကြာ မကြာ တွေ့ရတတ်တဲ့ အချက်ပါပဲ။

တစ်ခါမှာတော့ ဇောင်းထက် ခွေးကိုက်ခံရတယ်။ သူ့ ရပ်ကွက်ထဲက ခွေးက သူ ကျောင်းအလာမှာ ဖမ်းကိုက် ထည့်လိုက်တာပါ။

"ကိုသာချို၊ တက္ကသိုလ်ဆေးရုံ ခဏလိုက်ခဲ့ကွာ"

ကားမှတ်တိုင်က ဆင်းဆင်းချင်း တောင်ငူဆောင်ကို ဖြတ်ဝင်လာကာ ကျွန်တော့်ကို ဝင်ခေါ်တယ်။ ဟိုရောက်တော့ တက္ကသိုလ်ဆေးရုံ ပြင်ပလူနာဌာနက မဖွင့်သေးဘူး။

"၉း၃၀ နာရီမှ ဆေးရုံဖွင့်ပါတယ်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော်တို့ရပ်ကွက်ထဲကခွေးက အဲဒါကိုမသိလို့ ရှစ်နာရီလောက်က ကိုက်ထည့်လိုက်လို့ပါ၊ နောက်ကို ၁၀ နာရီလောက်မှ ကိုက်ဖို့ ပြောထားပါ့မယ်"

www.nyisay.com



ရုတ်တရက် မျက်နှာနီရဲသွားပြီး ဇောင်းထက်ကို လှမ်းကြည့်တဲ့ တာဝန်ကျ ဆရာမရဲ့ မျက်နှာရယ်၊ ဇောင်းထက်ရဲ့ ခပ်ထွေထွေအပြုံးရယ်ဟာ မမေ့နိုင်စရာ အဖြစ်ပါပဲ။

*

ဇောင်းထက်တစ်ယောက် မြစ်ကြီးနားကောလိပ်ကို ပြောင်းသွားရပြီး ရန်ကုန်ကို ပြန်ရောက်အလာမှာတော့ ကချင်မီးတောက်အရက်နဲ့အတူ ငှက်ဖျားပိုး ပါ ပါလာပါတယ်။

သည်ကြားထဲမှာကိုပဲ ဆယ်တန်းစစ်ဖို့ ရန်ကုန်ကို ဆင်းအလာမှာ လူစိမ်းတွေ လာခေါ်လို့ဆိုပြီး အိမ်ကနေနှစ်ခါလောက် ပျောက်သွားလို့ သူနဲ့ မတွေ့ဘဲ ကျွန်တော် အိမ်က ပြန်ပြန်လှည့်လာရတယ်။ တကယ်တော့ ရန်ကုန်ကို ပါလာတဲ့ ငှက်ဖျားပိုးက ဒီလောက်မဆိုးလှပါဘူး။

အရက်ရယ်၊ ပေတေတာရယ် ပေါင်းလိုက်တဲ့အခါ ပိုဆိုးသွားဟန် တူပါတယ်။

ပထမ တက္ကသိုလ်ဆေးရုံ၊ နောက် ရန်ကုန်ဆေးရုံကြီး၊ နောက် ဂျပန်ဆေးရုံသစ်ဆိုပြီး တင်ရကြောင်း၊ ငွေကြေးကိစ္စကို ကိုစိမ်းနီနဲ့ ရန်ကုန်တက္ကသိုလ်က ကူညီကြောင်း၊ နောက်ဆုံးရက်တွေမှာ သတိမရှိတော့လို့ ခြေတွေ လက်တွေကို ခုတင်နဲ့ တွဲပြီး ကြိုးချည်ထားရကြောင်း၊ ကဗျာတွေရွတ်နေခဲ့ကြောင်း ဆိုတာတွေကို နောင်မှ ကျွန်တော်သိရတာပါ။

သူ ဆေးရုံတက်နေတော့ ကျွန်တော်က ရွှေမြစ်ကမ်းပါးက အလုပ် လုပ်နေတဲ့ စပါးဒိုင်မှာ။

ဒါပေမဲ့ မြစ်ဝကျွန်းပေါ်က ရန်ကုန်ပြန်ရောက်ရောက်ချင်း ဇောင်းထက် အသုဘကို မီတယ်။ ကိုချစ်ဦးညို၊ ဒါရိုက်တာမောင်ဝဏ္ဏ၊ ကိုသွေးသစ်၊ ကိုစိန်ဝင်း(ပုတီးကုန်း)၊ ကိုစိမ်းနီ၊ ကိုမင်းသစ်၊ မြင့်ဦးဦးမြင့်၊ မြမြင့်မိုရ်၊ ကိုခင်လွန်း၊ ကိုအောင်ပွင့်၊ အားလုံး အားလုံး ကျွန်တော်တို့ချစ်တဲ့ အနုပညာသည်တွေ အားလုံးပါပဲလေ···

တက္ကသိုလ်ဆရာ၊ ဆရာမတွေအားလုံးနဲ့ ကျွန်တော်ကတော့ လောကရဲ့ ဂမ္ဘီရဆန်မှုတွေကို နားမလည်ရှာတဲ့ သူ့ကလေးလေးတွေ သူ့ရုပ် အလောင်းကို ငေးကြည့်နေတာကိုပဲ ကြေကွဲလို့ မဆုံးနိုင်တော့။

အလင်းသစ်စာပေ

www.nyisay.com



သူ ဆုံးတော့ ၃၃ နှစ်။ ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်။

*

ခုတော့ဖြင့် ဇောင်းထက်မရှိတာ တစ်နှစ်ကျော်ခဲ့ပြီ။ ထရံမှာ ထိုးထားတဲ့ ယပ်တောင်ပေါ်က ဇောင်းထက်ရဲ့ ပန်းချီပုံကြမ်းကိုကြည့်ပြီး အတိတ်ဆိုတာ အိပ်မက်အကြီးစားပါဆိုတဲ့ မအိရဲ့ ကဗျာကို သတိရမိသေးတယ်။

ဟုတ်ပါတယ်လေ၊ အတိတ်ဆိုတာ အိပ်မက်အကြီးစားတွေပါပဲ။

*ကြူးပစ်မဂ္ဂဇင်း*

ဩဂုတ်လ၊ ၁၉၉၄။

❑

www.nyisay.com



www.nyisay.com

## နေစိမ့်
## (မျောနေသောရေခဲတုံး)

ပထမတော့ နေက ချစ်ချစ်တောက် ပူနေသည်။ နောက်တော့ မိုးကောင်းကင်တစ်ခုလုံး ရုတ်တရက် ခဲသားပုပ်ရောင်များဖြင့် မည်းညစ်၍ သွားလေသည်။ လေသည် အေးလည်းအေး၊ သန့်လည်းသန့်ရှင်းစွာ ခပ်ပြင်းပြင်း ဝင်ရောက်လာ၏။ လေနောက်တွင်ကား မိုးက ကပ်လိုက်လာပါသည်။ တဝေါဝေါ သွန်းထိုး ရွာချလိုက်သော မိုးစက်မိုးပေါက်များ။

အဲသည့်နောက်မှာ ရပ်ချင်ပြန်တော့လည်း ကိုရွှေမိုးက တိခနဲနေအောင်ပင် ရပ်ချလိုက်လေသည်။ အခုပူ၊ အခုအေးနှင့် အသိရ ခက်စွာသော အညာမိုးသည် ကျွန်တော်တို့လို အောက်သူအောက်သားများအဖို့ အဆန်းအပြားပင်။ တစ်ခါတစ်ခါ လင်းလက် ဝင်းပြက်လိုက်သော လျှပ်စစ်စီးကြောင်းများနှင့်အတူ ပစ်ချလိုက်သော မိုးကြိုးမှာ အညာမြေပင် သိမ့်သိမ့်တုန် သွားခဲ့လေသည်။ ထိုသို့သော အညာ၏ မိုးရက်တစ်ရက်မှာပင် သူ ကျွန်တော့်ထံကို ရောက်ရှိလာခဲ့လေသည်။

''ကျွန်တော့်ကဗျာတော့ ရောင်းလိုက်ရပြီ ကိုသာချို''

''အေး… ကိုယ် တွေ့တယ်''

မှန်ပါသည်၊ ခုတစ်လော မဂ္ဂဇင်းစာမျက်နှာ ကြော်ငြာများတွင် စတီရီယို တေးသံရှင် မာရဇ္ဇ၏ ကြော်ငြာကို ကျွန်တော် တွေ့နေရသည်။ သီချင်းခွေ၏ ခေါင်းစီးကို ဂမ္ဘီရမိုးကြိုး ဟု တွေ့ကတည်းက သူ့ကဗျာ ခေါင်းစီးမှန်း ကျွန်တော် သိသည်။ ဘယ်ရွှေ့ဘယ်မျှနှင့် ရောင်းဖြစ်ခဲ့သည်ကိုသာ ကျွန်တော်က မသိခြင်း ဖြစ်သည်။

ထို ဂမ္ဘီရမိုးကြိုးကဗျာမှာ ၁၉၉၁ ခုနှစ်၊ ရုပ်ရှင်တေးကဗျာ ဩဂုတ်လထုတ်မှာ ဖော်ပြခဲ့သောကဗျာ ဖြစ်သည်။ မိုးကိုဖွဲ့သော ကဗျာ။ လေတိုက်ခတ်

www.nyisay.com



လာပုံ၊ တိမ်များ ရှန်းကြွလှုပ်ရှားလာပုံ၊ မုတ်သုံလေနှင့် မုတ်သုံမိုး ခရီးပြင်းနှင်လာပုံ၊ ကောင်းကင်မှာ လျှပ်စီးများ ပပ်ကြားအက်လိုပေါ်လာပုံ၊ သစ်ရွက်တို့ တဖျတ်ဖျတ်ကြွေကြပုံ၊ မိုးကြိုး ဝုန်းခနဲ ပစ်ချပုံတို့ကို ဖွဲ့ထားသောကဗျာ ဖြစ်သည်။

လှသည်၊ လွတ်လပ်သည်၊ စကားလုံးအသုံးအနှုန်းကျစ်သည်။ အသံ ခွန်အားပါသည်။ သို့သော် အကြောင်းအရာ အားမကောင်းလှဟု ကျွန်တော် ယူဆသည်။

လေညင်းတစိမ်း ပွတ်သပ်
မွန်းကျပ်ရှန်းကြွ တိမ်အုပ်…
အလင်းစ ပပ်ကြားအက်ထ
လဲကျ သစ်ရွက်သေ ခုန်ပေါက်…
လမ်းလျှောက်ကကြိုးသင်။
မျက်တောင်ခတ် ကောင်းကင်
ပဲ့တင်သံ အထပ်ထပ်
စောင်းကြိုးတွေ ပြတ်ခဲ့ပေါ့။

ကဗျာက ဒါပဲ ဖြစ်ပါသည်။ ဒါကို သူက ဂမ္ဘီရမိုးကြိုး ဟု ပေးထားသည်။ သည်ခေါင်းစီးကို မာရဇ္ဇက သီချင်းခွေ Title ယူသုံးသည်။

''ဘယ်လောက်ပေးလဲ''

''သုံးထောင်တည်းပါ''

''ဘီယာတော့ သောက်ရသေးတာပေါ့''

သည်တော့ သူက မပွင့်တပွင့် ရယ်သည်။

နေစိမ့်၊ သို့မဟုတ် မျောနေသော ရေခဲတုံး။

*

တကယ်တော့ နေစိမ့်နှင့် ကျွန်တော်တို့ ရင်းနှီးခင်မင်မှုသက်တမ်းသည် အနှစ်၂၀ ဝန်းကျင် ရှိခဲ့ပါပြီ။ ကျွန်တော် ရှစ်တန်း ကျောင်းသားလောက်မှာ မြောက်ဥက္ကလာရှိ ကျွန်တော်တို့လမ်းထဲကို သူတို့မိသားစု ပြောင်းလာကြသည်။ သူတို့ အိမ်ရှေ့မှာ အိမ်ဆိုင်ကလေး ဖွင့်ထားသည်။ ထိုအိမ်ဆိုင်ကလေးမှာ သူက ထိုင်သည်။

www.nyisay.com



သည်တုန်းက ကျွန်တော်သည် ကဗျာများကို အင်နှင့်အားနှင့် ရေးနေခဲ့သောအချိန် ဖြစ်သည်။ တစ်နေ့ ၁၀ပုဒ်၊ အပုဒ် ၂၀။ မဂ္ဂဇင်းတိုက်များကို ပို့သည်။ တစ်ပုဒ်မှမပါ။ သို့သော် စိတ်ပျက်သည်မရှိဘဲ နေ့တိုင်းရေး နေ့တိုင်းပို့နေခြင်း ဖြစ်ရာ တစ်လကုန်၍ စက္ကူပြောင်းများရောင်းသောအခါ တစ်ထပ်ကြီးဖြစ်နေတတ်သည်။ ထိုစာမူဟောင်းများကို သွားရောင်းသည့် ဆိုင်မှာလည်း နေစိမ့်ထိုင်သည့် အိမ်ဆိုင်ကလေးပင်ဖြစ်ရာ သူက ဘယ်ကမှမရွေးသော ကျွန်တော့်ကဗျာများကိုဖတ်ပြီး သဘောကျနေခဲ့သည်ဟု ဆိုသည်။

သို့ဖြင့် သူနှင့်ကျွန်တော် လူချင်း ရင်းနှီးသွားကြကာ သူပါ ကဗျာအမြောက်အမြား ရေးဖွဲ့လာသည်။ ထို့နောက် ကျွန်တော့်ဘက်က အနုပညာအသိုက်အဝန်းနှင့်ပါ သူ ဆက်မိသွားခဲ့လေသည်။

ထိုစဉ်က ကျွန်တော်တို့တစ်တွေ စွဲစွဲမြဲမြဲ ထိုင်ဖြစ်ကြသော လက်ဖက်ရည်ဆိုင်မှာ မေဓာဝီလမ်းဆုံမှ 'ကျောက်စိမ်းမြတ်' ဖြစ်သည်။ ကျောက်စိမ်းမြတ်က ကျွန်တော်တို့၏ဒဏ်ကိုခံသည်။ Black Coffee နှစ်ခွက်လောက် မှာသောက်ပြီး ရေနွေးကြမ်း တစ်အိုးပြီး တစ်အိုး ကုန်သည်အထိ၊ စားပွဲပေါ်မှာ ဆေးလိပ်ပြာတွေ တောင်လိုပုံသည်အထိ မထတမ်း ထိုင်ကြသော ကျွန်တော်တို့ကို ခွင့်လွှတ်သည်။

သည်ဆိုင်ကလေးမှာပဲ ကျွန်တော်တို့၏ ကလောင်နာမည်များကို ရွေးကြသည်။ ကျေးလက်ကို ချစ်သော ကျွန်တော်က မြန်မာဆန်ဆန် မောင်သာချိုကိုယူသည်။ လူတိုင်းနှင့် ရင်းနှီးလွယ်သောသူကို ခင်လွန်းဟု ပေးသည်။ မထုံတက်သေးနိုင်သော၊ အူကြောင်ကြောင်နိုင်သော သူ့ကိုကား နေစိမ့်ဟု ပေးလိုက်ကြပါသည်။

နောက်တော့ ကျွန်တော်တို့လည်း တက္ကသိုလ်ရောက်၊ နေစိမ့်လည်း ကိုးတန်းရောက်သောအခါတွင်ကား ကျွန်တော်တို့၏ ကဗျာများ မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ရောက်ရှိပြီး ဖြစ်သွားကြလေသည်။

ထိုစဉ်က ကျွန်တော်တို့တန်ဖိုးထားသော မဂ္ဂဇင်းနှစ်စောင်ရှိပါသည်။ မိုးဝေနှင့် ရှုမဝ။ ကိုညိုသစ်၊ ကိုသန်းအုန်းတို့ကိုင်သော မိုးဝေကို ဘဝဆန်သည်ဟု ကျွန်တော် ထင်သည်။ ရှုမဝကို အနုပညာဆန်သည်ဟု ကျွန်တော်တို့ မြင်သည်။ သည်နှစ်စောင်မှာ ဖိရေးသည်။ ထို မိုးဝေမဂ္ဂဇင်း၌ ကျွန်တော်တို့ အစုမှ ဝတ္ထုတို စပါသူမှာ နေစိမ့် ဖြစ်သည်။ 'အရသာ လျှာကသိသည်'

www.nyisay.com





ဟူသော ဝတ္ထုတိုဖြင့် မိုးဝေ၏ နေစိမ့် ဖြစ်သွားသောအခါ ငယ်ပင်ငယ်သေးသော်လည်း သူ့ကို လေးစားမိကြသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူကတော့ အူကြောင်ကြောင်နိုင်ဆဲ။

*

တစ်နေ့တော့ ကျွန်တော်တို့အုပ်စု လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။ ကိုခင်လွန်း၊ ယမုံ၊ ချစ်လွမ်းနွေး၊ နေစိမ့်နှင့် ကျွန်တော်။

ဟိုရောက်သည်ရောက် ပြောကြရင်း ဗီတိုအာဏာနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြောင်း ရောက်သွားသည်။ သည်မှာတင် သူက စကားတစ်ခွန်း မေးလာသည်။ ဗီတိုအာဏာဆိုတာ ဘာလဲ။

သူတစ်ပါးကို နောက်ပြောင်ရာ၌ လက်တွဲညီလှသော ကျွန်တော်တို့က နေစိမ့်ကို အတည်နှင့် နောက်သည်။

''အာဏာနှစ်မျိုးရှိတယ် နေစိမ့်ရ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကို သုံးခွင့်ပေးထားတာ၊ ကုလသမဂ္ဂအမိန့်ပေါ့ ဗီဒိုအာဏာရယ်၊ ကြောင်အိမ်အာဏာရယ်။ ဗီဒိုအာဏာကတော့ နည်းနည်းညင်သာတယ်၊ ကြောင်အိမ်ကတော့ နည်းနည်းကြမ်းတာပေါ့၊ ခုထိတော့ ကြောင်အိမ်အာဏာကို ဘယ်သူမှ သိပ်မသုံးသေးပါဘူး''

သည်စကားကို နေစိမ့်က အတည်ယူသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခု၏အမည်ကိုတပ်ကာ ဆဲသည်။

''ဒီကောင်တွေ သိပ်ဗိုလ်ကျချင်တယ်ဗျာ၊ ကြောင်အိမ်အာဏာ သုံးလာရင် ကမ္ဘာကြီးအတွက် ခက်သေးတယ်''

နေစိမ့်က တက်တခေါက်ခေါက်၊ ကျွန်တော်တို့က အူနှိပ်၍ မဆုံး။ ဒါလည်း သူက သဘောပေါက်ပုံ မရ။

www.nyisay.com



တစ်ခါမှာတော့ နေစိမ့်က ပညာရေးနှင့်ပတ်သက်၍ ကျွန်တော့်ကို မေးသည်။ သည်တုန်းက သူက ရှစ်တန်းအောင်ပြီး ကိုးတန်းတက်ဖို့ ပြင်ဆင်နေဆဲ အချိန်။ ဆယ်တန်းအောင်ရန် ဘာကြောင့် ခက်နေရသလဲ။ စာတွေက ဘယ်လောက် အဆင့်မြင့်လို့လဲ စသည့်မေးခွန်းများပင် ဖြစ်ပါသည်။

ကျွန်တော်က ခြောက်ဘာသာရှိကြောင်း၊ ထိုအထဲတွင် သင်္ချာပါကြောင်း၊ သင်္ချာမှာပင် အက္ခရာ၊ ဂဲသြမေတြီ၊ တြီဂိုဟူ၍ သုံးမျိုးကွဲနေကြောင်း၊ တြီဂိုမှာပင် log ကို ကျက်ရသည်မှာ ခက်လှကြောင်း တန်းတလျားရှင်းပြကာ log စာအုပ်ကို သူ့အား ပြလိုက်ပါသည်။ သူက ရှုပ်ထွေးလှသော log ဇယားများကိုကြည့်ကာ ဒါတွေ ဘယ်လိုကျက်သလဲဟု မေးသည်။

ကျွန်တော်က sin 30 ဘယ်လောက်၊ sin 90 ဘယ်လောက်၊ cos 30 ဘယ်လောက် စသည်ဖြင့် အလွတ်ပြော၍ အဖြေများမှန်နေသည်ကို တွေ့သောအခါ နေစိမ့် အံ့သြသွားသည်။ ဒါ့ကြောင့်လည်း ကိုသာချို တက္ကသိုလ်ရောက်နေတာပဲဟု ချီးမွမ်းသည်။ နောက် သူ ကိုးတန်းရောက်ပြီး log ကိုသင်ရတော့မှ ထိုဒီဂရီများသည် အလွယ်တကူ အသေမှတ်၍ရသည့် ဂဏန်းများဖြစ်ကြောင်း သိပြီး ကျွန်တော့်ကို ဒေါကန်ခြင်းဖြစ်သည်။

တစ်ခါမှာတော့ နေစိမ့်တစ်ယောက် ဝမ်းမြောက်ဝမ်းသာဖြင့် ကျွန်တော်တို့အုပ်စုရှိရာကို ရောက်လာသည်။

''ပုဂ္ဂိုလ်တွေ၊ မြင့်ဦးဦးမြင့်ဆိုတာ ကျွန်တော့်ဘော်ဒါဗျ၊ ခုမှ တစ်ယောက်နဲ့တစ်ယောက် စာရေးမှန်း သိလာကြတာ''

''နေပါဦး၊ ဘယ်မှာ တွေ့လာတာလဲ''

''မေဓာဝီလမ်းဆုံ''

''ဘာလုပ်တယ်တဲ့လဲ''

''ဘာမှ မလုပ်ဘူး၊ အနုပညာသက်သက်ပဲ''

ကျွန်တော်တို့က မဟုတ်နိုင်ကြောင်းကို ဝိုင်းပြောကြသည်။ မြင့်ဦးဦးမြင့်ဟူသည် ဝန်ထမ်းတစ်ယောက်ဟု ကြားဖူးကြောင်း၊ မြောက်ဥက္ကလာသားမဟုတ်ကြောင်း၊ ရှုမဝမှာ ရေးနေသည့် ကဗျာများမှာ အတွေးလှပလှကြောင်း ဝိုင်းဝန်းရှင်းပြကြသည်။

နေစိမ့်က ဟုတ်၊ မဟုတ် စုံစမ်းမည်ဟု ဆိုသည်။ ကျွန်တော်တို့ကလည်း လက်ဖက်ရည်ဆိုင်မှာ ချိန်းခိုင်းလိုက်သည်။ ကျွန်တော်တို့သဘောက

www.nyisay.com



တစေ့တစောင်း အကဲခတ်ပြီး မဟုတ်လျှင် ရှောင်ရန်နှင့် ဟုတ်လျှင် မိတ်ဖွဲ့ကြရန် ဖြစ်ပါသည်။

သို့သော် နေစိမ့်က လက်ဖက်ရည်ဆိုင် ထိုင်ထိုင်ချင်းမှာပင် -

"ကဲ… ကဗျာရေးနည်း ဘယ်နှနည်းရှိသလဲ"

ဟု ဖြောင်မေးချလိုက်ပါတော့သည်။

ထိုသူလည်း ဘာပြောရမှန်းမသိ၊ ကျွန်တော်တို့လည်း မျက်နှာ ဘယ်ထားရမှန်းမသိဖြင့် လက်ဖက်ရည်ဝိုင်းမှာ တိတ်ဆိတ်သွားပါသည်။ နောက်ရက်များ၌ ထိုပုဂ္ဂိုလ်နှင့် တွေ့သောအခါ နှုတ်ဆက်ရအခက်၊ ရှောင်ရအခက်နှင့် ပုံမှန်အနေအထား ရောက်အောင် မနည်း အချိန်ယူခဲ့ရဖူးပါသည်။ ယင်းကား နေစိမ့်၏ မြင့်ဦးဦးမြင့် အတုချွတ်ခန်း။

မှတ်မှတ်ရရ ကျွန်တော်တို့အစုကလေးတွင် သမီးရည်းစားကို သမီးရည်းစားပီပီသသ စ၍ထားသောသူမှာ နေစိမ့်ဟု ဆိုနိုင်ပါသည်။ ယခု သူနှင့် ပေါင်းသင်းနေသော ဇနီးသည်နှင့် နေစိမ့်တို့ သမီးရည်းစားဘဝတွင် ကျွန်တော်တို့က အကြံပေးများ ဖြစ်သည်။ တစ်ခါတွင် နေစိမ့်က သူတို့၏ သမီးရည်းစားဘဝသည် ခြောက်ကပ်ကပ်နိုင်လှသည်ဟု ညည်းသည်။

ရှင်းပါသည်။

နေစိမ့်ကလည်း အရက်မသောက်၊ ကွမ်းမစား၊ ဆေးလိပ် မသောက်၊ ရည်းစားမပွေ။ ကောင်မလေးက အရိုးခံ။ သည်တော့ အားလုံး ကောင်းပါသည် ဇာတ်လမ်းကြီးမှာ လေးတွဲ့တွဲ့ကြီး ဖြစ်နေသည်။

"လမ်းဆိုတာ အကွေ့ရှိရတယ် နေစိမ့်ရ။ မင်းတို့က စင်းလွန်းတယ်၊ ဒီညနေ တွေ့ဖို့ရှိတယ် မဟုတ်လား၊ အရက်သောက်သွားကွာ"

"ကျွန်တော် မသောက်တတ်ဘူး ကိုသာချို"

ကျွန်တော်က နေစိမ့် အရက်သောက်သွား၊ ကောင်မလေးက သိတော့ စိတ်ဆိုး၊ ပြဿနာတစ်စုံတစ်ရာဖြစ်ပြီး မခေါ်မပြောဖြစ်ကြ၊ သူက ပြန်တောင်းပန် စသည်ဖြင့် ဇာတ်လမ်းကို နည်းနည်းလှုပ်သွားစေချင်သည်။ သို့သော် သူက မသောက်တတ်ဟု ဆိုသောအခါ ဘယ်လို လုပ်ရမည်မသိ ဖြစ်သွားသည်။

"ဒီလိုလုပ်၊ တစ်ပက်လောက်ဝယ်ပြီး ပါးစပ်ထဲမှာ နည်းနည်းငုံထား၊ ပြီး ပြန်ထွေးပစ်လိုက်၊ ပြီးမှ သွားတွေ့"

"ဟုတ်တယ်၊ အဲဒီအကြံကောင်းတယ်"

www.nyisay.com



သို့ဖြင့် အဆူခံချင်လွန်းသော နေစိမ့်တစ်ယောက် သူ့ကောင်မလေးနှင့် သွားတွေ့ပါသည်။ နောက်တော့ ကျွန်တော့်ဆီ ပြန်လာပြီး ဘာမပြောညာမပြော နှင့် ကြမ်းပြင်ပေါ် ပက်လက်လှန်လှဲချကာ ရင်ဖွင့်ပါတော့သည်။

''ကျွန်တော့်ဆီက အရက်နံ့ကို သူ မရဘူး ကိုသာချို''

''မင်း အနားမကပ်ဘူးလား''

''ကပ်တာပဲဗျာ၊ သူက ဘာမှ မပြောဘူး''

''နောက်တစ်ခါပေါ့ကွာ၊ ဘာတတ်နိုင်မှာလဲ''

''ဟာ… နောက်တစ်ခါ မနေတော့ဘူးဗျာ''

''ဒါဖြင့် မင်း ဘယ်လိုလုပ်ခဲ့လဲ''

''ကိုယ့်ပါးစပ်ကို နမ်းကြည့်စမ်း၊ ဘာစော်နံလဲ ဟား… ဆိုပြီး လုပ်လိုက်တယ်ဗျာ၊ အဲတော့မှ သူက အရက်စော်လား မသိဘူးတဲ့၊ ဒါနဲ့ ကျွန်တော်က ကိုယ်မှားပါတယ် အချစ်ရယ်၊ နောက် မသောက်တော့ပါဘူးဆိုပြီး တောင်းပန်ခဲ့ရတယ်ဗျာ''

''သေကွာ''

ကျွန်တော်သည် ပြဿနာကို မနည်းရှင်းခဲ့ရဟန်ဖြင့် ပက်လက်လှန်ကာ လှဲနေသော နေစိမ့်ကိုကြည့်ပြီး အူတက်အောင် ဟားတိုက်မိပါတော့သည်။ ဤသို့ ဤနှယ် မထုံတက်သေးနိုင်လှသော နေစိမ့်တစ်ယောက် ငယ်စဉ်ကသာ ဤသို့ ဖြစ်ခြင်းဖြစ်ပြီး ကြီးလာလျှင်တော့ ဤအကျင့်များ ပျောက်သွားလိမ့် မည်ဟု ထင်ထားခဲ့သည်။ သို့သော် မပျောက်ပါ။

သူ့ကဗျာ မဂ္ဂဇင်းတွေပေါ်မှာ တော်တော်များများ ဖော်ပြခံရပြီးနောက် ပိုင်း၊ သူလည်း အိုးနှင့်အိမ်နှင့် ဖြစ်သွားပြီးနောက်ပိုင်း တစ်ရက်မှာ လေထန် ကုန်းမှာ ထိုင်ဖြစ်ကြသည်။ သည်တုန်းက စာရေးဆရာ နေဝင်းမြင့် ဝိုင်းထဲ ဝင်လာသည်။ ကိုနေဝင်းမြင့်က နေစိမ့်ကဗျာတွေကို ကြိုက်ပြီး နေစိမ့်ကို စိတ်ဝင်စားသည်။

''ကိုနေစိမ့် ကျောင်းနာမည်က''

''လွယ်ပါတယ်ဗျာ၊ အ-ထ-က(၁) မြောက်ဥက္ကလာပေါ့''

ထိုစဉ်က ကြောင်တွေတွေဖြင့် နေစိမ့်ကို ငေးမော ကြည့်နေသော ကိုနေဝင်းမြင့်မျက်နှာကို ကျွန်တော် မမေ့တော့။ ကျွန်တော်က ကြားက မနေနိုင်ဘဲ -

www.nyisay.com



''မင်းနာမည်အရင်းကို မေးနေတာကွ''

ဟုဆိုမှ -

''ဩော် အေးနိုင် အေးနိုင်''

ဟု အလန့်တကြား သူ ထပြောသည်။

အေးတိအေးစက် မျောပါနေသော ရေခဲတစ်တုံး။

*

စားပွဲပေါ်မှာက မန္တလေးရမ်ပုလင်း။ နောက်… ဆော်ဒါပုလင်းတချို့၊ ကြက်ကြော်၊ ကိုက်လန်၊ မှိုကန်စွန်း၊ စီးကရက်ဘူးနှင့် ဖစ်ပိုမီးခြစ်။ ဒါတွေ အားလုံးကို နေစိမ့်က စီမံပေးထားခြင်းဖြစ်သည်။

သည်လိုဝိုင်းမျိုးမှာ မကြာမကြာဆုံခွင့်ရသူတွေက ကျွန်တော်၊ ကိုခင်လွန်း၊ ယမုံ၊ ဇောင်းထက်၊ ကိုအောင်ပွင့်၊ ကိုသင်းခိုင် စသည်စသည်များ။ ထိုဝိုင်းမျိုးတွေမှာ နေစိမ့် အဓိကထားပြောသည့် စကားများက သူ အရင်းရှင် မဟုတ်ကြောင်း။ ကျွန်တော်ကတော့ ထိုဝိုင်းမျိုးရှိလျှင် အရင်းရှင် မဟုတ်ကြောင်းရှင်းပွဲဟု ကင်ပွန်း တပ်သည်။

စင်စစ် သူ့ကို အရင်းရှင်ဟု ကင်ပွန်းမတပ်ပါ။

သူကလည်း သူ့ကိုယ်သူ ကွမ်းခိုင်ဖွင့်ထားရခြင်းကို မလုံမလဲ ဖြစ်နေခဲ့သည်။ မိသားစုမှာ သူ အကြီးဆုံး။ ဒါကြောင့် ဆယ်တန်းအောင်အောင် ဖြေမနေတော့ဘဲ ညီတွေ၊ ညီမတွေ တက္ကသိုလ်တက်ရေးအတွက် သူ့ဖခင်၏ လက်ငုတ်လက်ရင်းဖြစ်သော ကွမ်းခိုင်ကို ဆက်ဦးစီးသည်။

ပထမ ကီလီ၊ နောက် သီရိမင်္ဂလာဈေး။ အောက်အရပ်က ထွက်သမျှ ကွမ်းများကို ကောက်ကာ အညာမြို့များသို့ တင်ပို့ပေးခြင်း ဖြစ်သည်။ ဝင်ငွေ အသင့်အတင့်ရှိမှန်းလည်း ကျွန်တော်တို့က သိသည်။ ဒါကို သူက မလုံမလဲ ဖြစ်သည်။ ဒါကြောင့်လည်း ထိုဝိုင်းမျိုးတွေကို မေ့လောက်လျှင် တစ်ခါ ကျင်းပသည်။

ကျင်းပတိုင်းလည်း သူပြောတတ်သည့်စကားက -

''ခင်ဗျားတို့က ကျွန်တော့်ကို အရင်းရှင်ထင်နေလား''

ဒါပဲ ဖြစ်ပါသည်။

*

www.nyisay.com



အပြင်ဘက်မှာ အညာမိုးက သွန်းချလာပြန်သည်။ လွှင့်နေအောင် မြင့်သော လက်ပံပင်ကြီးက လေထဲမှာ ယိမ်းခါ၍နေသည်။

မိုးနှင့်အတူ ရောက်လာသောသူ့ကိုကြည့်ကာ တစ်ခုသောမိုးကို ကျွန်တော် သတိရလာပြန်ပါသည်။

သည်တုန်းကလည်း မိုးတွေရွာလျက်၊ လေတွေတိုက်လျက်၊ မိုးထဲမှာ လူတွေလှုပ်ရှား သက်ဝင်လျက်။ အချိုးအကွေ့မိုးများ။

မိတ်ဆွေကဗျာဆရာက ကဗျာအရွတ်ကောင်းသူ ဖြစ်သည်။ သူက နေစိမ့်နှင့် မင်းထက်မောင်ကို ဟာမိုနီလိုက်ခိုင်းသည်။ ကျွန်တော်က မုန်တိုင်းထဲက ကဗျာတစ်ပုဒ်ဟု အလှဗေဒဖြင့် အမည်ပေးသည်။ တစ်ခါက မိုးရေစက်များ။ မုန်တိုင်းမိုး။


အညာမိုးက စဲသွားပြန်ပါပြီ။

နေစိမ့်က ဆေးလိပ်ကိုဖွာရင်း အပြင်ကို ငေးရီ၍ နေသည်။ ဘောဂဗေဒတစ်ဝက်၊ အလှဗေဒတစ်ဝက်ဖြင့် ရောက်လာသော ကျွန်တော်၏ညှိသည်ကို ကျွန်တော် ဘာစာအုပ်ဖြင့် ညှိခံရမည် မသိ။ မြန်မာ့ခနေလား၊ အနာဂတ်အတွက် ကဗျာစာအုပ်လား မသိပြီ။

*ကြူးပစ်မဂ္ဂဇင်း*

မေလ၊ ၁၉၉၅။

❑


MAUNG NOBE

# မောင်ဒီ
## (အို… မောင်ဒီ)

ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်က နောက်လ ကောက်ကြောင်း ဘယ်သူလဲဟု မေးလာသည်။

ကျွန်တော်က ပန်းချီမျိုးညွန့်ဟု ဖြေတော့ ထိုမိတ်ဆွေ အံ့ဩသွားဟန် တူသည်။ သူက မြဝတီမဂ္ဂဇင်းတွင် ဆောင်းပါးရှင် ကောင်းညွန့် ရေးနေသည့် **မဂ္ဂဇင်းသရုပ်ဖော် ပန်းချီဆရာများ** တွင် ပန်းချီမျိုးညွန့် ပါပြီးဖြစ်ရာ ကျွန်တော် ကောက်ကြောင်းရေး၍ မသင့်တော့ကြောင်း ထောက်ပြ ဆွေးနွေးခြင်း ဖြစ်ပါ သည်။

မှန်ပါသည်၊ ကောင်းညွန့်၏ မဂ္ဂဇင်း သရုပ်ဖော် ပန်းချီဆရာများတွင် ပန်းချီမျိုးညွန့်အကြောင်း ကကြီးမှ အ အထိ ပါပြီး ဖြစ်ပါသည်။ မွေးသက္ကရာဇ်၊ မိဘမျက်ရည်၊ ဇာတိချက်ကြွေ၊ ပန်းချီစသင်သောနှစ် စသည် စသည်များ။

သို့သော်လည်း ကျွန်တော့် ကောက်ကြောင်းနှင့်ကား မတူနိုင်ပါ။ ကျွန်တော်က ထိုလူပုဂ္ဂိုလ်တို့၏ အချက်အလက်ပိုင်းကို စိတ်မဝင်စားလှ။ ထိုသူတို့၏ လိပ်ပြာကိုချစ်သည်။ ရင်ခုန်ပုံကို စိတ်ဝင်စားသည်။ သက်ဝင်မှုကို အကဲဖမ်းသည်။ စိတ်ကူးစိတ်သန်း ဆုပ်ဖမ်းမရနိုင်သော သူတို့၏အသက်ရှူပုံကို မြတ်နိုးသည်။

ထို့ကြောင့် မင်းသစ်၊ မင်းသိုက်မွန်တို့ အပြီးတွင် မောင်ဒီ ခေါ် ပန်းချီ မျိုးညွန့်သည် ကျွန်တော့်ကောက်ကြောင်းတစ်ခု ဖြစ်လာရပြန်ပါသည်။

*

မောင်ဒီဆိုသော နာမည်သည် ကျွန်တော်တို့ ဟိုး ခပ်ငယ်ငယ်ကတည်း ကပင် ရင်းနှီးခဲ့ရပြီး ဖြစ်သည်။

www.nyisay.com



ကျွန်တော်တို့ငယ်ငယ်က သင်ရသော ဖတ်စာထဲမှာ မောင်ဒီနာမည်ပါသည်။ မောင်ဒီ ဆိုတာက အရိုင်း။ တောတွင်းသား။ တွံတေးတောတန်းကြီး တစ်လျှောက်မှာနေသည်။

တစ်နေ့ ထိုတောတန်း၏ ပင်လယ်ကမ်းပါးမှာ သင်္ဘောတစ်စင်း ဆိုက်ကပ်လာသည်။ မွန်ဘုရင်ကြီး၊ မွန်မင်းသမီးနှင့် အခြွေအရံများ၊ ထိုစဉ်က မွန်ဘုရင်ကြီးမှာ ခေါင်းကိုက်ရောဂါ စွဲကပ်နေသတဲ့။ ဒါကို တောတွင်းသား အရိုင်းကလေး မောင်ဒီက ကုပေးသတဲ့။ ပျောက်သတဲ့။ သည်တော့ မွန်မင်းသမီးလေးက ကျေးဇူးတင်ပြီး မောင်ဒီ့ကို ချစ်ရေးဆိုသတဲ့။

မောင်ဒီက ပြေး၊ မင်းသမီးက လိုက်။ တစ်နေရာမှာ လက်ချင်း ခိုက်မိသည်ကို အစွဲပြုပြီး 'လက်ခိုက်' ကျေးရွာတဲ့။ မောင်ဒီက ကြိုက်ဘူး၊ မင်းသမီးက ကြိုက်ပါဟု ငြင်းကြ ခုံကြတဲ့ နေရာကို အစွဲပြုပြီး 'ကြိုက်ဘူး ကြိုက်ပါ ဘုရား' တဲ့။ ထိုလက်ခိုက်ရွာတို့၊ ကြိုက်ဘူးကြိုက်ပါဘုရားတို့ကို ကွမ်းခြံကုန်း ဒလ ကားလမ်းပေါ်မှာ တွေ့နိုင်သည်။

ပြီးတော့ ဒေးဒရဲ၊ အင်္ဂလုံး စသော မွန်ကျေးရွာစဉ်များ။ ကျွန်တော်တို့ ငယ်ငယ် ကွမ်းခြံကုန်း-ဒလ ကားလမ်းကို ဖြတ်၍ ဖြတ်၍ သွားရတိုင်း၊ ရွာတွေ၊ ဘုရားတွေကို မြင်ရတိုင်း ထိုဖတ်စာထဲက မောင်ဒီ့အတိတ်တွေက အရိပ်လို ကပ်ငြိခဲ့မြဲ ဖြစ်သည်။

ပုံပြင်ထဲက မောင်ဒီနှင့် ဝေးခဲ့ပြီးနောက် လောကသားမောင်ဒီနှင့် ဆုံရသော ထို ပန်းချီမောင်ဒီ ခေါ် မျိုးညွန့်က ကျွန်တော့်ကို ပုံပြင်နှယ် ဖမ်းစားတိမ်းမူးစေခဲ့ပြီ။ မောင်ဒီ့ကောက်ကြောင်း အစအနများပင်တကား။

*

ကျွန်တော့်တွင် မောင်ဒီ အင်ထရိုဒတ်ရှင်း (Introduction) တွေ တော်တော်များများ ရှိခဲ့ပါသည်။

ခေတ်သစ်အဆိုတော် ခင်ဝမ်းက သူ၏တေးတစ်ပုဒ်ကို အို… မောင်ဒီ ဟု ပေးဖူးသည်။

''အို… မောင်ဒီ… ခင်ဗျားနဲ့ ကျွန်တော် လမ်းကြိုလမ်းကြား… လျှောက်သွားတုန်းက… အကြောင်းတွေ…'' စသော လူငယ်ကြိုက် တေး တစ်ပုဒ်။ ထို မောင်ဒီကား ပန်းချီမောင်ဒီ ခေါ် မျိုးညွန့်။ ၃၈ လမ်းထိပ်ကို

www.nyisay.com



ဖြတ်သွားတိုင်း ကျွန်တော့်အနုပညာ မိတ်ဆွေတစ်ယောက်က ခရေလက်ဖက်ရည် ဆိုင်တွင် ခပ်မှိန်မှိန်ထိုင်နေသော လူတစ်ယောက်ကို လက်ညှိုးညွှန်ပြီး 'အဲဒါ မောင်ဒီပေါ့' ဟု ပြဖူးသည်ကို မှတ်မိ၏။

ထို မောင်ဒီသည်လည်း ပန်းချီမောင်ဒီ ခေါ် မျိုးညွန့်။

ဟိုး... ၁၉၇၁ ခုနှစ်တစ်ဝိုက် ရန်ကုန်ဘဆွေဦးစီးခဲ့သော ရုပ်ရှင် ချစ်သူမဂ္ဂဇင်းများ ပြန်ရှာဖတ်တော့ မောင်ဒီကလောင်ဖြင့် ကဗျာတော်တော် များများ တွေ့သည်။ ထိုမောင်ဒီသည်လည်း ပန်းချီမောင်ဒီ ခေါ် မျိုးညွန့်။

ထို မောင်ဒီနှင့် ကျွန်တော်တို့သည် ၁၉၈၀ ပြည့်နှစ်လွန် သည်ဘက် နှစ်များတွင်းမှာ လူချင်း ရင်းနှီးမိခဲ့ကြပေသည်။

*

တစ်ခါကတော့ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း) ညနေခင်း လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ကျွန်တော်၊ ကိုဒီ၊ ပိုပိုနှင့် ကိုခင်လွန်းတို့ ထိုင်နေဖြစ်ကြသည်။ လက်ဖက်ရည်တစ်ငုံ၊ ဘိန်းမုန့်တစ်ဖဲ့၊ အကြမ်းတစ်ခွက် နှင့် ညနေ။

ကိုဒီက ကျွန်တော့်ကို ခေါင်းတညိတ်ညိတ်လုပ်ပြီး ပြုံးကြည့်နေ ခဲ့သည်။

''ကျွန်တော် ရုပ်ရှင်ရိုက်ချင်တဲ့ လူနှစ်ယောက်ရှိတယ်ဗျ၊ ဒါရိုက်တာ ကိုမိုးသူရယ်၊ ခင်ဗျားရယ်ပဲ ကိုသာချို၊ တကယ်ပြောတာ၊ ကိုမိုးသူကိုတော့ သိုင်းကားတွေ ရိုက်ချင်တယ်၊ ခင်ဗျားကိုတော့ ဂျာမန်စစ်ကားရိုက်ချင်တယ်''

ကိုဒီ့စကားဆုံးတော့ အားလုံးက ခပ်ဟဟ ဝိုင်းရယ်သည်။ ကျွန်တော့် မှာကား မျက်နှာမထားတတ်တော့။

ကိုဒီကား ကျွန်တော့်ကို လူကြမ်းအဖြစ်မြင်သည်။ အရိုင်းအဖြစ် မြင်သည်။ ကိုဒီ့အမြင်ကိုကား ကျွန်တော်မငြင်းပါ။ ကိုဒီနှင့် နှိုင်းယှဉ်လျှင် ကျွန်တော်သည် ကြမ်းနေ ရိုင်းနေပါလိမ့်မည်။

ကျွန်တော်က သွေးဆူသည်။ လူတစ်ယောက်ယောက်သည် မဟုတ် မတရား လုပ်ခွင့်သာနေပုံမျိုး၊ ခပ်ချောင်ချောင်နှင့် ထမင်းစားနေရပုံမျိုး၊ မျက်ခုံးမွေးပေါ် စကြဲလျှောက်ခွင့် ရနေပုံမျိုးပေါ်နေမည် ဆိုသည်နှင့် ရန်ရှာ ချင်သည်။ ရန်စချင်သည်။ ကိုယ်ထိလက်ရောက် တုံ့ပြန်ရပုံမျိုးကို အမုန်တရား

www.nyisay.com



ထင်သည်။ ခွင့်မလွှတ်စတမ်း။ ကိုဒီကား ကျွန်တော်တို့နှင့် ပြောင်းပြန်။ အရာရာကို ခွင့်လွှတ်ပြီး (သက်ဝင်မှု)ကျကျ ရင်ဆိုင်ချင်သူ။

ကိုဒီ့အတွက် ကြိယာဝိသေသနတွေ များစွာရှိပါသည်။ အေးအေးဆေးဆေး၊ ငြိမ်းငြိမ်းချမ်းချမ်း၊ တွေးတွေးဆဆ၊ ပေါ့ပေါ့ပါးပါး၊ တိတိပပ၊ ယုံယုံကြည်ကြည်၊ မှန်မှန်ကန်ကန်၊ ခက်ခက်ခဲခဲ စသည်များ။

*

လူတစ်ယောက်အတွက် အရေးကြီးဆုံးသော မေးခွန်းတစ်ခု ရှိပါသည်။ 'ဘာလုပ်ဖို့ လူဖြစ်လာသလဲ' ဟူသည့်မေးခွန်း။

ကဗျာရေးဖို့၊ ဝတ္ထုရေးဖို့၊ ဆေးကုဖို့၊ ဓာတ်လိုက်လုပ်ဖို့၊ တေးသီဆိုဖို့ စသော အဖြေများလည်း အထွေထွေရှိပါသည်။

သည်အဖြေတစ်ခုခုကို ရွေးချယ်ဖို့လည်း လူတိုင်းမှာ တာဝန်ရှိပါသည်။ အလွယ်တကူ ဖြေလို့ မရ။ ရည်ရွယ်ချက်ရော၊ ကိုယ်တိုင်ရဲ့ စွမ်းရည်ရော ပေါင်းပြီးမှ မိမိ ဘယ်နေရာမှာ ရှိသလဲဆိုတာကို ပြောဆိုဖို့ ဖြစ်ပါသည်။

ကိုဒီတွင်ကား အဖြေရှိပြီး ဖြစ်ပါသည်။ ပန်းချီသည် မောင်ဒီ၊ မောင်ဒီသည် ပန်းချီပေပဲပေါ့၊ ပန်းချီဆွဲဖို့ မွေးဖွားလာသူတွေ လက်ချိုး၍ရသည့် အထဲမှာ ကိုဒီ အခိုင်အမာ ပါပါသည်။

တစ်ခါက မဂ္ဂဇင်းတိုက်တစ်ခုမှာ ကိုဒီနှင့် ဆုံပါသည်။ ကျွန်တော်က နံရံပေါ်မှ ရောင်းတမ်းဝင် ဝတ္ထုစာအုပ် ကြော်ငြာလှလှတစ်ခုကို ညွှန်းပြီး -

"ဆရာ ဒီ… အဲဒီပုံကို အခုနေ ဆရာဒီဆွဲမယ်ဆိုရင် အလွယ်တကူနဲ့ ရမလား၊ ကျွန်တော် သိချင်တယ်ဗျာ၊ မဆွဲတတ်တာလား၊ မဆွဲချင်တာလား၊ ဆွဲကော ဆွဲဖူးခဲ့လား၊ လုပ်စမ်းပါ"

မေးထိုက်သော မေးခွန်းလား၊ မမေးထိုက်သော မေးခွန်းလားတော့ မသိ။

ကိုဒီမှာ တော်တော်ကြာကြာ ငြိမ်နေသည်။ မေးရိုးကားကား၊ မျက်တွင်းကျကျ၊ နှုတ်ခမ်းမွေးထူထူနှင့် မျက်လုံးပုတ်ခတ်ပုတ်ခတ်၊ ဘုန်းကြီးကျောင်းသား အကြီးစားရုပ်မျိုး။

"ဒါက တော်တော်ရှည်ရှည် ပြောရမယ့်ဟာပဲ ကိုသာချို"

"လုပ်ပါ ဆရာဒီရဲ့၊ ဘာဖြစ်လဲ"

www.nyisay.com



ကိုဒီက နံရံပေါ်က အပေါ်စား စီးပွားဖြစ် စာအုပ်ကြော်ငြာကို တစ်ချက်လှမ်းကြည့်ပြန်သည်။

“ဒါမျိုးကို ကော်မာရှယ်ပန်းချီ ခေါ်တယ်ဗျ။ ဒီလို ကိုသာချိုရာ၊ ကျွန်တော် ရန်ကုန်ရောက်ပြီး အနုပညာဝန်ထောက် ဆရာ ဦးစံဝင်းနဲ့ တွေ့တယ်၊ မတွေ့ခင် ဘဝတွေကတော့ ထားပါတော့ဗျာ၊ တိုတိုချုံ့ပြောရရင် ဆရာ ဦးစံဝင်း ဆီသွားပြီး ကျွန်တော့်ပန်းချီကားကလေးတွေ သွားပြတယ်ဗျ၊ အဲတော့ ဦးစံဝင်း က ဘာပြောသလဲဆိုတော့ မင်းဟာက ကော်မာရှယ်တွေပဲကွတဲ့။ ကျွန်တော် ကလည်း အဲဒါကို မခံချင်ဆုံးပဲဗျာ၊ Fine လို့ပဲ ပြောစေချင်တယ်။ ဒါကို မကျေနပ်နိုင်ဘူး။

နောက်တစ်ကားထပ်ဆွဲပြီး တစ်ခါသွားပြန်ပြတာပေါ့၊ အဲဒါလည်း ဆရာဦးစံဝင်းက ကော်မာရှယ်ပဲ ပြောတာပဲ။ တစ်ခါ ကျွန်တော့်လက်ကို ကျွန်တော် အတင်းဖျက်ပြီး Fine မဖြစ် ဖြစ်အောင်ဆွဲပြီး သွားပြန်ပြတာပဲ၊ ဒါလည်း ဆရာက ရယ်ပြီး မင်းလက်က ကော်မာရှယ်လက်တဲ့၊ ကျွန်တော့်မှာ ဝမ်းနည်းလိုက်ရတာဗျာ၊ ဒါ··· ကျွန်တော့်ငယ်လက်ပေါ့၊ ခု ဒါတွေ ကျွန်တော် ဖျောက်လိုက်ပြီ၊ ဒါဆို ဒီ ကော်မာရှယ်ပန်းချီ ဆွဲနိုင်၊ မဆွဲနိုင် ခင်ဗျား မေးစရာ မလိုတော့ဘူးပေါ့”

အားလုံးက ကိုဒီ၏ နွမ်းနွမ်းပါးပါး အရိပ်အငွေ့များကို ငေးကြည့်နေကြသည်။

ကျွန်တော်ကတော့ ကိုဒီ အမြဲတမ်းဝတ်သည့် အင်္ကျီလက်တို ဖြူဖြူဝယ် အမြဲတမ်း ပိန်ကပ်နေသော အိတ်ကပ်လေးကို ငေးကြည့်နေမိသည်။

တစ်ဒါဇင် နီးပါးရှိသည့် သူ့ကလေးများ။ သယ်န်းကျွန်း ငမိုးရိပ် လူနေအိမ်ခြေ ရွှံ့နွံဗွက်အိုင် အိမ်အိုအိမ်ရွဲ့ကလေးများ။ ကိုဒီ၏ မလှမပ ဘဝအရိပ်များမှာ ရှည်လျားလွန်းလှပါသည်။

*

တစ်ခါကတော့ ကိုဒီ၏ စားဝတ်နေရေး အဆင်မပြေမှုများနှင့် ပတ်သက်ပြီး ကျွန်တော်က အားမလိုအားမရ ပြောဖူးသည်။

“ဆရာဒီ ငွေရှာသင့်တယ်ဗျ၊ ဆရာဒီ့ အသိအမြင်တွေ အတတ်ပညာတွေကို ဖျက်ပြီး ပိုက်ဆံရှာပါလားဗျာ”ဟု။

www.nyisay.com



ကိုဒီကား ခပ်မဆိတ်၊ ပြုံးလဲ့လဲ့နှင့်ပဲ ကျွန်တော့်ကို ကြည့်သည်။ ကိုဒီ့ အကြည့်မှာ အဓိပ္ပာယ်များစွာ ပါဝင်သည်။ ထိုအကြည့်နှင့် သူ့ဘဝ တစ်လျှားကို ကျွန်တော် အတန်အသင့်တော့ နားလည်ထားပါသည်။

ကျွန်တော် ပုဂံညောင်ဦးရောက်တော့ ဖူးဘုရားခြေရင်းကနေ ဧရာဝတီ ကို ထိုင်ကြည့်နေခဲ့ဖူးသည်။ ဟိုးဘက် တစ်ဖက်ကမ်းပါးပေါ်မှာ ဧရာဝတီရဲ့ တောအုပ်အုပ် ရွာငယ်ကလေးတွေကို လှမ်းတွေ့နေရသည်။ ဟိုး တော်တော် လှမ်းလှမ်းမှာ သရက်တောတဲ့။ မြစ်ခြေသရက်တော။ ကိုဒီ့မွေးရပ်ဇာတိ သရက် တောပေပဲပေါ့။

ထိုသရက်တောကနေ ၁၉၅၉-၆၀ ပြည့်နှစ်လောက်က ကိုဒီ ထွက်ခဲ့ သည်။ မန္တလေးက ဗဟိုစည်သတင်းစာမှာ ကာတွန်းဆရာ အလျင်ဝင်လုပ်သည်။ ထို့နောက် ရန်ကုန်က ကြော်ငြာဌာနတစ်ခုနှင့်ဆက်မိပြီး ရန်ကုန်ကို တက်လာ သည်။ ရန်ကုန်အရောက်မှာတော့ ထိုကြော်ငြာဌာနက ဖျက်သိမ်းပြီး ဖြစ်နေခဲ့ပြီ။

"ဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့ ကိုသာချိုရာ၊ ဒါပေမဲ့ ကျွန်တော်က ကာတွန်း ဦးအောင်ရှိန်နဲ့ ရင်းနှီးတယ်ဗျ၊ ကာတွန်းဦးအောင်ရှိန် မန္တလေးလာတုန်းက ဆရာမြမျိုးလွင်အိမ်မှာ စားကြသောက်ကြ ဝိုင်းဖွဲ့ကြပေါ့၊ အဲဒီအဆက်ကလေးရှိထားတော့ ဆရာဦးအောင်ရှိန်ကို အကူအညီတောင်းရတာပဲ၊ အဲဒီမှာပဲ စားအိမ်သောက်အိမ် နေအိမ်ဖြစ်သွားတယ် ဆိုပါတော့"

စသည်ဖြင့် ကိုဒီ ပြော ဖူးသည်။



ထို့နောက်တွင်တော့ ကွယ်လွန်သူ စာရေးဆရာ မိုးဝေ က ကိုဒီ့ကို မဂ္ဂဇင်း ပန်းချီ လောကထဲ ဆွဲသွင်းသွားခဲ့လေ သည်။

"ခင်ဗျားနယ်... ငွေ ကတော့ သောက်သောက်လဲ ရတာပဲ၊ ပန်းချီကျောင်းတွေ ဘာ တွေလည်း ကျွန်တော်က တက် ဖူးတာ မဟုတ်ဘဲနဲ့ တစ်လ

www.nyisay.com



တစ်ထောင် နှစ်ထောင်စီတယ်ဆိုတာ ဟိုခေတ်အခါငွေတန်ဖိုးနဲ့ ခင်ဗျားမှန်းသာ ကြည့်ပေတော့။ အဲဒီတုန်းက Women ထဲက မိန်းမပုံတွေကို မြန်မာအဝတ်အစားတွေ ဝတ်ပေးပြီး ဆွဲနေတာပေါ့။

ဒါပေမဲ့ ၆၅… အင်း… ၆၅ ခုနှစ်လောက်ပါပဲ၊ ကျွန်တော် စိတ်ပြောင်းသွားတယ်၊ ကမ္ဘာ့ပန်းချီတွေနဲ့ သွားတွေ့တယ်၊ ပီကာဆို၊ ဂေါဂင်၊ ဗန်ဂိုး၊ ရေနွား၊ စေဇန်း အများကြီးဗျာ၊ ဒီမှာတင် ငါ ပန်းချီကားပဲရေးမယ်၊ အပေါစား မဂ္ဂဇင်း သရုပ်ဖော်မရေးဘူး ဆိုပြီး အခိုင်အမာ ဆုံးဖြတ်ခဲ့တယ်။ အေးဗျာ… Women ကို တွေ့သွားပြီး ဗန်ဂိုးတို့လည်း ဝင်လာရော ကျွန်တော် ငတ်တာပါပဲ၊ ကျွန်တော် အများကြီး တင်းခံခဲ့တယ် ကိုသာချို၊ အဲဒီတုန်းက လမ်းဘေးမှာ ကျွန်တော် စာအိတ်လေးတွေတောင် ရောင်းဖူးခဲ့တယ်။

တစ်နေ့မှာ မှတ်မှတ်ရရ ကျွန်တော် စာအိတ်ရောင်းနေတယ်၊ ကျွန်တော့် မိန်းမကလည်း ကလေးကိုချီပြီး ဘေးမှာ ရပ်လို့။ လူတစ်ယောက်ဗျာ၊ လူကြီး လူကောင်းပါပဲ။ အစိတ်ထုပ် တစ်ထုပ်ကို ဘယ်လောက်လဲတဲ့၊ ကျွန်တော်က နှစ်ကျပ်ခွဲလို့ ဆိုတော့ တခြားမှာ နှစ်ကျပ်ရတယ်တဲ့၊ ဒီလိုနဲ့ နှစ်ကျပ်ခွဲနဲ့နှစ်ကျပ် တော်တော်လေး ငြင်းပြီးတော့ သူထွက်သွားတယ်။

ခဏကြာတော့ သူတစ်ခါ ပြန်လှည့်လာတယ်၊ လာပြန်ဝယ်တာဗျ၊ ပါးစပ်ကလည်း ပြောလိုက်သေးတယ်၊ တခြားမှာ တကယ်နှစ်ကျပ်ရတယ်တဲ့၊ သက်သက် ဝယ်တာတဲ့၊ ဟောဟိုမှာ မင်းမိန်းမချီထားတဲ့ ကလေးမျက်နှာကြောင့် ဝယ်တာ တဲ့၊ ကျွန်တော့်ရင်ထဲ ကြေကွဲလိုက်ရတာ ကိုသာချိုရာ။ ဒါနဲ့ ကျွန်တော် ကော်မာရှယ်တစ်ဝက်၊ Fine တစ်ဝက် လုပ်မယ်ဆိုပြီး မဂ္ဂဇင်းတွေဘက် စိတ်လည်လာပြန်တာပဲ''

ဘာပဲဖြစ်ဖြစ် ကိုဒိုပုံများနှင့်ပတ်သက်၍ သဘောမကျနိုင်သူများလည်း ရှိပါသည်။ ကဗျာဆရာ ကိုဖြိုးထိန်က…

''ကိုဒို ပုံတချို့တော့ ကျွန်တော်မကြိုက်ဘူးဗျာ၊ ကဗျာသရုပ်ဖော်ပုံဗျာ၊ တြိဂံလေးတွေ၊ လေးထောင့်လေးတွေ၊ စက်ဝိုင်းတွေနဲ့ ကိုဆွေတင့် စိတ်ညစ်မယ် ဆို ညစ်လောက်တယ်ဗျ''ဟု ပြောဖူးသည်။

မှန်ပါသည်၊ စီးပွားရေး ရောင်းတမ်းဝင် အားနည်းလွန်းတော့ ကိုဒိုပုံ များကို တချို့တစ်ဝက် စိတ်ပျက်မည်ဆိုလည်း ပျက်လောက်ပါသည်။

ကိုခင်လွန်းကတော့…

www.nyisay.com



''ကိုယ်ကတော့ အကုန်ကြိုက်တယ်ဗျာ၊ ဆရာဒီ ဘာမှမရေးနဲ့ဦး၊ ရိုးရိုး လက်ရေးပဲ ရေးအားပါတယ်လို့ ကိုယ်ထင်တယ်၊ သူ့လိုင်းတွေမှာ ခွန်အား ရှိတယ်'' ဟု ဆိုဖူးသည်။

ပန်းချီ ကိုအောင်ဘက…

''ဟာ… ဒီလူက တစ်နေရာကို ရောက်သွားပြီဗျ၊ သူက ပါရမီရှင်ပဲ ပြောရမလား မသိဘူး၊ ဘယ်သူမှ လိုက်တုလို့မရဘူး၊ သူရယ်၊ မုတ်သုန်ရယ် ကျွန်တော် လေးစားတယ်'' ဟု ဆိုဖူးသည်။

ဘာပဲဖြစ်ဖြစ် ကိုဒီ့ပန်းချီကို ဦးညွှတ်သူများထဲမှာ ကျွန်တော်လည်း ပါ ပါသည်။

*

တစ်ခါကတော့ အရက်ဆိုင်တစ်ဆိုင်မှာ ကိုဒီနှင့် ဆုံဖူးသည်။ ဇောင်းထက်၊ ကိုအောင်ပွင့်၊ ကိုစိုးသစ်၊ ကိုခင်လွန်း၊ ပန်းချီ သန်းငွေမောင် တို့လည်း ပါသည်ဟု ကျွန်တော်ထင်သည်။ ကိုဒီက သူ့ပန်းချီကားတွေ အကြောင်းဘက်ကို စကားခေါ်သွားသည်။

ဥပုသ်နေ့ ဆိုသော ပန်းချီကားအကြောင်း။ ထိုပန်းချီကားက အအေး ရောင် ပန်းချီကားချပ်။ ဇရပ်တစ်ဆောင်ပါသည်။ ဇရပ်ပေါ်မှာ ဥပုသ်သည် အဘိုးနှင့်အဘွားပါသည်။ ဇရပ်၏လှေကားရင်းနားမှာ အိပ်ပျော်နေသော ခွေး တစ်ကောင် ပါသည်။ ဇရပ်ရေတံလျှောက်ထဲမှာ ခိုငှက်ကလေးတွေရှိသည်။ ဇရပ်နှင့် မနီးမဝေး ခရေပင်အောက်မှာ ကောင်မကလေးတွေ ဇယ်တောက်နေ သည်။ ခပ်လှမ်းလှမ်းမှာတော့ ဘုရားတစ်ဆူရှိသည်။ ကောင်းကင်မှာ တိမ်ပါ သည်။ ငြိမ်သက်အေးဆေးမှု၏ သန္တရသ ရုပ်ပုံတစ်ချပ်။

''ကျွန်တော့်ပန်းချီကားက အရှေ့တောင်အာရှရဲ့ အေးချမ်းမှုကို ဖော်ပြတဲ့ ကားဗျ။ ကားထဲမှာ အကုန်ပါတယ်။ Traditional ကား၊ မိရိုးဖလာကားဆိုတော့ အကုန်ထည့်လို့ရတာပေါ့၊ အဲဒီကားဗျာ၊ အမေရိကန် စစ်သံမှူးက ဝယ်သွား တယ်။ မကြာပါဘူးဗျာ၊ အမေရိကန်ကျူးကျော်စစ် ဗီယက်နမ်မှာ ပြီးသွားတာပဲ။ ကျွန်တော့်ပန်းချီကားကြောင့် ဗီယက်နမ်စစ် ရပ်သွားတာဗျ''

အားလုံးက မျက်လုံးအပြူးသားနှင့် ကိုဒီ့ကို ဝိုင်းကြည့်ကြသည်။ ဒါက တော့ ကိုဒီ၏ သူ့ပန်းချီအနုပညာအပေါ် ယုံကြည်ချက်။

www.nyisay.com



"ဒီမှာ ကိုသာချို၊ ကျွန်တော် ကော်မာရှယ်အပေါ် ကောင်းကောင်း နားလည်တယ်ဗျ၊ ပြောရရင်ဗျာ ပန်းချီကားဘောင်(ပေါင်)ကို ဘာရောင် သုတ်ရင် ဘယ်သံရုံးက ကြိုက်တယ်ဆိုတာတောင် ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် စျေးကွက်ဝင်ဖို့ထက် ကိုယ်ရေးချင်တာကို ရေးရတာ ပိုအရသာ တွေ့တယ်ဗျ"

ဒါကတော့ ပန်းချီနှင့် သူ့ယုံကြည်မှု။ နည်းနည်းထွေရင်တော့ ကိုဒီ ကဗျာရွတ်ပြီ။ မန္တလေးသို့၊ ဥပုသ်နေ့၊ ပျံလွှားငှက်၊ ကန်တော်ကြီး၊ ထန်းလျက်ခဲ၊ လေညင်းကလေး၊ အိပ်မက်၊ ကင်းစောင့်သမားရဲ့လေးတင်ခန်း၊ သားကလေး ဖိုး၀၊ ကဗျာတွေမှ များလှပါသည်။

ကျွန်တော်ရော၊ ပတ်သက်ရာရာ အသိုက်အဝန်းကရော ကိုဒီ့ကဗျာကို သူ့ ပန်းချီလောက် အထင်မကြီးလှ။ သို့သော် 'တစ်ဝိုင်းစာ' သူ ကဗျာ ရွတ်ဆိုပုံကတော့ ခံစားမှုပါသည်။ ဓမ္မိက ဦးဘသန်းကတော့ မြန်မာပြည်ရဲ့ ရှားရှားပါးပါး ကဗျာဆရာထဲမှာ ကိုဒီပါသတဲ့။ အမြင်ကတော့ ကွဲပြားနိုင် ပါသည်။

*

ဆရာမြသန်းတင့် စကားနှင့်ပြောရလျှင် မြစ်ထဲမှာ ရေတွေအများကြီး စီးသွားကြပြီ။ ရော်ရွက်တွေ ကြွေခြောက်ကြ။ ပုရစ်ဖူးတို့ နုသစ် ပွင့်အာ၍ လာကြ။ ကမ်းပါးတွေ တဝုန်းဝုန်း လဲပြိုသွားကြ။ သောင်တွေ ကျွန်းတွေ ဖြစ်ထွန်းလာကြ။ အပြောင်းအလဲတွေ ကုဋေကုဋာ အသိန်းအသန်း။


ကိုဒီကား သည်အတိုင်း ချည်လုံချည်တစ်ပတ်အနွမ်း၊ အင်္ကျီလက်တို အဖြူရောင်။ လွယ်အိတ်ပါးပါးတစ်လုံး၊ မျက်လုံးပေကလတ် ပေကလတ်၊ ပြီးတော့ ဖြူနီဝါပြာ အရောင်တွေ၊ အရုပ်တွေ၊ သက်ဝင်မှုတွေ။ ပြီးတော့ အင်္ကျီအိတ်ကပ်ထဲမှာ ဘယ်တော့မှ ပိုက်ဆံမရှိတာတွေ။

*အိပ်မက်ဖူးမဂ္ဂဇင်း*

အမှတ် ၆၊ ၁၉၈၉။

❒

www.nyisay.com



## ရွှေစိုးဟန်
## (ဘောဂဗေဒ ပန်းချီကားတစ်ချပ်)

အညာတွင် ကျွန်တော် မချွတ်တမ်း ဝတ်ခဲ့သော အနွေးထည်ကြီးကို ရန်ကုန်ရွှေမြို့တော်က အတင်းအဓမ္မပင် လုမ်းဆွဲ ချွတ်ပစ်လိုက်ပေသည်။ ဆောင်းရက်များ ဆုတ်ခွာထွက်ပြေးသွားနေကြဆဲ ဖေဖော်ဝါရီလ၏ အနှောင်းပိုင်းရက်များကို ရောက်ရှိလာသည့်တိုင် အညာမှာကတော့ ချမ်းဆဲ၊ လွမ်းဆဲ ဖြစ်ပါသည်။

ညနေတိုင်တော့လည်း အိမ်ရှေ့တွင် မီးပုံကလေးတွေ ပုံကြမြဲ ဖြစ်ပါသည်။ သို့ပေမဲ့ ရန်ကုန်မြို့မှာကဖြင့် သည်သို့မဟုတ်ပြန်ပါ။ အနွေးထည် မပါသော လူရောင်စုံတို့က ပူနွေးသော ရန်ကုန်ညဦးကို သည်အတိုင်း ဖြတ်သန်းသွားနေကြသည်။

သည်တော့လည်း ကျွန်တော့်ကိုယ်ပေါ်က အနွေးထည်ကြီး ရန်ကုန် တစ်ညဦး၌ ကျွတ်သွားခဲ့ခြင်းမှာ ဘာမျှ မဆန်းကြယ်လှပါ။

ကျွန်တော်သည် အနွေးထည်ကို လက်တစ်ဖက်မှကိုင်ရင်း တရုတ်တန်းထဲကို ဖြတ်ဝင်ခဲ့သည်။ တရုတ်တန်းထိပ်မှာက အချဉ်ထုပ်၊ အချဉ်ပေါင်း အမျိုးမျိုးရောင်းသည့် ဆိုင်ကလေးများ။ ဆီးထုပ်ကြိုက်သော ကျွန်တော့်သမီးက သည်တစ်ခါတော့ ရန်ကုန်လက်ဆောင်အဖြစ် 'မေမေ့သမီး' ဆီးထုပ်များ မှာလိုက်သည်။ ဒါကြောင့် သည်ဆိုင်ကလေးများရှေ့သို့ ကျွန်တော် ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

ထိုနေ့က မေမေ့သမီး တံဆိပ် ဆီးထုပ်ကို ကျွန်တော် လိုသလောက် မရပါ။ ကျွန်တော်က ၁၀ထုပ်ပါ ၄၅ကျပ်တန် အထုပ် ၁၀ထုပ်လောက် လိုချင်သည်။ ဆိုင်မှာက လေးထုပ်လောက်ပဲရှိသည်။ သည်တော့ တခြားတံဆိပ်နှင့် တွဲယူသွားရန် ဆိုင်ရှင်က မေတ္တာရပ်ခံသည်။

www.nyisay.com



ကျွန်တော်က အမျိုးအမည်အားဖြင့် ထွေပြားလှစွာသော ဆီးထုပ်ကမ္ဘာထဲမှ လက်လှမ်းသင့်ရာ တစ်မျိုးကို ယူကြည့်လိုက်မိသည်။

ပန်းချီရွှေစိုးဟန် ဆိုပါလား။ ကျွန်တော့်မျက်လုံးက ဖြန့်ကျင်းထားသော ဆီးထုပ်ဗန်းကြီးထဲကို ရောက်သွားသည်။ ပူတူတူးလေးယိုစုံတဲ့။ ဒါလည်း ရွှေစိုးဟန်။ I Love Joy ယိုစုံတဲ့။ ဒါလည်း ရွှေစိုးဟန်။

အသားက ညိုညို။ ဆံပင်က တိုတို။ လူပုံ ပါးပါးပျပ်ပျပ်။ ရှေ့သွားကလေး ကျဲတဲတဲနှင့် ကူမဲသားကလေး ပန်းချီရွှေစိုးဟန်ကို ကျွန်တော် ဖျတ်ခနဲသွားသတိရမိလိုက်သည်။ ဘာလိုလိုနှင့် ပန်းချီရွှေစိုးဟန်နှင့်ကျွန်တော် မတွေ့တာကြာပြီ။

သူ အရင်အိမ်မှာပဲလား၊ ကလေးကော ဘယ်နှယောက် ရနေပြီလဲ၊ ပန်းချီမှ ဆွဲဖြစ်သေးရဲ့လား။ ရန်ကုန် ရောက်တုန်းရောက်ခိုက် ရွှေစိုးဟန်ဆီ ခဏသွားလည်ရန် ကျွန်တော် စိတ်ကူးပေါ်သွားပေသည်။

*

နောက်တစ်နေ့ ညနေစောင်းသောအခါ လေထန်ကုန်းသို့ ရောက်သွားပါသည်။ ရွှေစိုးဟန် အိမ်နေရာကို တိတိကျကျ သိရန်အတွက် ဆရာဒီကိုပင် မေးရပါသည်။ ဆရာဒီက ရေနွေးကြမ်းခွက်ထဲသို့ လက်ထိုးနှစ်ပြီးနောက် လက်ဖက်ရည်စားပွဲပေါ်တွင် မြေပုံဆွဲပြပါသည်။

"ဟောဒါ တာမွေအဝိုင်း၊ သိတယ်နော်၊ လင်းယုန်မောင်မောင်အိမ် ခင်ဗျား သိတယ်မဟုတ်လား၊ ဟုတ်ပြီ··· ဒါလင်းယုန်ကြီးအိမ်နေရာ၊ ဒီမှာ ဒါက ဖြတ်လမ်း၊ ဟောဒီအလယ်နားလောက်မှာ မေးလိုက်၊ ဒီမှာ ဒီမှာ ဒီနေရာ၊ အဲ··· ခင်ဗျား ရွှေစိုးဟန်နေရာပဲ"

ကျွန်တော် သိကျွမ်းရင်နှီးပြီး နေရာများဖြစ်၍ ဆရာဒီ့လမ်းညွှန်ကို အလွယ်တကူပင် ကျွန်တော် သဘောပေါက်ပါသည်။ ဆရာဒီကတော့ သူ့ဖတ်လက်စ စာအုပ်ကိုသာ သဲကြီးမဲကြီး ဆက်ဖတ်၍ နေသည်။

"ဆရာဒီ··· ကိုရွှေစိုးဟန်က ဘာလို့ ပန်းချီမဆွဲတော့တယ် မသိဘူးဗျာ"

"ကိုသာချိုရာ ခင်ဗျားတို့အညာမှာ ဆီဈေး ဘယ်လောက်ရှိတယ်၊ နှမ်းဈေး ဘယ်လောက်ရှိတယ်၊ ခင်ဗျား ကျူရှင်ပြတာ တစ်နှစ် ဘယ်လောက်

www.nyisay.com



ရတယ်၊ အဲဒါတွေ ပြောတာကမှ စိတ်ဝင်စားစရာ ကောင်းဦးမယ်၊ ခင်ဗျားက ပျင်းစရာတွေ လာလာပြောနေတယ်"

ဆရာဒီစကားကြောင့် ကျွန်တော် စကားဆက်ပြောရန် နှုတ်တွန့်သွားမိသည်။ ဆရာဒီကတော့ သူ့စာအုပ်ကို သူ ဆက်ဖတ်နေမြဲ။ ရွှေစိုးဟန်နှင့် ပတ်သက်သည့် ကျွန်တော့် စကားအစအနကိုလည်း သူစိတ်ဝင်စားဟန်မတူ။ မြန်မာပန်းချီဆရာတွေ လောကမှာ ရွှေစိုးဟန်အကြောင်းဟာ ဆွေးနွေးစရာ မကောင်းတော့ပြီလား။ ဒါကတော့ ကျွန်တော့်ထက် ပန်းချီဆရာများက ပို၍ သိကြပေလိမ့်မည်။

*

ရွှေစိုးဟန်ကို ရွှေစိုးဟန်ဟု ပီပီသသ ရုပ်လုံးမပေါ်ခင်ကတည်းက ကျွန်တော် တစ်ကြိမ် တွေ့ခဲ့ဖူးပါသည်။ ဖျတ်ခနဲတွေ့ခဲ့ရခြင်းမျိုး။ သည်တုန်းက ၁၉၈၀ ပြည့်နှစ်တစ်ဝိုက်ဟု ကျွန်တော်ထင်သည်။ ၇၉၊ ၈၀၊ ၈၁ တစ်ခုခုပဲ ဖြစ်မည်။ တွေ့သည့်နေရာက ပုဇွန်တောင်ပန်းခြံနံဘေးမှာ ဖြစ်သည်။

အသက်နှစ်ဆယ် ဝန်းကျင်ခန့် လူငယ်တစ်ယောက်။ အသားက အညာရောင်ပေါက်နေသည်။ မည်းရုံမက မွဲ၍နေသောအသား။ မျက်တွင်းချောင်ချောင်။ ညစာ အမြဲတမ်း ငတ်နေဟန်တူသည့် အကြည့်။ မြီးတို ဂျပန်ဖိနပ်။ ရှည်လျားသော ဆံပင်များ။ သူက ပန်းခြံသံတန်းများကိုမှီ၍ အနာဂတ်မဲ့မဲ့ ထိုင်နေသည်။ သူ့ဘေးမှာက စက္ကူဖြင့် ကြော်ငြာတစ်ခု ကပ်ထားသည်။

လူပုံတူ အမြန်။ တစ်ပုံငါးကျပ်။

ပုံတူအဆွဲခံသူ တစ်ယောက်မျှ မရှိသော သူ့ကို ကျွန်တော် ရဲရဲမကြည့်ဝံ့ဘဲ ပုဇွန်တောင်ပန်းခြံနံဘေးမှ ဖြတ်လျှောက်လာရင်း ရင်ထဲမှာ စစ်ခနဲ ဖြစ်သွားမိသည်။ သူ ဘယ်သူလဲ၊ ကျွန်တော် မသိ။ သူ ဘယ်ကလဲ၊ ကျွန်တော် မသိ။ သူ့အနုပညာ ဘာလဲ၊ ကျွန်တော် မသိ။ ဒါပေမဲ့ လမ်းဘေးမှာ အနုပညာကို ဈေးခင်းသလို ချခင်းထားရသည့် အဖြစ်ကိုတော့ ရင်နာစရာဟု ကျွန်တော် ထင်သည်။

ထိုထိုသော လူငယ်တစ်ယောက်နှင့် ကျွန်တော်တို့သည် ထိုနေ့မှစပြီး မကြာခင် လပိုင်းအတွင်းမှာပင် ၄၅လမ်းထိပ်က ကိုညီသစ်၊ ကိုသန်းအုန်းတို့၏ မိုးဝေစာပေမဂ္ဂဇင်းတိုက်တွင် ဘွားခနဲ ဆုံဖြစ်ကြပါတော့သည်။

www.nyisay.com



ကျွန်တော်က အဝင်၊ သူက အထွက်။ ဒါပေမဲ့ သူ့ကို ကျွန်တော် ကောင်းကောင်း မှတ်မိလိုက်သည်။ ကျွန်တော် မိုးဝေမဂ္ဂဇင်းတိုက်ထဲကို ရောက်သွားတော့ ပန်းချီဦးအောင်စိုးကို တွေ့ရသည်။ ပန်းချီဦးအောင်စိုးက သူ့ကို သမင်လည်ပြန်ကြည့်ရင်း ခေါင်းတဆတ်ဆတ် လုပ်နေသည်။

"အင်း… ကျီးမည်းလေးတွေ၊ ကျီးမည်းလေးတွေ၊ သိပ်တော်တဲ့ ကောင်လေးတွေ၊ ရွှေစိုးဟန်ဆိုတာလေ၊ တစ်ယောက်ရှိသေးတယ်၊ မှတ်သုန်တဲ့"

ပန်းချီဦးအောင်စိုးက ရွှေစိုးဟန်ဟု ဆိုလိုက်တော့ ကျွန်တော့်စိတ်ထဲတွင် မိုးဝေမဂ္ဂဇင်း အဖုံးတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။ ကိုညိုသစ်၊ ကိုသန်းအုန်းလက်ထက် မိုးဝေစာပေမဂ္ဂဇင်းများက မျက်နှာဖုံးတွင် ပန်းချီကိုသာ အသုံးပြုခဲ့ကြသည်မို့ ထိုရွှေစိုးဟန်ကလည်း မျက်နှာဖုံး ဝင်ဆွဲဖူးသည်။ လယ်ထွန်နေသည့်ပုံ။ သူ့ထုံးစံအတိုင်း ကောက်ကြောင်းအသိမ်းအနွဲ့များဖြင့်။

ဪ… ပုဇွန်တောင် ပန်းခြံဘေးမှာ လူပုံတူ ငါးကျပ်နှင့် ဆွဲနေသူမှာ ပန်းချီရွှေစိုးဟန်ပါလား။ ကျွန်တော် သူ့ကို အထူးစိတ်ဝင်စားသွားမိပေသည်။

*

ရွှေစိုးဟန်နှင့် ကျွန်တော်တို့သည် လူချင်း စတင်၍ မတွေ့မီခင် အနုပညာချင်း စ၍ တွေ့မိကြသည်ဟု ဆိုနိုင်လောက်ပါသည်။ ၁၉၈၀ ပြည့်နှစ်ထဲတွင် စစ်ပြန်မဂ္ဂဇင်း၌ ကျွန်တော် အချစ်ဝတ္ထုတစ်ပုဒ် ရေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကို ရွှေစိုးဟန်က သရုပ်ဖော်ပါသည်။ လက်သည်းရှည်ရှည်ကလေးများ ဟူသော ဝတ္ထု။

သူ့ဝတ္ထု သရုပ်ဖော်ပုံကိုကြည့်ပြီး သူနှင့်ကျွန်တော် တွေ့ချင်သွားမိသည်။ အကြောင်းတိုက်ဆိုင်ချင်တော့ ထိုစဉ်က ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်၌ ကျောင်းတက်နေဆဲဖြစ်ရာ ဧရာဝဏ်သွေးဆေးမှ ကိုကျော်ဝင်းနှင့်ပါ ရင်းနှီးနေခဲ့သည်။ ကျွန်တော်က ကိုကျော်ဝင်းသွေးဆေးအတွက် 'ပြည်ရွာအမွန်၊ စေတနာတံခွန်၊ ဧရာဝဏ်' ဟူသော ကြော်ငြာကို ရေးပေးသည်။ ရွှေစိုးဟန်ကလည်း ဧရာဝဏ်သွေးဆေးအတွက် ဒီဇိုင်းများ စရေးနေစကာလဖြစ်ရာ ကိုကျော်ဝင်းနှင့် သိပြီး ဖြစ်သည်။

သည်တော့ ကျွန်တော်နှင့် ရွှေစိုးဟန်တို့သည် ဧရာဝဏ်ကိုကျော်ဝင်းမှ တစ်ဆင့် သိကျွမ်းရင်းနှီးသွားကြပါတော့သည်။

www.nyisay.com



ရွှေစိုးဟန်က ကူမဲသား။ ကျွန်တော့်လိုပင် ၅၈ ခုနှစ်ဖွား ဖြစ်သည်။ သူ မန္တလေးပန်းချီကျောင်းမှာ ကိုမုတ်သုန်၊ တဂိုးမျိုးတို့နှင့် အတူတက်ဖူးသည်။ ဒါပေမဲ့ သူရော တဂိုးမျိုးပါ ကျောင်းမပြီးလိုက်ကြ။ ၁၉၇၉ ခုနှစ်မှာတော့ ရန်ကုန်ကို ဆင်းလာသည်။ ကိုပိုင်သ၊ ကိုရန်ပိုင်တို့နှင့်အတူ အဆောင်ငှားနေသည်။

"ကိုပိုင်သက ဒီနိုင်းရတယ်ဗျ၊ ကွန်ပါလှည့်တာတို့ ဘာတို့ တအားကျွမ်းတာ၊ ကိုရန်ပိုင်ကတော့ မြို့ထဲကနေ အလုပ်ရှာရှာလာတယ်၊ ကျွန်တော်က အဆောင်ကနေ ဒိုင်ခံဆွဲပေါ့၊ ဒါနဲ့ ထမင်းစားကြရတာပါပဲ"

နောက်ပိုင်းမှာတော့ ရွှေစိုးဟန်ဘဝက ဆက်တိုက်ရွှေ့လျားနေသည်။ အဆောင်မှာ နေနေရာက သဃ်န်းကျွန်းဘက်က ဘုန်းကြီးကျောင်းတစ်ကျောင်းကို ရောက်သွားသည်။ နောက်တော့ ၃၃ လမ်းထဲက ကိုမင်းသစ် ကျူရှင်ကျောင်းကို ရောက်သွားပြန်သည်။

"ရန်ကုန်က အဝင်ကြမ်းတယ် ကိုသာချိုရာ၊ ဒီတုန်းက နေ့တိုင်းထမင်းနပ်မမှန်တာပါ။ လူကို ခါးပိုက်နှိုက်ရုပ်ကို ပေါက်နေတာပါပဲ"

သည်စကားကိုကြားတော့ ကျွန်တော်ပြုံးလိုက်မိပါသည်။ ခါးပိုက်နှိုက်ဟူသော စကားကြောင့် ဖြစ်ပါသည်။ တကယ်လည်း ရွှေစိုးဟန်ကို ခါးပိုက်နှိုက်ဟု ထင်သူက ထင်သွားခဲ့ကြဖူး၍ ဖြစ်ပါသည်။ တစ်ခါတွင် ကူမဲမှ ငါးခြောက်ကုန်သည်တစ်ယောက် ရန်ကုန်ရောက်လာခိုက် ရန်ကုန်လောကစံကြားတွင် ခြေကုန်လက်ပန်းကျနေသော ရွှေစိုးဟန်ကို တွေ့သွားခဲ့သည်။

အသားညိုညစ်ညစ်၊ ဆံပင်ရှည်ရှည်၊ လွယ်အိတ်စုတ်တစ်လုံး၊ ထမင်းနပ်မမှန်သည့် မျက်ခွက်နှင့် လူငယ်တစ်ယောက်။ ထိုငါးခြောက်ကုန်သည်က ရွှေစိုးဟန်ကို ခါးပိုက်နှိုက်ဖြစ်နေပြီဟု ထင်သွားကာ ကူမဲက ရွှေစိုးဟန်မိခင်ကြီးထံ "တော့်သား ရန်ကုန်မှာ ခါးပိုက်နှိုက်ဖြစ်နေပြီ" ဟု သတင်းပေးသည်။

သည်မှာတင် ရွှေစိုးဟန်မိခင်ကြီး ရန်ကုန်ဆင်းချလာပါသည်။ သို့သော် သားဖြစ်သူ ဘယ်အရပ်မှာ နေသည်ကို သူမသိ။

သရက်တောကျောင်းတိုက်မှာ တည်းခိုရင်း ၃၃လမ်းထိပ်က ဝါဇီမှာ အနုပညာသမားတွေ ထိုင်တတ်သည်ဟု ဆို၍ ဝါဇီလက်ဖက်ရည်ဆိုင်မှာ တစ်နေကုန် လာထိုင်စောင့်သည်။ ဝါဇီဆိုင်ပိုင်ရှင်က အညာသူကြီးကို ကရုဏာသက်ပြီး ကဗျာဆရာများမှတစ်ဆင့် နောက်တစ်နေ့ ချိန်းပေးရာ သားနှင့်အမေ ပြန်တွေ့ကြသည်။

www.nyisay.com





''အမေကဗျာ... တွေ့တွေ့ချင်း ဝိုတာပါပဲ၊ ငါ့သား ခါးပိုက်နှိုက် ဖြစ်နေပြီကြားလို့ လိုက်လာတာတဲ့၊ ကျွန်တော့်မှာ နားလည်အောင် မနည်း ရှင်းပြလိုက်ရတာဗျာ၊ အဲဒါ ပြန်တော့ ငွေ ၅၀ ပေးသွားတယ်၊ ပန်းချီပဲ ဆွဲတဲ့၊ ခါးပိုက်နှိုက်လိုင်းထဲ မဝင်နဲ့တဲ့၊ မှာသွားသေးဗျာ''

သည်လိုလည်း ရွှေစိုးဟန်က ကျွန်တော့်ကို ရင်ဖွင့်ဖူးသည်။

သည့် နောက်ပိုင်းတွင်တော့ ရွှေစိုးဟန် ပန်းချီဦးအောင်စိုးအိမ်ကို ရောက်သွားသည်။ ထိုအိမ်မှတစ်ဆင့် တစ်ယောက်တည်း အိမ်ငှားနေသည့် အဆင့်ကို ရောက်သွားပြန်ပါသည်။ ရောဝဏ်သွေးဆေး၏ ကျေးဇူးဟု ကျွန်တော်က နားလည်သည်။

''ခုတော့ ကိုရွှေစိုးဟန် အဆင်ပြေတယ် မဟုတ်လား''

ကျွန်တော်က ပွင့်ချင်တိုင်း ပွင့်ထွက်နေသည့် သူ့ရင်ဘတ်ကြီးကို အနား သတ်ပေးရသည်။

''မဆိုးပါဘူး ကိုသာချို၊ တစ်လောကတင် ကူမဲကို ကက်ဆက်တစ်လုံး ဝယ်ပို့လိုက်တယ်၊ အမေက တရားခွေလေးတွေ နားထောင်ချင်လို့တဲ့''

''ခါးပိုက်နှိုက်ထံမှ တရားခွေများပေါ့''

''ခင်ဗျားကတော့နောက်ပြီ၊ အေးဗျာ ကြော်ငြာလေးတွေ ရေးလို့သာ..၊ မဂ္ဂဇင်းသရုပ်ဖော်ပုံနဲ့က မလွယ်ဘူး၊ တစ်ပုံ လေးဆယ်လေ''

ရွှေစိုးဟန်က ဘဝကို ငေးရီ၍နေသည်။

မှန်ပါသည်၊ တစ်ရောင် တစ်မျက်နှာ ငွေလေးဆယ်နှင့်ကတော့...။ ကျွန်တော်တို့ဆီက အနုသုခုမ ပညာရှင်များ၏ အကြောင်းကို စဉ်းစားမိရင်း ကျွန်တော့်ရင်ထဲ လေးပင်၍ သွားသည်။

*

www.nyisay.com



နောက်ပိုင်းမှာတော့ မဂ္ဂဇင်းစာမျက်နှာများပေါ်မှာ ရွှေစိုးဟန်သရုပ်ဖော်ပုံတွေ ကျဲပါး၍သွားသည်။ ဒါပေမဲ့ နောက်ကျောဖုံးတွေပေါ်မှာကတော့ မောင်မောင်လှမြင့်နှင့်အပြိုင်။ သွေးဆေး၊ ဆေးပေါ့လိပ်နှင့် သနပ်ခါးတွေကြားကို ကျွန်တော်တို့ ပန်းချီဆရာ ရောက်၍သွားသည်။

ကြော်ငြာလုပ်ငန်းရှင်များက ကြိုတင်၍ပေးလာသော ငွေကြေးဖြင့် ရွှေစိုးဟန်တစ်ယောက် ဆိုင်ကယ်ဝယ်လိုက်ကြောင်း သတင်းကြားရသည်။ ဒါပေမဲ့ ထူးဆန်းသည်က ရွှေစိုးဟန်သည် ဆိုင်ကယ်မစီးတတ်။ စီးတတ်လျှင်လည်း ရန်ကုန် လမ်းမများပေါ်မှာ သူ စီးနင်းသွားရန် မဖြစ်နိုင်။ ဘယ်လိုများ ဖြေရှင်းပါလိမ့်။ နောက်တော့ သတင်းတစ်ခု ကျွန်တော့်ထံ ရောက်လာသည်။

ရွှေစိုးဟန် ဆိုင်ကယ်ဒရိုင်ဘာတစ်ယောက် ငှားထားလိုက်ပြီတဲ့။ ပထမတော့ ကျွန်တော်က သည်သတင်းကို နောက်နေသည်ဟု ထင်ထားလိုက်သည်။ နောင် မထင်မှတ်သောနေ့တစ်နေ့တွင် သက်သေသက္ခာယနှင့်တွေ့မှ ယုံလိုက်ရခြင်း ဖြစ်ပါသည်။

ထိုနေ့က ချယ်ရီမဂ္ဂဇင်းတိုက်ရှေ့တွင် ဖြစ်သည်။ ဆိုင်ကယ်ဒရိုင်ဘာက ဘောင်းဘီရှည်နှင့်ဘာနှင့်၊ မျက်မှန်နှင့် ဦးထုပ်နှင့်၊ အချိုးအစားကျကျ လူငယ်တစ်ယောက်။ ဆိုင်ကယ်ကို ခွပြီး ရပ်စောင့်နေသည်။ ပိုင်ရှင်ရွှေစိုးဟန်က ချယ်ရီမဂ္ဂဇင်းတိုက်ထဲမှ ထွက်လာကာ နောက်မှ မမှီမကမ်း ခွတက်သည်။

"အိမ်ပြန်မယ်" တဲ့။

သူများဆိုင်ကယ် လိုက်ကပ်စီးရသည့်ပုံစံဖြင့် ပြန်ထွက်သွားသော ရွှေစိုးဟန်နောက်ကျောကိုကြည့်ကာ ကျွန်တော် ပြုံးနေမိသည်။ သည်ဆိုင်ကယ်ဒရိုင်ဘာက ရောဝဏ်သွေးဆေး ကိုကျော်ဝင်း အဆက်အသွယ်ဖြင့် ရထားကြောင်း နောင်မှ ကျွန်တော်သိလာရသည်။

သို့သော် ဒရိုင်ဘာဖြင့် ခွစီးနေကြသော၊ တစ်သောင်းနှစ်ထောင်ပေးရသည်ဆိုသော ထို Twin 125 ဆိုင်ကယ်ကြီးသည် ပန်းချီရွှေစိုးဟန်ထံ၌ ခဏသာ နားခိုခဲ့ပေသည်။

*

ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်တွင် ဆရာပေါက်စဖြစ်ခါစနှစ်များတွင် ရွှေစိုးဟန်ထံမှ ဖိတ်စာတစ်စောင်ရောက်လာပါသည်။ မင်္ဂလာဆောင်ဖိတ်စာ။

www.nyisay.com



ကျွန်တော့်နာမည်ကို ရှေ့ဆုံးမှာတပ်၍ အောက်တွင် သူနှင့် ရင်းနှီးသူတချို့၏ အမည်များကို တန်းစီရေးချထားပါသည်။ သို့ပေမဲ့ ထိုမင်္ဂလာပွဲကို ကျွန်တော် မသွားဖြစ်လိုက်ပါ။

ကျွန်တော် ကြားရသလောက်က သူ ငှားရမ်းနေထိုင်ရာ အိမ်ရှေ့အိမ်မှ မိန်းကလေးဟု သိရသည်။ မိန်းကလေးက ကိုးတန်းကျောင်းသူ။ ညတွင် ပန်းချီဆွဲသော ပန်းချီဆရာနှင့် ညတွင်စာကြည့်သော ကျောင်းသူမတို့၏ မေတ္တာဇာတ်လမ်းပင် ဖြစ်ပေမည်။

သူတို့အိမ်ထောင်ဦး ဇာတ်လမ်းနှင့် ပတ်သက်၍ စိတ်ဝင်စားစရာလေး တစ်ကွက်တော့ ရှိသည်။

မင်္ဂလာပွဲအတွက် ညှိနှိုင်းစကားဆိုရန် ပန်းချီ ဦးအောင်စိုးနှင့် ဆရာအောင်ပြည့်ကို ရွှေစိုးဟန်က အကူအညီတောင်းသည်။

ပန်းချီဦးအောင်စိုးရော ဆရာပြည့်ကပါ သည်လိုကိစ္စမျိုးနှင့် ပတ်သက်၍ မျက်နှာမရဲကြ။ ဆရာပြည့်က ယမကာနည်းနည်း မှီဝဲသွားသည်။

သည်တော့ မိန်းကလေး၏ ဖခင်က အမြင်တိမ်းကာ မကျေမနပ် ဖြစ်သည်။ လိုက်ရိုက်၍ လူကြီးနှစ်ယောက် ထွက်ပြေးရသည်ဆိုလား ကျွန်တော် ကြားသည်။

နောက်တော့လည်း အစစအရာရာ အဆင်ပြေသွားဟန် တူပါသည်။

သို့ဖြင့် သူတို့ မင်္ဂလာပွဲအပြီး မကြာခင်ရက်များမှာပင် ရွှေစိုးဟန်နှင့် ကျွန်တော်တို့ မြို့ထဲတစ်နေရာတွင် ဆုံဖြစ်ကြပါသည်။

ထိုနေ့က ဖောင်းထက်လည်း ပါသည်။ ရွှေစိုးဟန်ထံတွင်ကား ဆိုင်ကယ် မရှိတော့ပါ။

"ကိုရွှေစိုးဟန်၊ ခင်ဗျားဆိုင်ကယ်ကောဗျ"

"ဟဲ... ဟဲ... မိန်းမနဲ့ လဲလိုက်ပြီလေဗျာ"

သူက ရယ်ကျဲကျဲဖြေသည်။ သည်တွင် ဖောင်းထက်က စကားဝိုင်းထဲ အသောဖြင့် ဝင်လာသည်။

"ဘယ့်နှယ်လဲ အခြေအနေက"

"အင်း... သဘောချင်းကတော့ အတူတူပါပဲ ကိုဖောင်းထက်ရ"

"ဒရိုင်ဘာငှားဖို့ကော အစီအစဉ်ရှိသေးလား"

"ဟာဗျာ... နောက်ပြီ"

www.nyisay.com



အညာသား၏ မျက်နှာညိုညိုမှာ ရဲ၍သွားလေသည်။ မှန်ပါသည်၊ သူ့ ဆိုင်ကယ်ကို ဦးထုပ်ပါ အပါအဝင် တစ်သောင်းတစ်ထောင်ဖြင့် ရောင်း လိုက်ပြီး မင်္ဂလာစရိတ်၊ အိမ်ထောင်ဦး အခြေတည်စ စရိတ်များထဲသို့ သူ ထိုးထည့်လိုက်ရပါသည်။

''ကိုသာချိုရာ၊ ဆရာအောင်စိုးနဲ့ ပတ်သက်ပြီး ကျွန်တော် မျက်ရည်ကျ တယ်ဗျ သိလား၊ မင်္ဂလာဆောင်ဖိတ်စာမှာ ဆရာ့နာမည်ထည့်ပါရစေ ဆိုတော့ လေ 'ဦးအောင်စိုး၏သားတပည့်' လို့ ထည့်ခွင့်ပေးခဲ့တယ်။ ကျွန်တော် ကျေနပ် တယ်ဗျာ''

ရီဝေရီဝေဖြင့် စကားဆိုလာသော ရွှေစိုးဟန်၏မျက်နှာကို ကျွန်တော်ရော ဖောင်းထက်ပါ ငေးကြည့်နေမိခဲ့ကြလေသည်။

*

ရွှေစိုးဟန်အပေါ်၌ ကျွန်တော် ပထမဦးဆုံးအကြိမ် စိတ်ပျက်သွားမိ သည်မှာ ကျွန်တော်တို့ အိပ်မက်ဖူးမဂ္ဂဇင်း ထုတ်ဝေနေစဉ် ကာလက ဖြစ်ပါ သည်။ သည်တုန်းက သရုပ်ဖော်ပုံ တစ်ပုံလောက် သူ့ဆီက လိုချင်သဖြင့် ကျွန်တော်က သွားခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ကျွန်တော့်ပန်းချီဆရာကို ကျွန်တော် မြင်ရသည်က မသက် သာလှပါ။ ကိုယ်အပေါ်ပိုင်းမှာ ဗလာဖြစ်ပါသည်။ လုံချည်ကို ခါးတောင်း ကျိုက်၍ ထားပါသည်။ စုတ်ပြားအကြီးကြီးတစ်ခုကို ကိုင်၍ထားပါသည်။ နံဘေးမှာက သင်္ဘောဆေးဘူးတွေ။ တစ်ပေပတ်လည်လောက်ရှိသည့် ပျဉ်ချပ် တွေက တောင်ပုံရာပုံ။ ကျွန်တော့်အထင် ငါးရာနှင့်တစ်ထောင်ကြား ရှိလိမ့်မည် ဟု ထင်သည်။ ရေးပြီးအခြောက်ခံထားသည့် ပျဉ်ချပ်များပေါ်မှာက 'အောင် တံခွန်နည်းပြ' ဟု တွေ့နေရသည်။ လမ်းဘေးသစ်ပင်များတွင် လိုက်ရိုက် ကပ်ရသည့် ကျူရှင်ကြော်ငြာ အသေးစားကလေးများ။

''နောက်တစ်ပတ်လောက်ကြာမှ လာပါလား ကိုသာချို၊ ကျွန်တော် ဆွဲထားလိုက်မယ်''

စင်စစ် ကျွန်တော်အပ်သော သရုပ်ဖော်ပုံကို ဆွဲပေးမည်ဟုသာ ပြော နေသော်လည်း ရွှေစိုးဟန်တစ်ယောက် စိတ်ဝင်စားဟန်မတူပါ။ တစ်ရောင် တစ်မျက်နှာကို ငွေ ၁၀၀ ဝန်းကျင်လောက်သာ ချီးမြှင့်နိုင်သည့် မဂ္ဂဇင်း

www.nyisay.com



သရုပ်ဖော်ပန်းချီ ရေးခသည် ကြော်ငြာရေးခ၏ အစွန်းထွက်လောက်သာ ရှိသည်မို့ သူ့အတွက်တော့ မက်လောက်စရာ ရှိဟန်မတူပါ။

အိမ်နောက်ဘက်မှာက သူ့အမျိုးသမီးဖြစ်သူက ကလေးကို ပုခက်ဖြင့် လွှဲသိပ်နေသည်။ သူ့ ခေါင်းရင်းခန်းမှာက 'ငါ့ဘဝရဲ့ဆရာ၊ ငါ့ဘဝရဲ့အခရာ ဟာ ပန်းချီဦးအောင်စိုးဖြစ်တယ်' ဟူသော စာတန်းကြီးက နေရာယူထား သည်။

သို့ဖြင့် ရွှေစိုးဟန်ကို နှုတ်ဆက်ပြီး ကျွန်တော် ပြန်လာခဲ့ပါသည်။ လမ်းတစ်လျှောက်မှာကတော့ ရွှေစိုးဟန်နှင့်ပတ်သက်ရာရာ အတွေးစများ။ တချို့က ရွှေစိုးဟန်ကို ပြောကြသည်။ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီများကပင် ကြော်ငြာဆန်ပြီ ဟူ၍ ဖြစ်ပါသည်။ သည်မှာ ရွှေစိုးဟန်က တုံ့ပြန်ပါသည်။ သူ့ကြော်ငြာတွေကလည်း အနုပညာဆန်နေပါသည်တဲ့။

တချို့ကတော့ ရွှေစိုးဟန်၏လက်ရာကို သေသွားပြီဟု ဆိုကြသည်။ ရွှေစိုးဟန်က ဆေးတစ်ဖုံရဖို့ ဘယ်လောက် ကြိုးစားရတယ်မှတ်သလဲဟု တုံ့ပြန် လာပြန်ပါသည်။

ကျွန်တော့်အနေနှင့်ကတော့ မိသားစုဘဝကို နားလည်ပါသည်။ မိသားစု တစ်ခုကို တည်ထောင်ထားသူသည် မိသားစုတာဝန်ကိုလည်း ယူဆောင်ရမည် ဖြစ်ပါသည်။ မယူဆောင်လိုလျှင် မတည်ထောင်ရုံသာဖြစ်ပါသည်။ သို့သော် တစ်ဖက်ကလည်း ကိုယ့်ယုံကြည်ချက်ကိုတော့ အကောင်အထည်ဖော်နေ သင့်သည်ဟု ကျွန်တော်က ထင်သည်။ ခုတော့ ရွှေစိုးဟန်သည် အားလုံးကို လွှတ်ချလိုက်ပြီလားဟုပင် အထင်ရောက်လာပါသည်။

နောက်တစ်ပတ်အကြာမှာတော့ ရွှေစိုးဟန့်ထံ ကျွန်တော် တစ်ခေါက် ထပ်ရောက်ပါသည်။ ပို၍ မသက်သာသော မြင်ကွင်းပင် ဖြစ်ပါသည်။ ခရီး သွားအိတ်ကို သူပြင်ထားပြီးပြီ။

"လာ… ကိုသာချို၊ ပြန်လာမှ တွေ့ကြရအောင်ဗျာ၊ ကျွန်တော် ခု မော်လမြိုင်သွားမလို့"

ရွှေစိုးဟန် မော်လမြိုင်ကိုသွားမည် ဖြစ်သည်။ သူ မော်လမြိုင် ဈေးကြီးနားမှာ ကျားပျံမကောက် ဆေးပေါ့လိပ် ကြော်ငြာကြီးကို သွားရေးပေး မည်ဖြစ်သည်။ ခရီးစရိတ်၊ စားစရိတ် အပြီးအငြိမ်း ထောင်ချီရမည့်အလုပ် ဖြစ်သည်။ သူက လက်သုံးချောင်းကို ထောင်ပြသည်။

www.nyisay.com



“သုံးထောင်ရမယ်ဗျာ၊ ကြာလှ တစ်ပတ်ပေါ့၊ ကျွန်တော် တစ်ခုတော့ ပြောထားချင်တယ် ကိုသာချိုရာ၊ ကိုယ့်ကိုယ်ကိုယ် မော်ဒန်ပန်းချီဆရာကြီးလိုလို ဖြစ်အောင်လုပ်နေပြီး အိမ်မှာ စားစရာမရှိ၊ ကလေးတွေကအစ ကျောင်းမနေနိုင်ဆိုတာမျိုးတော့ ကျွန်တော် လက်မခံနိုင်ဘူးဗျာ”

သူက ပန်းချီဆရာတစ်ဦးကို ရည်ညွှန်းဟန်တူပါသည်။ ကျွန်တော်သည် ရွှေစိုးဟန်ကိုကြည့်ပြီး ပြင်သစ်ပန်းချီဆရာ ဂေါဂင်အကြောင်းကို ဖျတ်ခနဲ သတိရမိသည်။ သားငယ် ကလိုဗစ်နှင့်အတူနေသော ဂေါဂင်တစ်ယောက် ထမင်းငတ်လာသောအခါ တစ်နေ့ ငါးကျပ်နှင့် ကြော်ငြာလိုက်ကပ်သောအလုပ်ကို ဂေါဂင် လုပ်ခဲ့ရသည်။ လက်တစ်ဖက်မှာက ကုမ္ပဏီက ပေးလိုက်သည့် ကြော်ငြာ ပိုစတာများ၊ လက်တစ်ဖက်မှာက ကော်ပုံး။

ကျွန်တော့်ရင်ထဲတွင် ရွှေစိုးဟန်ကိုထည့်ကာ မောလျှ၍ သွားသည်။ မော်လမြိုင်က ပြန်လာမှ တွေ့ကြမည်ဟု ဆိုသော်လည်း ကျွန်တော် သူ့ဆီ မသွားဖြစ်တော့။

*

ပန်းချီဆရာတိုင်းတွင် သူ့အားသာချက်နှင့် သူ ရှိတတ်ကြသည်ဟု ကျွန်တော် ထင်ပါသည်။ ဥပမာ ပန်းချီဇော်ဝင်းဟုဆိုလျှင် ငှက်ပျောသီးပုံ အရေးကောင်းသောကြောင့် ဇော်ဝင်း(ငှက်ပျောသီး)ဟုပင် ယှဉ်တွဲပြီး သိနေကြပါသည်။

ရွှေစိုးဟန်ကတော့ ဒေါင်းပုံ အရေးကောင်းသူ ဖြစ်သည်။ သည် ဒေါင်းပုံကိုလည်း သူက အေးအေးဆေးဆေး အချိန်ယူကာ ဆွဲခဲ့သည်မဟုတ်။ မိုးတွေလေတွေ တဝေါဝေါတိုက်ခတ်နေစဉ် လျှပ်တစ်ပြက်ဆွဲခဲ့ခြင်းဖြစ်သည်။ အပြင်မှာကတော့ လူတွေ… လူတွေ…၊ ပျားပန်းခပ်လျက်။ သူတို့ ရင်ခုန်သံတွေ လှိုင်းရိပ်ပြေးနေသည် ထင်၏။

ရွှေစိုးဟန်က ကောက်ကြောင်းခြစ်တာမြန်သည်။ အစအဆုံး မျဉ်းတစ်ကြောင်းတည်းဖြင့် သူ့ဒေါင်းပုံကို ရေးခြစ်ပစ်လိုက်သည်။ လည်ဆံမွေးတွေ တဖွားဖွား၊ ရှေ့ခြေနောက်ခြေကားကားဖြင့်။ လှပကြွရွလိုက်သည့်ကောက်ကြောင်း။ သည်ကောက်ကြောင်းကို မြင်သူတိုင်းကြိုက်သည်။ ကြိုက်သူတိုင်း လိုချင်ကြသည်။

www.nyisay.com



သို့ဖြင့် သူ့ကောက်ကြောင်းကလေး အနုပညာချစ်သူများ လက်ထဲ အတော်ပျံ့နှံ့သွားခဲ့သည်။ သည်အတွက်တော့ဖြင့် ရွှေစိုးဟန်ကို ကျွန်တော် ချီးကျူးဦးညွှတ်ရပါသည်။

*

သည်သို့ သည်နှယ် ပတ်သက်ခဲ့၊ ရင်းနှီးကျွမ်းဝင်ခဲ့ရသည့် ရွှေစိုးဟန် ထံသို့ သည်တစ်ခါ ရန်ကုန်အဆင်းမှာဖြင့် ကျွန်တော် ရောက်သွားခဲ့ပါသည်။ မတွေ့တာကြာပြီမို့ တာမွေအဝိုင်းနားက ယမကာဆိုင်ကလေးကို ကျွန်တော်တို့ နှစ်ယောက် ရောက်သွားကြသည်။

ကျွန်တော်က လောလောဆယ် ဆီးထုပ် ကြော်ငြာများကြားတွင် ရောက်နေသော ရွှေစိုးဟန်ကို ငေးကြည့်နေမိသည်။ မောင်ပေါက်ကျိုင်းယိုစုံ၊ ပျိုပျိုမေ ယိုစုံ၊ ချိုယိုစုံ၊ သူရဲကောင်းယိုစုံ၊ လောပန်းယိုစုံ၊ ထောင်ကဲယိုစုံ၊ ပင်ဂွင်းယိုစုံ၊ စွန်ရဲယိုစုံ၊ အိမယိုစုံ၊ ကံပွင့်ယိုစုံ၊ ရှင်းရှင်းယိုစုံ၊ ပူတူတူးလေးယိုစုံ၊ ချစ်တယ်မီးရယ်ယိုစုံ၊ I Love Joy ယိုစုံ၊ ရှိုင်းရှိုင်းမုန့်တိုက်၊ နတ်သုဒ္ဓါကွတ်ကီး။ သည်တံဆိပ်တွေအားလုံးကို ရွှေစိုးဟန် ထုတ်လုပ်နေသည်။

ဒါတင်မက ဓားနှစ်လက် ချည်ချောလုံချည်၊ ကျောက်ရိုင်းလုံချည်၊ ရွှေလီလုံချည်တံဆိပ်တွေကိုလည်း ရွှေစိုးဟန် ထုတ်လုပ်သည်။ ပြီးတော့ အိချော အသားလှ သနပ်ခါး၊ မောင့်အတွက် အသားချော သနပ်ခါး၊ ရွှေမန်းတောင် သွေးဆေး၊ ရောဂဏ်သွေးဆေး၊ ရွှေငါးပျံ ဆေးပေါ့လိပ် စသည် စသည်။ ကြော်ငြာတစ်ခု တစ်သောင်းပတ်လည်ရနေသောရွှေစိုးဟန် ပန်းချီကား မရေး ဖြစ်သည်မှာ ဆန်းတော့ မဆန်းလှပါ။

"ဒီမှာ ကိုသာချို၊ ကျွန်တော် ငွေရှာနေတာကို ခင်ဗျားက ဘယ်လို မြင်နေလဲ၊ ကျွန်တော် တစ်ခါက သွေးဆေးလုပ်ငန်းရှင်တစ်ယောက်ဆီက ငွေတွေ ကြိုယူထားခဲ့မိတယ်၊ အဲဒီပုဂ္ဂိုလ် ကျွန်တော့်အိမ်ရောက်လာတော့ ကျွန်တော့်သားက သူ့ဆီကို လေးဖက်ထောက်ပြီး ယက်ကန်ယက်ကန်နဲ့ သွားတယ်...၊ သူက ကလေးခေါင်းကို ခြေထောက်နဲ့ လှမ်းဖိထားတယ်ဗျာ၊ ကျွန်တော် ပြောလိုက်တယ်၊ ခင်ဗျားအကြွေး ကျွန်တော့်ပေါ်မှာရှိတယ်...၊ ကျွန်တော့်သားပေါ်မှာ မရှိဘူးလို့။ ငွေ... ငွေ... အရေးကြီးတယ်ဗျာ"

ရွှေစိုးဟန်က အရက်ကို ဒသဂီရိမော့ မော့ချပစ်လိုက်သည်။

www.nyisay.com



''ကျွန်တော် မဂ္ဂဇင်းတွေနဲ့ တော်တော်ဝေးသွားတယ်ဗျ၊ အဲ သီလ၀၊ သစ္စာ၊ တရားရိပ်မြိုင် အဖုံးကလေးတွေတော့ ဆွဲဖြစ်ပါတယ်။ နောက် ဘာသာရေး စာအုပ်အဖုံးကလေးတွေ။

တစ်ခုရှိတယ် ကိုသာချို၊ ကျွန်တော် ကြော်ငြာတွေ ဖိဆွဲနေတဲ့အတွက် ထမင်းကိစ္စ အဆင်ပြေလာတာတော့ အမှန်ပဲ၊ ဆရာအောင်စိုးအိမ်က ကျွန်တော် ငှားနေတဲ့အခန်းကို ပြောင်းတုန်းက ကျွန်တော့်မှာ ထင်းရှူးသေတ္တာနှစ်လုံးပဲ ပါတယ်…၊ အဲဒီအခန်းကနေ ခု… အိမ်ကိုပြောင်းတော့ ဒေါ့ဂျစ်နှစ်စီးနဲ့ တိုက်ယူရတယ်၊ ဒါပဲလေ''

သူက ငါးရှဉ့်ခြောက်စပ်တစ်ဖတ်ကို တူဖြင့် လှမ်းညှပ်သည်။

''ဒါပေမဲ့ ကျွန်တော် ပန်းချီပြပွဲတစ်ခုတော့လုပ်မယ် ကိုသာချို၊ 'သူမ' လို့ နာမည်ပေးထားတယ်၊ ခု အဲဒီ သူမကြီးကို ကျွန်တော် မကြိုက်တော့ဘူး။ မှော်… မှော် ကဗျာစာအုပ် တစ်အုပ်ရှိတယ်လေ၊ မှော်… အဲဒီနာမည်ကို ကျွန်တော်ယူမယ်၊ ရွှေစိုးဟန်ရဲ့ မှော်ထထားတဲ့ ပန်းချီကားတွေ ကျွန်တော် လုပ်မယ်''

အားတက်သရောပြောနေသည့် သူ့ကိုကြည့်ကာ ကျွန်တော်ကတော့ သူ့ပန်းချီပြပွဲကို အမြန်ဆုံး အကောင်အထည် ပေါ်လာစေချင်ပါသည်။ ဟို တစ်လောဆီက ရန်ကုန်ရောက်ခိုက် ပန်းချီမုတ်သုန်၏ December Program ကို ကျွန်တော် သွားကြည့်ဖြစ်ရာ ရွှေစိုးဟန်ကို အလူးသတိရမိသည်။ သူလည်း ပန်းချီပြပွဲတစ်ပွဲ လုပ်သင့်နေသည်မှာ အတန်ကြာပါပြီ။ ပန်းချီဆရာဖြစ်ရန် ပန်းချီကားတော့ ဆွဲဦးမှပဟု ကျွန်တော် ယူဆသည်။

တစ်ခုတော့ ရှိပါသည်၊ ဘောဂဗေဒ ကောက်ကြောင်းများ၊ ဓနဗေဒ ရောင်စုံများကိုတော့ ရွှေစိုးဟန် ခဏ မေ့ထားခဲ့ရပါလိမ့်မည်။ သူ့မှော်ကို ထချင်တိုင်း ထနေစေချင်ပါသည်။ ထိုမှော်ရုံတောအလယ်၌ မောခွင့်ရမည် ဆိုလျှင်လည်း ကျွန်တော်တို့က မောလိုသည်မှာ အမှန်ပင် ဖြစ်ပေသည်။

*ကြူးပစ်မဂ္ဂဇင်း*

ဧပြီလ၊ ၁၉၉၆။

❑



www.nyisay.com

# ဖေမြင့်
## (လေထန်ကုန်းမှ ဝေါစထရီသို့)

မကြာတတ်လှသေးသော ရက်များအတွင်းဆီက လူငယ်တစ်ယောက်နှင့်အတူ ကျွန်တော် ခရီးထွက်ဖြစ်သည်။ သူ့ကို လူငယ်ဟု ဆိုလိုက်၍ ကျွန်တော့်ကိုယ်ကျွန်တော် အကြီးကြီးဟု ဆိုလိုက်ခြင်း မဟုတ်ပါ။

သူက ကျွန်တော့် တပည့်လည်းဖြစ်၊ အနုပညာလောကတွင်လည်း ခုမှ ခြေလှမ်း လှမ်းပြီးခါစ၊ အသက်ကလည်း နှစ်ဆယ်ဝန်းကျင်၊ လန်းစွင့်၍ အကောင်းဆုံးဖြစ်နေ၍ လူငယ်ဟု ဆိုလိုက်ရခြင်း ဖြစ်ပါသည်။

ရှုမျှော်မဆုံးနိုင်စတမ်းသော လယ်ကွင်းပြင် စိမ်းစိမ်းကြီးများကို ဝဲတစ်ဖက်၊ ယာတစ်ဖက် ထားရစ်ခဲ့ကာ မြို့တော်ဆီအရောက် ဒရောသောပါး ပြေးလွှားနေခဲ့သည့် မှန်လုံအမြန်ကားကလေးပေါ်တွင် အချိန်အတော်အတန် ရသောကြောင့်လား မပြောတတ်၊ လူငယ်က သူ့ဘဝအကြောင်းတွေကို တော်တော်များများ ပြောပါသည်။

တက္ကသိုလ် ဆက်မတက်ချင်တော့တာ၊ ရန်ကုန်ကိုပဲဖြစ်ချင်ရာ ဖြစ် စွန့်ထွက်သွားချင်တာ၊ မိသားစု စီးပွားရေးကျပ်တည်းတာ၊ မတတ်သာလွန်းလို့ သူတစ်ပါးရဲ့လက်အောက်မှာ အလုပ်ဝင်နေရတာ စသည့် ညည်းချင်းများ။ လူငယ်က သူ့ဘဝ အဆင်မပြေပုံတွေကို ညည်းလိုက်ပြီးတိုင်း…

''ဆရာဖေမြင့်ကတော့ မိုက်ပါတယ်ဗျာ၊ သူ့စာအုပ်တွေ ဖတ်လိုက်ပြီးတိုင်း စိတ်ဓာတ်က ပြန်ပြန်တက်လာတယ်''

စသည်ဖြင့်လည်း မကြာမကြာ ပြောပါသည်။

ပြီးတော့ ကျွန်တော့်ကို မေးလိုက်ပါသေး၏။

''စာရေးဆရာဖေမြင့်ကို ဆရာသိလား''

ဟူ၍ ဖြစ်ပါသည်။

www.nyisay.com



သူ့ကိုကြည့်ရသည်မှာ ဝတ္ထုရေးဆရာဖေမြင့်အဖြစ် ကိုဖေမြင့်ကို သိနေခြင်း မဟုတ်ဘဲ ယခုတစ်လော တက်ကျမ်းများကြားတွင် ပလူပျံနေသည့် ဖေမြင့်ကိုသာ သိနေပုံရပါသည်။ ဟုတ်သည်၊ ကိုဖေမြင့်၏ တက်ကျမ်းပေါင်းများစွာကို ဖတ်ထားပြီးဟန်တူသည်။ ကျွန်တော်လည်း ထိုတက်ကျမ်းများကို ဖတ်ပါသည်။

သို့သော် မစွဲ။ ရင်ထဲ မလှုပ်ခတ်။ ကျွန်တော်က ကိုဖေမြင့်၏ အနုပညာကိုပဲ စွဲသူ ဖြစ်သည်။ ဒါကို ကျွန်တော်က ကိုဖေမြင့်နှင့် တွေ့စဉ်ကလည်း ပြောခဲ့ပြီး ဖြစ်ပါသည်။ မှတ်မှတ်ရရ မနှစ်က ဆောင်းရက်များ။ ဟုတ်သည်၊ မနှစ်က ဆောင်းရက်များတုန်းက ကျွန်တော်နှင့် ကိုဖေမြင့်တို့ ပုဂံညောင်ဦးမှာ တော်တော်ကြာကြာ စကားပြောဖြစ်ကြသည်။ စိမ့်အောင်အေးသည့် အညာဆောင်း။ တစ်နေကုန် နှင်းမကွဲချင်သည့် အညာဆောင်း။ ကျွန်တော့်စိတ်က ရွှေစည်းခုံ ခြေတော်ရင်းဆီကို တစ်ခေါက် ပြန်ရောက်သွားလေသည်။

*

တကယ်တော့ ထိုပုဂံညောင်ဦး၏ ဆောင်းရက်များအတွင်းက ကျွန်တော်နှင့် ကိုဖေမြင့်တို့ တွေ့ကြပုံများသည် မထင်မှတ်ဘဲနှင့် တွေ့ဖြစ်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။

သည်တုန်းက ကျွန်တော်သည် ပုဂံညောင်ဦးသို့သွားရန် စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်မှနေ၍ ပုပ္ပား-ဒဂုံကားကို ဖြစ်သလိုလိုက်ရန် ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ ကားပေါ်တွင်ကား ကျွန်တော့်တပည့် တော်တော်များများကို တွေ့ရသည်။ သရပါတံခါးအနီး Ever queen မှ မောင်မြင့်လွင်၊ ညောင်ဦးဈေးအနီး ပိုက်ဝမှ မိုးမို့။ သည်ကြားထဲမှာ စာရေးဆရာဖေမြင့်တို့ မိသားစုက ထင်းထင်းကြီး။ ကိုဖေမြင့်၊ သူ၏ဇနီး မမခိုင်၊ ပြီးတော့ သားနှင့် သမီး။

"အတော်ပဲ၊ ခင်ဗျားကို ပုဂံမှာ Guide လုပ်ခိုင်းရမယ်"

နောက်တာလား အတည်လား မသိသည့် စကားတစ်ခွန်းကို ကိုဖေမြင့်က ပြောသည်။ မကြာမီက စင်ကာပူမှ ပြန်လာသော စာရေးဆရာက မြန်မာ့ရှေးမြို့တော်ဟောင်းတစ်ခုကို လည်ရန် အားငယ်နေပုံရသည်။

www.nyisay.com



သို့ဖြစ်၍ ညောင်ဦး ရွှေစည်းခုံဘုရားခြေရင်း၌ ကားထိုးဆိုက်ပြီး သောအခါ ဂိတ်တွင် အသင့်လာကြိုနေကြသော ကျွန်တော့်တပည့်များက ကိုဖေမြင့် တည်းလိုသည်ဆိုသော အောင်မင်္ဂလာမှာပင် နေရာချပေးလိုက်ကြ ပါသည်။

'အောင်မင်္ဂလာ' က ရွှေစည်းခုံနှင့် နီးသည်။ အေးသည်၊ သန့်သည်၊ ဆိတ်ငြိမ်သည်။ ပြီးတော့ ကျွန်တော့် တပည့်မကလေး နှင်းဝေလွင် ရှိသည်။ ထို့ပြင် ကျွန်တော်တည်းခိုသော Air Mandalay မှ ကိုထွန်းလင်း၊ မသန်းငွေတို့ အိမ်နှင့်လည်း နီးလှပေရာ အားလုံး အဆင်ပြေသွားခဲ့ရပေသည်။

*

ကိုဖေမြင့်ကို ''ဒါ စာရေးဆရာဖေမြင့်ပါပဲ'' ဟု မိတ်ဆက်ပေးခြင်း မခံရမီ သူ၏ စာအုပ်နှစ်အုပ်ကို ကျွန်တော်က ဖတ်ပြီး ဖြစ်ပါသည်။ သည်တုန်းက တက္ကသိုလ်ကျောင်းသားဘဝ။

ကိုဖေမြင့်၏ ဘာသာပြန်လက်ရာအဖြစ် ကျွန်တော် ပထမဦးဆုံး ဖတ်မိသည့်စာအုပ်မှာ ရုရှားစာရေးဆရာ 'ချက်ကော့' ၏ ward six ကို ဘာသာပြန်ဆိုသည့် **လူနာဆောင်အမှတ် ၆** ဖြစ်ပါသည်။ ကျွန်တော် ကြိုက်သွားသည်။ ရုရှားလူ့အဖွဲ့အစည်းကို ထိုးနှက်ထားသည့် စာအုပ်။ သည်စာအုပ်ကို ဖတ်ပြီး ပြီးချင်းမှာပင် ဖေမြင့်ဟူသည့် စာရေးဆရာ၏အမည်က ကျွန်တော့် စိတ်တွင် အမှတ်ထင်ထင် ရှိသွားပါတော့သည်။

နောက်တော့ ဆေးရုံကို ဖတ်ရပြန်ပါသည်။ ဆေးရုံကလည်း ဘာသာပြန်ပင် ဖြစ်ပါ၏။

အာသာဟေလီ (Arthur Halley) ၏ 'The final Diagnosis' ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ သို့သော် သည်စာအုပ်ကိုတော့ ကျွန်တော် က မစွဲလှပါ။

ယင်းသည် ကိုဖေမြင့်၏ ဘာသာပြန် ချို့ယွင်းချက်ကြောင့်ကား မဟုတ်ပါ။ စာအုပ်က အာသာဟေလီ၏ ထုံးစံအတိုင်း လူထက် လောကကို အသားပေးပြီး ရေးဖွဲ့ထားသော ဝတ္ထုဖြစ်ရာ ဇာတ်ကောင်တွေ များပြားနေ ဝါးနေပြီး လူကို မငြိသလိုဖြစ်၍နေသည်။ ဆေးရုံလောကကြီး ကတော့ ပေါ်လွင်လှပါ၏။

www.nyisay.com



နောက်တော့ သည်စာအုပ်နှစ်အုပ်ကို ဖတ်ပြီးသွားသည်နှင့် မည်သူကမျှ မိတ်ဆက်မပေးရပါဘဲ ၃၃ လမ်းကို ဖြတ်သန်းရင်း၊ စာပေလောကကို ဖြတ်သန်းရင်း၊ လက်ဖက်ရည်ဆိုင်များကို ဖြတ်သန်းရင်း ကျွန်တော်တို့ ကိုဖေမြင့်တို့ ရင်းနှီးသွားဖြစ်ကြပါတော့သည်။

သံတွဲသား ကိုဖေမြင့်၊ ဆရာဝန်ကိုဖေမြင့်။ အရပ်မြင့်မြင့်၊ နှာတံစူးစူး၊ မေးစေ့ချွန်ချွန်။ ဘုန်းတော်ကြီးကျောင်းက ကျက်သရေခန်းသော့ကို ကိုင်ရသော ကျောင်းသားကြီး၏ မျက်နှာမျိုးဖြင့် မိမိကိုယ်မိမိ ယုံကြည်စွာ။ ထို့နောက် မိမိကိုယ်မိမိဂုဏ်ယူစွာ၊ ထို့နောက် ရိုးဖြောင့်စွာ ပြုပြင်တတ်မဲ့ဖြစ်သော စာရေးဆရာ ကိုဖေမြင့်ကို ကျွန်တော် ခင်မင်သွားမိခဲ့ပေသည်။

*

ပုဂံညောင်ဦးတွင် ရှိနေကြစဉ်ရက်များအတွင်း၌ ကျွန်တော်နှင့် ကိုဖေမြင့်တို့ တော်တော်ကြာကြာ စကားပြောဖြစ်ကြပါသည်။ အထူးသဖြင့် အောင်မင်္ဂလာဟိုတယ်မှ ဆောင်းညများသည် ကျွန်တော်တို့အဖို့ စိတ်ကျေနပ်ဖွယ်အတိ ဖြစ်ပါသည်။

အောင်မင်္ဂလာဟိုတယ်က ပုဂံညောင်ဦး လမ်းဟောင်းပေါ်မှာ ရှိသည်။ စားသောက်ခန်းက ဟာလာဟင်းလင်းဖြစ်ပြီး ကုန်းမြင့်ပေါ်၌ လုပ်ထားရာ ရွှေစည်းခုံဘုရားကို ထင်ထင်ရှားရှား ဖူးမြင်နေရသည်။ ကျွန်တော်တို့၏ စကားဝိုင်းတွင် ကိုဖေမြင့်၊ မမခိုင်၊ သားနှင့်သမီးတို့က ပင်တိုင်ဖြစ်ပြီး ကျွန်တော်နှင့် ညောင်ဦးမြို့ခံ စာပေသမားများက ဧည့်သည်များ ပြန်ဖြစ်နေကြပါသည်။

"ကိုဖေမြင့်၊ ခင်ဗျားရဲ့ အချစ်ဦး ထွက်လာမှ စာရေးဆရာတစ်ဦးရေးတဲ့ မျိုးမမ ပကာသနီ နဲ့ တူနေမှန်း သိရတော့တယ်ဗျာ"

"အင်း-ကျွန်တော်ကတော့ သိလို့လုပ်တာတော့ မဟုတ်ဘူးဗျာ၊ မျိုးမမ ပကာသနီလည်း ဖတ်ဖူးတာ မဟုတ်ဘူး၊ တိုက်ဆိုင်တာပေါ့"

ဟုတ်သည်၊ ကျွန်တော်တို့ငယ်ငယ်က စာရေးဆရာတစ်ဦး၏ မျိုးမမ ပကာသနီကို ဖတ်ခဲ့ဖူးသည်။ မှီးသည် ဘာသည် မထင်ခဲ့။ ပင်ကိုရေးဟုပဲ စွဲနေခဲ့ဖူးသည်။

ခုတော့ ကိုဖေမြင့်က ရုရှားဝတ္ထုရေးဆရာ Ivan Turgeñv ၏ The First Love ကို အချစ်ဦး ဟူ၍ ပြန်ဆိုလိုက်ရာ မှီးကြောင်း ပေါ်လွင်သွားခဲ့

www.nyisay.com



ရသည်။ ကိုဖေမြင့်ကတော့ သူ့ဘာသာသူ ပြန်ချင်စိတ်ရှိ၍ ပြန်ဆိုလိုက်ခြင်း မျှသာ။

တကယ်တော့ ကိုဖေမြင့်မှာက ပင်ကိုရေးဝတ္ထုရှည်ဟူ၍ မရှိသလောက်ပင် ဖြစ်ပါသည်။ 'လူနာဆောင်အမှတ် ၆၊ ဆေးရုံ၊ အချစ်ဦး' အားလုံး ဘာသာပြန်တွေချည်း။

သို့သော် ဝတ္ထုတိုတွေကျတော့ ပင်ကိုရေးတွေများပြီး ကောင်းလည်း ကောင်းပါသည်။ သူ မဂ္ဂဇင်းပေါင်းစုံတွင် ရေးခဲ့သည့် ဝတ္ထုတိုများကို စုစည်းကာ စာအုပ်တွေလည်း ထွက်ခဲ့ပါ၏။ မရဏာနုဿတိနှင့် အခြားဝတ္ထုတိုများ၊ ကျွန်းနှင့် အခြားဝတ္ထုတိုများ စသည်တို့သည် သူ၏ဝတ္ထုတိုစုများပင် ဖြစ်သည်။

မရဏာနုဿတိထဲက ကျွန်တော် တကယ်သေပါမည် ဆိုသော ဝတ္ထုကို ကျွန်တော် တကယ်စွဲပါသည်။ အမေက အရင်အိမ်ထောင်နှင့် ကလေးတွေကို ဦးစားပေးသည်ဟုထင်ကာ နောက်အိမ်ထောင်မှမွေးသောသားက ဖခင်ဆုံးပြီးသည်နှင့် အိမ်မှ ထွက်ပြေးသည်။ အမေ့ကို စိတ်နာကာ အဆက်ဖြတ်လို၍ မိမိသေပြီဟုဆိုကာ အမေ့ထံ လိမ်ညာသံကြိုးရိုက်သည်။

အမေက လိုက်လာ၍ သားတကယ်မသေမှန်း သိသောအခါ ဆဲဆိုကြိမ်းမောင်းပြီး ပြန်သွားကာ အတန်ကြာလျှင် သားပြန်လာဖို့ သံကြိုးရိုက်သည်။ ထိုအခါတွင်မှ သားက တကယ် သေချင်စိတ်ပေါက်သွားကြောင်း ဝတ္ထု၏ မိဘမေတ္တာကို ဖော်ပြပုံလှသည်။

ကျွန်းထဲတွင်ပါသည့် ကျွန်း၊ လူမိုက်ဘတုတ်၊ ရွှေ စသော ဝတ္ထုများတွင်တော့ လူတို့၏ လောဘ၊ ဒေါသနှင့် မိုက်မဲမှုများကို ကြက်သီးတဖြန်းဖြန်းထအောင် ဖတ်ရသည်။ သည်ထဲက ကျွန်းတို့၊ လူမိုက်ဘတုတ်တို့ကတော့ ဗီဒီယိုကားများပင် ဖြစ်သွားခဲ့ပါသေးသည်။

"ကိုသာချိုရယ်၊ ဝတ္ထုတွေ ဗီဒီယိုရိုက်ရတယ် ဆိုပေမယ့် မင်းသားဆယ်သိန်း၊ စာရေးဆရာ သုံးထောင်ပါ"

ကိုဖေမြင့်၏ဇနီး မမခိုင်က မျက်မှောက်ခေတ် စာရေးဆရာတို့၏ အနုသုခမကြေးကို အညည်းဖြင့် ဝင်ပြောသည်။ ကိုဖေမြင့်ကတော့ တုံဏှိဘာဝေမှပင် အာလူးကြော်အစိတစ်ဖတ်ကို တူဖြင့်ညှပ်ယူနေလျက်။ ကျွန်တော်ကလည်း ကိုဖေမြင့် ရန်ကုန်မှ သယ်ဆောင်လာသော J&B ဝီစကီပုလင်းကြီးကို တရိုတသေ မကာ လွတ်နေသော ခွက်များကို ဖြည့်တင်းပေးလျက်။ လမ်းမပေါ်မှာ

www.nyisay.com



မြောက်ပြန်လေ တိုးဝှေ့ဆဲ။ တမာရွက်ခြောက်တို့ တဖြောက်ဖြောက် ကြွေလွင့်ရှပ်တိုက်ပါသွားဆဲ။ ဟိုး ခပ်လှမ်းလှမ်း ရွှေစည်းခုံစေတီဆီက ဆည်းလည်းသံသဲ့သဲ့ကို ကြားရဆဲ။

လူသုံးကုန်ပစ္စည်း ရောင်းသူများကတော့ ကိုဖေမြင့် အမျိုးသားစာပေဆုရ ဝတ္ထုတိုစုပင် ဖြစ်ပါသည်။ သည်ထဲမှာလည်း ကျောက်ကပ်လှီးရောင်း၊ သွေးဖောက်ရောင်းကာ ထမင်းဖိုးရှာကြသည့် လူတွေအကြောင်းကို အသည်းယားစွာ ကလိထားသည်။ 'မောင်တိုးလေးကို ဆေးကုပေးမည့်သူ မရှိပါ' ဝတ္ထုထဲမှာတော့ ပန်ဒါဝက်ဝံလေးတွေ မျိုးမတုံးအောင် ကြိုးစားနေကြသော ကမ္ဘာမြေ၊ ခွေးတူဝက်တူသတ္တဝါတွေ မျိုးမတုံးအောင် ကြိုးစားနေသော ကမ္ဘာမြေ၊ ဝေလငါးတွေ မျိုးမတုံးအောင် ကြိုးစားနေကြသော ကမ္ဘာမြေပေါ်တွင် တီဘီရောဂါ ဖြစ်ကာ သွေးတပွက်ပွက်အန်နေသော မောင်တိုးလေးကိုတော့ ဆေးကုပေးမည့်သူ မရှိကြောင်း ထောက်ပြထားသည်။

သည်သို့ သည်သို့သော ဝတ္ထုများစွာကို ကျွန်တော်တို့ဖတ်ခဲ့၊ ကြိုက်ခဲ့၊ တန်ဖိုးထားခဲ့ကြသည်ပဲ ဖြစ်ပါသည်။ သို့သော် ခုနောက်ပိုင်းကျမှာတော့ ကိုဖေမြင့် တစ်ယောက် မည်သို့ ဖြစ်သွားခဲ့သည် မသိပါ။ ဝတ္ထုတွေအားလုံး ရုပ်ဆိုင်းသလောက်ဖြစ်သွားပြီး တက်ကျမ်းတွေက တာရိုးကို ချိုးလွှတ်လိုက်သလို ဒလဟော လိမ့်ဆင်းကျလာသည်။

စိန်မြေဇကေပေါင်းများစွာ၊ သင့်စိတ် သင့်အတွေးအကြံများ အတိုင်းသာ၊ ကိုယ့်ထူးကိုယ်ချွန် သမားများအတွက် လက်စွဲစကားများ၊ မဟာကရုဏာရှင်များ၊ အပြောင်မြောက်ဆုံး ဘဝတစ်ခု တည်ဆောက်ခြင်း၊ ဘဝဒဿနရသစာများ၊ ဟောနည်းပြောနည်း ကိုယ့်ဘက်ပါအောင် စည်းရုံးနည်းများ၊ ချုံကြားမှ ဘုံဖျားသို့၊ အောင်မြင်မှု ချမ်းသာသုခနှင့် ခနဥစ္စာ၊ မူမှန်စိတ် မူမှန်



www.nyisay.com



အတွေး မူမှန်အကျင့်၊ စိတ်၏သတ္တိစွမ်းအားများ၊ ဦးနှောက်တွင် ရင်းနှီးမြှုပ်နှံပါ၊ ဘာကြောင့်ခုထိ မချမ်းသာသေးတာလဲ၊ ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ် စသည်။

ဤမျှ မြောက်မြားလှစွာသော တက်ကျမ်းများစွာကို ကျွန်တော် ဖတ်ကြည့်တော့ ဆိုလိုချက်တစ်ခုကိုပဲ ရပါသည်။ အောင်မြင်အောင် ကြိုးစား၊ ဒါပဲဖြစ်သည်။ ချမ်းသာအောင် ကြိုးစား။ ပညာတတ်အောင် ကြိုးစား။ ထူးချွန်အောင် ကြိုးစား။ ခေါင်းဆောင်ဖြစ်အောင် ကြိုးစား။ မာသာထရီဇာလို၊ လင်ကွန်းလို၊ သောမတ်အက်ဒီဆင်လို၊ ဟင်နရီဒူးနန့်လို၊ ဖလောရင့်နိုက်တင်ဂေးလို၊ ဂျော့ဝါရှင်တန်လို၊ မိုက်ကယ် အိန်ဂျယ်လိုလို၊ အဲလ်ဘတ်ရှိုက်ဇာလို။

ထိုတက်ကျမ်းများသည် မလိုအပ်မဟုတ်၊ လိုအပ်ပါသည်။ ဘဝကို ခြေလှမ်းပြင်စ လူငယ်လူရွယ်များ၊ စိတ်ဓာတ်ပြိုလဲနေသူများ၊ ဘဝအခြေခံယိမ်းယိုင်နေသူများအတွက် အမှန်တကယ်ပင် လိုအပ်လှပါသည်။ သို့သော် ကျွန်တော်ကတော့ ကိုဖေမြင့်ထံမှ နှလုံးသားကိုသာ ဆာလောင်နေသူဖြစ်ရာ သူ့အနုပညာကိုသာ လိုချင်လှပါသည်။

"ကိုဖေမြင့်၊ ကျွန်တော် တစ်ခုတော့ ပွင့်ပွင့်လင်းလင်း မေးမယ်ဗျာ၊ ဝတ္ထုတွေ ဘာတွေကိုကော ခင်ဗျားယုံရဲ့လား"

ကိုဖေမြင့် ခေတ္တ တွေသွားပါသည်။ လူသူလေးပါး တိတ်ဆိတ်လျက်ရှိသော ပုဂံညောင်ဦး၏ညသည် အသက်ရှူကျပ်နေဟန် တူပါသည်။ မမခိုင်၊ သူ၏သားနှင့်သမီး၊ ကျွန်တော်၊ ပုဂံညောင်ဦးမှ မိတ်ဆွေများအားလုံးက ကိုဖေမြင့်ကိုပဲ စိုက်ကြည့်၍ နေကြပါသည်။ အပြင်မှာ သန်းခေါင်ကျော်သွားပြီ။ စားပွဲပေါ်မှာကတော့ ရေခဲတုံးသည် ဝီစကီထဲမှာ ပေါ်လောမျော၍နေဆဲ။

"ပြောရရင်ဗျာ၊ ကျွန်တော်တို့ စာရေးစက စာရေးဆရာ ဖြစ်ဖို့ဆိုရင် ဝတ္ထုရေးမှပဲ စာရေးဆရာဖြစ်မလို ဖြစ်နေတယ်။ ဒါနဲ့ ကျွန်တော်လည်း ရေးဦးမှဆိုပြီး ဝင်ရေးဖြစ်ခဲ့တာ၊ နောက်တော့ ဝတ္ထုမရေးလည်း စာရေးဆရာဖြစ်တာပဲလို့ ထင်လာတာနဲ့ ကျမ်းတွေ ရေးဖြစ်ခဲ့တာပါပဲ၊ ကျွန်တော့်မှာ ဖတ်မှတ်စုဆောင်းထားတာတွေ အများကြီးဗျ"

ကိုဖေမြင့်က ဝတ္ထုရေးမိသည်ကိုပင် မျက်စိလည် လမ်းမှားကာ ယောင်ယောင်မှားမှားနှင့် ဝင်ရေးမိခဲ့သလို ဆိုလာခဲ့ရာ ကျွန်တော်က မကျေမနပ်ဖြစ်မိသည်။ ရသ၊ ရသ၊ လောကတွင် ရသ မလိုအပ်ဘူးလား။

www.nyisay.com



"ဝတ္ထုမရေးတော့တာ ငွေကြောင့်တော့ မဟုတ်ဘူး ကိုသာချိုရဲ့၊ စာရေးချင်လွန်းလို့ အောင်မြင်နေတဲ့ ဆေးခန်းကိုတောင် ဖြုတ်ခဲ့တာပါနော်"

မမခိုင်ကလည်း သူ့ချစ်ခင်ပွန်းဘက်မှ တစ်ချက်နှစ်ချက် ကူပစ်ပေးသည်။ နောက်တော့ စကားဝိုင်းက မော်ဒန်ကဗျာတွေဘက်ကို ရွေ့သွားပြန်သည်။ ကိုဖေမြင့်က ကျွန်တော့်ကို ကဗျာရွတ်ခိုင်းပါသည်။ စင်စစ်ကျွန်တော့်စိတ်ထင် ကိုဖေမြင့် ကဗျာကို စိတ်မဝင်စားလှဟု ထင်မိသည်။

ဝတ္ထုကိုတောင် မတတ်သာလို့ ရေးမိခဲ့ပြီး အခြားသော ကျမ်းစာမျိုးတွေကသာ လောကကို ပို၍ အကျိုးပြုလိမ့်မည်ဟု ယူဆထားဟန်တူသူက ကဗျာရွတ်ခိုင်းသောအခါ ကျွန်တော် အံ့ဩမိသည်။ သို့သော် ကျွန်တော်က ကိုအောင်ချိမ့် စသူတို့၏ ကဗျာအချို့ကို ရွတ်ပြပြီး ခံစားပြလိုက်သောအခါ ကိုဖေမြင့်စိတ်ကို ထိမှန်သွားဟန်တူသည်။

"ခင်ဗျား ရှင်းပြတော့လည်း အကောင်းသားလားဗျာ"

သို့ဖြင့် ည နှစ်နာရီကျော်သွားပါသည်။ အံ့ဩစရာကောင်းသည်က ကိုဖေမြင့်၏ဇနီး မမခိုင်ရော၊ သားနှင့်သမီးတို့ကပါ ကျွန်တော် ကဗျာရွတ်သည်ကို တစ်ချက်ကလေးဆို တစ်ချက်ကလေးမှ အာရုံမတိမ်းစောင်းသွားဘဲ ခံစားနိုင်ကြခြင်း ဖြစ်ပါသည်။ ည နှစ်နာရီကျော်တဲ့အထိ။ နှင်းတွေ ပိန်းပိတ်အောင် ကျလာတဲ့ အထိ။ ရွှေစည်းခုံဘုရားကြီးကို ဝိုးတဝါးသာ မြင်ရတော့တဲ့အထိ။

*

ကိုဖေမြင့်တို့၊ ကျွန်တော်တို့ ပုဂံညောင်ဦးတွင် နေစဉ်ကာလများက အာနန္ဒာ ဘုရားပွဲရက်များဖြစ်ရာ ကျွန်တော်တို့ ပုဂံအနှံ့ခြေဆန့်ဖြစ်သည်။ ဘုရားတစ်ဆူတွင် သံဃာတော်တစ်ပါးက ကိုဖေမြင့်ကို ကိုဖေမြင့်မှန်းသိပြီး မိတ်ဆက်သည်။ ထိုသံဃာတော်ကလည်း ကိုဖေမြင့်၏ တက်ကျမ်းပရိသတ်။

တစ်ခါ ကျွန်တော့်တပည့် ဆီစက်ပိုင်ရှင် ဆန်းထွန်းဦးကလည်း လိုက်လာကာ ကိုဖေမြင့်နှင့် မိတ်ဆက်ခိုင်း၍ မိတ်ဆက်ပေးရပြန်သည်။ သူကလည်း ဝတ္ထုရေးသော စာရေးဆရာဖေမြင့်ကို မသိ။ သူ့အိမ်တွင် ရှိနေသော မန္တလေးမှဝယ်လာသည့် တက်ကျမ်းစာအုပ်တွေကိုရေးသော စာရေးဆရာဖေမြင့်အဖြစ်သာ သိနေသည်။ အချစ်ဦးတွေ၊ လူနာဆောင်အမှတ် ၆ တွေ၊ ဆေးရုံတွေကို မသိ။ ပြောပြတာလည်း စိတ်မဝင်စား။

www.nyisay.com



ကိုဖေမြင့် ရန်ကုန်ကိုပြန်တော့ ညောင်ဦးလေဆိပ်ကို ကျွန်တော် လိုက်မပို့ဖြစ်လိုက်ပါ။ ကိုဖေမြင့်က ကျွန်တော် ညောင်ဦးတွင် တက္ကသိုလ် တန်းများကို စာလာသင်ပေးနေသည်ကို ရည်ညွှန်းပြီး -

''ခင်ဗျားလည်း ကုသိုလ်ဆိုးတယ်ဗျာ၊ ပုဂံခေတ်လောက်ကသာဆို အနော်ရထာတို့၊ ကျန်စစ်သားတို့ သားသမီးတွေကို သင်ပေးရမှာဗျ၊ မင်း ဆရာပေါ့ဗျာ'' ဟု သောသွားပါသေးသည်။

သြော်-ကိုဖေမြင့်၊ ကိုဖေမြင့်။

စာပေဂျာနယ် အယ်ဒီတာ။ ဒီလှိုင်းမဂ္ဂဇင်း အယ်ဒီတာ။ ပရိသတ် နှစ်မျိုးနဲ့ စာရေးဆရာတစ်ယောက်။

သူဘယ်ဘက်ကို အားသန်သွားလေမည် မသိ။ အလှဗေဒဘက်ကိုလား။ ဓနဗေဒဘက်ကိုလား။ ကားပေါ်ပါ တပည့်မိတ်ဆွေကတော့ ကိုဖေမြင့်ကြောင့် သူစိတ်အားတွေ တက်ကြွရသည်ဟု ဆိုခဲ့ပါပြီ။

*ရှန့်သစ်မဂ္ဂဇင်း*

ဇူလိုင်လ၊ ၁၉၉၈။

❒

www.nyisay.com



www.nyisay.com

# ကိုတာ
## (ဆင်စွယ်နန်းတော်တံခါးအဝက စာရေးဆရာတစ်ယောက်)

ကဗျာဆရာကြီး ဆရာဇော်ဂျီက သင်သေသွားသော် ဆိုသော ကဗျာကို ဖွဲ့ခဲ့ပါသည်။ ထိုကဗျာကို ၁၉၃၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော အိုးဝေမဂ္ဂဇင်းထဲတွင် စတင် ဖော်ပြခဲ့ပြီး ကျွန်တော်တို့ အလယ်တန်းကျောင်းသား ဘဝက ကျောင်းသင်ခန်းစာတစ်ပုဒ်အဖြစ် ကျက်မှတ်ခဲ့ကြရသည်။ အခု သည် ကဗျာကို တက္ကသိုလ်ဝင်တန်းကဗျာသင်ရိုးထဲမှာ ထည့်သွင်း ပြဋ္ဌာန်းထားခဲ့ ပြန်ပါသည်။

၂၆-၉-၉၀ ၌ ဆရာဇော်ဂျီ ကွယ်လွန်ပြီး ၂၈-၉-၉၀ ၌ ဈာပနပွဲ ကျင်းပသောအခါ ထိုပွဲတွင် ကမ်းသောယပ်တောင်၌ သင်သေသွားသော် ကဗျာကို ရိုက်နှိပ်ထားခဲ့သည်။

ကဗျာအပြည့်အစုံက ဤသို့ ဖြစ်ပါသည်။

သင်သေသွားသော်

ဩော် လူ့ပြည်လောက၊ လူ့ဘဝကား
အိုရ နာရ၊ သေရဦးမည်
မှန်ပေသည်တည့်။
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြှင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ
စေတီသာနှင့်၊ သစ္စာအရောင်

www.nyisay.com



ဉာဏ်တန်ဆောင်လည်း

ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။

ထို သင်သေသွားသော် ကဗျာထဲက သင်၏မျိုးသား စာစကားလည်း၊ ကြီးပွားတက်မြင့် ကျန်ကောင်းသင့်၏ ဆိုသော အဖွဲ့က ကိုယ့်လူမျိုးထွန်းကား အောင်လုပ်လိုသော ကိစ္စအတွက် တော်တော့်ကို အရေးပါပါသည်။ ကျွန်တော်တို့၏စာပေ၊ ကျွန်တော်တို့၏စကား ဖွံ့ထွားအောင် လုပ်ဆောင်ကြသော လုပ်ငန်းတွင် ကဗျာဆရာ၊ စာရေးဆရာများ၊ ဘာသာရပ်စာပေပညာရှင်များနှင့်အတူ စာအုပ်တိုက်တွေကလည်း တစ်ခန်းတစ်ကဏ္ဍက ပါဝင်ခဲ့ကြသည်မှာ ငြင်းမရသောအချက် ဖြစ်ပါသည်။

တစ်ချိန်က စာအုပ်တိုက်တချို့ကို ကျွန်တော် အမှတ်ရနေမိတာ ရှိပါသည်။ ပုဂံ၊ နံ့သာ၊ သစ္စာ၊ နုလုံးလှ၊ ဟံသာဝတီ၊ သင့် စသည် စသည်။ သည် စာအုပ်တိုက်ကြီးများက ထုတ်ဝေသော စာအုပ်ပေါင်းများစွာကိုဖတ်ကာ ကျွန်တော်တို့ လူလားမြောက်ခဲ့ကြရသည်။ ဆူလွယ်နပ်လွယ်စာအုပ်များ၊ အပေါစား အပျော်ဖတ်စာအုပ်များကို ထိုစာအုပ်တိုက်ကြီးတွေက ဘယ်တော့မှ မထုတ်ဝေခဲ့။

အခု ထိုစာအုပ်တိုက်ကြီးများ၏ နေရာကို စာအုပ်တိုက် အသစ်အသစ်တွေက ဝင်ရောက်လာခဲ့ကြသည်။

ရာပြည့်၊ မုံရွေး၊ စိတ်ကူးချိုချို၊ စာအုပ်ဈေး၊ Unity၊ Quality၊ သီဟရတနာ စသည် စသည်များ။ အင်နှင့်အားနှင့် ထုတ်ဝေနေသော စာအုပ်တိုက်ကြီးများ ဖြစ်ကြပေရာ ကျွန်တော်တို့အတွက် ဖတ်စရာအသစ်တွေကို တစ်ပုံတစ်ပင် ပေးလာပါသည်။

သည်အထဲမှာ မုံရွေး စာအုပ်တိုက်ကို ပဲ့ကိုင်ထားသူက ကိုတာ။ သူက ထုတ်ဝေသူ မည်ကာမတ္တ မဟုတ်။ စာလည်းရေးသူ၊ သို့မဟုတ် စာရေးဆရာ။ အရှိုးအထူးကုဆရာဝန် ဒေါက်တာ သန့်လွင်မောင်။ သူက မုံရွေးမှာ မွေးပြီး မုံရွေးအပေါ် သံယောဇဉ်တော်တော်ကြီးသူ ဖြစ်ရာ သူ့စာအုပ်တိုက်ကို မုံရွေးဟု အမည်ပေးလိုက်သည်မှာ သိပ်တော့ မဆန်းကြယ်လှ။

ထို ကိုတာနှင့် ကျွန်တော်တို့ ထိတွေ့ဆက်စပ်မိခဲ့ကြသည်မှာ အခုဆိုဆယ်စုနှစ် တစ်ခုပင် စွန်းလုပြီ။

*

www.nyisay.com



ဆရာကိုတာ့ကို ကျွန်တော် စတွေ့ဖူးသည်မှာ ၁၉၉၇ ခုနှစ်၊ ဒါမှမဟုတ် ၁၉၉၈ ခုနှစ် တစ်နှစ်နှစ်ဖြစ်မည်။ ထိုနှစ်များအတွင်းက သမီးဖတ်ဖို့ ဆောင်းပါးများကို ကျွန်တော် အမြောက်အမြား ရေးဖြစ်ခဲ့ရာ ထိုဆောင်းပါးများကို ရည်ညွှန်းလျက် ဖြိုး မိတ်ဆွေများ စာကြည့်အသင်းက ကျွန်တော့်အား ဆုပေးပါသည်။

ထိုဆုပေးပွဲကို ထိုစဉ်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဘေးတွင် ဖွင့်ထားသော နေမျိုးဆေး၏ ကော်ဖီဆိုင်ကလေး၌ အခမ်းအနားနှင့်တကွ ကျင်းပခြင်းဖြစ်ရာ ကျွန်တော် တက်ရောက်ခဲ့ရသည်။ ပွဲအပြီး အခန်းအပြင်ကို ထွက်လိုက်တော့ အယ်ဒီတာဆရာဝန်ကလေး တစ်ဦးကို ကြားခံလျက် ဆရာကိုတာနှင့် ကျွန်တော် မိတ်ဆွေဖြစ်သွားမိသည်။

သူက တွေ့တွေ့ချင်းမှာပင်လျှင် ကျွန်တော့်ကို ပါးတွေဆွဲလိမ်၊ နှာခေါင်းတွေ ဆွဲလိမ်နှင့် ဆုံကြရအောင်ဟု ချိန်းဆိုလာရာ နောင်အခါတွင် ထိုဆုံကြရအောင်များမှာ ဘယ်နှကြိမ် ဘယ်နှခါဆိုတာ ရေတွက်၍ မရနိုင်ပါလေတော့။

*

ကိုတာဆိုသော လူတစ်ယောက်ကို စာရေးဆရာဟု ခေါ်မလား။ ဒါမှမဟုတ် မခေါ်ဘူးလား ဆိုသည့်ကိစ္စမှာ တော်တော့်ကို အငြင်းပွားဖွယ်ရာကိစ္စ ဖြစ်ပါသည်။ စာရေးဆရာဆိုတာ ဘာလဲ။ ဟိုတုန်းကတော့ ဆရာဒဂုန်တာရာတို့က စာရေးဆရာကို (က) (ခ) ခွဲခြားခဲ့ဖူးသည်။

ကဗျာ၊ ဝတ္ထု၊ ပြဇာတ်၊ အက်ဆေးရေးသည့် အနုပညာဖန်တီးသူကို စာရေးဆရာ(က)။ အနုပညာမပါသည့် အမြန် သူဌေးဖြစ်နည်းလို၊ ကိုယ်ကာယအလှပြင်နည်းလို၊ ဟင်းချက်နည်း ၅၀၀ လို စာအုပ်မျိုး ရေးသူက စာရေးဆရာ(ခ)။ အခု သည်လို မဟုတ်။ ဘာစာရေးရေး စာရေးဆရာ၊ ဒါဆို ကိုတာက စာရေးဆရာလား။

ကိုတာ ကိုယ်တိုင်ကမူ သူ၏ ရယ်ရွှင်ဖွယ်နှင့် အခြားစာတမ်းများ စာအုပ်တစ်နေရာတွင် . . .

> ကျွန်တော်ဟာ အိမ်ဆောက်ပစ္စည်းရောင်းသူ၊ ကန်ထရိုက်၊ ကုန်သည်၊ မန်နေဂျာ၊ ပတ်ဘလစ်ရှာ၊ စာရေးဆရာ၊ အိမ်ထောင်ရှင်၊ ဖခင် ဖြစ်ပါသည်။ ကျန်သောအလုပ်များကို ပြော၍ ဘာမျှ မဖြစ်ပါ။ စာရေး

www.nyisay.com



ဆရာဟု ဝါစာကမာ လေးငါးပုဒ်လောက် ရေးရုံမျှနှင့် ပြောရသောအခါ အများ မကျေနပ်ကြလျှင် စာရေးသူ ဟူ၍ ပြောင်းလဲပြီး ပြောပါမည်။

စသည်ဖြင့် သူ့ကိုယ်သူ ပြန်သုံးသပ်ထားသည်။ စာရေးဆရာပဲဖြစ်ဖြစ်၊ စာရေးသူပဲဖြစ်ဖြစ် ဆရာ ကိုတာ ရေးခဲ့သော စာအုပ်တွေမှာ မနည်းလှတော့။

ရယ်ရွှင်ဖွယ်နှင့် အခြားစာတမ်းများ၊ ဖြန့်ထွက်တွေးခြင်း၊ လှည်းဘီးတစ်စီး၊ တွေးသူများ၊ ကျွန်တော်သည် မျောက်က ဆင်းသက်၏၊ စိမ်းတဲ့မြေသို့ အပြန်၊ တောင်ရောက်မြောက်ရောက် ဆရာဝန်၊ ပြတင်းပေါက်မှ ကြည့်သူ၏ စိတ်ကူးများ၊ ကိုရင်တာနှစ်ပါးသွားများ၊ စာရေးဆရာတစ်ယောက်ရဲ့ မှတ်စု၊ နိရုဒါ၏ ကဗျာများ စသည် စသည်။ အရေအတွက်အားဖြင့် မနည်းလှတော့။

ထို မနည်းလှသော စာအုပ်များကို ၁၉၉၀ ပြည့်နှစ်အလွန် နှစ်ကာလများကို ရောက်တော့မှ သူက အင်တိုက်အားတိုက် ရေးချခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် သူ့စာပေချစ်စိတ်ကတော့ ဟိုးငယ်ငယ်ကလေးတည်းက။

*

၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလတုန်းက ၂၉ ရက် အမေမှာ့မွေးနေ့ပွဲအပြီး ကျွန်တော်တို့ မန္တလေးက ပြန်လာတော့ ရန်ကုန်သို့ တိုက်ရိုက် မပြန်ဘဲ တောင်ငူကို ခဏဝင်သည်။ ကျွန်တော်၊ ရာပြည့်ဦးစိုးညွန့်။ ဆရာကြီး ဦးလွဏ်းမောင်၏ အိမ်အပေါ်ထပ်မှာ ဖျာကြီးတွေခင်းပြီး ဂျာနယ်အဟောင်းတွေကို ဖွကြခြင်း ဖြစ်ပါသည်။ သတင်းစာအဟောင်းတွေကလည်း အထပ်လိုက် အပုံလိုက်။

"ဟော့-ဒီမှာ ဒီမှာ ကြည့်လိုက်ကြဦး"

ရာပြည့်ဦးစိုးညွန့်က ညှိုညစ်နေသည့် သတင်းစာအဟောင်း တစ်နေရာကို လက်နှင့်ထောက်ပြသည်။ လူငယ်ကလေးနှစ်ယောက်၏ ဓာတ်ပုံ။ လူရည်ချွန် ဝတ်စုံကလေးတွေနှင့်။ မောင်သန့်လွင်မောင်နှင့် မောင်သန့်စင်မောင်တဲ့။ လူရည်ချွန် ညီအစ်ကိုနှစ်ယောက်။ ထိုမောင်သန့်လွင်မောင် ဆိုသူက အခု စာရေးဆရာ ကိုတာ။

"ကိုတာက ဆေးကျောင်းသားဘဝမှာကတည်းက ဆေးတက္ကသိုလ် မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ လက်စွမ်းပြခဲ့တာဗျ"

ကဗျာဆရာတစ်ဦး၏ မှတ်ချက်စကား။

www.nyisay.com



နောင် ရန်ကုန်မြို့တစ်နေရာတွင် ဆရာကိုတာနှင့်ဆုံခိုက် သူ့ငယ်ဘဝ လူရည်ချွန်ကိစ္စတွေကို စကားစမိသောအခါ သူက ရှက်ကိုးရှက်ကန်းကြီးမှပင် ကျုပ်က လူရည်ချွန်ကို အထပ်ကွမ်းရခဲ့သေးတာဗျဟု ဖွင့်ဟနေပြန်ပါလေသည်။

*

စာရေးဆရာဆိုတာ တိုက်ပုံကလေးနှင့်၊ သို့မဟုတ် ပုဆိုးအင်္ကျီနွမ်းနွမ်း ကလေးနှင့်၊ တစ်ခါတစ်ခါ ဘတ်စ်ကားမှတ်တိုင်မှာ၊ တစ်ခါတစ်ခါ အပေါစား ယမကာဆိုင်ကလေးတွေထဲမှာ၊ တစ်ခါတစ်ခါ ဆင်ခြေဖုံး ရပ်ကွက်ထဲက လမ်းကြို လမ်းကြားကလေးတွေထဲမှာဟု သရုပ်ဖော် ရေးခြစ်ကြစတမ်း ဆိုလျှင် ကိုတာ ဆိုသော စာရေးဆရာအတွက်ကတော့ အကုန်အလွဲချည်းပဲ ဖြစ်ပါသည်။

သူ့ဝတ်လေ့ရှိသော ဘောင်းဘီအတိုက ဒူးလောက်ပဲရှိသည်။ အင်္ကျီက T-shirt၊ ရွှေငွေလက်ဝတ်လက်စား နာရီ ဘာညာ သူ ပတ်လေ့ မရှိ။ ပါဂျရို (pajero) ကားကိုစီးကာ လက်ကိုင်ဖုန်းကို ကိုင်လျက်က အင်းလျားကန်နှင့် မလှမ်းမကမ်း ကားမရှိသူ နေလို့ မရသော ရပ်ကွက်ထဲကနေ သူ ထွက်လာ တတ်သည်။

ဟမ်ဘာဂါဆိုင်တွေ၊ အဆင့်မြင့်ကော်ဖီဆိုင်တွေ၊ ဂျော်နီ လမ်းလျှောက် တွေ၊ ရေကူးကန်တွေ တစ်ဝိုက်မှာ သူနှင့်ကျွန်တော် စကားပြောရသည်။ သူ စိတ်ပြေလက်ပျောက် ခရီးထွက်သွားတတ်သည်က ပြင်သစ်၊ သို့မဟုတ် အမေရိက၊ သို့မဟုတ် ဩစတြေးလျ၊ သို့မဟုတ် စင်ကာပူ။

"ကျုပ်ကို အီလစ်လို့ ပြောတယ်ဗျ"

ဘင်္ဂလားပင်လယ်အော်ကြီးထဲက တက်လာသည့် လှိုင်းများ တဝုန်းဝုန်း ရိုက်ခတ်နေသည့် ချောင်းသာကမ်းခြေတစ်နေရာမှာ ဆရာကိုတာက ကျွန်တော့် ကို ဤသို့ ရင်ဖွင့်သည်။ အီလစ်၊ အင်္ဂလိပ်စကားလုံး Elite၊ ကျွန်တော်က လူ့မလိုင်ခဲဟု ဘာသာပြန်လိုက်သည်။

"ဆရာတာက လူ့မလိုင်ခဲဆိုရင် ကျွန်တော်တို့က လူ့မလိုင်ခဲဘေးက ပုရွက်ဆိတ်တွေလို့များ အပြောခံရလေမလား"

သည်တော့ သူက ထုံးစံအတိုင်း သူ့မျက်လုံးတွေ ပိတ်သွားသည်အထိ ရယ်သည်။ တကယ်တော့ ဆရာ ဒဂုန်တာရာ၊ ဆရာ ပါရဂူ၊ ဆရာကြီး

www.nyisay.com





ဒေါက်တာသန်းထွန်း၊ ရာပြည့် ဦးစိုးညွန့်၊ ဒေါက်တာဇော်သန်း၊ ဂျူး၊ ဒေါက်တာကလေး၊ ကျွန်တော်တို့အားလုံး သူနှင့် ဆက်စပ်မိကြသည်မှာ စာပေချစ်စိတ်ဖြင့် ဆက်စပ်မိခဲ့ကြခြင်းသာ ဖြစ်ပါသည်။ နောက်ကွယ်က ဘ၀တွေနှင့် ဘာမျှမဆိုင်။ ဘာမျှ မပတ်သက်။ ဘာမျှလည်း မတူညီနိုင်။ သူ့အိမ်က သူ့တစ်ကိုယ်တော် စာဖတ်ခန်းက ကျွန်တော့်အိမ်ထက် ကြီးသည်။ သူ စီးသောကားက ကျွန်တော့်အိမ် ၁၀ လုံးစာမက တန်သည်။ သို့သော် ကျွန်တော်တို့ကြားမှာ ဒါအရေးမကြီး။

ကလောနှင့် အောင်ပန်းကြားက ကမ္ဘောဇခရီးတစ်နေရာမှာ ဆရာမကြီး ဒေါ်ခင်ဆွေဦးက…

“ကိုတာ့ကိုလေ ကျွန်မက အစက ကြောက်နေတာ၊ ခုတော့လည်း သွားလာပြောဆိုမိတော့ ခင်လာပါတယ်” ဟု ပွင့်ပွင့်ပဲ ဖွင့်ပြောသည်။ မှန်ပါသည်။ ကျွန်တော်တို့တစ်တွေ စာပေကြောင့် ချစ်မိကြခြင်း ဖြစ်ပါသည်။ ဘ၀ချင်း၊ ခံစားချက်ချင်း မတူညီနိုင်ကြ။

တစ်ညနေခင်း ဆရာကိုတာ့အိမ်ရှေ့မြက်ခင်းပြင်မှာ ဆရာဒဂုန်တာရာ၊ ဆရာပါရဂူတို့ အပါအဝင် စကားဝိုင်းဖွဲ့ဖြစ်ကြရာ ကျွန်တော့်ကို ကဗျာရွတ်ခိုင်းသည်။ ကျွန်တော်က ကဗျာဆရာ အောင်ချိမ့်၏ လမ်းကဗျာကို ရွတ်ပြပါသည်။

မိသားစုများ အခန်းကဏ္ဍ<br>
ကမ္ဘာဦးပုံသဏ္ဍာန်<br>
တစ်ဦးပြန်အလာ တစ်ဦးမျှော်ကြ<br>
မီးဖိုကြ။

www.nyisay.com



ငါတို့ခေတ်မှာ ငါတို့ဟာ
ချစ်မေတ္တာကို ယူလာနိုင်ခဲ့လို့လား
အိမ်ပြန်လာကြတယ်။

ကားတစ်စင်း သေနေပေါ့
ညောင်ပင်ကြီးရဲ့အောက်မှာ
မိုးက မတိတ်တော့ဘူးလား
ဟောဒီ လောကမှာ။

တစ်ယောက်ပြန်အလာကို တစ်ယောက်က မျှော်ကြရသည့် မြို့ပြခေတ် ဆင်ခြေဖုံးမိသားစုတို့၏ ဘဝကိုဖွဲ့သောကဗျာ၊ ကမ္ဘာဦးကအတိုင်း ဘေးဘယာ မရှိ ကိုယ့်အသိုက်အမြုံရှိရာ ကိုယ်ပြန်လာဖို့ မျှော်ကြရသော ကဗျာ။

သည်ကဗျာကို ဆရာဒဂုန်တာရာက မကြိုက်။ သူ့ရင်ထဲကို သိပ် မရောက်ဟု ဆိုသည်။ ဒါက အဖွဲ့အနွဲ့နှင့် ဆိုင်မည်ထင်သည်။

ဆရာပါရဂူကလည်း မကြိုက်။ ဆရာပါက ကဗျာနှင့် ဝေး၍ ဖြစ်မည်။ ဆရာကိုတာကလည်း မကြိုက်။ ဒါကျတော့ ဘဝနှင့် သွားဆိုင် သည်။ ဆိုင်တာကိုလည်း ဆရာကိုတာက ဘွင်းဘွင်းပဲ ကျွန်တော့်ကို ပြော သည်။

''ကျွန်တော် မခံစားရဘူး၊ ခံစားရစရာအကြောင်းလည်း မရှိဘူး၊ ခင်ဗျား စဉ်းစားကြည့်၊ ကျွန်တော့်ကားနဲ့ ကျွန်တော်ပြန်တယ်ဗျာ၊ ကဲ... ဘာကိုပူပြီး ဘာကို မျှော်ရမှာလဲ''

ဒါတော့ ဟုတ်ပါသည်၊ မြို့အစွန်အဖျား စက်ရုံအလုပ်ရုံကြီးတွေဆီက နေ ထမင်းချိုင့်ကလေးတွေ ဆွဲပြီး ကျောချင်းကပ် ရင်ချင်းအပ်နေသည့် ဘတ်စ် ကားတွေကိုစီးကာ လောကအစွန်အဖျားရပ်ကွက်ကလေးများဆီ ပြန်ကြရသော ဗင်းဆင့်ဗန်ဂိုး၏ အာလူးစားသူများခံစားမှုကို ဆရာကိုတာ မခံစားနိုင်သည်မှာ အဆန်းတော့လည်း မဟုတ်ပါ။

*

လွန်ခဲ့သော ဆယ်နှစ် မရှိတရှိလောက်ကတော့ ပုဂံညတစ်ညမှာ ဆရာ ကိုတာနှင့် ကျွန်တော်တို့ အချိန်တော်တော်ကြာကြာကလေး စကားပြောဖြစ်ကြ

www.nyisay.com



သည်။ သည်တုန်းက ကျွန်တော်က ပုဂံသို့ ကိုယ့်ကိစ္စနှင့်ကိုယ် ရောက်နှင့်နေခဲ့ခြင်း ဖြစ်ပါသည်။

ရွှေစည်းခုံဘုရားခြေရင်းက တပည့်တစ်ယောက်၏အိမ်တွင် ကျွန်တော်ရှိနေတုန်း အိမ်ရှေ့ကို ပေါင်မုန့်ကားကလေးတစ်စီး ထိုးဆိုက်လာသည်။ နောက်တော့ ကားဆရာက ကျွန်တော့်နာမည်ကိုမေးရင်း အိမ်ထဲသို့ ဝင်လာပါသည်။

"ဆရာချို ရောက်နေတယ်လို့ သတင်းရလို့ စုံစမ်းပြီး လိုက်လာတာဗျ၊ မြရတနာမှာ ဆရာတာတို့၊ ဆရာပါတို့ စောင့်နေကြတယ်"

မြရတနာဆိုတာ ဝက်ကြီးအင်းနားက စားသောက်ဆိုင်ကလေး ဖြစ်ပါသည်။ ကျွန်တော်လိုက်သွားတော့ ဆရာပါရဂူ၊ ဆရာကိုတာ၊ ရာပြည့်ဦးစိုးညွန့်စသည်တို့ Breakfast စားနေကြဆဲ ဖြစ်ပါသည်။

"ဟော့လူ လာ၊ Breakfast စားလိုက်၊ ညကျမှ ထန်းရိပ်ညိုမှာအေးအေးဆေးဆေး ထပ်ဆုံကြတာပေါ့"

ဆရာကိုတာက ထုံးစံအတိုင်း မျက်လုံးတွေမှိတ်ပြီး မျက်နှာကြီးတစ်ခုလုံး အစ်သွားသည်အထိ ရယ်မောလျက်ကြိုပါသည်။ သူ့အပြုံးက ဂန္ဓာလရာဇ်ဆန်သည်။

ဤသို့ဖြင့် ညရောက်တော့ ပုဂံမြို့သစ် ထန်းရိပ်ညို အနုပညာခြံဝင်းကလေးထဲမှာ အစားအသောက်ဝိုင်းကလေးတစ်ခု လုပ်ဖြစ်သည်။ မန္တလေးကပန်းချီဆရာ ဦးမျိုးခင်ပိုင်သော ထန်းရိပ်ညို။ မန္တလေး ထန်းရိပ်ညိုလိုမျိုး ပုဂံ ထန်းရိပ်ညို။

ပုဂံညက ဆောင်းရက်တွေ၏ အောက်မှာ အေးခဲလို့နေသည်။ ဆိတ်ငြိမ်ရပ်ကွက်ကလေးထဲက မြသားအတိစိမ်းနေသော မြက်ခင်းပြင်ပေါ်မှာ စားပွဲတွေချထားသည်။ ကိုတာ့ဇနီး မမအေးက လိုအပ်နိုင်စရာအကုန်လုံးကို စားပွဲပေါ်တွင်ပြင်ဆင်ပေးထားပြီးသည့်နောက် အားလုံးကို နှုတ်ဆက်ကာ အိပ်ရာဝင်သည်။

ညနက်လေလေ နှင်းတွေက ကျလာလေလေ။ မြက်ခင်းပြင်ပေါ်မှာနှင်း၊ မြူရွက်တွေပေါ်မှာနှင်း။ ကျွန်တော်ကလွဲလျှင် ဆရာပါ၊ ဆရာကိုတာ၊ ရာပြည့်ဦးစိုးညွန့် အကုန်လုံး ဦးထုပ်ကိုယ်စီနှင့်။

"ကျွန်တော် ဟိုတစ်လောက မုံရွေးပြန်သွားသေးတယ်ဗျ၊ အဲဒါ သူငယ်ချင်းတစ်ယောက်နဲ့ သွားဆုံတာ၊ မြန်မာစာ ကျူရှင်ပေးနေသတဲ့၊

www.nyisay.com



ကျွန်တော်က ပြောလိုက်ရတယ်၊ မြန်မာစာတော်လို့ ဘာမှ မဖြစ်ဘူးလို့၊ အင်္ဂလိပ်စာတော်အောင် လုပ်ရမှာလို့''

ဘယ်သူကမှ ဆရာကိုတာ့စကားကို မငြင်းကြ။ သို့သော် ကျွန်တော်က တော့ စိတ်ထဲမှာ နည်းနည်းကလေး ခုတုတု ဖြစ်သွားမိသည်။ ကိုယ်တိုင် စာရေးနေသူတစ်ယောက်၊ ပြီးတော့ စာအုပ်တိုက်တစ်တိုက်ကို ဦးဆောင်နေသူ တစ်ယောက်၊ ထို့ပြင် မဂ္ဂဇင်းတော်တော်များများကိုလည်း တည်းဖြတ် ထုတ်ဝေခဲ့သူ တစ်ယောက်၊ ထိုသို့သော လူတစ်ယောက်က မြန်မာစာ အရေး မပါသလို ပြောချလိုက်သောအခါ သူ့ကို ကျွန်တော် အံ့သြသွားမိသည်။

နောက်ဆယ်စုနှစ်တစ်ခု နီးနီးလောက် ကြာသွားပြီးသောအခါ အင်္ဂလိပ် စာတတ်ကဗျာဆရာတချို့၊ မျက်မှောက်ကာလ မဂ္ဂဇင်းစာမျက်နှာများပေါ်က ကဗျာဆရာတချို့နှင့်ဆက်နွှယ်ပြီး ရန်ကုန်မြို့တစ်နေရာ၌ စကားပြော ဖြစ်ကြ သောအခါ ဆရာကိုတာ ပေါက်ကွဲနေပြန်ပါသည်။

''သွားစမ်းပါဗျာ၊ ဒီမှာ ဟေ့လူ ကျုပ်ပြောမယ်၊ ကိုယ့်မိခင်ဘာသာ စကားကိုမှ ကောင်းကောင်းမတတ်၊ ကိုယ့်ဘာသာစကားရဲ့ အလှကိုမှ ကောင်း ကောင်း မခံစားနိုင်ဘဲနဲ့ ခင်ဗျား ဘာမှ မဖြစ်ဘူး။ ဆရာ၊ ဆရာမတွေ ကိုယ်တိုင်က ခံစားတတ်ဦးမှဗျ၊ အဓိပ္ပာယ်သိအောင် ရှင်းပြနေရုံနဲ့၊ သွားစမ်း ပါဗျာ''

ကိုတာကား မိခင်ဘာသာစကားဘက်မှ အနာကြီးနာနေပြန်ပါသည်။ ရှမ်းတောင်တန်းများပေါ်တွင် ခရီးသွားနေကြတုန်းက ဆရာဒဂုန်တာရာ၏ နွေနှောင်းရက်ကျန်သီချင်းကို ဟိုနားက ဖြတ်ညည်းလိုက်၊ သည်နားက ဖြတ်ညည်းလိုက်နှင့်။

''လှလိုက်တာဗျာ၊ ဆရာတာရာ ဘယ်လိုများ သည်လိုရေးဖို့ စိတ်ကူး ထွက်လာတာလဲ မသိဘူး။ ပုလဲရည်ငွေစက် ဖျန်းပက်ဖွေရှာ မြူမှုန်လိမ်းကျံတဲ့ ညှိုးပြောင်းရွက်ညှာ ရွှေရောင်ရော်ဝါ... လှလိုက်တာဗျာ၊ သန္တာကို မြည်သို့ နှောကာ ကြွေလျောကုန်လု ပုရစ်နုညှာစီ နှောင်းနွေသန်လု စက်ရာဆီမှာတဲ့၊ တကယ့် Beautiful Myanmar ဗျာ''

သူက စကားလုံး တစ်လုံးချင်းကို ခံစားနေပြန်ပါသည်။ Beautiful Myanmar တဲ့။ နောက်တော့ ထို Beautiful Myanmar ကို ဘင်္ဂလားပင်လယ် အော်ကြီးရဲ့ ကမ်းစပ်၊ ချောင်းသာည လှိုင်းတသောသော လေတဝေါဝေါထဲအထိ

www.nyisay.com



သူ ယူလာပြန်ပါသည်။ ကျွန်တော့်ကို ထို Beautiful Myanmar နောက်ခံဖြင့် ဆွေးနွေးခိုင်းခြင်း ဖြစ်ပါသည်။

နားထောင်သူများက သူ့ SILTA LUMBINI (လုမ္ဗိနီသူငယ်ဥယျာဉ်) ကျောင်းက ဆရာ၊ ဆရာမများ။ ကျွန်တော်က အသံချိုချိုနှင့် ကဗျာကလေး တွေရွတ်လိုက်၊ ဘာသာစကားအလှကို ပြောလိုက်။ ဆရာ ကိုတာ သဘောကျ နေပုံရသည်ဟု ကျွန်တော်ထင်မိသည်။

"ဟော့လူ ဆရာကြီးဂျက်၊ ကျုပ်ကို ခင်ဗျား တစ်ခုကူညီဗျာ၊ လှတဲ့ မြန်မာစာလေးတွေ ရွေးပေးစမ်းပါ၊ ဆရာမင်းသုဝဏ်ရဲ့ ဝက်ပါလို ကဗျာ ဖြစ်ချင်လည်း ဖြစ်မယ်၊ ဝေဿန္တရာ ဇာတ်ဝတ္ထုထဲက ကောက်နုတ်ချက် ဖြစ်ချင်လည်းဖြစ်မယ်၊ အဓိကက ဘာသာစကားအလှကို ခံစားရင်း မြန်မာစာ ဟာ ဘာလဲလို့ သိသွားစေချင်တာ။ ကိုယ့်ဟာကိုယ် ဘာမှန်း မသိရင် သွားစမ်း၊ ဟော့ကောင် မင်းသွားစမ်း၊ လုပ်ဗျာ၊ ကလေးတွေ သင်ဖို့"

နွေည၏ ငွေရောင်လမင်းက ပင်လယ်လှိုင်းတွေပေါ်မှာ ဖိတ်စဉ် ကွဲကြေ နေသည်။ ကမ်းခြေကို ဂငယ်ကွေ့ကွေ့ထားသည့် အုန်းပင်တွေက လေမှာ တရှဲရှဲ။ ဟိုး ခပ်လှမ်းလှမ်း ပင်လယ်ရေပြင်ထဲတွင် ရှိနေသည့် သဲဖြူကျွန်းဆီက မီးရောင်က လင်းခနဲ လက်ခနဲ။

"မြန်မာစာသင်မယ့်သူ တစ်ယောက်လောက် လိုချင်တယ်ဗျာ၊ ဆရာမ ဆို ပိုကောင်းမယ်ထင်တယ်၊ အသက်ကြီးပင်စင်စား ပါမောက္ခဟောင်းတွေ ဘာတွေဆို ပိုကောင်းမယ်ဗျ၊ ကလေးတွေနဲ့ ရင်းရင်းနှီးနှီးနေဗျာ၊ နောက် မေတ္တာစိတ်များများလေးရှိပေါ့၊ တွေ့ရင်ပြောစမ်းပါ"

သည်လိုကျတော့လည်း မိခင်ဘာသာစကား၏ အရေးပါပုံကို သူလက်ခံ ကာ ကလေးတွေကို ပျိုးထောင်ဖို့ စိတ်အားထက်သန်လှပါကလားဟု ကျွန်တော် သူ့ကို တစ်ချက် ငေးမိလိုက်ပြန်ပါသည်။

SILTA LUMBINI တဲ့။

ကျေနပ်ပြီး ပျော်ရွှင်နေသောသူများ၊ စွမ်းသောသူ ကောင်းသောသူများ မွေးမြူဖို့ဆိုသည့်အသံကိုပေးကာ ကလေးတို့အတွက် ဥယျာဉ်ကျောင်းကလေး တွေကို သူ ဖွင့်သည်။ ကျောင်းနာမည်တွင် လုမ္ဗိနီ ဟူသည့်အမည်ကို ထည့်သွင်း မှည့်ခေါ်ထားလို့လား မသိ။

ကွယ်လွန်သူ ဆရာကြီးဒေါက်တာသန်းထွန်းက -

www.nyisay.com



''ကြော် မောင်တာ မောင်တာ၊ ဘုရား တစ်ဆူတည်းပွင့်တာ မလောက်လို့ အများအပြားထုတ်မလို့ ထင်တယ်''

ဟု ကလိဖူးသည်။

ကျွန်တော်ကတော့ လုပ်သူကိုရော ကောက်ချက်ချသူ နှစ်ဦးစလုံးကိုပါ သဘောကျသွားမိပါသည်။

*

''ဟော့လူ၊ စာရေးဆရာဆိုတာ ဘာမှ မဟုတ်ဘူးဗျ၊ စာရေးတတ်တယ် ဆိုတာကလေး တစ်ခုပဲ၊ သူများထက် စာပိုရေးတတ်တယ်ပေါ့၊ ဒါပဲဗျာ၊ သူ မသိတာတွေ အများကြီး၊ အဲဒါဗျာ၊ သူ့ကျမှ လေးစားရမယ်ဆိုတော့ဗျာ၊ ဘယ်လိုပြောရမလဲဗျာ''

''တစ်ခါ တစ်ခါ ကဗျာဆရာတွေကို စိတ်ညစ်တယ်ဗျာ၊ ကဗျာကို ရှေ့ဆုံးမှာ မထည့်လို့တဲ့၊ ကျုပ်မဂ္ဂဇင်းနဲ့ကျုပ်··· ကျုပ်ထည့်ချင်တဲ့နေရာမှာ ထည့်မှာပေါ့ဗျ၊ ကျုပ်ကတော့ ကျုပ်ရပ်ချင်တဲ့အချိန် ကျုပ် မဂ္ဂဇင်း ရပ်မှာပဲ၊ ဂုဏ်သိက္ခာအရ ဘာအရ မရပ်ဘူး၊ ဘာညာ မရှိဘူး၊ မလုပ်ချင်တဲ့အချိန် ရပ်မှာပဲ''

ရန်ကုန်မြို့ပေါ်က လက်ဖက်ရည်ဆိုင်ပေါင်းစုံ၊ စားသောက်ဆိုင်ပေါင်းစုံ မှာ ဆရာကိုတာနှင့် ကျွန်တော်တို့ မကြာမကြာ ထိုင်ဖြစ်တတ်ကြရာ သည် စကားမျိုးတွေကို မကြာမကြာ ကြားရမြဲဖြစ်သည်။ တစ်ခါ တစ်ခါတော့ ဆဲသံဆိုသံ ကလေးတွေနှင့်။ စာပေလောကအပေါ် သူ ဘာတွေများ အလိုမကျ နေရှာသလဲ။ ဘာပဲဖြစ်ဖြစ် မြန်မာစာပေလောကထဲမှာ အမှိုက်တွေ အညစ် အကြေးတွေ ချသူများထဲတွင်တော့ ဆရာကိုတာမပါ။ မိုး၊ စတိုင်သစ်၊ အခု နောက်ဆုံး ချင်းတွင်း။ သူလုပ်သမျှ မဂ္ဂဇင်းတွေက သန့်ရှင်းပါသည်။ မိန်းမ ရုပ်ပုံတွေ၊ မင်းသမီးမင်းသားပုံတွေ ဘာမျှမပါ။ တောက်တိုမည်ရ သတင်းတွေ ဘာမျှ မထည့်။ စာချည်းပဲ အသန့်။ အခန့်။

မုံရွေးတိုက်က ထုတ်သမျှ စာအုပ်တွေကလည်း စာဖတ်သူအတွက် အကျိုးရှိရာရှိကြောင်း စာတွေချည်း။ ဥပမာ ဒေါက်တာသန်းထွန်း၏ အရင် ကေရာဇ် အခုလူ။ ၂၀၀၃ ခုနှစ် ဆောင်းရက်တွေထဲမှာတော့ ကလော၊ အောင်ပန်း၊ ပင်းတယဘက်ကို ဆရာကိုတာနှင့်တွဲပြီး စာပေဟောပြောပွဲ

www.nyisay.com



ထွက်ဖြစ်သည်။ ဒေါ်ခင်ဆွေဦးနှင့် မသန်းမြင့်အောင်တို့လည်း ပါသည်။ ရေခဲမတတ် အေးလွန်းသောကြောင့် နေ့ခင်းကြောင်တောင်မှာ ဟောရသော ကမ္ဘောဇ၏ စာပေစင်မြင့်များပေါ်တွင် သူ့ကို ကျွန်တော် အကဲခတ်ရသည်။

တော်တော် စကားပြောမကောင်းသော စာရေးဆရာတစ်ယောက်။ သူက စင်ပေါ်ကနေ သူရေးခဲ့သော စာအုပ်အချို့ကို ထောင်ထောင်ပြရင်း ဟောပါသည်။ ပရိသတ်အများစုက သူ့စာအုပ်တွေကို မသိ။

"လူဦးရေ သန်း ၆၀ ဗျာ၊ စာအုပ်တစ်ထောင် မနည်းရောင်းနေရတယ်"

"ဒါတော့ မပြောနဲ့ ဆရာတာ၊ ကျွန်တော်က မြန်မာစာနဲ့ ပတ်သက်တဲ့ ပတ်ဝန်းကျင်မှာနေတာ၊ ဆရာမတစ်ယောက်က နတ်နွယ်ဆိုတာ ဘာတွေရေးတာလဲတဲ့။ ကျောင်းသားအများစုက မောင်ထင်၊ ရွှေဥဒေါင်း၊ လူထုဒေါ်အမာ၊ မကြားဖူးကြဘူး"

"အဲဒါ ဘာလို့ဖြစ်ရတာလဲ ခင်ဗျားသိလား၊ ခင်ဗျား သိရဲ့လား။ စာဖတ်တာကို ချစ်အောင်မလုပ်တဲ့ ပတ်ဝန်းကျင်မှာ…"

ဆရာကိုတာကား ဆဲဆိုနေပြန်ပါလေသည်။ ကျွန်တော်က စာပေဟောပြောပွဲ ခရီးစဉ်တွေကို တစ်ခါတစ်ခါ ညည်းမိသည်။ ခရီးလမ်းကြမ်းတမ်းမှု၊ လူတွေ၏ စာပေတပ်မက်စိတ် ခြောက်ခန်းလာမှု။

"ဟေ့လူ ဆရာကြီးဂျက်၊ သွားရမယ်ဗျ။ ကျုပ်က ကြိုက်တယ်၊ ကိုယ့်စင် ကိုယ်ထိုးတယ်ဗျာ၊ ကိုယ်ဖိတ်ချင်တဲ့ စာရေးဆရာ ဖိတ်တယ်ဗျာ၊ ကိုယ်နားထောင်ချင်တာ နားထောင်တယ်ဗျာ၊ အဲဒါကို ကြိုက်တာ"

ဆရာကိုတာက စာရေးတာ လွတ်လပ်သလို သွားလာနေထိုင်မှု ပုံစံကလည်း လွတ်လပ်သည်။ စာပေဟောပြောပွဲ စင်မြင့်ပေါ်တက်ဖို့ သူ ပြင်ဆင်ထားပုံက Walking shoe နှင့်၊ ဘောင်းဘီရှည်နှင့်၊ အားကစားအင်္ကျီနှင့်။ ကျွန်တော်က ကောင်းပါ့မလားဟု စကားစရုံရှိသေး။ သူက ပေါက်ကွဲပါပြီ။

"ကျုပ်နေတာထိုင်တာ သည်ပုံအတိုင်းပဲ၊ အဲဒါကို လက်ခံရင်ဖိတ်၊ လက်မခံရင် မဖိတ်နဲ့၊ ကျုပ်ကတော့ သည်အတိုင်းပဲ"

စာပေဟောပြောပွဲ စီစဉ်သူတို့သည်ကား ပါးစပ်အဟောင်းသားဖြစ်ကာ သူ့ကို ငေးကြည့်နေလျက်။

*

www.nyisay.com



ပင်လယ်လှိုင်းတွေက ဘန်ဂလိုအောက်ဘက် သဲသောင်ပြင်ကို တဝေါဝေါ ရိုက်ခတ်လျက်ရှိသည်။ ဘန်ဂလိုရှေ့ လသာဆောင်မှာ စားပွဲတစ်လုံးနှင့် ဆရာကိုတာ။ သူ့ရှေ့မှာ စာရွက်စာတမ်းတွေ၊ စာအုပ်တွေ။

အမေရိကန် ဒုသမ္မတဟောင်း အယ်လ်ဂိုး Al Gore ၏ An inconvenient Truth။ နောက် James Trefil ၏ A scientist at the seashore ပင်လယ်ကမ်းခြေက သိပ္ပံပညာရှင်တစ်ယောက်။ နောက် ကျွန်တော်တို့ရောက်နေသော ရက်များအတွင်း ချောင်းသာကမ်းခြေ ဒီရေအတက်အကျဇယား။

"ရေတက်ရေကျ ဇယားက ဖြတိသျှရေတပ်က လုပ်ထားတဲ့ဇယား၊ Internet ကနေ Download လုပ်ယူလာတာ"

သူ့အနားမှာ သူ့ကျောင်းက ဆရာမကလေးတွေ ဝိုင်းနေသည်။ ပင်လယ်ရေက ဘာလို့ ငန်တာလဲ။ ပင်လယ်ကြီးက သက်တမ်း ဘယ်လောက်ရှိပြီလဲ။ လှိုင်းတွေက ကမ်းခြေကို ဘာကြောင့် ထောင့်မှန်ရိုက်တာလဲ။ ကမ်းခြေမှာ ဘာကြောင့် အမြှုပ်တွေ ထနေတာလဲ။ သူက ဦးဆောင်ပြီး ဆွေးနွေးနေသည်။ သူက လူတွေကို သိပ္ပံစာတတ်တွေ ဖြစ်စေချင်နေသည်။

တစ်ခါက တက္ကသိုလ်ဆရာများ၏ စကားဝိုင်းတစ်ခုမှာ သိပ္ပံဆရာတစ်ယောက်က မုံရွေးလို စာအုပ်တိုက် ရှိလာတာ ကျွန်တော်တို့အတွက် ဖတ်စရာတွေ ပိုရှိလာတယ်ဗျာဟု ကျေးဇူးစကားဆိုသံကို ကျွန်တော် ကြားခဲ့ရသည်။

တကယ်လည်း မုံရွေးက သိပ္ပံစာအုပ်တွေကို အံ့နှင့်ကျင်းနှင့် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ ဒေါက်တာခင်မောင်ဝင်း၊ ဒေါက်တာတင်လှိုင်၊ ဦးဇမောင်၊ ဦးစံသာအောင်၊ တက္ကသိုလ်ကြယ်ပွင့်၊ ကျော်ဇေယျာ(ပုသိမ်)၊ စိုးစိုး(အင်္ဂပူ)၊ ဗန်းမော်တင်အောင်၊ လွဏ်းမောင်၊ ညွန့်ဝေ(ဆေးသိပ္ပံ) စသည့် စာရေးသူအမည်များကို ကြည့်ရုံနှင့် သိပ္ပံစာပေအတွက် မုံရွေးက အားထုတ်ပုံကို တွေ့နိုင်ပါသည်။

"ဟော့လူ ဆရာကြီးဂျက်၊ ရော့-ချောင်းသာအစီအစဉ်"

ချောင်းသာသို့ သွားကြစဉ်က သူက ကျွန်တော့်ကို စာရွက်စာတမ်းတွေဝေသည်။ Chaung Tha schedule တဲ့။ Departure ထွက်ခွာချိန်၊ Arrival ရောက်ရှိ ချိန်၊ Lunch နေ့လယ်စာစားချိန်၊ off-hours နားချိန်၊ Dinner ညစာစားချိန်၊ Discussion ဆွေးနွေးချိန် စသည်ဖြင့် ခွဲထားသည်။ ပြီးတော့

www.nyisay.com



ဈေးဝယ်၊ ချက်ပြုတ်၊ ပန်းကန်ဆေး၊ အိပ်ရာခင်း စသည်စသည်ဖြင့် အဖွဲ့တွေလည်း ခွဲထားလိုက်သေးသည်။

အချိန်ကလေး နည်းနည်းရလျှင် ပင်လယ်ထဲမှာ ရေဆင်းစိမ်မြဲ။ ဘင်္ဂလားပင်လယ်အော်ကြီးက ဆရာကိုတာနှင့် ကျွန်တော့်ကို အတူတူ လုပ်ပစ်လိုက်ပုံ ရပါသည်။

*

"ဟေ့လူ၊ ဘီယာကလေးဘာလေး သောက်ရင်း စကားပြောကြရအောင်၊ ရေအရင် သွားကူးမယ်"

ရန်ကုန်မြို့ပေါ်မှာလည်း သူက ရေကူးဖို့ပဲ ပြောတတ်သည်။ သို့သော် ကျွန်တော့်အတွက်က မဖြစ်နိုင်။ ရန်ကုန်ဆိုတာ ချောင်းသာမဟုတ်။ ဘင်္ဂလားပင်လယ်အော်ကြီးလို အလကား မရ။ သို့သော် ပါဂျရိုကား၏ ခေါ်ဆောင်ရာနောက်သို့ ဆရာကိုတာနှင့်အတူ လိုက်ပါသွားရသည်။ ကန်တော်ကြီးကို မေးတင်ထားသည့် အဆင့်မြင့် ဟိုတယ်ကြီး၏ ရေကူးကန်ထဲမှာ ကူးခပ်နေသော စာရေးဆရာကို ရှုငေးစောင့်စားရသည်။ ပြီးလျှင် ဆိုင်တစ်ဆိုင်ကို ရောက်သွားတတ်မြဲ။

"ဂျူးရဲ့ ဝတ္ထုတွေက နောက်ပိုင်းမှာ knowledgeနဲ့ ဖမ်းစားလာသလိုပဲဗျာ၊ ကြယ်စင်တံတား ကမ်းပါးနှင်းမြူဗျာ၊ ကချင်ဒေသနဲ့ရနဲ့ ဖမ်းစားတယ်၊ တိမ်နဲ့ချည်တဲ့ကြိုးဗျာ၊ ချင်းဒေသနဲ့ရနဲ့ ဖမ်းစားတယ်။ ခံစားမှု လျော့လာသလိုပဲ"

သူက မိတ်ဆွေကဗျာဆရာတစ်ဦး၏စကားကို လက်မခံ။

"ဟေ့လူ၊ ခင်ဗျား အဲဒါ သွားမကြည့်နဲ့လေဗျာ၊ ဂျူးက သူပြောချင်တာကို ပြောလို့ရအောင် လုပ်နေတာ၊ Dramatic ဖြစ်အောင်တော့ လုပ်ရမှာပေါ့၊ ဘာကြောင့်ဖြစ်ဖြစ်ဗျာ၊ လူတွေစာဖတ်ရင် ကောင်းတယ်၊ ဟယ်ရီပေါ်တာဆိုတာ ဘာမှမဟုတ်ဘူး။ ဒါပေမဲ့ ဟယ်ရီပေါ်တာကြောင့် ကလေးတွေ စာဖတ်ဖြစ်ကြတယ်ဆိုတာ ကောင်းတာပဲ"

ကြိုက်သည်၊ သို့သော် ပါဘလိုနီရူဒါ ဘာသာပြန်ကိုတော့ မကြိုက်။ ကဗျာသည် ကိုတာ့ကိစ္စ မဟုတ်ဟု ထင်မိသည်။ ဒါကြောင့် ကဗျာကိုတော့ မလုပ်ပါနှင့်ဟု တားမိသည်။ မရ၊ သူ လက်မခံ။

www.nyisay.com



''ခင်ဗျား သေသေချာချာ ဖတ်ပါဗျ၊ အသော့မနှင်ပါနဲ့၊ အသော့မနှင် လိုက်ပါနဲ့။ ခပ်နေးနေး အရသာခံပြီး ဖတ်စမ်းပါ''

ကျွန်တော် အသော့မနှင်ဘဲ သူ့ပါဘလိုနီရူဒါကို ပြန်ဖတ်သည်။ မရ။

လွန်ခဲ့သော နှစ်နှစ်လောက်ကတော့ ရန်ကုန်မြို့ပေါ်မှာ နေစရာအိမ်၊ သို့မဟုတ် အခန်းတစ်ခုခုကို ရှာနေတုန်း ဆရာကိုတာနှင့် လမ်းပေါ်မှာ သွား တွေ့ရာက တစ်နေရာမှာ ထိုင်ဖြစ်သည်။

''အိမ်တို့ အခန်းတို့ အပိုင်ဝယ်တယ်ဆိုတာ မလွတ်လပ်တာ၊ မဖွံ့ဖြိုး တာဗျ။ အနောက်ကမ္ဘာမှာ ကိုယ်စိတ်ပါတဲ့အလုပ် ပြောင်းလုပ်၊ ကိုယ်နေချင်တဲ့ မြို့ပြောင်းသွား၊ လွတ်လွတ်လပ်လပ်ပါဗျာ၊ တစ်နေရာရာမှာ ဘယ်တော့မှ ချည်နှောင်မထားဘူး''

ဝင်ဒါမီယာထဲက သူ့အိမ်ကြီးမဟာကို မကြာခဏ ရောက်ရောက်သွား တတ်သော ကျွန်တော်က သူ့ကို ဘာပြန်ပြောရမှန်း မသိ။ ဟိုတစ်လောလေး ကတော့ သူ၊ မိတ်ဆွေတစ်ဦးနှင့် ကျွန်တော်တို့ တစ်ခါ ဆုံဖြစ်သေးသည်။ ထုံးစံအတိုင်း သူ ရေကူးရာကအပြန် လှည့်ဝင်လာခြင်း ဖြစ်သည်။

''အနုပညာသမားက နှစ်မျိုးရှိတာဗျ၊ တချို့က လွတ်ထားတာ၊ ဘာမှ သိပ်မထိန်းတာ။ ဥပမာဗျာ ဗန်ဂိုးတို့လို၊ မောင်ချောနွယ်တို့လို... ဒါလည်း ကောင်းတာပါပဲ။ တချို့ကတော့ ထိန်းထိန်းကွပ်ကွပ်နေရင်း လုပ်သွားတာ။ ဆရာဇော်ဂျီတို့လို၊ ဆရာမင်းသုဝဏ်တို့လို။ ဒါလည်း အနုပညာထွက်လာ တာပါပဲ''

ဆရာကိုတာကကော ဘယ်လိုစာရေးဆရာလဲ။ ဆရာ ပါရဂူကတော့ ပါဂျရိုနှင့် စာရေးဆရာဟု တံဆိပ်ကပ်သည်။ ထိုနေ့ကလည်း ပါဂျရိုနှင့် ရောက်လာကာ ပါဂျရိုနှင့် ပြန်ထွက်သွားသော ဆရာကိုတာကို ၃၅ လမ်းထိပ် မိုးနှင့်ဝေဝါးနေသော ရန်ကုန်မြို့၏ မှောင်စပျိုးမှာ ကျွန်တော်နှင့် မိတ်ဆွေတစ်ဦး က နှုတ်ဆက်လိုက်ရပေသည်။

*မိုးဂျာနယ်*

ဩဂုတ်လ၊ အောက်တိုဘာလ၊ ၂၀၀၇။

❑

www.nyisay.com



# ကြူးနှစ်
## (ကန္တာရ စာမျက်နှာများ)

၁၉၉၇ ခုနှစ်ဆိုတော့ အခု ၂၀၀၉ ခုနှစ်ကနေ ရေတွက်ကြည့်လိုက်သောအခါ ဆယ်စုနှစ်တစ်ခုပင် စွန်းခဲ့ပြီ။

တိတိကျကျ ရည်ညွှန်းရလျှင် ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ဟေမန္တရက်တွေထဲက တစ်ရက်ပင် ဖြစ်ပါသည်။

အမေ လူထုဒေါ်အမာ၏ မွေးနေ့က နိုဝင်ဘာလ ၂၉ ဆိုတော့ ထိုနေ့မတိုင်ခင် ၂၆၊ ၂၇၊ ၂၈ ရက် တစ်ရက်ရက်ပဲ ဖြစ်ပါလိမ့်မည်။ ရန်ကုန်ဘူတာကြီးရှိ ကြိုတင်လက်မှတ် အရောင်းဌာန ကောင်တာတစ်ခု၏ အရှေ့မှာပဲ ဖြစ်ပါသည်။

''ညီလေးရေ၊ ကိုယ် မန္တလေးလက်မှတ်တစ်စောင် လိုချင်သကွာ''

''ဟုတ်ကဲ့၊ မှတ်ပုံတင်ပေးပါ''

''ကိုယ်က မှတ်ပုံတင်မရှိဘူးကွ''

''ဒါဆို ဘယ်လိုလုပ် ရောင်းမလဲဗျာ''

''ကူညီပါကွာ၊ ကိုယ်က စာရေးဆရာပါ''

''ဘယ်သူလဲ''

''ကြူးနှစ်''

တာဝန်ကျ လက်မှတ်အရောင်းသမားကလေး စိတ်ညစ်သွားပုံရသည်။ ကြူးနှစ် ဆိုသောနာမည်ကို သူ ကြားဖူးပုံ မရ။

လူဦးရေ သန်း ၆၀ ရှိသည့် ကျွန်တော်တို့နိုင်ငံတွင် စာအုပ် ၁၀၀၀ ကုန်အောင် မနည်းရောင်းနေရသည့် တကယ့် စာပေအနုပညာရှင်တို့ကို လူတိုင်းက မသိနိုင်သလို၊ ကြူးနှစ် ဟူသည့် စာရေးဆရာတစ်ယောက်ကို သည်လက်မှတ်အရောင်းသမားကလေး မသိခြင်းမှာလည်း ဘာမျှ မဆန်း

www.nyisay.com



ကြယ်လှပါ။ သို့သော် သူက စာရေးဆရာဆိုသော အလုပ်ကိုတော့ တန်ဖိုးထားပုံရသည်။

''အစ်ကို့မှာ သက်သေခံ ကတ်ပြားတစ်ခုခု မပါဘူးလား၊ စာရေးဆရာကတ်၊ ဝန်ထမ်းကတ်၊ ကားလိုင်စင်''

''ဘာကတ်မှမရှိဘူး ညီလေးရာ၊ ကိုယ်စာရေးဆရာ ကြူးနှစ်အစစ်ပါ၊ ကူညီပါကွာ''

လက်မှတ်ရောင်းက စာရေးဆရာကို ခဏတွေကြည့်နေခဲ့ကာ စာနာသွားပုံရသည်။

''ကဲ... ဒီလိုလုပ် အစ်ကိုရယ်၊ အစ်ကိုက စာရေးဆရာကြူးနှစ်ဖြစ်ပါတယ်ဆိုတာကိုတော့ သက်သေတစ်ခုပြ၊ ဒါဆို... ကျွန်တော် ကူညီပြီးရောင်းပေးမယ်''

ကိုကြူးနှစ်က ဖျတ်ခနဲ လင်းပွင့်သွားပုံ ရပါသည်။ သူ့ခါးမှာ ထိုးထားသည့် ရန်သစ်မဂ္ဂဇင်းကို ရုတ်တရက် ဆွဲယူလိုက်ကာ စာမျက်နှာတစ်ခုရောက်အောင် ခပ်သွက်သွက် လှန်ပစ်လိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင် သူ့ဝတ္ထုတိုကို သူ့လိုင်စင် ဓာတ်ပုံကလေးနှင့် ယှဉ်တွဲ၍ ဖော်ပြထားသည့် မဂ္ဂဇင်း။ အထူးအမှတ်တရလ။

''ဟော... ဒီမှာ ဒီမှာ၊ ဟောဒါ ကိုယ်... ဟောဒါ ကိုယ်၊ ဒါ... ကိုယ့်ပုံ၊ ဒါက ကိုယ်ရေးတဲ့စာ''

ကိုကြူးနှစ်က မဂ္ဂဇင်းစာမျက်နှာပေါ်က သူ့ဓာတ်ပုံကို လက်ညှိုးထိုးပြလိုက်၊ သူ့ကိုယ်သူ ထိုးပြလိုက်၊ ဝတ္ထုတိုကို ဖြန့်ပြလိုက်နှင့် ရှင်ပြီးရင်း ရှင်၍နေတော့ရာ လက်မှတ်ရောင်းက ကြူးနှစ် ဆိုတာကိုလည်း ယုံကြည်၍သွား၊ ကရုဏာလည်း သက်သွားပုံဖြင့် လက်မှတ်တစ်စောင် ရောင်းပေးလိုက်သည်သာမက လမ်းမှာပါ အဆင်ပြေအောင် ပြောပြသွားဖို့ လမ်းညွှန်လိုက်ပါသေးသည်။

ဩော်... ကိုကြူးနှစ် ကိုကြူးနှစ်...။

ရတနာပုံ မန္တလေးခေတ်က သတင်းစာဆရာကြီး ဦးရွှေကြူးနှင့် မြန်မာ့အသံက သတင်းကြေညာခဲ့သူ ဒေါ်သန်းနှစ်တို့ကို ကြိုက်သဖြင့် ကြူးနှစ်ဟူသည့် အမည်ကို ခံယူခဲ့ပါသည်ဆိုသော စာရေးဆရာ ကိုကြူးနှစ်။ လူတစ်ယောက်လုံး တော့တော့ဆိုင်ဆိုင်ကြီး လာတွေ့နေတာ မှတ်ပုံတင်စစ်နေရသေး

www.nyisay.com



သလားဆိုသည့် ပန်းချီကျော် ပေါလ်ဂေါဂင်နှင့် ဗင်းဆင့်ဗန်ဂိုးတို့ကိုပင် သတိရချင်စရာ ကောင်းနေပါသေးတော့။

*

စာရေးဆရာ ကိုကြူးနှစ်နှင့် ကျွန်တော်တို့ သိကျွမ်းခဲ့ကြသည်မှာ ကြာပါပြီ။ သို့သော် ခရီးဝေးဝေးသို့ တစ်ခါမှ အတူမသွားဖြစ်ခဲ့ကြ။ ထို ၁၉၉၇ ခုနှစ်တုန်းကတော့ မန္တလေးခရီးစဉ်ကို သွားကြဖို့ အကြောင်းဖန် လာသည်။

သူက မန္တလေးစာဖတ်သူအကြိုက် ဝတ္ထုတိုဆု။ ကျွန်တော်က ဖျတ်ခနဲ တွေ့ရသည့် ကျွန်တော်တို့ရှေ့က ကြယ်တာရာများ ဆောင်းပါးဆု။ ဆု၏ ဦးဆောင် ဦးရွက်ပုဂ္ဂိုလ်မှာ ထန်းရိပ်ညို ပန်းချီဆရာ ဦးမျိုးခင်ဖြစ်ပြီး အမေလူထု ဒေါ်အမာ၏ မွေးနေ့၌ တောင်သမန်၌ ပေးခြင်းဖြစ်ရာ ကျွန်တော်တို့ ပူးကပ် သွားကြသည်။

''အစ်ကို၊ အစ်ကို ဆုရတဲ့ငွေ ကျွန်တော့်ကိုပေးထား၊ ရန်ကုန်ရောက်မှ ပြန်ယူ''

ကျွန်တော်က စိတ်ကို အထိန်းအကွပ်မရှိဘဲ နှင်လိုရာ နှင်တတ်သည့် သူ့သဘာဝကို သိထားသဖြင့် အစ်ကိုတစ်ယောက်လို စိတ်ပူပန်မိကာ ရန်ကုန်အပြန် ငွေကလေး ထုပ်ထုပ်ပိုက်ပိုက် ပါသွားစေလိုသော စေတနာဖြင့် ပြောမိခဲ့ခြင်းပင် ဖြစ်ပါသည်။ သို့သော် သူက လက်မခံ။

''နေပါဦး၊ ကိုယ့်လူက ကိုယ့်ဘဝကို စောင့်ရှောက် ထိန်းသိမ်းရ အောင် ကိုယ့်လူက ဘာလဲ၊ ဘယ်သူက တာဝန်ပေးထားတာလဲ၊ ပြောပါဦး မောင်သာချိုရဲ့''

စကားလည်းထွေ၊ တရားလည်းထွေ ဖြစ်နေသည့် အစ်ကို့ကို ကြည့်ကာ ကျွန်တော် စိတ်ညစ်သွားမိသည်။

ကဲ… ရှိပါစေတော့ ဟူသော သဘောဖြင့် တောင်းပန်လိုက်ရသည်။ ရန်ကုန်ပြန်တော့မည်ဟု လုပ်သောအခါ သူ့လက်ထဲမှာ ပိုက်ဆံမရှိတော့။

မန္တလေးမှာ ထန်းရိပ်ညို ဦးမျိုးခင်က အနုပညာသမားတွေအပေါ် တော်တော်လည်း စေတနာကြီး၊ တော်တော်လည်း သံယောဇဉ်ထားပါသည်။ ထို့ကြောင့် မန္တလေးရောက် စာရေးဆရာကြူးနှစ်ကို ညစာဖြင့် ဧည့်ခံလိုကြောင်း၊

www.nyisay.com



ကြူးနှစ်၏ ဝတ္ထုတိုများကို ထုတ်ဝေရန်အတွက် စာမူခ စကားပြောကာ ပေးလိုက်လိုကြောင်း တို့ကိုလည်း ပြောလာရာ ကျွန်တော်က ကြားမှနေ၍ ချိန်းဆိုပေးရပါသည်။

ကျုံးတောင်ဘက် ၂၆ လမ်းပေါ်က ဦးမျိုးခင်ပိုင် Date စားသောက်ဆိုင် ခြံကြီးထဲသို့ ညနေ ခြောက်နာရီမှာ လာခဲ့ဖို့။

ထိုနေ့က မနက် ခုနစ်နာရီ ရှစ်နာရီလောက်ပဲ ရှိသေး အစ်ကိုကြူးနှစ် တစ်ယောက် ပေါက်ချလာပါသည်။ လူကလည်း တော်တော့်ကို 'ဖွေ'လို့။

ကျွန်တော်က မနက်ခင်းလက်ဖက်ရည်သောက်ဖို့ ရောက်နေသူဖြစ်ရာ၊ ဦးမျိုးခင်ကလည်း အထဲတွင် အလုပ်လုပ်နေဆဲဖြစ်၍ ခြံထဲက သစ်ပင်ရိပ် ကောင်းကောင်းမှာ ထိုင်နေချိန် သူ ရောက်ရှိလာခြင်းကို အံ့သြ၍ သွားမိသည်။

"ချိန်းထားလို့ လာတာကွ မောင်သာချို့ရ"

"အစ်ကို၊ ကျွန်တော်တို့ ချိန်းတာ ညနေ ခြောက်နာရီ မဟုတ်လား"

"အေးလေကွာ၊ ကိုယ် လာချင်တဲ့အချိန် လာမှာပေါ့၊ ဘာလဲ မောင်ရင်တို့ သတ်မှတ်တဲ့အချိန် လာရမှာလား၊ ဒီမယ်… ကိုယ့်လူ"

ဤသို့ဖြင့် ကိုကြူးနှစ်က ရက်စက်သော စကားတွေကို ဆက်ပြောနေပါတော့သည်။



အဓိကကတော့ ပြည့်စုံကြွယ်ဝသူတွေ ချိန်းဆိုသည့် အချိန်အတိုင်း မလာနိုင်ကြောင်း၊ မိမိ လာချင်သည့်အချိန် လာမည်သာဖြစ်ကြောင်းစသည်။ အကျိုးဆက်ကတော့ ညနေ စီစဉ်ထားသည့်ပွဲ ပျက်သွားပါသည်။

ဦးမျိုးခင်က အခု စိတ်ရှိလို့ အခု လာတယ်ဆိုရင်လည်း သူ့ကို ရမ်တစ်လုံး လက်ဆောင်ပေးလိုက်ပါဟု သူ့ဆိုင်ထဲက တစ်ယောက်ကို ခိုင်းလိုက်ကာ

www.nyisay.com



ညနေပွဲကိုပါ ဖျက်လိုက်ပါသည်။ အပြင်ဘက်ကိုလည်း ထွက်မလာပါလေတော့။

ဩော်… ကိုကြူးနှစ်။

စိတ်ဆောင်ရာကို ကိုယ်ခန္ဓာက လိုက်ပါဖို့ ဘယ်တော့မှ နောက်မတွန့်တတ်တဲ့ လူတစ်ယောက်။ ကျူးဘေးက လမ်းပေါ်မှာ တစ်ယောက်တည်းလွင့်လို့။

*

တစ်ခါတုန်းက ရန်ကုန်မြို့ လမ်းဘေး လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်မှာ ကျွန်တော်နှင့် ကိုကြူးနှစ်တို့ ဆုံဖြစ်ပါသည်။

အင်္ကျီတွေ၊ ပုဆိုးတွေက ထုံးစံအတိုင်း နွမ်းညစ်လို့။ အပေါက်ကလေးတွေ၊ အပြဲကလေးတွေနှင့်။ မီးပူတွေ ဘာတွေ တိုက်ကာ ဆန့်ဆန့်ပြန့်ပြန့်ရှိဖို့ဆိုတာက အဝေးကြီး။

အသားက ဖြူစပ်စပ်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးတွေက အဖြူတစ်ဝက်၊ အနက်တစ်ဝက်။ ကျွန်တော်နှင့် ထိတွေ့ဆက်စပ်သမျှမှာ ရွှေငွေဝတ်ဖို့နေနေသာသာ နာရီကလေးသော်မှ သူ မပတ်။ ယမကာနံ့ကလေးက သင်းတပျံ့ပျံ့။

"ကိုယ်တို့ကတော့ Creation ပဲ မောင်သာချိုရဲ့၊ Creation ပဲ၊ ပြီးတော့ feeling ပေါ့၊ ခံစားတဲ့အတိုင်းပဲ။

တစ်ခါပေါ့ လက သာလို့၊ ကိုယ် သစ်ပင်ရိပ်ကလေးမှာ ထိုင်နေတာ၊ ကိုယ့်အမျိုးသမီးကွာ အစ်ကိုရယ်… အလုပ်လုပ်ပါ၊ စာများများရေးပါတဲ့၊ သူက စာရေးတာကို ကုန်ပြေးထမ်းတာမျိုး ထင်နေလား မသိဘူး၊ စိတ်ထဲထောင်းခနဲ ဖြစ်သွားတယ်၊ အုတ်ခဲ ကောက်ကိုင်ပြီး ဆံပင်ဆွဲ နဖူးကို ထုထည့်လိုက်တယ်၊ မှတ်ကွာ"

ရီဝေဝေကြားက လျှံကျလာသည့် သူ့စကားကို နားထောင်ရင်း သူ့ခံစားမှုကို ကျွန်တော် အလန့်တကြား ဖြစ်မိသည်။

"အဆင်မပြေခဲ့ဘူး မောင်သာချိုရယ်၊ မှတ်မိသေးတယ်၊ ဝတ္ထုတိုတစ်ပုဒ် စာမူခ သွားထုတ်တာ၊ စာမူခငွေ ၂၀၀ ပေါ့၊ သည်တုန်းက မပေးချင်ပေးချင်နဲ့ ရော့ဗျာတဲ့ ငွေ ၂၀၀"

www.nyisay.com



သူက ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်နှင့် အယ်ဒီတာ၏အမည်ကို ပြောကာ သွေ့သွေ့ခြောက်ခြောက်ကြီး ရယ်ပါသည်။

''ဆင်းရဲလိုက်တာ၊ ညှော်သည်လာလို့ ခြင်ထောင်အပို မရှိ၊ စောင်အပို မရှိ၊ ညှော်သည်ကိုလည်း ကိုယ်တို့ လင်မယားနဲ့အတူ အိပ်ပဲ၊ နောက်တော့ ရုပ်ပြတွေ ရေးပေါ့၊ အောက်ဈေးနဲ့ပေါ့ကွာ၊ ငွေရှင်တရုတ်က ဗီဒီယိုအခွေ ၂၀ပေးတယ်၊ ကြည့်ဖို့၊ ဗမာဇာတ်လမ်းပြန်လုပ်ဖို့၊ ကိုယ် ပြောလိုက်တယ်။ အခွေ ၆၀ ကျုပ်ကြည့်ပြီးသားလို့။

ဒါနဲ့ နိုင်ငံခြားဇာတ်လမ်းတွေ တောင်စပ် မြောက်စပ် လျှောက်လုပ်ပြီး ရုပ်ပြဇာတ်လမ်းတွေရေးတာ အဆင်ပြေတယ် မောင်သာချိုရဲ့၊ Creation တော့ ကျသွားတာပေါ့၊ ဟားဟားဟား...''

ကန္တာရဆန်လွန်းစွာဖြင့် သွေ့ခြောက်စွာ ရယ်မောနေသော ဝတ္ထုတို ဆရာကြီးနှစ်ကို ကြည့်ကာ ကျွန်တော့်စိတ်ထဲမှာ စူးနေမိသည်။

သူ့ဘဝက ခါးသီးသည့် အခြမ်း၊ အမှောင်ခြမ်း ပိုများနေလို့များ သူ့ ဝတ္ထုတွေက ခက်ထန်ကြမ်းရှ နေလေရော့သလားဟု စဉ်းစားချင်စရာ ဖြစ်ပါ သည်။

''ကိုယ်ရေးသမျှက အမှောင်ခြမ်းက အနိဋ္ဌာရုံပေါ့၊ ဟား ဟား...''

ဒါကတော့ တစ်ခါက စားသောက်ဆိုင်ကလေးတစ်ခုထဲမှာ နှစ်ယောက် တည်းဆုံခိုက် သူ့ဝတ္ထုတိုများနှင့် ပတ်သက်သည့် ကိုကြူးနှစ်၏ ဖြောင့်ချက်ပဲ ဖြစ်ပါသည်။

မှန်ပါသည်၊ ကိုကြူးနှစ်၏ ဝတ္ထုတိုတွေက အနုပညာကောင်း သလောက် ဝတ္ထုထဲက ဘဝတွေက မလှ။ ဒဏ်ရာဒဏ်ချက်တွေ၊ အမာရွတ်ကြီး တွေ၊ အညိုအမည်းတွေ၊ အရောင်အကိုင်းတွေနဲ့။

*

သည်တစ်ခေါက်က ကိုကြူးနှစ်ကို ကျွန်တော် တွေ့ခဲ့တာက မဂ္ဂဇင်း တိုက်ကလေးတစ်ခုအတွင်းမှာ ဖြစ်ပါသည်။ သည်မဂ္ဂဇင်းတိုက်က မဂ္ဂဇင်းစာ စောင်အပြင် ဂျာနယ် နှစ်စောင် သုံးစောင်ကိုပါ ထုတ်ဝေနေသည့် တိုက်ဖြစ်ပြီး တွေ့နေမြင်နေကျ မဂ္ဂဇင်းတိုက်များနှင့်မတူ အထိုက်အလျောက် ခမ်းနားထည်ဝါ ကာ လွတ်လပ်ကျယ်ပြန့်လှသည့် မဂ္ဂဇင်းတိုက်လည်း ဖြစ်ပါသည်။

www.nyisay.com



မှန်တံခါးပွင့်သွားတော့ အနံ့က ဦးစွာ ဝင်လာသည်။ အနံ့နောက်မှာ ကပ်လျက်ပါလာသူက ကျွန်တော်တို့၏ စာရေးဆရာ ကြူးနှစ်။

ပုဆိုးညစ်ညစ်က အပေါက်အပြဲတွေနှင့်။ အင်္ကျီလက်တိုက စုတ်တိစုတ်ဖွာ။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေကလည်း ဗရပျစ်။ အဖြူတွေရော၊ အနက်တွေပါ။

လက်ထဲမှာက ဘာတွေ ထည့်ထားမှန်းမသိသည့် ပီနံအိတ်တစ်လုံးကို ကိုင်လျက်။

"ဟေး… ကိုရင်သာချို၊ ကြူးနှစ်ကို ထောက်ပံ့ဦးဟ"

သူက ပြောပြောဆိုဆို ဆက်တီမှာ ဝင်ထိုင်သည်။ မျက်လုံးတွေက ရီရီဝေဝေ။ ကျွန်တော်နှင့်အတူ မဂ္ဂဇင်းအယ်ဒီတာသာမက ဧည့်သည် ဦးပဥ္စင်းတစ်ပါးကပါ ကြူးနှစ်အရေးပေါ်ရန်ပုံငွေ ထည့်ဝင်လိုက်ရာ ငွေ လေးငါးခြောက်ထောင်လောက် ဖြစ်သွားသည်။

ကျွန်တော်က မတွေ့ရတာကြာပြီ ဖြစ်သော ကိုကြူးနှစ်ကို ခပ်ဆာဆာဖြစ်လာသည်နှင့် တစ်နေရာရာမှာ ထိုင်ကြဖို့ စကားစလိုက်ရာ သူကလည်း အဆင်သင့်။

"တစ်ခုတော့ရှိတယ် အစ်ကို၊ အတိုင်းအတာတော့ ရှိရမယ်၊ တစ်ခွက်နှစ်ခွက်ပဲ၊ လွန်ရင်တော့ ကျွန်တော် ထပြန်မှာ၊ အစ်ကို စိတ်မဆိုးနဲ့"

သည်တော့လည်း အေးပါဟ အေးပါဟနှင့်ဆိုကာ ကျွန်တော့်လက်ကို လှမ်းဆွဲသည်။

သူက ဆိုင်ထဲသို့ ရောက်သည်နှင့် အစားအသောက် မကျင်လည်သေးသော ကလေးတစ်ယောက်လို ယမကာခွက်ကို မော့ချနေခဲ့ရာ တော်တော်များများက လျှံကျလာပြီး မေးစေ့တွေ အင်္ကျီရင်ဘတ်တွေ အကုန်လုံးရွှဲစိုကုန်သည်။ ပြီးတော့ စီးကရက်ငွေ့တွေကို အဆုတ်ထဲသို့ ရှိုက်ရှိုက်သွင်းနေပြန်ပါသည်။

ကျွန်တော်က သူ့လက်နှစ်ချောင်းပေါ်က ရှပ်ပွနေသော ဆေးမင်ကြောင်စာတန်းတွေကို လှျောက်ဖတ်နေမိသည်။ Nature, earth and me တို့က တစ်ကြောင်းစီ။ သဘာဝတရား၊ ကမ္ဘာမြေနဲ့ ငါတဲ့။

I found နှင့် know theyself ကလည်း တစ်ကြောင်းစီ။ ငါတွေ့ရှိတယ်နှင့် ကိုယ့်ကိုယ်ကိုယ်သိ။

www.nyisay.com



I see the men as trees, walking ဆိုသည့် ဝါကျက တစ်ကြောင်း။ လူတွေကို လမ်းလျှောက်နေသည့် သစ်ပင်တွေနှယ် မြင်သည် ဆိုသော ဝါကျ။

Doom ဟူသည့် စာလုံးက တစ်ကြောင်း။ ပြိုပျက်ဆိုး ဟူသည့် စကားလုံး။

နောက်တစ်တန်းမှာက D&L တဲ့။ ကျွန်တော်က ဘာအဓိပ္ပာယ်လဲဟု မေးရသည်။

သူက Death & Love တဲ့။

နောက်တစ်နေရာ၌မူ Love & Life ဟူသော စာလုံးနှစ်လုံးကြား၌ အုန်းသီးပုံလိုလိုတွေ့၍ ကျွန်တော်ကမေးရာ…

"အုန်းသီးမဟုတ်ဘူးကွ၊ အသည်း အသည်း၊ ထိုးတဲ့ကောင် သောက်သုံးမကျလို့ ဖြစ်ရတာ" ဟုရှင်းပြရင်း ဆဲနေပြန်ပါသည်။

နောက်တစ်ကြောင်းကိုတော့ ကျွန်တော် လုံးဝ နားမလည်။ Crape Diem တဲ့။

"ပြင်သစ်လို ထိုးထားတာဟ၊ enjoy today ဆိုတဲ့ အဓိပ္ပာယ်၊ ယနေ့ ပျော်ရွှင်" ပေါ့ဟု သူက ရှင်းပြသည်။

နောက်လက်တစ်ဖက်ကလည်း ဒီအတိုင်း အင်္ဂလိပ်စာလုံးတွေ ပေပွလို့။ Save our soul ၏ အတိုကောက် SOS ကိုလည်း တွေ့ရသည်။ ငါစဉ်းစားတယ်၊ ဒါကြောင့် ငါရှိတယ်ဆိုသော ဒေးကား (Rene Desecartes) ၏ I thank so I am ဆိုသော စာတန်းကိုလည်း therefore နေရာတွင် so ထည့်လျက် ထိုးထားသည်။ နောက်တစ်ကြောင်းက out of universe တဲ့။ စကြဝဠာ အပပေါ့။

Myself, Goutama, Jesus, Mohammed, Marx ဆိုသော စကားလုံးတွေကိုလည်း တစ်တန်းစီ ထိုးထားသည်။ ငါကိုယ်တိုင်၊ ဂေါတမ၊ ခရစ်တော်၊ မိုဟာမက်၊ ကားလ်မာ့က်စ် စကားလုံးများ။

နောက်စာနှစ်ကြောင်းကမူ Life is short နှင့် Arts is long၊ ဘဝက တိုတောင်း၊ အနုပညာက ရှည်လျား ဆိုလား၊ John Harrison ဟူသည့် အမည်ကိုလည်း ဘာကြောင့် ထိုးထားသလဲ ကျွန်တော် မသိ။

"အင်္ဂလိပ်လက်သမားဆရာကွ၊ နင်ကလည်း နာရီတွေကို အချိန်မှန် အောင် လုပ်တဲ့လူလေကွာ"

www.nyisay.com



ကျွန်တော်တို့၏ စာရေးဆရာကား တဟားဟားရယ်ရင်း မော့ချလိုက်ပြန်ရာ ပါးစပ်မှ လျှံထွက်လာသော ယမကာတွေက မေးစေ့၊ လည်ပင်း၊ ရင်ဘတ်တစ်ခုလုံးကို စိုရွဲ၍ သွားပြန်ပါသည်။

သည်တုန်းက ကိုကြူးနှစ်အပါးတွင် လူငယ်ဒါရိုက်တာတစ်ယောက်ရှိနေရာ သူက မရွံမရှာ စာရေးဆရာ၏ မေးစေ့အောက်၌ ရေစင်ကြီးတွေက ရေလျှံကျသလို လျှံကျလာသော အရက်တွေကို လက်ခုပ်နှင့် ခံထားပေးသည်။

"ဆရာရယ်၊ ဆရာ့စာတွေကို ကြိုက်လွန်းလို့ပါ၊ အသက်… အသက်ကို ရှည်အောင်မွေးဖို့ တောင်းပန်ပါရစေဗျာ၊ စာမရေးနိုင်မှာ ကြောက်လို့ပါ၊ ညီတစ်ယောက်လို တောင်းပန်နေတာပါ"

"ဘာကွ"

ကိုကြူးနှစ်က လူငယ်ဒါရိုက်တာလေးကို ခပ်ထန်ထန်ပဲ ဟောက်နေပြန်ပါသည်။

"မောင်ရင်က ဆရာ လာလုပ်နေရအောင် ဘာကောင်လဲကွ။ ဟေ့… ဗလာစာအုပ်နဲ့ ဘောလ်ပင်တစ်ချောင်း မင်း အခု သွားဝယ်စမ်း။ ဒီမယ်… ကြူးနှစ် စာတစ်ပုဒ် ချက်ချင်း ရေးပြလိုက်မယ်၊ ဟား… ဟား… ဟား…"

ယမကာကို စွပ်ခနဲ မော့ချလိုက်ပြန်ပါ၏။

ပယင်းရောင် ယစ်ရွှေရည်တွေကလည်း ရေစင်ပေါ်ကရေတွေ လျှံကျလာသလို သူ့ရင်ဘတ်ပေါ် လျှံကျလာပြန်ပါ၏။ ဒါရိုက်တာကလေးကလည်း သူ့မေးစေ့အောက်ကနေ လက်ခုပ်နှင့် ခံထားပြန်ပါ၏။

"စကားပြေဆိုတာ ညက်ပြီး လှနေရတယ်ကွ၊ ဟေ့-ကိုသာချို၊ မောင်ရင် ဦးဩဘာသကို ကြိုက်သလား"

ကျွန်တော်က ကြိုက်ကြောင်း ဝန်ခံတော့ သူက အားရပါးရ ပြုံးသည်။

"မင်းဘူးဆရာတော် ဦးဩဘာသရဲ့ ဝေဿန္တရာစကားပြေကို မကြိုက်တဲ့ စာရေးဆရာဟာ အလကားကွ"

ပွင့်ပွင့်လင်းလင်းပြောရလျှင် ကိုကြူးနှစ်ကို ကျွန်တော် အထင်ကြီးသွားမိသည်။ မြန်မာစကားပြေ အလှအပကို သူ ဖမ်းမိသားပဲဟူသည့် ကောက်ချက်ကိုလည်း ချလိုက်မိသည်။ ဒါကြောင့်များ သူ့စကားပြေတွေက ညက်နေလေရော့သလား။

*

www.nyisay.com



ကိုကြူးနှစ်တွင် လုံးချင်းစာအုပ်အရေအတွက်ကတော့ တော်တော့်ကို နည်းပါသေးသည်။ ကြူးနှစ်ဝတ္ထုတိုအချို့အဝက်၊ လှေတစ်စင်း မြင်းတစ်ကောင် စသည်တို့က ဝတ္ထုတိုစုစည်းမှုများ။ သိုက်စောင့်ကတော့ ဝတ္ထုလတ်။ သူ့လက်ရာတွေ အကုန်လုံးက အနိဋ္ဌာရုံတွေချည်း။

"အမှောင်… အမှောင်… ကိုယ်က လောကရဲ့ အမှောင်ခြမ်းတွေကို ရေးခြစ်နေတာကွ"

ဒါကတော့ သူ့ကိုယ်သူ ပြန်လည်သုံးသပ်မှု။

မှန်ပါသည်။ သူ့စာရေးကွက်က ဂေါ်ဂီ ဆန်ပါသည်။ ပြီးတော့ ဗင်းဆင့် ဗန်ဂိုးလည်း ဆန်ပါသည်။

**သနပ်ခါးဘဲကျားလိမ်းလို့ ရွှေသွားပေါ်အောင်ပြုံးတယ်** ဆိုသော ဝတ္ထုတိုက ဆင်ခြေဖုံးရပ်ကွက်လေးထဲက အရက်ပုန်းဆိုင်ကလေးကို ဖွဲ့ထားခြင်း ဖြစ်သည်။ **မျက်မမြင် ဆွံ့အ သက်သေများ** ဝတ္ထုတိုက ဖ·ဆ·ပ·လခေတ် ရောင်စုံသူပုန်ကာလ ရန်ကုန်ရောက်စစ်ပြေးတို့၏ ဘဝကို ဖွဲ့ထားသော ဝတ္ထုတို။

**သိုက်စောင့်** ကကျတော့ ကိုယ်ရေပြားရောဂါသည် တစ်ယောက်၏ ဘဝ။ စုတ်ပြတ်သတ်နေသည့် ဘဝတွေ။ ညှီစို့စို့ အနံ့အသက်တွေ။ အရိအရွဲတွေ။

ကျွန်တော်တို့၏ စာရေးဆရာကိုယ်တိုင်ကလည်း တစ်ခါတစ်ခါက လွဲလျှင် ဘယ်တုန်းကမှ လင်းလင်းဝင်းဝင်း မရှိ။

တစ်ခါကတော့ သင်္ကန်းဝတ်ကြီးနှင့် ကြည်လင်ဝင်းပစွာဖြင့် လေထန်ကုန်းမှာ ထိုင်နေရာ ကျွန်တော်က အအေးကပ်ရသည်။ နောက်တစ်ခါကျပြန်တော့ အင်္ကျီဖြူဆွတ်ဆွတ်ကိုဝတ်ကာ သန့်ပြန့်လို့၊ အရက်မသောက် ဘာမသောက်။

တစ်ခါတွင်ကား တီရှပ်အသစ်နှင့်။ တမင်ထောင်ထားသော ဆံပင်နှင့်။ အချိန်အများစုတွေမှာကတော့ ဘဝကို မျှော၍ထားမြဲ။

"ကိုယ်က အခု သားလေးတစ်ယောက်နဲ့ အတူနေတယ်ကွာ"ဟု ဆိုကာ အခုတစ်လော ပျောက်နေပြန်သော စာရေးဆရာကို မိတ်ဖွဲ့လိုသူအချို့ ရှိကြပါသည်။

သို့သော် လူရင်းတွေက သူ့ကို မိတ်မဆက်ပေးရဲကြ။ စာပဲဖတ်ကြပါဗျာ… စာပဲဖတ်ကြပါဗျာနှင့် နှစ်သိမ့်ကြရသည်။ ကိုကြူးနှစ် စိတ်ထဲ

www.nyisay.com



ထင်လျှင် ထင်သလို ဆက်ဆံပစ်လိုက်မှာကို စိုးရိမ်ကြလို့ဟု ကျွန်တော် ထင်ပါသည်။

သည်လို စိတ်ထဲရှိသည့်အတိုင်း နေပစ်လိုက်တာကပဲ သူ့အနုပညာကို ပိုမိုတောက်ပြောင် နေစေရော့သလား မပြောတတ်နိုင်ပါလေတော့။

*စတိုင်သစ်မဂ္ဂဇင်း*

စက်တင်ဘာလ၊ အောက်တိုဘာလ၊ ၂၀၀၉။

❑



## နေဝင်းမြင့်
## (ယာခရီးက ရွှေချိုးကူသံ)

ပထမဦးဆုံးက ရုပ်မြင်သံကြားစက်များ၊ နောက်တော့ ဗီဒီယိုပြစက်၊ ထို့နောက် ဗီစီဒီ၊ ဒီဗွီဒီ၊ ကွန်ပျူတာ စသည်ဖြင့် နည်းပညာဖွံ့ဖြိုးမှုနှင့်အတူ လူထုဆက်သွယ်ရေးပစ္စည်းတို့ အလျှံပယ် ပေါကြွယ်ဝလာသော ၂၀ ရာစုအကုန် ၂၁ ရာစုအကူး သည်ဘက်ပိုင်းနှစ်ကာလတွေထဲမှာ တစ်ခါက ကျွန်တော်တို့၏ ရုပ်ရှင်ရုံများ တိတ်ဆိတ်ခြောက်ကပ်သွားခဲ့သည်ကတော့ အမှန်ပဲဖြစ်ပါသည်။

လူတွေ ရုပ်ရှင်ရုံရှိရာကို သိပ်မသွားကြတော့။ ကော်ဖီသောက်ရင်း၊ မီးပူတိုက်ရင်း၊ အာလူးနွှာရင်း၊ နောက်ဖေးအိမ်ရှေ့ ဖြတ်သွားဖြတ်လာလုပ်ရင်း ကိုယ့်အိမ်ထဲက ရုပ်မြင်သံကြား ဖန်သားပြင်၊ ဒါမှမဟုတ် ကွန်ပျူတာ မော်နီတာဆီ သွားခလုတ် လာခလုတ် လှမ်းကြည့်ရုံနှင့် ရသခံစားကြသော ခေတ်ဖြစ်ရာ ကျွန်တော် ကိုယ်တိုင်လည်း ရုပ်ရှင်မကြည့်ဖြစ်သည်မှာ ကြာပါပြီ။

ရှားပါးသည့် ရှေးရုပ်ရှင်ကား တချို့တလေ၊ ဒါမှမဟုတ် ရုပ်ရှင်ရုံကြီးများမှာ အရသာတွေ့နိုင်မည်ဟု ယူဆမိသော ဇာတ်ကားများ ရုံဝင်သည့်အခါတွင်မှသာ ရုပ်ရှင်ရုံထဲသို့ ကျွန်တော် ဝင်ဖြစ်ပါတော့သည်။

ရှားရှားပါးပါး သည်နှစ်ထဲမှာ ရုပ်ရှင်ရုံထဲသို့ ကျွန်တော် ရောက်သွားပါသည်။ ကြိုးတန်းကိုကြည့်ဖို့။ မခင်ခင်ထူးရေးသည့် ဝတ္ထုတိုကို နေဝင်းမြင့်က ဇာတ်ညွှန်းခွဲထားသည့် ဇာတ်ကားဖြစ်သဖြင့် ကြည့်ချင်စိတ် ပေါ်လာသော ကြောင့်ပင် ဖြစ်ပါသည်။

တကယ်တော့ သည်ဝတ္ထုတိုကလေးကို ကျွန်တော် ဖတ်ဖြစ်ခဲ့သည်မှာ ၁၀ နှစ်လောက် ရှိခဲ့ပြီ။ ဝတ္ထုက ၁၉၉၉ ခုနှစ်တုန်းက ဝတ္ထု။ အခု ရုပ်ရှင်က ၂၀၀၉ ခုနှစ်အတွက် ဇာတ်ကား။ ၁၀နှစ်။ သို့သော် ဝတ္ထုတုန်းကလည်း ကြိုးတန်း၊ ရုပ်ရှင်ကျတော့လည်း ကြိုးတန်း။

www.nyisay.com



ကျွန်တော်က ရုပ်ရှင်ရုံထဲမှာ ထိုင်နေရင်း ကိုနေဝင်းမြင့်ကို ဖျတ်ခနဲ ဖျတ်ခနဲ ဆိုသလို သတိရနေမိတာကတော့ အမှန်ပဲ ဖြစ်ပါလေသည်။

*

ကြိုးတန်းကို ရုံမတင်မီ ၂၀၀၉ ခုနှစ် သင်္ကြန်ရက်များ အကြိုကာလတွေထဲမှာ ကိုနေဝင်းမြင့် ရန်ကုန်ကို ခပ်စိပ်စိပ် ရောက်လာပါသည်။ City Star ဟိုတယ်၌ ခဏခိုနားကာ သူ့ပြည်ဝင်ခွင့်ကိစ္စ (Visa) များ ဆောင်ရွက်စဉ် ကျွန်တော်နှင့် နှစ်ကြိမ် သုံးကြိမ်ဆိုသလို တွေ့ဖြစ်ပါသည်။ City Star ဟိုတယ် ဧည့်ခန်းဆောင်ထဲမှာ ဟိုအကြောင်း သည်အကြောင်းတွေ ပြောကြရင်း ကျွန်တော်တို့ စကားဝိုင်းက ကြိုးတန်းဘက်ကို ရောက်ရောက်သွားပါသည်။

''ခင်ဗျား ရုပ်ရှင်ဖြစ်အောင် တော်တော်ဖွရမယ်ထင်တယ် ကိုနေဝင်းမြင့်ရဲ့''

''ဖွရတာပေါ့ ကိုချို့ရဲ့၊ အများကြီးဖွပစ်တာ၊ ဒါပေမဲ့ ရုပ်ရှင်ရိုက်တော့ ကျွန်တော့်ဇာတ်ညွှန်းထဲက တချို့အခန်းတွေ ဖြုတ်ပစ်တယ်ဗျ၊ ကျွန်တော်လည်း ပြောမနေတော့ပါဘူးဗျာ''

တကယ်တော့ မခင်ခင်ထူး ဝတ္ထုက Satire ကလေး ဖြစ်ပါသည်။ သရော်ပုံ လှပသည့် ဝတ္ထုကလေး။ ရောဝတီမြစ်ရေ ကျသွားချိန်များမှာ ပေါ်လာတတ်သည့် သောင်ကတုံးကလေးပေါ်က တဲငါတဲကလေးနှစ်လုံး၊ မိသားစုနှစ်စု၏ ဘဝပြဿနာ။

လှေဦးစိုက်တော့စို၊ လှေဦးခြောက်တော့ခြောက် ရှာစားကြရသည့် ဘဝတူတွေဖြစ်ကြပြီး မိသားစုနှစ်ခုလုံး၏ အိပ်မက်က မြစ်အရှေ့ဘက်ကမ်း ကိုချစ်တီးဆိုင်က အပေါင်ဆုံး ကက်ဆက်ဟောင်းကလေး။

နောက်တော့ သည်တဲကလေး နှစ်လုံးကြားမှာ မစ္ဆရိယစိတ်တွေ၊ သံသယတွေ ဝင်လာသည်။ တစ်တဲမှာ ငါးကြီးငါးကောင်းရတော့ တစ်တဲက မကျေနပ်။

နောက်တော့ တစ်တဲမှာက ငါးပျောက်၊ တစ်တဲမှာက ပိုက်ကွန်တွေအဖျက်ဆီးခံရ၊ မိန်းမသားချင်း ခွန်းကြီး ခွန်းငယ်တွေပြောကြ။ နောက်ဆုံးမှာတော့ တဲနှစ်လုံးကြားမှာ ကြိုးတန်းတစ်တန်း တန်းပစ်လိုက်ကြသည်။ ကြွပ်ကြွပ်အိတ်တွေကို ကြိုးတန်းမှာ တန်းစီပြီး ချည်နှောင်ထားလိုက်ရာက

www.nyisay.com



အခေါ်အပြော အဆက်အဆံ မလုပ်ကြတော့။ ယောကျ်ားနှစ်ယောက်ကလည်း အရက်အတူ မသောက်ဖြစ်ကြတော့။

စီးပွားပြိုင်ကြတာပေါ့ဟူ၍ မခင်ခင်ထူးက ခပ်ငေါ့ငေါ့ အဆုံးသတ်ထားသော ဝတ္ထုတိုကလေးဖြစ်ပါသည်။

သည်ကြိုးတန်း ရုပ်ရှင်ပိတ်ကားပေါ် ရောက်သွားသည့်အခါမှာတော့ ဇာတ်က မြိုင်သွားဆိုင်သွားသည်။ တံငါသည်မိသားစု တစ်ခုချင်း၏ မေတ္တာဇာတ်လမ်းတွေ ပါလာသည်။ လှေအနိုးခံရတာတွေ၊ မယ်ဒလင်ပျောက်တာတွေ၊ အိပ်မက်ခန်းတွေ၊ ဆရာတော်ဘုရားက လာရောက်နားချတာတွေ၊ ယောကျ်ားနှစ်ယောက် သတ်ပုတ်ခန်းတွေ။

''သောင်ကတုံးကိုယ်တိုင်က ဘာမှမပြဲတဲ့နေရာ ကိုချိုရယ်၊ ရေတက်လာတော့ မြုပ်မှာ၊ အဲဒါကို ကြိုးတန်း တန်းထားသေးတယ်၊ ဘယ်အထိ တန်းမှာလဲ၊ သံသရာအထိ ဆက်တန်းနေဦးမှာလား''

သူက ဆက်တီမှာ ဖိုင့်ဖိုင့်အိုင့်အိုင့်ကြီးထိုင်ရင်း ကွမ်းတမြုံ့မြုံ့ကြားကနေ တတွတ်တွတ် ပြောနေပါသည်။ မန္တလေးသို့ ရောက်သွားပြီးကတည်းက ကိုနေဝင်းမြင့် တော်တော် ပြောင်းလဲသွားပါသည်။ ဟိုးအရင် အင်းစိန်မှာ သူ့အိုးသူ့အိမ် ရှိစဉ်က ပုံရိပ်တွေကို ကျွန်တော် အမှတ်ရနေမိသည်။

ရုပ်အင်္ကျီလက်တိုကလေး၊ ချည်လုံချည်အနွမ်းကလေး၊ လွယ်အိတ်က စုတ်စုတ်နုပ်နုပ်။ ခေတ်ပြိုင်စာမျက်နှာတွေပေါ်မှာ သူ့စားကျက်ကို သူဖွေရှာနေသည့် နှစ်ကာလများ။

ကိုစိုးမြင့်လတ်၊ ကိုတင်ဆင့်၊ ကိုခိုင်မာ၊ ကိုဖေမြင့်၊ နောက်တော့ ဆရာရှမ်း(မောင်လင်းယုန်/ရှမ်းပြည်) စသည်ဖြင့် အ.စ.အ.စ (အင်းစိန်အုပ်စု) ဟု ချစ်စနိုး အမည်ပေးထားခဲ့ကြသည်။

လမ်းဘေးလက်ဖက်ရည်ဆိုင်ကလေးတွေ၊ ကျဉ်းမြောင်းသည့် မဂ္ဂဇင်းဂျာနယ်ရုံးခန်းကလေးတွေ၊ ကျပ်ခဲသည့် ဘတ်စ်ကားမှတ်တိုင်တွေ၊ အပေါစားထမင်းဆိုင်ကလေးတွေ။ သည်တုန်းက သူ အခုလောက် မဝ။ နာရီကလေးသော်မှ ကောင်းကောင်းကန်းကန်း ပတ်မထား။

အခုတော့ သူတော်တော့်ကို ဝသွားပြီ။ ဝမ်းဗိုက်ကြီးက အိုးစရည်းကြီးနှယ် လုံးလုံးခုံးခုံးကြီး။ မျက်ခွံကြီးတွေက လေးလေးတွဲ့တွဲ့။ လက်ကိုင်ဖုန်းကို နွားခလောက်ဆွဲသလို လည်ပင်းမှာ ဆွဲထားသည်။ ရွှေဆွဲကြိုးက နက်ပြာသော

www.nyisay.com



သူ့အသားမှာ ဝင်းနေသည်။ မစ္ဆိမဒေသက မဟာရာဂျာကြီးတစ်ဦးနှယ် မိန့်မိန့်အိန့်အိန့်။ ကွမ်းကတော့ တစ်ယာနှင့်တစ်ယာကြားမှာ သိပ်မပြတ်လှ။

ကိုနေဝင်းမြင့် ကွမ်းစားပုံက မြိန်ရေရှက်ရေ နိုင်လွန်းလှပါသည်။ ကွမ်းစားဖို့ ဘယ်တုန်းကမှ စိတ်ကူးထည့်၍ မရခဲ့သော ကျွန်တော်တို့လို လူမျိုးကိုပင် သွားရည်ယိုလာအောင် စားနေသည့်အစား ဖြစ်ပါသည်။

သူက ကွမ်းယာကလေးတစ်ယာကို ဖြေလိုက်၊ အဆင်သင့်ဖျော်စပ်ထားသည့် ဆေးဘူးထဲက ဆေးမွှေးအရည်တွေကို နို့စိမ်းပေါက်သလို ပေါက်လိုက်၊ သူ့လက် တုတ်တုတ်ခဲခဲကြီးတွေကြားထဲမှာ ပျောက်သွားတော့မတတ် ကွမ်းကို ပြန်ယာနေလိုက်၊ နောက်တော့ တဖြောက်ဖြောက် တထောက်ထောက် ဝါးစားနေလိုက်။

''ကွမ်းစားရတဲ့အရေးကလည်း မလွယ်ဘူး ကိုချို့ရဲ့၊ မန္တလေးမှာ ဂေါဝိန်ဆိုတာရှိတယ်၊ ကိုချို သိပါတယ်။ အဲသည့် ဂေါဝိန်ကကွမ်းမှ ကိုယ်ကလည်း စားရတာ၊ ကွမ်းစားဖို့ ဘယ်လောက်ကုန်လဲ တွက်ပြမယ်။ အိမ်မှာ အလုပ်လုပ်တဲ့ ကောင်မလေးတစ်ယောက်ရှိတယ်၊ အဲဒါ သူ့ကို စက်ဘီးနဲ့ တစ်ထောင်ပေးပြီး ဂေါဝိန်ကို လွှတ်ရတယ်။

ဂေါဝိန်ကိုရောက်ပြီ၊ အဲတော့ ကွမ်းယာက နှစ်ထောင့်ငါးရာဖိုး၊ အဲဒါ အိမ်ပြန်ရောက်တော့ ကောင်မလေးကို ဒီနေ့ စောပြန်ဆိုပြီး မန္တလေး အဝေးပြေးဂိတ်ကို လွှတ်ရော၊ ကားက ရန်ကုန်ကို ကွမ်းယာထုပ်သယ်ခ နှစ်ထောင့်ငါးရာ၊ ကိုချိုတွက်နော်၊ ဒါ မပြီးသေးဘူး၊ မထူးက ရန်ကုန်ကို ဖုန်းဆက်အကြောင်းကြားရသေးတာ၊ ဆရာနေ ဘယ်ကားနဲ့ ကွမ်းယာပို့လိုက်ပြီ ဘယ်ဂိတ်မှာ သွားယူပါ။

အဲဒီတော့ အောင်ဆန်းကွင်းက လက်မှတ်အရောင်းဂိတ်ကို ဘာနဲ့ သွားယူမလဲ၊ တက္ကစီခက တစ်ထောင်၊ သည်တော့ အသွားအပြန်မှာ မတတ်နိုင်တော့ဘူး ကိုချိုရယ်၊ တစ်ကြောင်းပေါ့၊ တစ်ထောင်ပဲ သုံးတော့တယ်၊ တစ်ကြောင်းက ခြေကျင်၊ ကွမ်းတစ်ခါစားဖို့ တစ်သောင်းလောက်ရှိမှဆိုတဲ့ သဘောပေါ့''

တကယ်တော့ မခင်ခင်ထူးကိုယ်တိုင်ကလည်း ကွမ်းသမားပဲ ဖြစ်ပါသည်။ မန္တလေးမှာ တစ်ခေါက်စ နှစ်ခေါက်စဆိုသလို ကျွန်တော်နှင့်ဆုံဖူးရာ သူ့နှုတ်ခမ်းမှာ ကွမ်းစကွမ်းနတွေနှင့်။

www.nyisay.com



"မထူးကလည်း သူ့စားပွဲမှာ သူထိုင်ပြီး တဖြောက်ဖြောက် ဝါးနေတာပဲ ကိုချိုရဲ့၊ ကျွန်တော်ကလည်း ကိုယ့်စားပွဲနဲ့ကိုယ် တဖြောက်ဖြောက်ပေါ့"

ကိုနေဝင်းမြင့်က ပြောရင်းဆိုရင်းမှာကိုပဲ ကွမ်းကို တဖြောက်ဖြောက် ဝါးနေပါသည်။ ကျွန်တော်က သူ အမေရိကန်ပြည်ထောင်စုသို့ သွားမည့်ကိစ္စနှင့် ပတ်သက်ပြီး စကားစ ဖြစ်ပါသည်။

"ကျွန်တော့်ကို ဖိတ်တာက Amitav Ghosh က အဓိက ကိုချိုရဲ့၊ သူ့ စာအုပ်ကို ဘာသာပြန်နေတဲ့လူဆိုပြီး စိတ်ဝင်စားပုံရတာပါပဲဗျာ"

Amitav Ghosh က The Glass Palace ကို ရေးသော စာရေးဆရာ ဖြစ်ပါသည်။

သီပေါမင်း၏ နန်းကျနစ်ကာလများကို အခြေခံကာ မဟာဆီ မဟာသွေးတို့၏ နေ့စဉ်ဘဝများနှင့် မြန်မာ့နိုင်ငံရေးအခြေအနေတို့ကို ရက်ရှယ် အကွက်ဆင် ရေးဖွဲ့ထားသော ဝတ္ထုဖြစ်ပါသည်။ ဒါကို ကိုနေဝင်းမြင့်က ရွှေအမြုတေ မဂ္ဂဇင်းမှာ ရေကန်သာကြာတိုင်းအေး ဟု အခန်းဆက် ပြန်ဆိုနေခဲ့ခြင်းလည်း ဖြစ်ပါသည်။

သည်စာအုပ်ကို 'ထိပ်တင်သက်' ကလည်း မကြာသေးမီကပင် 'သမိုင်းကပြောတဲ့ မှန်နန်းတော်' အမည်ဖြင့် ဘာသာပြန် ထုတ်ဝေခဲ့ပြီးဖြစ်ရာ ကျွန်တော်က The Glass Palace ကို ရေကန်သာ ကြာတိုင်းအေး ဟု လုပ်ထားခြင်းကို ဝေးလွန်းမနေဘူးလားဟု စောကြောမိသည်။

"ကိုချိုရဲ့၊ ပြင်စည်မင်းသားကြီးရဲ့သီချင်း ခင်ဗျား ကြားဖူးမှာပါ။ ရွှေပြည်တော် မျှော်တိုင်းဝေး ရေကန်သာ... ကြာဟာဟာဟာ ကြာတိုင်းအေး"

ကိုနေဝင်းမြင့်က မဟာဂီတရနံ့ရသည်အထိ သီချင်းကို ဟဲနေရာ ဖြတ်သွားဖြတ်လာ လူတွေက အညာဘက်က ဆင်းလာသည့် နောက်ပိုင်းမင်းသားကြီးဟုများ ထင်သွားကြလေသလားမသိ၊ ကျွန်တော်တို့ဝိုင်းကို ပြုံးစိစိဖြင့် ကြည့်သွားကြသည်။

ပြင်စည်မင်းသားကြီးက ထီးရိပ်နန်းရိပ်နှင့်ဝေးရာမှာ တစ်ခဏနေရစဉ် သည်သီချင်းကို ရေးခဲ့ခြင်းဖြစ်ရာ ရွှေပြည်တော်မျှော်တိုင်းဝေးတို့ ဘာတို့ သီချင်းထဲ ပါနေသည်မှာ မဆန်းပါ။

ရေကန်သာ ကြာတိုင်းအေးထဲက ကြာကို ကျွန်တော်က ကြာပန်း (lotus) ဟု ထင်နေမိခြင်း ဖြစ်ပါသည်။

www.nyisay.com





''လောတပ်စ် (lotus) မဟုတ်ဘူး ကိုချိုရဲ့၊ long time အချိန်ကြာတာကို ပြောတာ၊ ရေကန်ရဲ့ နံဘေးမှာ ကြာလေလေ အေးလေလေ အေးလေလေ၊ ရတနာဂီရိ ရောက်နေတဲ့ သီပေါဘုရင်ရဲ့ ဘဝဗျာ၊ ဒါကြောင့် ကျွန်တော် ရေကန်သာ ကြာတိုင်းအေး လုပ်ထားတာ''

The Glass Palace ထဲမှာ ဖိုမကိစ္စ ခပ်ကြမ်းကြမ်းရေးထားသော အခန်းတွေပါသည်။ နောက်တော့ ဇာတိနတ်မောက် မကွေးခရိုင် သိကြများခုတိုင် အစဉ်အဆက် အနံ့အသက်တွေ ပါသည်။ ဘယ်လိုလုပ်မှာလဲဟု မေးတော့ တချို့ကိုတော့ ချန်ပြီး ပြန်ရမှာပဲဗျာဟု ဆိုသည်။

''အင်္ဂလိပ်လူနာလည်း ပြီးသွားပြီဗျ''

ကျွန်တော် သူ့ကို အံ့ဩသွားသည်။ English Patient က ဆရာမြသန်းတင့် ကွယ်လွန်သွားသဖြင့် နွယ်နီမဂ္ဂဇင်းမှာ ဘာသာပြန်လက်စ တန်းလန်း ကျန်ရစ်ခဲ့သော လက်ရာ။ ဒါကို ဆက်ပြီး ဘာသာပြန်ဖို့ ဆရာ့ဆရာတော်တော်များများက လက်ရှောင်ကြသည်။ ဘာကြောင့်လဲတော့ မသိ။

အခု ကိုနေဝင်းမြင့်က သည်အင်္ဂလိပ်လူနာကို ဆက်လက် သယ်ဆောင်၍ ပြီးသွားပြီဟုဆိုရာ ဖတ်ကြည့်ချင်စရာ ကောင်းသည်ကတော့ အမှန်ပဲဖြစ်ပါသည်။ ဆရာမြသန်းတင့်၏ အင်္ဂလိပ်လူနာနှင့် ကိုနေဝင်းမြင့်၏ အင်္ဂလိပ်လူနာက တစ်ယောက်တည်းလား၊ ဒါမှမဟုတ် တစ်ယောက်စီ သတ်သတ်လား။

*

ကိုနေဝင်းမြင့်နှင့် ကျွန်တော် ဟောပြောပွဲ စင်မြင့်တွေပေါ်မှာ နှစ်ခါသုံးခါလောက် တွဲဟောဖူးပါသည်။ အနီးကပ် တွဲလိုက်တော့မှ သူ့စွတ်စိုသော ဟာသကို ကျွန်တော်ပိုပြီး သတိထားမိသွားသည်။

www.nyisay.com



တစ်ခါက စံကားဝါမြေခေါ် ပုပ္ပားတောင်ခြေရင်းက ကျောက်ပန်းတောင်း မြို့ကလေးမှာ သူနှင့်အတူ ဟောရပါသည်။ သူ စင်ပေါ်ကို တက်သွားတော့ ပရိသတ်က တခွိခွိ ရယ်နေကြပါသည်။

ကျောက်ပန်းတောင်း ပရိသတ်မှာ ယဉ်ကျေးပျူငှာသည့် မြန်မာဆန်သော ပရိသတ်ဖြစ်ရာ ကိုယ့်မြို့ကို ရောက်လာသည့်စာရေးဆရာကို သရော်လှောင် ပြောင်သည့် အနက်ဖြင့် ရယ်နေခြင်း မဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာနှင့်ယှဉ်ကာ တိတ်တခိုး ရယ်ရာက အုပ်မရဆိုင်းမရသဖြင့် အသာထွက်လာသည့် ရယ်သံ ငွေ့ငွေ့သာ ဖြစ်ပါသည်။

ကိုနေဝင်းမြင့် အသားအရောင်က အမှောင်ဘက်ခြမ်းကို တော်တော် ကလေး လုပါသည်။ သည်တုန်းက သူဝတ်ထားသည့် အင်္ကျီက နက်ပြာရောင် ကြီးလား မသိ။ သည်တော့ စံကားဝါမြေက လူတွေ တခွိခွိ ဖြစ်နေကြသည်မှာ ဘာမျှမဆန်း။

''ဘာရီ(ရယ်)နေကြတာလဲ''

ဒါက သူ့ ပထမဦးဆုံး နှုတ်ခွန်းဆက် စကား။ ပရိသတ်က မီးကို ရေဖြင့်သတ်လိုက်သလို ရှဲခနဲ တိတ်သွားသည်။ ကြွရောက်လာကြတဲ့ စာပေမြတ် နိုးသူများ ခင်ဗျားတို့၊ မင်္ဂလာရှိတဲ့ ညချမ်း ဖြစ်ပါစေတို့လို ကြားနေကျ စကားမျိုး မဟုတ်သည့်အတွက် နည်းနည်းကလေး အံ့သြသွားပုံရသည်။ သူ့အသံနှင့် သူ့ဌာန်က ကျောင်းအုပ်ဆရာကြီးက တပည့်ကလေးတွေကို ငေါက် လိုက်သည့် ဟန်မျိုး။

''မည်းမည်းကြီးဆိုပြီး အထင်သေးမနေနဲ့၊ ကျောက်ပန်းတောင်း ထန်းလျက်က မည်းပေမယ့် ချိုတယ်ဗျ၊ မှတ်ထား''

ပရိသတ်၏ ဝေါခနဲ ပွဲကျသွားသံနှင့်လက်ခုပ်သံတွေက ခန်းမကြီး တစ်ခုလုံး လျှံထွက်သွားပါသည်။ ကျောက်ပန်းတောင်းပရိသတ်ကို ဟာသနှင့် ငြိသွားအောင် လှမ်းချိတ်ထားလိုက်ပြီးနောက် သူ့အဟောအပြောနှင့် အဟဲ့ဘွေ အချွဲတွေနောက်မှာ လှုပ်မရတော့အောင် ထိန်းထားလိုက်ပုံက သူ့ဝစနာလင်္ကာရ အစွမ်းပင် ဖြစ်ပါသည်။ ယာခရီးဆီက ရွှေချိုးကလေးတစ်ကောင် ကူလိုက်သလို ချိုပြီး လွမ်းစရာကောင်းသည့် စာရေးဆရာပါကလား။

''ကိုနေဝင်းမြင့် စကားပြောပုံကဗျာ မှုန်နေတာပဲ၊ ယောက်ျားချင်းတောင် တွယ်တာချင်သလိုကြီး ဖြစ်လာတယ်''

www.nyisay.com



ဒါက စာချစ်သူတစ်ဦး၏ သူ့နှုတ်ဖျားမှာ အညှို့ခံခဲ့ရပုံ။

"နောက်နှစ် စာရေးဆရာနေဝင်းမြင့် ထပ်ခေါ်ရင် ငါတစ်ယောက်တည်း တစ်သိန်းထည့်မဟေ့"

ဒါက ဟသ်ာတ ဟောပြောပွဲအပြီးမှာ အလှူရှင်အမျိုးသမီးကြီးတစ်ဦး၏ ကြွေးကြော်သံ။

မှန်ပါသည်။ ဆရာ နန္ဒာသိန်းဇံ၊ ဆရာ ချစ်ဦးညို၊ ကိုနေဝင်းမြင့်နှင့် ကျွန်တော်တို့ တွဲဟောခဲ့ကြသည့် ထိုနှစ် ဟသ်ာတ စာပေဟောပြောပွဲမှာ ဝက်ဝက်ကွဲ အောင်မြင်ခဲ့သည့် ပွဲဖြစ်ပြီး အလှူငွေ သိန်းဆယ်ဂဏန်းလောက် အထိ ဝင်သော ပွဲဖြစ်ရုံမျှမက စာရေးဆရာမည်းမည်းကြီးကို မြို့က စွဲသွားခဲ့သည့်ပွဲလည်း ဖြစ်ပါသည်။

*

တကယ်တော့ ကိုနေဝင်းမြင့်က ဟသ်ာတနယ်နှင့် စိမ်းသူကြီးတော့လည်း မဟုတ်ပါ။ သူ သည်အရပ်မှာ ခဏတာ မြုပ်နှံခဲ့ဖူးပါသည်။

ဟသ်ာတနှင့် မလှမ်းမကမ်းက ယုန်သလင်းဆိုသည့် ရွာကလေး။ သည်ရွာကလေးက မန်းဘခိုင်ရွာ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့ရသည့် အာဇာနည်ခေါင်းဆောင်တစ်ဦးဖြစ်သူ မန်းဘခိုင်၏ဇာတိ ယုန်သလင်း။ သည်ရွာကလေးမှာ ကိုနေဝင်းမြင့် ခဏလာနေပြီး မန်းဘခိုင် အတ္ထုပ္ပတ္တိကို ပြုစုပြီးခဲ့သည်မှာ ဆယ်စုနှစ်တစ်ခု စွန်းရော့မည်။ စာအုပ်တော့ ဖြစ်မလာသေး။

"အကြောင်းအမျိုးမျိုးတွေပေါ့ ကိုချို့ရယ်"

သူက ဟိုးဝေးဝေးကို ငေးရီ၍ နေပြန်ပါသည်။

ကိုနေဝင်းမြင့်က လူနှင့်မလိုက်အောင် ခံစားတတ်သူဖြစ်ပြီး သူ့စကားပြေက လွမ်းစရာကောင်းသော စကားပြေဟု ကျွန်တော် ယူဆသည်။ တစ်ခါကလေလှိုင်းထဲက အမေးအဖြေခန်းတစ်ခုမှာ ဆရာမောင်သာနိုး ပြောသွားသော စကားတစ်ခွန်းမှာ တော်တော်အရေးကြီးပါသည်။

ဝတ္ထုရေးသူတို့သည် ဇာတ်လမ်း အချက်အလက်တွေကိုသာ လျှောက်ရေးနေကြပြီး ဘာသာစကားကို ဖွံ့ဖြိုးအောင် မလုပ်ကြ ဟူသောစကား ဖြစ်ပါသည်။

www.nyisay.com



ကိုနေဝင်းမြင့်ကတော့ ဘာသာစကားကို ဖွံ့ဖြိုးအောင်၊ စကားပြေကို လှအောင်ရေးသူဟု ကျွန်တော်က သဘောရပါသည်။ ကျွန်တော့်မှာ ကိုနေဝင်းမြင့်၏ အက်ဆေးစာအုပ်ဖြစ်သော မြို့ပြပိုးမွှားများ အပိုင်ရှိပါသည်။ ကျွန်တော့်မှာ အခုထိ အစအဆုံး မဖတ်ဖြစ်။ ရှေ့ဆုံးတစ်ပုဒ်ကို ပြန်ပြန်ဖတ်ရင်း မဝသဖြင့် ရှေ့ကို မတက်နိုင်။ ကျွန်တော့်ကို ဖမ်းစားတာက သူ့အကြောင်းအရာ မဟုတ်။ သူ့စကားပြေအဖွဲ့အနွဲ့။ ညက်ပြီး မွှန်နေသော စကားပြေက ရင်ထဲကို လျှောခနဲ လျှောခနဲ ဝင်လာသည်မှာ အမှန်ပဲ ဖြစ်ပါသည်။

"စာရေးတယ်ဆိုတာ အားထုတ်ရပါတယ် ကိုချိုရယ်။ စာတစ်ပုဒ် ကောင်း၊ မကောင်း သုံးသပ်တဲ့အခါ တစ်ခုခုကို ထိုးနှက်လိုက်တာနဲ့ စာကောင်းလို့ သတ်မှတ်တာမျိုးကို ကျွန်တော်တော့ သဘောမကျချင်ဘူး။ အနုပညာတန်ဖိုးတော့လည်း ရှိဦးမှပေါ့ ကိုချိုရယ်၊ မဟုတ်ဘူးလား"

သည်အယူအဆကိုတော့ ကျွန်တော်ကလည်း သဘောမျှပါသည်။ အနုပညာဆိုပါမှတော့ လှဦးမှပေါ့။

"နောက် စီစဉ်သူဆိုတာကိုလည်း တချို့ ကျွန်တော် သဘောမကျချင်ဘူး ကိုချိုရဲ့၊ လက်လှမ်းမီတဲ့အပုဒ် ကောက်ထည့်လိုက်တာမျိုးတော့ မလုပ်သင့်ဘူးပေါ့"

သူ့အတွေးအမြင်ကို ကျွန်တော် သဘောတူပါသည်။ ဆရာမင်းသုဝဏ်ကဗျာကို ရွေးပြီဆိုမှတော့ သူ့မှာတမ်း၊ ပျဉ်းမငုတ်တို၊ ဖိုးမောင်လာပြီ၊ သပြေညို ရွေးပေတော့ပေါ့။ ဆရာဇော်ဂျီကဗျာ ရွေးပြီဆိုလျှင်လည်း ပိတောက်ပန်း၊ ဗေဒါလမ်း ရွေးပေတော့ပေါ့။ ဆရာဒဂုန်တာရာမှ ဆိုလျှင်လည်း မတ်လတော်လှန်ရေး၊ တပာီတီ သွားရအောင် ရွေးလေပေါ့။ သို့မဟုတ်ဘဲ ကိုယ်နဲ့လက်လှမ်းမီရာ လွယ်ရာကို လက်ရွေးစင်ဟု ဆိုကာ ကောက်ကောက်ထည့်နေသည့် စီစဉ်သူတွေကို သူ တော်တော် စိတ်ပျက်နေပုံ ရပါသည်။

*

ကိုနေဝင်းမြင့်က ရေနံချောင်းသား ဖြစ်ပါသည်။ သူ့ကို ကျွန်တော်စသိတော့ အင်းစိန် အုတ်စက်ရုံက ဝန်ထမ်း။ အင်းစိန်သည်ပဲ သူ့အိုးသူ့အိမ်။ နောက်တော့ အလုပ်မှထွက်ကာ စာပေလောကထဲ ခြေစုံပစ်ဝင်လိုက်သည်။ အထူးသဖြင့် ခေတ်ပို၊ မြန်မာ့ခေတ်ပို ခေတ်ကောင်းစဉ် ကာလတွေမှာ သူက

မျက်နှာဖုံးဆောင်းပါးရေးသူ။ **အောင်မောင်း** ဆိုသည်က သူ၏ ထင်ရှားသော ကလောင်ခွဲ။ ဝတ္ထုတိုလက်ရာတွေကလည်း အမြောက်အမြား။

သူ့ဝတ္ထုတိုတွေက လေးနက်ရုံမျှမက အညာရနံ့ကလေးတွေပါ သင်းမွှေးနေတတ်ပါသည်။ ဥပမာ-နက်စ်ကော်ဖီကိုကြည့်၊ ရေအိမ်ကိုကြည့်၊ သီပေါခင်ကြိုင်ကိုကြည့်။

နောက်ပိုင်းကျတော့ ကိုနေဝင်းမြင့် မန္တလေးမှာ အနေစိပ်လာသည်။ ကျွန်တော် မန္တလေးသို့ တက်သွားတိုင်း သူ့ကို မန္တလေးက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်မှာ တွေ့ရတတ်သည်။ မြိန့်မြိန့်ကြီးထိုင်လို့။ လက်ထဲမှာ ကက်ဆက်ခွေနှစ်ခွေလောက်နဲ့။ Walkman ကက်ဆက်ပေါက်စကလေး တစ်လုံးနဲ့။ စီးကရက်တစ်ဘူးနဲ့။

"ဟော့လူတွေ၊ ကိုချို့ရှေ့မှာနော်၊ တောင်တောင်အီအီတွေ မပြောကြနဲ့"

သူက သည်လိုပြောတော့ မန္တလေးသား စာရေးဆရာတွေက ပြုံးကြသည်။ ကိုသိုက်ထွန်းသက်၊ ကိုဆူးငှက်၊ ကိုငြိမ်း စသည်။ နောက်တော့ သူမန္တလေးမှာ အပြီးအပိုင် ခြေချလိုက်ပါသည်။

မကြာသေးသော အချိန်တွေထဲမှာတော့ သူ့စာပေဆုရ ဝတ္ထုတိုပေါင်းချုပ်ဖြစ်သော **အိမ်ကလေး ၁၆ လုံး** ကို ကျွန်တော် ဖတ်ဖြစ်သည်။ ဝတ္ထုအချို့က ပရလောကကို အခြေခံကာ ကျောစိမ့်အောင် ရေးထားသော ဝတ္ထုတိုကလေးတွေဖြစ်ပါသည်။ ကျွန်တော်က သူနှင့်တွေ့စဉ် ချစ်စနိုး စမိသည်။

"ကိုနေဝင်းမြင့်၊ ခင်ဗျား သရဲလိုင်းထဲကိုများ ဝင်ဦးမလို့လား"

"အယ်··· ကိုချိုကလည်း လုပ်တော့မယ်၊ ဝိညာဉ်လောကကို ယုံကြည်သူတွေရှိတယ် ကိုချိုရဲ့"

သူက ကျစ်လျစ်နေအောင် ယာထားသည့် ကွမ်းယာကလေးကို ပါးစပ်ထဲ ထိုးထည့်ကာ ပုံ့ပုံ့ကြီး ပြောနေပြန်ပါသည်။

ဩော်··· ခုတော့ ကဗျာဆရာ ကိုခိုင်မာ မရှိတော့။ ပန်းချီဆရာ ယဉ်မင်းပိုက်နှင့် ကိုစိုးမြင့်လတ်ကလည်း တစ်လနေလို့ တစ်ခါမတွေ့။ တစ်ခါတစ်ခါ ဆရာမောင်လင်းယုန်(ရှမ်းပြည်)နဲ့ ကိုတင်ဆင့်တို့ကိုတော့ တွေ့ရတတ်သည်။

သည်အခါတွေမှာ ကိုနေဝင်းမြင့်နှင့်အတူ အင်းစိန်ကို ကျွန်တော် လွမ်းသွားမိသည်။ ဩော်··· ရွှေတိဂုံဆံတော်ရှင် ခြေတော်ရင်းဆီကနေ

www.nyisay.com



မဟာမုနိမြတ်စွာဘုရား ရှေ့တော်မှောက်သို့ ရောက်သွားသည့် စာရေးဆရာကို ကျွန်တော်က လွမ်းတလိုက်ရပေသည်။

*စတိုင်သစ်မဂ္ဂဇင်း*

ဇွန်လ၊ ဩဂုတ်လ၊ ၂၀၀၉။

❒


MAUNG NOE

## ဂျူး
## (ဉာဏ်ပညာအပေါင်း ချစ်ခြင်းမေတ္တာ စွယ်တော်ရွက်လေးတစ်ရွက်)

စာပေဟောပြောပွဲကိစ္စနှင့် ပတ်သက်ပြီး နောက်ထပ်တစ်ကြိမ် ထပ်မံဖိတ်ကြားသည့် မြို့ရွာတွေ ကျွန်တော့်မှာ တော်တော်ကလေးရှိပါသည်။ တောင်ငူ၊ ကျောက်ပန်းတောင်း၊ ရွှေတောင်၊ ဟင်္သာတ၊ နိဗ္ဗာန်၊ ပဲကြီးကျွန်း၊ မြန်အောင် စသည်ဖြင့်။

၂၀၀၀ ပြည့်နှစ်လွန်စ ကျွံစနှစ်တွေထဲမှာ စံကားဝါမြေ၊ ဒါမှမဟုတ် ကျောက်ပန်းတောင်းသို့ ပထမဦးဆုံးအကြိမ် ကျွန်တော် ရောက်သွားဖြစ်ခဲ့ရာ ကိုနေဝင်းမြင့်၊ ကိုဆူးငှက်၊ အဏ္ဏဝါစိုးမိုး၊ ကိုနွမ်ဂျာသိုင်းတို့နှင့် ဖြစ်ပါသည်။

နောက်တစ်နှစ် ကျောက်ပန်းတောင်းမှာ စာပေဟောပြောပွဲ ဆက်လုပ်တော့ ဆရာဖေမြင့်၊ ဆရာချစ်ဦးညို၊ ဆရာမဂျူး တို့နှင့်အတူ ကျွန်တော့်ကို ထပ်ဖိတ်ပြန်ပါသည်။ သည်မှာတင် စံကားဝါမြေ ပုပ္ပားတောင်ခြေရောက် စာရေးဆရာမဂျူးကို အလယ်ရိုးမ တောင်စွယ်တောင်ညွန့် အကွန့်အလွန့်များနှင့်အတူ တွဲစပ်ထိတွေ့ခဲ့ခြင်း ဖြစ်ပါသည်။

တောင်တွေအကြောင်းကို တော်တော် ရှူးသွပ်ခဲ့သည့် စာရေးဆရာမ ဂျူး။

*

မိတ္ထီလာ၊ ကျောက်ပန်းတောင်း ကားလမ်းအတိုင်း ကျောက်ပန်းတောင်းမြို့အဝင် ကားလမ်း၏ ဘယ်ဘက်တွင် အမြောက်တပ်တစ်တပ် ရှိပါသည်။ ထိုအမြောက်တပ်၏ နောက်ကျောဘက်မှာ တောင်စွယ်တောင်ညွှန့်ကလေးတွေက လွန့်လွန့်လူးလူး။ အဲဒီတောင်စွယ်ကလေးတစ်ခုပေါ်မှာ စေတီကလေးတစ်ဆူကို ခက်ခက်ခဲခဲ တည်ထားသည်။

www.nyisay.com



ကျွန်တော်တို့ ကျောက်ပန်းတောင်းကို ရောက်တော့ တာဝန်ရှိသူတွေရော မြို့ခံတွေကပါ ကျွန်တော်တို့ကို ထိုစေတီကလေးရှိရာဆီ လိုက်ပို့သည်။ ဘယ်လောက်ပဲ နိမ့်နိမ့်တောင်ဟု အမည်တပ်ထားမှတော့ နည်းနည်းတော့ တက်ရပါသည်။

ကျွန်တော်က ရှေ့က၊ မဂျူးက နောက်က။

ကျွန်တော် နောက်ကို တစ်ချက်လှည့်ကြည့်လိုက်တော့ တောင်တက်လမ်း အကွေ့ကလေးတစ်ခုမှာ မဂျူး တန့်နေသည်။ တော်တော်နှင့် ဆက်မတက်။

"ဆရာမ ရရဲ့လား"

"မောတယ် ဆရာရယ်၊ ရရင်လည်း တက်မယ်၊ မရရင်လည်း ထိုင်ကျန်နေခဲ့တော့မယ်"

"ဆရာမကလည်း၊ ဝတ္ထုထဲမှာကျတော့ တောင်ပေါ်လမ်းတွေမှာ စွန့်စားလိုက်တာ"

"အဲဒါက ဝတ္ထု၊ ဒါနဲ့ မဆိုင်ဘူး"

မဂျူးက သူ့အဖြစ်ကိုသူ သဘောကျသွားဟန်ဖြင့် လွတ်လွတ်လပ်လပ်ကြီးကို ရယ်မောနေပြန်ပါသည်။ သူ့ရယ်မောဟန်က အပြစ်ကင်းသည့် ကလေးတစ်ယောက်၏ ရယ်မောဟန်လို ကြည်လင်နေသည်။ တစ်ပိုင်းတစ်စ အရယ်အမော မဟုတ်။ အပြည့်အဝအပြုံး။

နောက်တော့ စာရေးဆရာမက ကျွန်တော်တို့အားလုံး ရောက်သည့်နေရာအထိ ရောက်အောင်ကို တက်လာခဲ့ပါသည်။

*

ဂျူး၏ဝတ္ထုရှည်တွေထဲတွင် တောင်နံ့သင်းသည့် ဝတ္ထုရှည်တွေလည်း ပါဝင်ပါသည်။ **လှိုင်ဝှက်သောနှင်း** ဟူ၍ ရုပ်ရှင်ပိတ်ကားပေါ် ရောက်လာသော ဝတ္ထုက **ကြယ်စင်တံတား ကမ်းပါးနှင်းမြူ** ပဲ ဖြစ်ပါသည်။

ဖုန်ကန်တောင်၊ ခါကာဘိုရာဇီတောင် စသည့် မြောက်ဖျား ကချင်တောင်တန်းကြီးများကို နောက်ခံထားကာ ဇာတ်အိမ်ဖွဲ့ထားသည့် ဝတ္ထု၊ နှင်းမုန်တိုင်းတွေကြားမှာ ပျောက်ဆုံးသွားခဲ့ရသည့် လိပ်ပြာသုတေသီ ကထိက ဦးပြေသိမ်း၏အလောင်းကို သားဖြစ်သူ ဥက္ကာက ပြန်ရှာသောဇာတ်။

www.nyisay.com



ဘယ်ညာယိမ်းနွဲ့နေသည့် ကြိုးတံတားတွေ၊ အသူတစ်ရာ မြင့်သည့် တောင်ပေါ်လမ်းတွေ၊ ကျောက်ကြိုကျောက်ကြားက တဝေါဝေါ စီးသွန်နေသည့် မြစ်တွေချောင်းတွေနှင့်အတူ ကချင်လမ်းပြကြီး ဦးဖီရမ်၊ သား ဖုန်ဒီးရမ်တို့နှင့် အတူ ဥက္ကာ၏ စွန့်စားခန်းတွေကို ဖွဲ့ထားခဲ့သည်။

နောက်တစ်ပုဒ်က **တိမ်နဲ့ချည်တဲ့ကြိုး**။ ကလေး၊ ဟားခါး၊ ဖလမ်း၊ ချင်းတောင်တန်းများပေါ်က ဝတ္ထု။

တောင်ဇလပ်ပန်းတွေ၊ နှင်းတွေ၊ အောက်ချင်းငှက်တွေ နောက်ခံထားကာ တောင်ပေါ်ရောက် ငွေဝန်းသော်တာတို့၊ ပိုင်စိုးတို့နှင့်တကွ သူတို့ တောင်တန်းကို ဖွံ့ဖြိုးစေချင်သော ချင်းတိုင်းရင်းသားတို့၏ ရင်ခုန်သံကို ထင်ဟပ်ထားသည်။

သို့သော် သည်ဝတ္ထုတွေက ကျွန်တော့်ရင်ထဲသို့ သိပ်မရောက်လှ။ ကျွန်တော်နှင့်စိမ်းသော နာမည်တွေ၊ အစားအစာတွေ၊ အရပ်ဒေသတွေ၊ ဓလေ့ ထုံးစံတွေကြောင့် ထူးဆန်းအံ့သြမှုဖြင့် သည်ဝတ္ထုစာမျက်နှာတွေကို တစ်ရွက်ပြီး တစ်ရွက် လှန်လှောဖြစ်ခဲ့ခြင်းများလားဟု ကျွန်တော့်ကိုယ်ကျွန်တော် မကြာခဏ မေးခွန်းထုတ်မိသည်။ ပွင့်ပွင့်လင်းလင်းဝန်ခံရလျှင် သူ့ပထမပိုင်းလက်ရာတွေ၊ ဝတ္ထုမဟုတ်သော (Non-fiction) စာပေအရေးအသားတွေလောက် ကျွန်တော် မစွဲမက်လှ။

ဒါကို မြင်းလို ကဆုန်စိုင်းတတ်သည့် ကျွန်တော့်မိတ်ဆွေ ကဗျာဆရာ ကလည်း သဘောတူပုံရပါသည်။ ဒါကြောင့်လည်း -

"ဂျူးက နောက်ပိုင်းမှာ Knowledge နဲ့ ဖမ်းစားလာတာဗျ"

ဟု ဆိုခဲ့ဖူးရာ စာရေးဆရာ ကိုတာက ဒါကို မကျေနပ်။

"ဟေ့လူရဲ့၊ ဂျူးက သူပြောချင်တာပြောဖို့ ဇာတ်လမ်းလုပ်နေရတာဗျ၊ Dramatic ဖြစ်အောင်တော့ လုပ်ရမှာပေါ့၊ ပြောနေတာကိုပဲ ကျေးဇူးတင်ပါဦး"

ဘာပဲဖြစ်ဖြစ် ဟောပြောပွဲစင်မြင့်တစ်ခုပေါ်ကနေ နာမည်ကျော် စာရေး ဆရာမဂျူးကို ကျွန်တော်က ကျီစယ်ရပါသည်။ စာရေးဆရာတွေကို မယုံဖို့။ တောင်ပေါ်ဇာတ်လမ်းတွေကိုရေးသည့် စာရေးဆရာမ တောင်ပူစာကလေးပေါ်သို့ ပင် မတက်ဝံ့ကြောင်း စသည် စသည်။ သည်တော့လည်း သူက ကြည်ကြည် လင်လင်ကိုပဲ ရယ်မောနေပြန်ပါသည်။

*

www.nyisay.com



အမျိုးသမီးစာရေးဆရာမ တော်တော်များများနှင့် ကျွန်တော် သိကျွမ်းပါသည်။ ဒေါ်ခင်ဆွေဦး၊ မမစမ်း(သာယာဝတီစမ်းစမ်းနွဲ့)၊ မမမိုး(မိုးမိုးအင်းလျား)၊ ဒေါ်ကလျာ၊ မသန်းမြင့်အောင်၊ မိချမ်းဝေ၊ မနုနုရည်(အင်းဝ)၊ နောက် ခက်မာ၊ သင်းသင်းသာ၊ သွန်းနှင်းအိမ် အများကြီးပဲ ဖြစ်ပါသည်။ အမျိုးသမီးဆိုမှတော့ အမျိုးသမီးအငွေ့အသက် ရှိစမြဲ ဖြစ်ပါသည်။ ဝတ်တာစားတာ၊ ပြင်တာဆင်တာ၊ ဖြီးတာ လိမ်းတာ။ သို့သော် ဂျူးကတော့ တစ်ဘာသာဟု ကျွန်တော် ခံစားရသည်။

တစ်ခါတွင် စမ်းချောင်းဘက်က သူ့တိုက်ခန်းကလေးရှိရာဆီသို့ ကျွန်တော် ရောက်သွားသည်။ စာပေဟောပြောပွဲကိစ္စ။ အဝေးပြေးကားဂိတ်သို့ ဆင်းရန် သူ့ကို ဝင်ကြိုရခြင်းဖြစ်ပါသည်။

ကျွန်တော် ရောက်သွားတော့ သူ အဆင်သင့် မဖြစ်။ အလုပ်တစ်ခုခု လက်စတန်းလန်းဟု ကျွန်တော် ထင်သည်။ စာရေးနေတာလား၊ ဒါမှမဟုတ် စာဖတ်နေတာလား။

''ဆရာ၊ ခဏလေးစောင့်''

သူက ကျွန်တော့်ကို လှမ်းခွင့်ပန်ပြီး ခရီးသွားဖို့ ပြင်ပါသည်။ ငါးမိနစ်လောက်ပဲ ကြာမလား မသိ။ ထိုငါးမိနစ်လောက် အချိန်ကလေးမှာပဲ သူ့အခန်းကို ကျွန်တော် မြင်နေခွင့်ရခဲ့ပါသည်။ အားလုံး ဉာဏ်ပညာနှင့်ပတ်သက်သော ပစ္စည်းတွေချည်း။ ရုပ်မြင်သံကြားနှင့် စီဒီစက်၊ ကွန်ပျူတာ၊ စာအုပ်စာတမ်း၊ စားပွဲရှည်ကြီးတစ်လုံး ဒါပဲဖြစ်ပါသည်။

သီချင်း၊ သို့မဟုတ် ရုပ်ရှင် သူ ကြည့်ရှုနားထောင်ချင် နားထောင်မည်။ အင်္ဂလိပ်၊ ဒါမှမဟုတ် ပြင်သစ် ဘာသာစကား သူလေ့ကျင့်ချင် လေ့ကျင့်မည်။ စာရေး၊ စာဖတ်၊ ဘာသာပြန်ဆို။ Key Board တွေ၊ Mouse တွေ၊ CD Rom တွေ၊ Memory Stick တွေ၊ Printer တွေ၊ Scanner တွေ။

ခဏလေးအတွင်းမှာပဲ သူက ပြီးပြီဟု ဆိုကာ ထွက်ချလာပါသည်။ ကျွန်တော် ဝင်လာခါစက အိမ်နေအဝတ်အစားအတိုင်း။ ရွှေ ငွေ ဝတ်ဖို့ အသာထား၊ နာရီကလေးကိုသော်မှ သူ မပတ်။ အိတ်ကလေးတစ်လုံးကို ဆွဲလို့။ မိတ်ကပ်၊ နှုတ်ခမ်းနီ သူ့မျက်နှာပေါ်မှာ ကျွန်တော် ရှာလို့ မတွေ့။ ခေါင်းကိုပင် အသေအချာ ဖြီးမနေဘဲ လက်ဖြင့် ဟိုသပ်သည်သပ်လုပ်ကာ သွားလို့ရပြီဟု ဆိုပြီး ထွက်ချလာသော စာရေးဆရာမကို ကျွန်တော် အံ့သြနေမိသည်။

www.nyisay.com



လွတ်လပ်ပေါ့ပါးတာလား၊ ယောကျ်ားဆန်တာလား၊ သည်ကိစ္စကို ကျွန်တော် နာမည်မပေးတတ်။ သို့သော် ခရီးတစ်ခု အတူတူ သွားကြရာမှ လွတ်လပ် ပွင့်လင်းသွားတာကတော့ အမှန်ပဲ ဖြစ်ပါလေသည်။

*

မဂျူး၀တ္ထုထဲက အမျိုးသမီး တော်တော်များများက တော်တော့်ကို စမတ်ကျပါသည်။ **မရှိမဖြစ်မိုး** ထဲက ခင်မိုးမြင့်တို့၊ ကြာတော့သည်လည်း **မောင့်စကား** ထဲက တင်တင်ဇော်တို့ စသည် စသည်။

ကျွန်တော့်စိတ်ထဲ စာရေးဆရာမ၏ ကိုယ်ပွားတွေများလားဟု ထင်မှတ် ထားခဲ့ဖူးသည်။ မဟုတ်၊ စာရေးဆရာမက သတ်သတ်၊ သူ့ဇာတ်ဆောင်တွေက သတ်သတ်။

ခရီးတစ်ထောက် ထမင်းဆိုင်ကလေးမှာ မော်တော်ကား ခဏနားတော့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်မှာ အမှောင်ထုက ကြီးစိုးနေခဲ့ပြီ။

"ဆရာမ ငါးပိရည်ကြိုက်လား"

"သိပ်ကြိုက်ပေါ့"

မဂျူးက ပြောပြောဆိုဆိုပင်လျှင် ထမင်းကို ငါးပိရည် ဆမ်းကာ ဆမ်းကာ အားရပါးရ စားနေပါလေသည်။

သည်တုန်းက ကျောက်ပန်းတောင်းကားသည် ပြည်လမ်းဘက်က မသွားဘဲ မန္တလေးလမ်းအတိုင်း သွားခဲ့ခြင်းဖြစ်ရာ မိတ္ထီလာမြို့အထွက်တွင် ခဏနားပြန်ပါသည်။

မနက် သုံးနာရီလောက် ကား ခရီးတစ်ထောက်နားတော့ သူ့ကို နှိုးဖို့ ကြည့်ရာ နှစ်နှစ်ခြိုက်ခြိုက်ကြီးကိုပဲ အိပ်ပျော်နေပါသည်။

ကျွန်တော်နှင့် ဆရာဖေမြင့်က နောက်မှာ တစ်ယောက်တစ်ခုံစီ။ မဂျူးကိုတော့ မိန်းကလေးမို့ လွတ်လွတ်လပ်လပ်နေနိုင်အောင် ကျွန်တော်တို့ ရှေ့က နှစ်ခုံတွဲကို ပေးထားခဲ့ရာ သူက ထိုနှစ်ခုံတွဲပေါ် ကန့်လန့်လှဲချကာ ကွေးကွေးကလေး အိပ်ပျော်နေခဲ့ခြင်း ဖြစ်ပါသည်။ ဖြစ်သလို အိပ်နေသော သူ့ကိုကြည့်ကာ ကျွန်တော့်စိတ်ထဲ ကိုယ့်ညီမတစ်ယောက်လို ကရုဏာသက် သွားမိသည်။

"ဆရာမ… မဂျူး… ထ ထ"

www.nyisay.com



သည်တော့လည်း ဆတ်ခနဲပင် သူ ထလာပါသည်။ ကားရပ်နားရာ ဆိုင်ကလေးအပြင်ဘက် နှင်းတွေကြားထဲမှာ ပဲပလာတာ စားကြဆိုတော့လည်း အားရပါးရကို စားနေပြန်ပါသည်။

''ဆရာမ အပေါ့သွားလိုက်ဦး''

''မသွားတော့ပါဘူး ဆရာရယ်၊ အိမ်သာက''

ဖြစ်သလိုဆောက်ထားသည့် ဖရိုဖရဲအိမ်သာက စိတ်ပျက်စရာကောင်းနေတာကတော့ အမှန်ပဲဖြစ်သည်။ သို့သော်လည်း…

''သွားလိုက် ဆရာမရဲ့၊ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားက နှစ်နာရီလောက် မောင်းရဦးမှာ၊ ဖြစ်အောင်သာသွား''

သည်တော့လည်း လက်နှိပ်ဓာတ်မီးကလေး တလက်လက်ဖြင့် ဆူးဖြူပင်တွေ၊ ကန္တာရပင်တွေကြားထဲက ယိုင်နဲ့နဲ့အိမ်သာကလေးရှိရာဆီ သူ ထွက်သွားပါသည်။ အမျိုးသမီးစာရေးဆရာမဆိုပြီး ဘာမှညာမှ လုပ်မနေဘဲ ဘဝကို ထုသား ပေသားကျကျ နေတာကို ကျွန်တော် သဘောကျသည်။ ဘဝဆိုတာ ဝတ္ထုလား၊ ဒါမှမဟုတ် ဝတ္ထုဆန်သလား။ တော်တော့်ကို စိတ်ဝင်စားဖို့ကောင်းသည့် ကိစ္စတစ်ရပ် ဖြစ်ပါသည်။

*

ဂျူး၏ဝတ္ထုများကို အကုန်လုံးနီးပါးလောက် ကျွန်တော် ဖတ်ဖူးပါသည်။ နည်းနည်းကြိုက်တာနှင့် များများကြိုက်တာသာ ကွာခြားပြီး အားလုံးလိုလိုက ရင်ထဲသို့ ရောက်လာတာတွေချည်းပဲ ဖြစ်ပါသည်။ မြန်မာအမျိုးသမီး စာရေးဆရာတို့ မရေးရဲတာ၊ သို့မဟုတ် ရေးလေ့မရှိသော အကြောင်းအရာ နယ်ပယ်ထဲက ဇာတ်ဆောင်နှင့် ဇာတ်တို့ကို ကိုင်တွယ်လေ့ရှိသည်ဟု ကျွန်တော်က သဘောရမိသည်။

ဥပမာ အမှတ်တရ။ အရေးကြမ်းသည်ဟုဆိုကာ စာမျက်နှာတွေပေါ်မှာ ဆူညံဆူညံတွေ ဖြစ်စေခဲ့သော ဝတ္ထုဖြစ်ပါသည်။ မန္တလေးနန်းရှေ့က သီးသန့် ဘော်ဒါဆောင်ကလေးရှိရာမှာ ဆုံလေ့ရှိကြသည့် လွတ်လပ်ပွင့်လင်းသော ချစ်သူနှစ်ဦး၏ ဘဝကို ရေးခြစ်ထားခဲ့ခြင်းဖြစ်ရာ ပြင်းထန်သော ဝေဖန်ရေးဆရာက ရာဇဝင်ထဲမှာ ဂျူးကိုထားရစ်ခဲ့ စသည်ဖြင့်ပင် တို့ထိထားခဲ့ဖူးသည်ကို ကျွန်တော် အမှတ်ရနေမိသည်။

www.nyisay.com



ထို့ပြင် ကြာတော့သည်လည်း မောင့်စကား။

ချစ်ခြင်းမေတ္တာထက် အထင်ကြီးသောစိတ်ကြောင့် ရန်ကုန်ရောက် ကျောင်းနေဖက်သူငယ်ချင်း နန္ဒ၏အခန်းသို့ ရန်ကုန်ရောက်တိုင်းသွားကာ အလိုလိုက်မိသော တင်တင်ဇော်၏ဘဝကို ဖွဲ့ထားသည့်ဝတ္ထုဖြစ်ရာ တစ်ခါ တစ်ခါ နန္ဒက သူ့ဆီသို့လာလျှင် လက်သည်းညှပ်ခဲ့ဖို့နှင့် တင်တင်ဇော်၏ လက်သည်းတို့က သူ့ကျောကိုစူးကြောင်း ရေးပုံမျိုးတွေမှာ တချို့က ပခုံး တွန့်ကြပုံရပါသည်။

မရှိမဖြစ်မိုး ထဲက ခင်မိုးမြင့်ကိုလည်း ကျွန်တော်က အမှတ်ရနေမိသည်။ မိသားစုကိုတော့ ငြင်းပယ်လို့မရသော အရာတဲ့။ အဆိုးအကောင်း မျက်လုံး စုံမှိတ်ပြီး လက်ခံထားရတာတဲ့။

ငွေမက်၍ အမေ့ကို ယူထားပုံရသော အဖေ၏ နောက်ကွယ်က မသိုးမသန့် စိတ်သဘာဝတွေကို စိတ်ပျက်နေသော ခင်မိုးမြင့်က ချစ်သူကိုတော့ စိတ်ကြိုက် ဘဝတစ်ခု တည်ဆောက်မှုအတွက် ရွေးချယ်ထားတာပါဟု ဆိုထားသည့်အပြင် ချစ်သူက လက်သည်းကို အမြဲတမ်း တိတိပပ ညှပ်ထား တတ်ပြီး ရင်ဘတ်နှင့် လက်ကြယ်သီးများကို တပ်ထားလေ့ရှိကြောင်း အဖွဲ့ ကောင်းထားခဲ့ပေရာ ကျွန်တော်တို့ပင် လက်သည်းကို အချိန်ပေးညှပ်၍ အင်္ကျီကြယ်သီးတွေ ရှိသမျှ အကုန်တပ်ရကောင်းမလား အတွေးဝင်သွားခဲ့ ဖူးသည်။

နောက်တော့ ကြွေမွသွားသော **တိမ်တိုက်များအကြောင်း**၊ နောက်တော့ **ပင်လယ်နှင့်တူသော မိန်းမများ**၊ နောက်တော့ **စောင့်နေမယ်လို့ မပြောလိုက်ဘူး**၊ နောက်တော့ **သူ မင်းကို ဘယ်တော့မှ** စသည် စသည်။

တကယ့် တကယ်တမ်း ဂျူးကို ကျွန်တော် ပိုကြိုက်မိသည်က ဝတ္ထု တိုတွေ ဖြစ်ပါသည်။ ခံစားမှုအလွန်တွင် တွေးစရာတွေ တသီတတန်းကြီး ဖြစ်ဖြစ်သွားရသည်က သူ့ဝတ္ထုတိုတွေပဲ ဖြစ်ပါသည်။ ထို့ကြောင့်လည်း သူ့ဝတ္ထု တိုတွေကို အကြိမ်တော်တော်များများ ကျွန်တော် (Appreciation) လုပ်ခဲ့ဖူး ပါသည်။ နောက်တော့ ကျွန်တော့်ဆောင်းပါးတွေစုပြီး **မိုးပင်လယ်ပေါ် ကတ္တီပါရွက်လွှင့်** အမည်ဖြင့် စာအုပ်ထုတ်ဖြစ်ရာ သူ့ဆီသို့ ကျွန်တော် ပို့ပေး လိုက်သည်။

''ကျွန်မ ရေးတာ ညံ့နေလို့လား ဆရာ''

www.nyisay.com



မဂျူး ဖုန်းထဲကနေ သည့်စကားတစ်ခွန်း ကျွန်တော့်ကို ပြောပါသည်။ မဟုတ်၊ စာဖတ်သူတစ်ဦးက အခြားစာဖတ်သူတစ်ဦးကို လက်တို့လိုက်ချင်သည့် ဆန္ဒပဲဖြစ်ပါသည်။ ဒါကို ကျွန်တော်က ရှင်းပြလိုက်တော့ သူ လက်ခံသွားပုံ ရပါသည်။

ကျွန်တော်က ဝတ္ထုဖတ်ခြင်းကိုလည်း ပညာရေး၏ အခန်းကဏ္ဍ တစ်ရပ်အဖြစ် လက်ခံထားရာ နည်းနည်းပါးပါး သင်ပေးစရာ လိုမလားဟု စဉ်းစားမိသည်ကလည်း အမှန်တကယ်ပင် ဖြစ်ပါသည်။

*

တစ်ခါကတော့ ပုပ္ပားတောင်ခြေက သစ်တောဌာန ဧည့်ရိပ်သာထဲမှာ မဂျူးကို ကျွန်တော် ဝိုင်တိုက်ဖူးသည်။ ပထမတော့ သူ မသောက်၊ နောက် ကျွန်တော် ဖွတ်သောက်ခိုင်းတော့မှ မူးမှာ ကြောက်လို့ဟုဆိုသည်။

နောက်တော့ ကျောက်ပန်းတောင်းမြို့ခံသူများကို စတော်ဘယ်ရီသီး နည်းနည်း ခူးခိုင်းကာ သူ့ဝိုင်ခွက်ထဲကို ညှစ်ထည့်ပြီး သောက်ခိုင်းတော့ သူ အရသာတွေ့သွားပုံ ရပါသည်။

သို့ဖြင့် ဝိုင်၏ အိပ်ရာဝင်တေးမှာ သူမှေးစက်သွားပုံ ရပါသည်။ အိပ်ခန်းထဲဝင်သွားကာ ပြန်ထမလာတော့။



သို့ဖြင့် ဆရာဖေမြင့်၊ ဆရာချစ်ဦးညိုတို့နှင့်အတူ ပုပ္ပားကနေ ကျောက်ပန်းတောင်းကို ပြန်တော့ မဂျူးကို ထားခဲ့ကြရသည်။

ကျွန်တော်တို့ တစ်တွေက ကျောက်ပန်းတောင်းမှာ ဟောနှင့်။ နိုးတော့မှ မဂျူးကို ခေါ်လာဖို့ အစီအစဉ်။

သို့သော် သိပ်အချိန် မနှောင်းဘဲ သူ ရောက်လာပါသည်။ ဆရာဖေမြင့် အပြီးမှာ

www.nyisay.com



ဒုတိယ ဟောပြောသူအဖြစ် စင်ပေါ်တက်ပါသည်။ စင်ပေါ်က ဆင်းသည်နှင့် ပြန်ဖို့ အဆင်သင့်။

ညကြီးမိုးချုပ် ကားစီးရသည်မှာ အဆင်မပြေနိုင်သော်လည်း ကျောက်ပန်းတောင်းကနေ ပြည်ကို တစ်ဖြတ်၊ ထို့နောက် ပြည်ကမှ ရန်ကုန်သို့ တစ်ဖြတ် စီးလေမတဲ့။ နိုင်ငံရပ်ခြား အတွေ့အကြုံ တော်တော်များများ ရှိထားလို့လေလား မသိ။ သူ ဘာကိုမှ ကြောက်ပုံမရ။

*

ဂျူးကိုင်တွယ်သည့် ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ဆောင်တွေက ယေဘုယျ ပြောရလျှင် ဉာဏ်ပညာနှင့် အချစ်ကြီးသော နေရာကနေ အထိုင်ချပြီးရေးထား သည့် ဇာတ်လမ်းနှင့် ဇာတ်ဆောင်တွေပဲ ဖြစ်ပါသည်။

ဆိုကြပါစို့၊ **ချစ်သူလား စကားတစ်ပွင့် ထားခဲ့တယ် ဝတ္ထု၊ ကျွန်မ၏ သစ်ပင် ဝတ္ထု၊ နံရံ၏အခြားတစ်ဖက် ဝတ္ထု၊ လရဲ့အောက်ဘက် မိုင်အဝေးမှာ** ဝတ္ထု အများကြီး။

တစ်ခါက နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပြင်သစ်ဘာသာတက်ရင်း ပြင်သစ်သံရုံးမှာပါ ပြင်သစ်စာလေ့လာနေသည့် တပည့်မတစ်ယောက်ကို မည်သူတွေ လာရောက်ကာ တင်ဆက်သူ (Presenter) အဖြစ် ဦးဆောင် တတ်သလဲဟု မေးမိသည်။ တပည့်မက 'ဆရာမဂျူး' တဲ့။ ရှားရှားပါးပါး ပြင်သစ်စာ ဝါသနာထုံသည့် စာရေးဆရာမ။

ဂျူးစာအုပ်တွေထဲမှာ Non-Fiction ခေါ် ဝတ္ထုမဟုတ်သော စာအုပ်တွေကလည်း တော်တော့်ကိုများပါသည်။ ရုပ်ရှင်ခံစားမှု ဆောင်းပါး တွေက ကျွန်တော်တို့ကို ရုပ်ရှင်ပိုကြည့်တတ်အောင် လုပ်ပေးသည်ဟု ကျွန်တော် ယူဆသည်။

**ကျွန်မ ဖတ်ခဲ့သော စာအုပ်များ** လို ဆောင်းပါးတွေကကျတော့ စာနှင့် ပတ်သက်သည့် သူ့ဝမ်းစာကို ကျွန်တော်တို့ တစေ့တစောင်း လှမ်းမြင်ရသည်။ **ကျွန်မချစ်သောမြို့တစ်မြို့၊ ကျွန်မချစ်သော နိုင်ငံ၊ ကျွန်မချစ်သော ကမ္ဘာ** လို စာအုပ် တွေကကျတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး(Environment) ကိစ္စတွေ ပေါ်မှာ အခြေစိုက်ထားသည့် သူ့စိတ်ကို ကျွန်တော်တို့ ခန့်မှန်းနိုင်သည်။ တစ်ခါတလေကျပြန်တော့ ဘာမှ မဟုတ်ဘူး ထင်ရသည့် ဆောင်းပါးအတို

www.nyisay.com



ကလေးတစ်ပုဒ်တလေကပင်လျှင် စိတ်မှာ လာငြိနေကာ ဘဝကို မှင်တက်မိနေတတ်တာမျိုး ရှိတတ်ပါသည်။

ဥပမာ 'ရှုံးသူ မရှိလျှင် နိုင်ချင်ပါသည်' လို ဆောင်းပါးမျိုး။ ထိထိုးရမှာကို ရှက်သလိုလိုဖြစ်နေသောစိတ်နှင့် မည်သူ့မှာမျှ အထိအခိုက် မရှိဘဲ အောင်မြင်သော အလုပ်မျိုးကို လုပ်လိုသည့်စိတ်တွေက ကျွန်တော်တို့စိတ်နှင့် တိုက်ဆိုင်သလို ဖြစ်နေပြန်ပါသည်။ အခြားဆောင်းပါးတစ်ပုဒ်မှာကျပြန်တော့ မဂျူးက VCD တွေက စိတ်ကူးစိတ်သန်းကို သတ်ပစ်ကြောင်းရေးထားရာ ငြင်းမရနိုင်တော့။

မစိမ်းစိမ်း၏ 'ရွှေမန်းဆီသို့' သီချင်းနှင့်အတူ မန္တလေး နန်းတော်ကြီးကို ရိုက်ပြထားလိုက်ပုံမျိုးကို သူ ခံစား၍ မရနိုင်ကြောင်း၊ မရောက်ဖူးဘူးသေးသည့် မန္တလေးကို စိတ်ကူးနှင့်မှန်းဆပြီး ခံစားကြည့်ရသည်မှာ အရသာ ပျက်ကြောင်း သူရေးဖူးသည်။ ရှည်လျားထွေပြားလှစွာသော ဝတ္ထုရှည်တွေထက်ပင် သည်လို ဆောင်းပါးတွေက ကျွန်တော့်ကို လာညှို့ထားတတ်သည်မှာ အမှန်ပင် ဖြစ်ပါသည်။

လွန်ခဲ့သည့် သုံးလေးနှစ်လောက်ကတော့ ဟသ်ာတမြို့ စာပေဟောပြောပွဲကို အတူသွားဖြစ်သည်။ ဆရာ မောင်ကြည်သစ်၊ ကိုအော်ပီကျယ်၊ မဂျူးနှင့် ကျွန်တော်။

ထုံးစံအတိုင်း မဂျူးက ပေါ့ပေါ့ပါးပါး။ အညာဖြစ် ချည်အင်္ကျီ လက်တိုကလေးနှင့်။ အေးလို့ မွှေးလို့ပါ။

"အဖေက ကျန်းမာရေး သိပ်မကောင်းချင်ဘူး"

မဂျူးက မိသားစုတာဝန်ဝတ္တရားကို သက်ပြင်းငွေ့ငွေ့နှင့်ပြောတော့ သူ့ဝန်ထုပ်ဝန်ပိုးကို ကျွန်တော် ကိုယ်ချင်းစာမိသည်။ သည်ကြားထဲက ပညာရေးနှင့် ကျန်းမာရေးအခြေခံသော ပရဟိတ တစ်ပိုင်တစ်နိုင် လုပ်ငန်းတွေထဲမှာ သူ ပါဝင်ဆောင်ရွက်နေကြောင်း သိရတော့ သူ့ဘဝကို ကျေနပ်ဖွယ်ကောင်းသောဟု ဝိသေသပြုမိသည်။

ဟိုရက်ပိုင်းတွေတုန်းကတော့ လူငယ် စာရေးဆရာတစ်ယောက်၏ ဝတ္ထုစာအုပ် မိတ်ဆက်ပွဲလုပ်ရာ City Star ဟိုတယ်မှာ တစ်ခါ၊ ပန်းအလင်္ကာမဂ္ဂဇင်း နှစ်လည်ပွဲကျင်းပရာ Traders' Hotel မှာတစ်ခါ ဖျိုးခနဲ ဖျတ်ခနဲ ဆုံလိုက်မိပါသေးသည်။ ပုလဲပုတီးတွေ ဘာတွေဆွဲလို့။

www.nyisay.com



ဉာဏ်ပညာနှင့် အချစ်ကို ဘဝမှာ အချိုးကျကျ ဖျော်စပ်ထားတတ်သော သူ့ဘဝကို သူ့စာမျက်နှာတွေပေါ်မှာ သွန်ချနေသော စာရေးဆရာမဟု ကျွန်တော်က အသိအမှတ်ပြုလိုက်မိပေသည်။

*စတိုင်သစ်မဂ္ဂဇင်း*

မတ်လ၊ မေလ၊ ၂၀၀၉။

❐


MAUNG NOBE
2011

# အော်ပီကျယ်
## (ရယ်စရာဘဝနှင့် မောစရာ စာမျက်နှာများ)

ကျွန်တော့် အညံ့ဖျင်းဆုံးအချက်ကို ဝန်ခံရလျှင် ပုံမဆွဲတတ်ခြင်းပင် ဖြစ်ပါသည်။ ပန်းချီ၊ ကာတွန်း ဘာတစ်ခုမျှ ကျွန်တော်မရေးတတ်။ သို့သော် ပန်းချီဆရာတွေ၊ အထူးသဖြင့် ကာတွန်းဆရာတွေနှင့်ကား အထူးပင် ရင်းနှီးပါသည်။

ကာတွန်းပြပွဲတွေ၊ ကာတွန်းဆရာ ကန်တော့ပွဲတွေ၊ ကာတွန်းဆရာတို့၏ သာမှု နာမှု ကိစ္စတွေနှင့် ကျွန်တော် ဘယ်တော့မှ မစိမ်းလှ။

ကျွန်တော်တို့ အစ်ကိုကြီးအရွယ် ဆရာရွှေမင်းသား၊ ဆရာငွေကြည်၊ ဆရာမြေဇာ၊ ဆရာသစ်ထွဏ်းတို့က စပြီး ဆွေမင်း(ခုနေဖြူ)၊ စိုးသော်တာ၊ စောမင်းဝေ၊ စိုးစံဝင်း၊ ထက်မိုး အဆုံး အားလုံးနှင့် ကျွန်တော် အကျွမ်းတဝင် ရှိပါသည်။ သည်အထဲမှာ တတွဲတွဲ ရှိမိတတ်သူက မန္တလေးသား ကာတွန်းဆရာ မောင်ဝင်းအောင်။

ကာတွန်းမောင်ဝင်းအောင်… ဆိုကြပါစို့၊ ကျွန်တော့်အခေါ် ကိုဝင်းအောင်က အချိန်တော်တော်ကလေး နှောင်းမှ အိမ်ထောင်ကျသူ ဖြစ်ပါသည်။ သူ အိမ်ထောင်ပြုဖို့ စိတ်ကူးတော့ ငါးဆယ် ပြူတစ်ပြူတစ် နှစ်ကာလများ။ သူ့ဇနီးလောင်း၏ ဓာတ်ပုံကလေးကို ဟိုလူ့တွေ့ထုတ်ပြ၊ သည်လူ့တွေ့ ထုတ်ပြနှင့် အိမ်ထောင်ပြုဖို့ တိုင်ပင်နေရသည့် နှစ်ကာလများမဟုတ်လား။

မန္တလေးနှင့် ဝေးရာ ရန်ကုန်မှာဆိုတော့ သူ တိုင်ပင်ရသည်က စာပေ အသိုက်အဝန်း။ သည်မှာ ကျွန်တော်တို့ကတော့ သူ့ဇနီးလောင်း ဓာတ်ပုံကလေးကိုကြည့်ကာ အသက်အရွယ်အရ အိမ်ထောင်ပြုသင့်ပြီဖြစ်ကြောင်း အကြံပေးရုံမျှသာ ဖြစ်ပါသည်။ ကာတွန်းအော်ပီကျယ်ကတော့ သည်သို့ မဟုတ်။

www.nyisay.com



"အော်ပီကျယ်ကြီး… သူငယ်ချင်းကို ကိုယ် တိုင်ပင်စရာရှိလို့ကွ… ကိုယ် အိမ်ထောင်ပြုဖို့ သင့်ပြီလားကွာ"

ကိုအော်ပီကျယ်က ငါးဆယ် ပြူတစ်ပြူတစ် မောင်ဝင်းအောင်ကို ကြည့်ကာ ပြုံးသည်။ အိမ်ထောင်ပြုသင့်သည့် အသက်ဆိုတာကို တိုက်ရိုက် မပြော။

"သူများတွေ… နင့်အသက်ဆိုရင် မယားငယ်တွေ ဘာတွေရလို့၊ ပြဿနာတောင် တက်နေလောက်ပြီ" ဟူ၏။

တစ်ဝိုင်းလုံး ဝေါခနဲရယ်သံကြီး၏ နောက်မှာ ကာတွန်းမောင်ဝင်းအောင် သူ့အသက်ကို သူ တွက်မိပြီး ငြိမ်ကျသွားသည်။ ကိုအော်ပီကျယ်က သူ့ ဟာသကို မရပ်။

"မောင်ဝင်းအောင်… နင် ကလေးမယူနဲ့"

"ဘာလို့တုံးဟ"

"နင့်ကို မြေးရနေပြီ ထင်သွားမှာပေါ့ဟ"

ဝေါခနဲ ပွဲကျသွားပြန်ပါသည်။ အသက်ကြီးပြီဆိုသော အချက်အလက် သို့ရောက်အောင် စွတ်စိုသော ဟာသဖြင့် အမြန်သွားတတ်သော ကိုအော်ပီကျယ် ၏လိပ်ပြာကို ကျွန်တော်က ချစ်သွားမိသည်။

ဩော်… ကိုအော်ပီကျယ်… ကိုအော်ပီကျယ်။

တကယ်တော့ ကျွန်တော်တို့ သူ့တို့ ဆုံတွေ့ခဲ့ကြတာ နှစ်အရေအတွက် တွေ များခဲ့ပြီ။ သည်တုန်းကတော့ သူက အော်ပီကျယ် မဟုတ်။

မန်းဘဲ… တဲ့။

မန္တလေးက ရောက်လာတဲ့ ငနဲပေါ့။

မန်းဘဲ… ကာတွန်း မန်းဘဲ။

*

"မန်းဘဲ ဆိုတော့ ခင်ဗျားက မန္တလေးသားလား"

"မဟုတ်ဘူးဗျ၊ ပုဂံညောင်ဦး တစ်ဖက်ကမ်းက ရေနံချပ်တဲ့၊ ပခုက္ကူ ခရိုင်ထဲ ပါမှာပေါ့၊ ရေနံချောင်းတို့ ရေနံချပ်တို့ ခင်ဗျားသိပါတယ်"

သည်တုန်းက စွယ်တော်ရိပ်က သူ့အခန်းလေးထဲမှာ ကျွန်တော်က မေးမိခဲ့ခြင်း ဖြစ်ပါသည်။

www.nyisay.com



သူ့ စက်မှုတက္ကသိုလ်ကျောင်းသားဘဝ နှစ်ကာလများ။ ဘယ်နေရာကို ကြည့်ကြည့် ကုံကော်ပင်တွေချည်းပဲ ရှိနေသည့် ရန်ကုန်တက္ကသိုလ် ကုံကော်တောနှင့် စွယ်တော်ပင်တွေ လက်ညှိုးထိုးမလွဲအောင် ပေါက်နေသည့် ရန်ကုန်စက်မှုတက္ကသိုလ် စွယ်တော်ရိပ်တို့သည် ညီအစ်ကို မောင်နှမ တက္ကသိုလ်များပမာ ကူးလူးဆက်ဆံခဲ့ကြရာ ကျွန်တော်တို့တစ်တွေကို တံတားထိုးပေးခဲ့သည်က စာပေနှင့် အနုပညာပဲ ဖြစ်ပါသည်။

တစ်ပွဲနှင့်တစ်ပွဲ ပုတီးစေ့ကလေးတွေ သီသလို ပွဲချင်းဆက်နေသည့် စာပေဟောပြောပွဲ၊ ကဗျာရွတ်ဆိုပွဲတွေ၊ ပန်းချီပြပွဲတွေက သည်တက္ကသိုလ်နယ်မြေတွေမှာ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ရှိရာ သူ့တက္ကသိုလ် ကိုယ်သွား၊ ကိုယ့်တက္ကသိုလ် သူလာနှင့် ကျွန်တော်တို့ စိတ်ကူးနှင့် ပညာကို လူလားမြောက်စေခဲ့၊ ကျယ်ပြန့် နက်ရှိုင်းစေခဲ့သည့် ပွဲသဘင်များဟု ကျွန်တော်က ခံစားမိပါသည်။ သည်ပွဲလမ်းသဘင်တွေ ကြားထဲမှာ ကိုအော်ပီကျယ်တို့ ကျွန်တော်တို့ ချိတ်ဆက်မိသွားကြခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ကာတွန်းပြပွဲ···

သည်တုန်းက ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာထဲတွင် ကျင်းပသည့် ကုံကော်ရွာ ကာတွန်းပြပွဲက ထင်ရှားပါသည်။ တကယ်တော့ ကာတွန်းပြပွဲဟု သာဆိုသော်လည်း ပန်းချီကားတွေလည်းပြ၊ နံရံကပ် ကဗျာတွေလည်း ပြနှင့် တစ်ပတ်ဆယ်ရက် ဆိုသလို လူတွေ ကြိတ်ကြိတ်တိုးနေသည့် ပွဲဖြစ်ရာ အလွန်ကြီးကျယ်ခမ်းနားပါသည်။

ညညတွေမှာ အပန်းဖြေရိပ်သာထဲ၌ ပြပွဲကို စောင့်အိပ်ကြရင်း စွယ်တော်ရိပ်က ရောက်လာသည့် ကာတွန်းမန်းဘဲနှင့် ကျွန်တော်တို့ ရင်းနှီးသွားကြခြင်း ဖြစ်ပါသည်။

နောက်တော့ သူ ရှိရာ စက်မှုတက္ကသိုလ်ထဲအထိ။

၁၉၇၅ ခုနှစ်အလွန် ၁၉၈၀ ပြည့်နှစ်တစ်ဝိုက် နှစ်ကာလများ။

*

ကိုအော်ပီကျယ်က ၁၀တန်းကို အမှတ်ကောင်းကောင်းနှင့် အောင်လာသူဖြစ်၍ စက်မှုတက္ကသိုလ်ရောက်လာသော်လည်း ကာတွန်းက သူ့ရိုးတွင်းခြင်ဆီထဲမှာ ကပ်ငြိပါလာခဲ့ပုံ ရပါသည်။

www.nyisay.com





မန်းဘဲ… တဲ့။ သည်တုန်းက သူ့အမည်။ သူ့ခေတ် စက်မှုတက္ကသိုလ် အသိုက်အဝန်းမှာ မန်းဘဲကို မသိသူမရှိ။ စက်မှုတက္ကသိုလ် ဆိုသည်ကလည်း ကာတွန်းနှင့် ခွဲမရသော နေရာတစ်ခု မဟုတ်လား။

ကျွန်တော်တို့ ချာတိတ်ဘဝကအသည်းစွဲခဲ့သော ကြွံဗဟုံး ကာတွန်းကို ဆွဲခဲ့သည့် ဆရာဦးအောင်မြင့်၊ တိရစ္ဆာန်လောက ကာတွန်းများ ဆွဲခဲ့သည့် ဆရာဦးဖုဏ်းကို စသည် စသည်တို့သည် စက်မှုတက္ကသိုလ်က။

ကိုအော်ပီကျယ်တို့ခေတ်ကို ရောက်တော့ စက်မှုတက္ကသိုလ်မှာ Cartoon Box ဆိုတာ ရှိနေခဲ့ပြီ။

လေးဖက်လေးတန် မှန်အကြည်တွေနှင့် ကာထားသည့် တယ်လီဖုန်းရုံကလေးကို အသုံးပြုကာ အတွင်းဘက်မှနေ၍ ဝင်ကပ်ထားသည့် အပတ်စဉ်ထုတ် နံရံကပ် ကာတွန်း စာစောင်ကလေးပင် ဖြစ်ပါသည်။

ဦးဆောင်သူက မန်းဘဲ။ ပါဝင်ရေးဆွဲသူကလည်း မန်းဘဲ။ ကျောင်းသားကျောင်းသူတွေ တဝါးဝါးနှင့် ပွဲကျနေခဲ့ရသည့် ခေတ်ပြိုင်လူမှုရေး သရော်ချက်များ။

နိုင်ငံကျော် အော်ပီကျယ်မဖြစ်မီ မန်းဘဲ၏ ခြေစမ်းပွဲ ကန်ချက် အလိမ်အခေါက် အပေးအယူတွေ။ အခုတော့ သူ့ကန်ချက်တွေ သူ့သွင်းဂိုးတွေက အရေအတွက်အားဖြင့် မနည်းပြီ။

*

ကိုအော်ပီကျယ်က အင်ဂျင်နီယာဘွဲ့ ရပြီးပြီးချင်းမှာ ဝန်ထမ်းဘဝထဲရောက်သွားပါသေးသည်။ ပြည်တစ်ဖက်ကမ်း သူရဲတန်းရွာနှင့် မလှမ်းမကမ်းက မော်တော်ကားစက်ရုံတစ်ခုမှာ။

www.nyisay.com



နောက် ၁၉၈၈ ခုနှစ်ကိုရောက်တော့ သူ အလုပ်ပြုတ်သွားသည်။ သို့သော် သူက အလုပ်ပြုတ်သည်ဆိုသော စကားကို လက်မခံ။ အနားယူသည်ဟု သုံးဖို့ ကျွန်တော့်ကို မကြာခဏပြောတတ်သည်။

ထို ပြည်တစ်ဖက်ကမ်းမှာ ဝန်ထမ်းလုပ်ရင်းက သူရဲတန်းရှာသူ ကျောင်းဆရာမကလေးနှင့် သူ မေတ္တာ မျှခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ နောက်တော့ ၁၉၈၈ ခုနှစ်အလွန်မှာ အချိန်ပြည့် ကာတွန်းဆရာဘဝ။ ရန်ကုန်သည် သူ့နားခိုရာ။

သူ့လက်ရာ ကာတွန်းတွေ တစ်ကွက်ပြီး တစ်ကွက် ထွက်လာသည်။ ရယ်ရရုံသက်သက်မျှ မဟုတ်။

ကာတွန်းတစ်ခု၌ လူနှစ်ယောက် ပြေးနေပုံကို ဆွဲထားသည်။

ရှေ့တွင် ရောက်နေသော ဓာတ်လိုက်ကျော်က ပြေးနေရင်း သူများထက် သာရမယ်ကွဟု ကြွေးကြော်နေပုံကို ဆွဲထားသည်။ ထို့နောက် ပြေးသူ နှစ်ယောက် အတူတူ ဖြစ်သွားသည်။

ဤတွင် ဓာတ်လိုက်ကျော်က သူများထက် မသာတောင် တန်းတူ လိုက်နိုင်ရမယ်ကွဟု ပြောင်းပြီး ကြွေးကြော်သည်။

နောက်တစ်ကွက်တွင်ကား ဓာတ်လိုက်ကျော်က နောက်မလှမ်းမကမ်းမှာ ကျန်ရစ်သည်။ သိပ်မကွာရင် ပြီးတာပဲဟု ကြွေးကြော်ရင်း ပြေးနေပုံကို ဆွဲထားသည်။

နောက်ဆုံးအကွက်မှာကျတော့ ဓာတ်လိုက်ကျော် တစ်ယောက်တည်း ဟိုးနောက်ဆုံးမှာ။

ပြောနေသည့် စကားက ကိုယ်ထမင်းကိုယ်စားနေတာ နောက်ဆုံး ဖြစ်တော့ ဘယ်သူ့ ဂရုစိုက်ရမှာလဲကွဟူသည့် စကား။

သည်လို ကာတွန်းလက်ရာတွေက ကိုအော်ပီကျယ့်ဆီမှာ အများ အပြားပင် ဖြစ်ပါသည်။

သူက စာမျက်နှာပေါ်တွင်မှာသာ ဟာသရှိသူ မဟုတ်။ စာပေ ဟောပြောပွဲ စင်မြင့်တွေပေါ်မှာလည်း အရွှင်ဓာတ်ကလေးနှင့်။

တစ်ခါက ဟင်္သာတမှာလား၊ ကနောင်မှာလား၊ ကျောက်ပန်းတောင်းမှာလား ကျွန်တော် မမှတ်မိတော့။ သူက သူ့သားတော်မောင် အကြောင်းကို ရယ်ပွဲဖွဲ့နေခဲ့ပါသည်။

www.nyisay.com



ကျွန်တော်၏အကြောင်း စာစီစာကုံးကို သားတော်မောင်က အလွတ်ကျက်နေပုံ၊ ထိုသို့ကျက်ရာ၌ ကျွန်တော်၏ဖခင်မှာ ဦးဘဖြစ်ပါသည်ဟု ပါဝင်ပုံ၊ သူက အော်ပီကျယ်၊ သို့မဟုတ် ဦးဝင်းနိုင်ဟု ပြောင်းပေးပုံ၊ သားက လက်မခံပုံ၊ သူ့သူငယ်ချင်းတွေအားလုံးလည်း ဦးဘဟုပင် ကျက်မှတ်နေကြပုံ၊ ဤတွင် သူက ဇနီးသည်အား တို့ရပ်ကွက်ထဲမှာ ဦးဘ အတော်မွေသွားပုံရတယ်ဟု ငေါ့လိုက်မိပုံ စသည်စသည်ဖြင့် ဟောပြောနေရာ ပရိသတ်က တဝေါဝေါ ပွဲကျလျက်။

တစ်ခါတွင်ကား ရန်ကုန်မြို့၏ ကျက်သရေဆောင် ထိပ်တန်းဟိုတယ်ကြီးတစ်ခု။

အောင်မြင်ကျော်ကြားနေသော ဂျာနယ်တစ်စောင်၏ ညှော်ခံပွဲ။ ညှော်ပရိသတ်တွေက ဂုဏ်သရေရှိ ညှော်ပရိသတ်တွေ။

ဂျာနယ်၏ တာဝန်အရှိဆုံး ပုဂ္ဂိုလ်က စောင်ရေများလာသောအခါ အမြတ်ခွန်ကိစ္စ ပူပန်ရကြောင်း အဖွင့်စကား၌ ထည့်ပြောသွားပါသည်။ ကိုအော်ပီကျယ်ကား သူ့အလှည့် အမှတ်တရ စကားပြောခွင့်ရသောအခါ ဤကိစ္စကို ပူရန်မလိုကြောင်း၊ စောင်ရေ ၁၀၀၀ ဟု ရိုက်နှိပ်ဖော်ပြထားကြောင်း အားပေးလိုက်ရာ ခန်းမကြီးတစ်ခုလုံး ဝေါခနဲ ပွဲကျသွားပါတော့သည်။

တစ်ခါတုန်းကတော့ လူငယ် အဃ်ဒီတာ နှစ်ယောက်က မွေးနေ့တူများ ဖြစ်ရာ မွေးနေ့ပွဲကို ပူးပေါင်း ကျင်းပပါသည်။ လူ အစိတ် သုံးဆယ်လောက် ရွေးဖိတ်ထားသော ပွဲဖြစ်ရာ မွေးနေ့ရှင်တို့က တက်ရောက်လာသူများကို အမှတ်တရ စကားပြောခိုင်းရာ ကိုတာပြောပါ၊ ဒေါက်တာဇော်သန်း ပြောပါ၊ နိုင်ငံကျော် ဟာသမင်းသား ပြောပါ စသည် စသည်ဖြင့် တောင်းဆိုရာ အနုပညာနယ်ပယ်မှ မဟုတ်သော ဆရာဝန် သုံးလေးယောက်ကိုကား ချန်ထားကြပါသည်။

ဤတွင် ကွမ်းယာ တပျတ်ပျတ်ဝါးရင်း အရပ်မားမားကြီးနှင့် ထလာသူက ကိုအော်ပီကျယ်ပဲ ဖြစ်ပါသည်။

"ဒီမှာ ဒီမှာ… ဒီက ညှော်သည်တွေလည်း ပြောပါဦးဗျ၊ သူတို့မှာလည်း ပြောချင်တဲ့စကားတွေ ရှိမှာပေါ့၊ ပြောပါ၊ အမှတ်တရလေးတွေပေါ့"

သည်တော့မှ ဝိုင်းနှင့်စိမ်းနေသော ညှော်သည် သုံးလေးယောက်ဆီကို တစ်ဝိုင်းလုံးက အာရုံရောက်သွားကြပါသည်။

www.nyisay.com



ငါတို့က အနုပညာသမားတွေ၊ ငါတို့သာ ပြောရေးဆိုခွင့်ရှိတယ်၊ ငါတို့ပြောတာ နားထောင်ဟူသော စိတ်မျိုး သူ့မှာ မရှိတာကိုတော့ ကျွန်တော်သဘောကျမိတာ အမှန်ပဲ ဖြစ်ပါသည်။

*

ကိုအော်ပီကျယ်နှင့် ကျွန်တော်က မကြာခဏဆိုသလို ခရီးအတူသွားဖြစ်ကြသူများ ဖြစ်ကြရာ၊ ပလတ်စတစ်အိတ်ကလေးနှင့် ထုပ်ထားသော ကွမ်းယာတွေက မပါမဖြစ် သူ့တပ်မက်မှုများ။

သူက အမြဲလိုလို ကွမ်းယာကို ငုံထားတတ်၊ ပြီးတော့ တဖြောက်ဖြောက် ဝါးနေတတ်သူဖြစ်ရာ မြန်မာနိုင်ငံ၏ ပြင်ပတွင် သူ ဘယ်လိုဖြေရှင်းမှာပါလိမ့်ဟု ကျွန်တော်က စိတ်ဝင်စားမိသည်။

အထူးသဖြင့် သူ ကွန်ပျူတာ ကာတွန်းရုပ်ရှင် ပညာသွားသင်ရာ အင်္ဂလန်မှာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာ သွားသင်ရာ ဟားဘတ်တက္ကသိုလ်မှာ သူ ဘယ်လို ကွမ်းယာစားမှာပါလိမ့်။

"ဟေ့လူ ကိုသာချို… ခင်ဗျား အဲဒါကတော့ ရှင်းတယ်၊ လေယာဉ်ပေါ်မတက်ခင်အထိ ကွမ်းယာကို ငုံထားတယ်၊ တက်ပြီဆိုတာနဲ့ အကုန် ထွေးထုတ်ပစ်လိုက်တယ်၊ အပြတ်ဖြတ်ပဲ"

နောက်ပိုင်းမှာတော့ ကွန်ပျူတာနှင့် NGO လုပ်ငန်းတချို့မှာ သူ့ဘဝကို အသုံးချလာပါသည်။ ဥပမာ-ကြက်ငှက်တုပ်ကွေးတိုက်ဖျက်ရေး လှုံ့ဆော်ပိုစတာကြီးတွေ၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လက်ကမ်းစာစောင်တွေ။ 7 Day News ဂျာနယ်တွင် ဖော်ပြနေသည့် Environment Cartoon တွေကအစ သူ မေတ္တာနှင့် ဆွဲပေးနေခြင်းပင် ဖြစ်ပါသည်။

"ဟေ့လူ ကိုသာချို… ဆရာကြည်အောင် ပြောဖူးတယ်ဗျ… Campus Artist လို့ထင်တယ်။ အဝန်းအဝိုင်းထဲက ထွက်လာတဲ့ အနုပညာခေတ်ပြိုင်သမားတွေရဲ့ ဘဝဟာ သိပ်အရေးကြီးတယ်ဗျ"

သူနှင့် ကျွန်တော့်မှာ တူသောတစ်ချက်က ကတ်ပြားစနစ် (Card System) ထားရှိခြင်းပင် ဖြစ်ပါသည်။ ဖတ်သမျှ မှတ်သမျှတွေကို ကတ်ပေါ်တွင်တင်ထားကာ စင်ပေါ်သို့ သူတက်သွားလေ့ရှိသည်။

www.nyisay.com



အရပ်မြင့်မြင့်၊ ကွမ်းယာတပျတ်ပျတ်၊ သဘာဝအတိုင်း ဖွေးနေသည့် ဆံပင်တွေကို တိုတိုညှပ်လို့။ တစ်ကတ်ပြီးတစ်ကတ် ဆွဲထုတ်လိုက်၊ သူ့ ဟောပြောချက်ကို ရှေ့တိုးသွားလိုက်၊ ပရိသတ်၏ ဝေါခနဲ ရယ်သံကြီးကို စောင့်နေလိုက်၊ ခေါင်းမွေးတွေထဲကို လက် ထိုးဖွနေလိုက်၊ ရယ်ကျဲကျဲနှင့် ကြည့်နေလိုက်။

ဘဝမှာ ဘယ်တော့မှ အလွယ်တကူ မျက်ရည်ကျမည့်သူ မဟုတ်ဟု ကျွန်တော်က သူ့ကို ထင်ထားမိခဲ့တာ အမှန်ပဲ ဖြစ်ပါသည်။ သို့သော် သူချုံးပွဲချငိုတာကို တွေ့လိုက်ရစဉ်မှာတော့ ကျွန်တော်ပါ မျက်ရည် မထိန်း နိုင်ပါလေတော့။

*

သည်တုန်းက ပုဂံညောင်ဦးကအပြန် ဖြစ်ပါသည်။ ကျောက်ပန်းတောင်း ဟောပြောပွဲအပြီး နောက်တစ်နေ့ ရန်ကုန်သို့မပြန်မီ ကျွန်တော်တို့ ကားနှစ်စီး ဖြင့် ပုဂံသို့ သွားကြပါသည်။ ရွှေစည်းခုံစေတီတော် ခြေရင်းနားက ပန်းချီ ဘီညိုတို့၏ဆိုင်တွင် ဝိုင်းဖွဲ့ကြခြင်း ဖြစ်ပါသည်။

ညောင်ဦးမြေစာရင်းက ကိုအောင်ကျော်မြင့်၊ ကိုဝင်းမော်၊ ဥပဒေရုံးက ဦးသန်းဦး၊ The Voice ဂျာနယ်က ကိုတင်လင်း၊ ဆီစက်ပိုင်ရှင် ကိုဆန်းထွန်းဦး၊ ပုဂံမြို့သူ ပုန်းရည်ကြီးက ကိုရဲမြင့်အောင် စသည် စသည်တို့အပြင် ကျောက် ပန်းတောင်းသားများ။ ပြီးတော့ ကိုတွတ်။

ကျွန်တော်တို့ ကျောက်ပန်းတောင်းကို ပြန်ကြတော့ တူရွင်းတောင်တန်း ဘေး တစ်နေရာမှာ ရှေ့က ကားက ရပ်သွားပါသည်။ ပြီးတော့ လူငယ်တွေ အားလုံး ကားလမ်းဘေးမှာ ဆင်းရပ်နေကြပါသည်။ ထနောင်းပင်ကလေး၏ အရိပ်အောက်မှာ။

ဟိုးအဝေးမှာ ပုပ္ပားတောင်ကြီးက ပြာမှိုင်းလို့။

ဘာများပါလိမ့် ဟူသော အတွေးဖြင့် ကျွန်တော်တို့၏ ဆလွန်းကား ကလေးကို ထိုးရပ်ကာ ကျွန်တော်နှင့် ကိုအော်ပီကျယ် ဆင်းလိုက်တော့ အားလုံးက ငိုကြီးချက်မဖြစ်ကာ လမ်းဘေးမှာပင် ထိုင်ကန်တော့ကြပါတော့ သည်။ ကျောက်ပန်းတောင်းဟောပြောပွဲ ခြိမ့်ခြိမ့်သဲသဲ အောင်မြင်မှုအပေါ် ဝမ်းသာလွန်း၍ဟု ဆိုပါသည်။

www.nyisay.com



သည်မှာပင် ကိုအော်ပီကျယ် ဘယ်လိုဖြစ်သွားသည်မသိ။ သူက အရပ်မြင့်သူဖြစ်ရာ ကျွန်တော့်ပခုံးကို သိုင်း၍ ဖက်ထားပြီး မျက်နှာကို ကျွန်တော့်ခေါင်းနားမှာ ကပ်ထားလျက်က ရှိုက်ကြီးတငင် ငိုနေပါတော့သည်။

ပထမ ကျွန်တော်က တောင့်ခံထားပါသေးသည်။ နောက်တော့ ကိုအော်ပီကျယ် မငိုနဲ့ဗျာ၊ မငိုနဲ့ဗျာနှင့် ပြောရင်း ကျွန်တော်လည်း ထိန်းမရတော့။ မျက်ရည်တွေ ဘယ်က ဘယ်လို စီးကျလာသည်မသိ။

ပုပ္ပားတောင်ကြီးက ဝါး၍ဝါး၍သွားပါသည်။

ပုဂံနှင့် ကျောက်ပန်းတောင်းကြားမှာ ဖြတ်သွားနေသည့် ကားတွေက ကျွန်တော်တို့ကို ဘယ်လိုများ နားလည်သွားကြလေသည်မသိ။

မြေကြီးပေါ်က လူတွေကလည်း ငိုလို့။

ကျွန်တော်တို့နှစ်ယောက်ကလည်း ဖက်ငိုလို့။

ကိုအော်ပီကျယ်၏ မျက်ရည်ကား ဤမျှနှင့်မရပ်။

ညနေ ကျောက်ပန်း တောင်းကနေ ကားထွက်လို့ ကြက်မောက်တောင်ဆည်နားသို့ ရောက်ရုံရှိသေး ကျောက်ပန်းတောင်း အကြောင်းတွေ ပြန်ပြောကာ မျက်ရည်ကျလာပြန်ပါသည်။

"ကျုပ်တို့တစ်တွေမှာ… တာဝန်တွေအများကြီး ဟော့လူရဲ့"

သူက သူကာတွန်းဆွဲနေတာကို သူ့တာဝန်သူ ထမ်းရွက်နေတာဟု ယူဆပါသည်။ ဘယ်သူကမှ ပေးထားသည့်တာဝန်မဟုတ်။ သူ့ကိုယ်သူ ပြန်ပေးထားသည့် တာဝန်။ အခုအထိကတော့ သူ့ကာတွန်းတွေက တာဝန်ကျေပါသည်။ လူကြိုက်လည်း များပါသည်။

Social Criticism ခေါ် လူ့အဖွဲ့အစည်းကို ဝေဖန်သုံးသပ်ကာ ထေ့ငေါ့သည့် ကာတွန်းများဖြစ်၍ တန်ဖိုးရှိသည်။ အော်ပီကျယ် ဟူသောအသံနှင့် လိုက်ဖက်စွာ ကျယ်လောင်သော အသံကို ကိုယ်စားပြုနိုင်ပါစေသားဟု ဆန္ဒပြုလိုက်ရပေသည်။

*စတိုင်သစ်မဂ္ဂဇင်း*

ဇွန်လ၊ ၂၀၁၀။

❒

www.nyisay.com



www.nyisay.com

## သန်းမြင့်အောင်
## (လောကကမ်းပါးမှာ ကြယ်ငါးကောက်လေသူတစ်ယောက်)

သည်တုန်းကဖြင့် ဆောင်းညသည် ထိုက်တန်သလောက်တော့လည်း အေးစိမ့်လျက်ရှိပါသည်။

၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ည။

ရခိုင်ရိုးမ၊ သို့မဟုတ် အနောက်ရိုးမဘေးက ရွာကြီးတစ်ရွာမှာ ကျွန်တော်တို့ ရောက်ရှိနေကြပါသည်။ ဘက်ရဲတဲ့။ ရွာကကြီးလွန်းသောကြောင့် ရွာလား မြို့လား ခွဲခြား၍မရနိုင်ကြောင်း ကျွန်တော်က ဆိုသောအခါ ဟောပြောပွဲလာပရိသတ်က "မြို့ မြို့" နှင့် ဝိုင်းအော်ကြပါသည်။ သည်တော့ ဘက်ရဲမြို့ဟုပဲ ဆိုလိုက်ကြပါစို့။

ဘက်ရဲက ကျွန်တော်နှင့် မစိမ်းလှပါ။ ဘက်ရဲစာပေဟောပြောပွဲသို့ သုံးကြိမ်တိုင်တိုင် ကျွန်တော်ရောက်ဖူးပါသည်။ အခု ၂၀၁၀ ပြည့်နှစ်ကတော့ တတိယအကြိမ်မြောက် စာပေဟောပြောပွဲ။ မနုနုရည်(အင်းဝ)၊ မသန်းမြင့်အောင်နှင့် ကျွန်တော်။

ကမ္ဘာကြီး ပူနွေးလာသည်ဆိုသည့်တိုင် ဘက်ရဲကတော့ တော်တော့်ကို အေးပါသည်။ ကိုယ့်အလှည့်မရောက်သေးမီ စင်အောက်မှာ စောင်ကြီးတွေခြုံကာ တဆတ်ဆတ်တုန်နေရသောည။ ဆောင်းည။

"ဟိုတုန်းကပေါ့... ရခိုင်ရိုးမကြီးညို့နေတုန်းကဆို အိမ်တိုင်း မီးလင်းဖိုနဲ့နေခဲ့ကြရတာ ဆရာချို့ရဲ့... ခုတော့ အေးပင်အေးသော်လည်း... မီးမဖိုကြရတာ အနှစ်နှစ်ဆယ်၊ အစိတ်ရှိပြီလေ"

ဘက်ရဲဒေသခံတစ်ယောက်က ဟိုးအနောက်ဘက် မလှမ်းမကမ်းဆီမှ လရောင်အောက်မှာ ငြိမ်ဝပ်နေသော အနောက်ရိုးမကြီးရှိရာဆီ လှမ်းမျှော်ကြည့်ကာ သည်စကားကို ဆိုလာခြင်းဖြစ်ပါသည်။ ထိုညက ဟောပြောပွဲပြီးသည့်တိုင်

www.nyisay.com



ကျွန်တော်တို့တစ်တွေ တော်တော်နှင့် အိပ်မပျော်နိုင်ကြ။ စကားတွေက တောင်ရောက် မြောက်ရောက်။

''မသန်းမြင့်အောင်... မဂ္ဂဇင်းတစ်စောင်က ကျွန်တော့်ကို လစဉ်ရေးခိုင်းနေတယ်ဗျ၊ အဲဒါ အမျိုးသမီးစာရေးဆရာမတွေအကြောင်း ရေးရင်ကောင်းမလားလို့''

''အယ်... ကောင်းသားပဲ... ခေါင်းစဉ်ကော ရွေးပြီးပြီလား''

''ကျွန်တော် အရက်တိုက်ခဲ့သော မိန်းမများဆိုရင် ကောင်းမလားလို့''

''အယ်... စိတ်ဝင်စားစရာ ကောင်းတယ်တော့၊ ဘယ်သူကစမလဲ''

''အင်း တစ် ကတော့ မသန်းမြင့်အောင်ပေါ့''

မသန်းမြင့်အောင်၏ ပြုံးတူးပျာတာ အမူအရာကိုကြည့်ကာ ပြုံးစိစိဖြစ်သွားသူကတော့ မနုနုရည်(အင်းဝ)ပဲ ဖြစ်ပါသည်။ ကျွန်တော်ကလည်း ရိုးလွန်းသည့် စာရေးဆရာမကိုကြည့်ကာ ရယ်ချင်နေမိသည်။

တကယ်လည်း မသန်းမြင့်အောင် ယမကာမှီဝဲသည်ကို ကျွန်တော် တစ်ကြိမ်ပဲ ကြုံဖူးပါသည်။

ယမကာဆိုသော်လည်း အရက်ပြင်းတော့ မဟုတ်။ ဝိုင်။ ကမ္ဘောဇ တောင်တန်းကြီးများပေါ်သို့ စာပေဟောပြောပွဲ သွားရောက်စဉ်က အောင်ပန်း၊ ကလောတစ်ဝိုက်တွင် သောက်ခဲ့ရသောဝိုင်။

သည်တုန်းက မှတ်မှတ်ရရ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလကြီးဖြစ်ရာ အေးခဲသောကမ္ဘောဇ၌ စာပေဟောပြောပွဲကို နေ့ပွဲများအဖြစ် ကျင်းပခဲ့ရခြင်းဖြစ်ပါသည်။ ဟောပြောသူရော နားထောင်သူပါ အနွေးထည်အထူကြီးတွေ ဝတ်လျက်။ ဒေါ်ခင်ဆွေဦး၊ ကိုတာ၊ မသန်းမြင့်အောင်နှင့် ကျွန်တော်။

၂၃-၁၂-၂၀၀၃ နေ့ခင်း ၁၂ နာရီ အောင်ပန်းခန်းမ။ ၂၄-၁၂-၂၀၀၃ နေ့ခင်း တစ်နာရီ ကလော အထကခန်းမ။ အောင်ပန်းမှာက ဆရာဒဂုန်တာရာ၊ မသင်းမြစန္ဒီတို့နှင့်အတူ စာချစ်သူ လူငယ်အဝန်းအဝိုင်း တောင့်တင်းပါသည်။ ကလောမှာကလည်း ကဗျာဆရာနိုင်မွန်အောင်သွင်နှင့်အတူ သူ့လူတွေ ရှိပါသည်။ ပြီးတော့ စပျစ်ဝိုင်တွေ၊ မက်မန်းဝိုင်တွေက နေရာတိုင်းကနေ ကျွန်တော်တို့ကို စောင့်ကြိုလျက်။

နှင်းတွေပိတ်ခဲနေသည့် မနက်ခင်းကြီးထဲ လိမ္မော်သီးပွပွကြီးတွေကို စားလိုက်၊ ယစ်လည်းယစ် ရှလည်းရှသည့် ဝိုင်ခွက်ကလေးကို မော့လိုက်နှင့်

www.nyisay.com



ကမ္ဘောဇ၏ရသကို ကျွန်တော်စွဲသွားမိရာ အတူပါလာသည့် စာရေးဆရာ အစ်မကြီးနှစ်ယောက်ကို လက်တို့မိသည်။

"ဟယ်… ကောင်းလိုက်တာ… ကြိုက်တယ်တော့… ရန်ကုန်အပြန် ဝယ်သွားချင်တယ်၊ ကိုသာချိုရယ်၊ လုပ်ပေးဦး"

သံပြိုင်၊ ဒါကတော့ သံပြိုင်။

ဆရာမကြီး ဒေါ်ခင်ဆွေဦးနှင့် မသန်းမြင့်အောင်တို့၏ သံပြိုင်။ မျက်နှာပေါ်မှာကလည်း ပန်းရောင်အရိပ်အငွေ့တွေ လွှမ်းလို့။ တကယ်လည်း ကျွန်တော်တို့စာပေမောင်နှမတစ်သိုက်တို့ သည်တုန်းက ကမ္ဘောဇကအပြန်မှာ ဝိုင်ပုလင်းတွေကိုယ်စီနှင့် ဖြစ်ပါသည်။ စပျစ်နံ့က မွှေးမွှေး။ မက်မန်းနံ့က သင်းသင်း။

ဒါကို ပြန်လည် အမှတ်ရကာ ကျွန်တော်က ဘက်ရဲညမှာ ကျီစယ်လိုက်ခြင်း ဖြစ်ရာ မသန်းမြင့်အောင် ပြုံးတူးပျာတာ ဖြစ်သွားခြင်း ဖြစ်ပါသည်။ တကယ်လည်း တစ်ခါလေးသောက်မိသော မသန်းမြင့်အောင် ဖြစ်ပုံရပါ၏။ ဘာမျှ ဟိတ်ကြီးဟန်ကြီးတွေ မရှိကြဘဲ စာပေခရီးလမ်းပေါ်၌ တွေ့ဆုံကြုံကြိုက်ပုံများမှာ အမှတ်ရစရာ ကောင်းလှပါဘိ။

*

အမျိုးသမီး စာရေးဆရာများထဲတွင် အမျိုးသမီးဟူသည့် အမြင်ကို ဖျောက်ကာ စိတ်ထဲရှိသမျှ လွတ်လွတ်လပ်လပ် လွတ်ပြော၍ဖြစ်သော၊ သူကလည်း ပြောသော မိတ်ဆွေစာရေးဆရာမ တချို့ ကျွန်တော့်မှာ ရှိပါသည်။ သည်အထဲမှာ မသန်းမြင့်အောင်က ထိပ်တန်းက ဖြစ်ပါ၏။ သူ့မှာ ဘာဟန်ဆောင်မှုမျှ မရှိ။ ကွယ်ဝှက်ထားတာတွေ မရှိ။ သူက ဖတ်ရှုရန်အသင့်ဖွင့်ထားသော စာမျက်နှာပဲ ဖြစ်ပါသည်။

တစ်ခါ ကြံခင်းစာပေဟောပြောပွဲအပြီး ပြည်ဘက်ကနေဖြတ်အပြန် စာရေးဆရာမတစ်ဦး၏ ခါးတကယ်မတို့ခင်က ယားတယ်လို့ တွန့်သောကိစ္စများအကြောင်း စကားစပ်မိသွားကြပါသည်။

"ကိုသာချိုရယ်… ကျွန်မကလေ အမှားမဖြစ်ဖို့ သူ့ကိုသတိပေးတာ သိလား၊ သူ ကျွန်မကို ပြန်ကြည့်နေတဲ့ မျက်လုံးကလေ၊ ရှင့်ပုံစံကကော မှားချင်စရာကောင်းတဲ့ပုံစံလားဆိုတဲ့ မျက်လုံးမျိုးနဲ့သိလား ကျွန်မကို ကြည့်နေလိုက်တာ"

www.nyisay.com



သည်တော့ မသန်းမြင့်အောင်ကိုကြည့်ပြီး ကျွန်တော် ပြုံးမိပါသည်။ မနုနုရည်(အင်းဝ)ကလည်း ပြုံးပါသည်။ တကယ်လည်း သူ့ကိုယ်သူ ပြန်ရှုမြင်ထားသည့်အတိုင်း မသန်းမြင့်အောင်က လှသောမိန်းမတစ်ယောက် မဟုတ်ပါ။ မိန်းမတို့၏တန်ဖိုးကား အဆင်းတည်းဟူသည့် လောကနီတိဆရာ၏အဆိုအရမူ သည်စာမေးပွဲ၌ မသန်းမြင့်အောင် စာမေးပွဲကျမှာ သေချာပါသည်။ သို့သော် ကျွန်တော်တို့အသိုက်အဝန်းက သူ့ကို စိတ်လှသူတစ်ယောက်အဖြစ် အချစ်ပိုကြခြင်းပင် ဖြစ်ပါသည်။

သူ့၌ စွတ်စိုသော မေတ္တာစာတ်ရှိပါသည်။ သူ့ပရဟိတလိပ်ပြာက နိုးကြားပါသည်။ ဆရာပါရဂူက လူတစ်ယောက်ကို တန်ဖိုးဖြတ်ရာတွင် အတ္တဟိတထက် ပရဟိတကို ဘယ်လောက်လုပ်သလဲဟူသည့် စံနှုန်းဖြင့်တိုင်းတာကြောင်း ဆိုမိန့်ဖူးရာ၊ သည်လိုဆိုလျှင်ဖြင့် ကျွန်တော်တို့၏ စာရေးဆရာမက အဖိုးတန်သော မိန်းမတစ်ယောက် ဖြစ်ပါလိမ့်မည်။ သူ့နယ်ပယ်က ပရဟိတနယ်ပယ်၊ သူ့နိစ္စရူဝက ပရဟိတနိစ္စရူဝ။

တစ်ခါက စာပေဟောပြောပွဲစင်မြင့်တစ်ခုပေါ်ကနေ ကျွန်တော်က မသန်းမြင့်အောင်နှင့် ကျွန်တော်တို့ မကြာခဏဆိုသလို သင်္ချိုင်းကုန်း၌ ချိန်းတွေ့ကြရကြောင်းပြောလိုက်ရာ ပရိသတ်က ဝေါခနဲ လန်းရှင်၍ သွားပုံကို ကျွန်တော် အမှတ်ရမိပါသည်။ တကယ်လည်း သူနှင့်ကျွန်တော် သွားသွားဆုံတတ်သည်က သင်္ချိုင်းကုန်း။ ပြီးတော့ ပရဟိတ သီလရှင်ကလေးတွေ။ ပရဟိတ ဘုန်းတော်ကြီးကျောင်းတွေ။ HIV ကလေးသူငယ် စောင့်ရှောက်ရေး စခန်းရိပ်မြုံကလေးတွေ။

သူတော်စင်ကြီး မာသာထရီဇာ (Mother Treaser) က ကမ္ဘာပေါ်မှာ ဘုမသိ ဘမသိ မျက်ရည်ကျနေတဲ့လူတွေ အများကြီးဟု ဆိုခဲ့ဖူးရာ သည်လို ဘုမသိ ဘမသိ မျက်ရည်ကျနေသူတချို့၏ သောကကို ကုစားဖို့ သူတတ်စွမ်းသမျှ ပေးဆပ်နေခြင်းဟုပဲ ကျွန်တော်က နားလည်ရပါသည်။

*

ကျွန်တော်နှင့် မသန်းမြင့်အောင်တို့ စာပေဟောပြောပွဲတော်တော်များများ တွဲဟောဖူးရာ သူ ဟောလေ့ရှိသော ခေါင်းစဉ်က 'လူမှုဘဝ ပရဟိတနယ်ပယ်' ပဲဖြစ်ပါသည်။ ဝေန်မြစ်ကမ်းပါးပေါ်က အိုင်သပြုမှာ၊ လက်ခုပ်ကုန်းကမ်းခြေ

www.nyisay.com



ဒေသက ဝါးဘလောက်သောက်မှာ၊ အောင်ပန်းမှာ၊ ကလောမှာ၊ မြန်အောင်မှာ၊ ကြံခင်းမှာ၊ ဘက်ရဲမှာ၊ မင်္ဂလာဒုံမှာ…။ သူ့စာပေဟောပြောမှုတွေက သူ့ ပရဟိတ လုပ်ငန်း၏အရိပ်။ သူ့စာပေလက်ရာတွေက သူ့ပရဟိတနှလုံးသား၏ အရောင်။

ဆိုကြပါစို့၊ 'ရေစေး ထိန်ပင် ထားဝယ်ချောင်'၊ 'ကျွန်မနှင့် ဘဝ များစွာ'၊ 'အထူအပါး'၊ 'သဏ္ဍာန်မဲ့ထုထည်' စသည် စသည်။ သေခြင်း တရားတွေ၊ ခြေကုန်လက်ပန်းကျနေသူတွေ၊ HIV ကလေးငယ်တွေ၊ တွယ်ရာမဲ့ သက်ကြီးရွယ်အိုတွေ။ သူ့ဝတ္ထု အများစုက သူ့လိုပဲ မလှပါ။ ထို့ပြင် မပြေ ပြစ်ပါ။ သို့သော် ကြမ်းရှသော ဝါကျနှင့် ကြွပ်ဆတ်သော စကားလုံးတွေပေါ်မှာ မေတ္တာနှင့် ကရုဏာ လွှမ်းခြုံထားသည်။

ဒဂုံမြို့သစ်တစ်နေရာက ဆရာတော် အရှင်ခေမိန္ဒ၏ ခင်မကန်ကျောင်း တိုက်ထဲသို့ ကျွန်တော့်ကို ဟောပြောဖို့ ခေါ်ဆောင်သွားသူမှာ မသန်းမြင့်အောင် ပဲဖြစ်ပါသည်။ ဆရာတော် သာသနာပြုထားသည့် ကိုရင်ကလေးတွေ၊ သီလရှင် ကလေးတွေက အများအပြား။

"တချို့တွေက ရိုင်းပြီး ကြမ်းတမ်းနေကြတာ ဆရာရဲ့၊ မိဘတွေက လည်း မိုးလင်းကမိုးချုပ် ထွက်ရှာနေရလို့ ပြန်မကြည့်နိုင်ကြဘူး၊ ဆရာ့ကို ဒါ့ကြောင့် ဟောပြောပေးစေချင်တာ"

မသန်းမြင့်အောင်က ကျွန်တော့်ကို ဆရာခေါ်လိုက်၊ ကိုသာချိုခေါ်လိုက်။ ကျွန်တော်ကတော့ ဝင်းထိန်နေသည့် သင်္ကန်းရောင်တွေကြားက ကိုရင်ကလေး တွေ၊ သီလရှင်ကလေးတွေ၊ ဦးပဉ္စင်းလေးတွေကို ကြည့်ကာ ရင်ထဲမှာ ဆို့နင့်နေ မိသည်။

ကြေးရတတ်တို့၏ အမျိုးမျိုးအထွေထွေသော သင်တန်းမျိုးတွေနှင့် အလွန် အလှမ်းဝေးကွာလှသော သည်လိုကလေးလူငယ်တွေကို ပြုစုပျိုးထောင် ပေးနေသည့် ဆရာတော် အရှင်ခေမိန္ဒ၏ စိတ်ကူးကို ကျွန်တော် လေးစားမိ ပါသည်။

တစ်ခါကလည်း ရွှေပြည်သာဘက်က ရွှေရတနာသီလရှင်စာသင်တိုက် ကလေးသို့ ကျွန်တော် ဟောပြောပွဲ ရောက်သွားသည်။ ဒါလည်း မသန်းမြင့်အောင် ၏အားထုတ်မှု။ သီလရှင်တွေသာမက ရပ်ကွက်ထဲက ကလေးတွေပါ လာ ရောက် နားထောင်ကြသည့်ပွဲ။

www.nyisay.com



"အနည်းဆုံးတော့ မြန်မာမိန်းကလေးတွေ လမ်းဘေး ရောက်မသွားဘူးပေါ့"

စာလည်းသင်၊ ဆွမ်းကွမ်းကိစ္စလည်း ဆောင်ရွက်နှင့်မို့ သီလရှင်ကျောင်း၏ အရိပ်မှာ သည်မိန်းကလေးတွေ လုံခြုံပါသည်။ ဒါကို ကျွန်တော်တို့က တစ်တပ်တစ်အား ပါဝင်အားဖြည့်ခြင်းမျှသာ။ မသန်းမြင့်အောင်၏ ကြိုးပမ်းမှု။

ကျွန်တော့်စိတ်ထဲ ညှိုးချုံးသွားရသည့် တစ်နေ့ကတော့ Happy Haven Humanitarian Project ခေါ် သုခရိပ်မြုံသို့ ရောက်သည့်နေ့ကဖြစ်ပါသည်။ ကလေးတွေက သူ့ကိုမြင်လိုက်သည်နှင့် မေကြီး၊ မေကြီးနှင့် ဝိုင်းအုံလာကြပါတော့သည်။

သူက ကလေးတစ်ယောက်ကို ဆတ်ခနဲ ကောက်ချီထားလိုက်ပါသည်။ ကျန်ကလေးတွေက သူ့ထဘီစကို ဆွဲသူကဆွဲ၊ ချီပါ ချီပါနှင့် တစာစာ တောင်းဆိုသူက တောင်းဆို။

သည်စခန်းကလေးမှာ ကလေးငယ် ၅၀လောက် ရှိပါသည်။ အကုန်လုံး HIV ပိုးရှိထားသူတွေ။ အားလုံးလိုလိုက အဖေအမေမရှိကြတော့။ ရောဂါဆိုးကြီး၏အောက်မှာ အသက်ပျောက်ခဲ့ကြပြီးပါပြီ။

"အဓိက ကတော့ စိတ်ဓာတ်ကျမသွားဖို့၊ အိပ်ရေးဝဖို့၊ များများစားဖို့"

မသန်းမြင့်အောင်က ကျွန်တော့်ကို ပြောပြနေစဉ်မှာပင် ကလေးတွေက မီးရထားတန်းကြီးအဖြစ် တစ်ယောက်အင်္ကျီစ တစ်ယောက်ဆွဲကာ ရှေ့ဆုံးကလေးက သူ့ထဘီစကို ဆွဲထားသည်။ သည်တော့လည်း ကျွန်တော်တို့၏ စာရေးဆရာမခမျာ မီးရထားကြီး ဂျုံးဂျုံးဂျက်ဂျက်လုပ်ကာ ခြံဝန်းထဲမှာ လှည့်ပတ်ကစားနေပြန်ပါသည်။ သပ်ရပ်သားနားကာ လုံခြုံသည့်ခြံဝင်း၊ ခေတ်မီလှပသည့် တိုက်တာ အဆောက်အအုံကလေးတွေနှင့် သုခရိပ်မြုံ



www.nyisay.com



က ကျွန်တော့်ကိုပါ လုံခြုံသည့် အရသာပေးပါသည်။ သည်သုခရိပ်မြုံမှာ မဂျူးတို့၊ ဆရာမစုထားတို့၊ ရွှေဇီးကွက်တို့၊ ဒေါ်ကလျာထွန်းတို့နှင့်အတူ မသန်းမြင့်အောင် ပါဝင်လှုပ်ရှားနေခြင်းဖြစ်ပါသည်။

"တစ်ခါကျတော့… မီးရထားစီးချင်သတဲ့ ကိုသာချိုရယ်… အဲဒါ တစ်ပြုံလုံးကို ခေါ်ပြီး မြို့ပတ်ရထားစီးခိုင်းရတာပေါ့၊ အဲဒါ နောက်တစ်ခါ ကျတော့ လေယာဉ်ပျံစီးချင်တယ် လုပ်ပြန်ပါရော၊ လေယာဉ်ပျံက အသက် ကြီးမှ စီးရတာလို့ ညာထားရတယ်"

မသန်းမြင့်အောင်က သူ့အခက်အခဲတွေကို သက်ပြင်းနှင့်အတူ ရင်ဖွင့် လျက်။ ညအမှောင်ထုကလည်း ဒဂုံမြို့သစ်ကလေးပေါ်သို့ ဖိစီးကျရောက်လာ နေလျက်။ ကလေးတွေကလည်း မေကြီးမပြန်နဲ့၊ သမီးတို့နဲ့အိပ်၊ သားတို့နဲ့အိပ် စသည်ဖြင့် ပူဆာနေလျက်။

"ကိုယ်ကလည်း မိသားစုနဲ့ဆိုတော့ ညရောက်ရင် အိမ်ပြန်ရတယ်လေ၊ အဲဒါ… မေကြီးက ညဘက်ကျမှ အလုပ်လုပ်ရတာလို့ပြောတော့ ဘာပြောတယ် မှတ်လဲသိလား၊ မေကြီး ညဘက်ထွက်လုပ်တဲ့အလုပ်တွေ မလုပ်နဲ့ မေကြီးရာ တဲ့"

သူက တဟားဟားရယ်မောနေပြန်ပါသည်။ ကားက ငမိုးရိပ်ချောင်းနှင့် ယှဉ်ကာ တရိပ်ရိပ် ပြေးလွှားနေပါသည်။

"ဟာ အတော်ပဲ နာရေးရုံး ခဏဝင်ရအောင်၊ ဟိုမှာ မင်းသား ရှိတယ်"

ကုသိုလ်ဖြစ်ဆေးခန်းတွေ၊ အခမဲ့စာကြည့်တိုက်တွေ၊ နိဗ္ဗာန်ယာဉ်တွေ၊ ခေါင်းတလားတွေ၏ ကြားထဲသို့ ကျွန်တော် ရောက်သွားပြန်ပါသည်။

တစ်ခေါက် မြစ်ဝကျွန်းပေါ်ဘက်သို့ စာပေဟောပြောပွဲခရီးသွားစဉ် လမ်းဘေးထမင်းဆိုင်တစ်ဆိုင်သို့ ဝင်မိကြရာ ကျွန်တော်က မသိုးမသန့်ဖြစ်တတ် သူပီပီ ဆိုင်က ထမင်းဟင်းကို စားရန်တွန့်ဆုတ်နေမိသည်။ သူကတော့ တစ်ဇွန်း ပြီးတစ်ဇွန်း ထိုးဆွကော်ခပ်စားနေပါလေပြီ။

"ကျွန်မတို့ကတော့ သင်္ချိုင်းမှာလည်း စားတန်စားရတာပဲ၊ ခေါင်းဘေး လည်း ထိုင်စားရင် စားရတာပဲ"

သည်စကားမှာတော့ သူ့လိပ်ပြာကို ကျွန်တော်ရက်သွားမိတာ အမှန်ဖြစ် ကြောင်း ဝန်ခံလိုပါသည်။ သူ့ကို နာရေးကူညီမှုအသင်းကားနှင့်အတူ တွေ့မြင်

www.nyisay.com



နေကျ မဟုတ်လား။ ပြီးတော့ ဆည်းဆာရိပ် သက်ကြီးရွယ်အိုဂေဟာ၊ နံ့သာမြိုင် အနာကြီးရောဂါသည်စခန်း စသည်တို့ကလည်း သူ့ဘဝနှင့် ဆက်ကာစပ်ကာ ပူးကာကပ်ကာ။

*

ဇွန်လ၏ မိုးတဖွဲဖွဲကျနေသော ရက်တစ်ရက်မှာတော့ ကျွန်တော့်အိမ်သို့ ဆရာမစုထားနှင့်အတူရောက်နေသော သူက အပြင်မှာရောက်နေသည့် ကျွန်တော့် ဆီဖုန်းလှမ်းဆက်သည်။ ကျွန်တော်ထားခဲ့သည့် ငွေတစ်သိန်းကို ယူသွားပြီ ဖြစ်ကြောင်း။ ဟုတ်ပါသည်၊ ကျွန်တော်နှင့် ပညာရေးတက္ကသိုလ် စာပေးစာယူ သင်တန်းသား ဆရာဆရာမများ၏ စုပေါင်းအလှူ။ သုခရိပ်မြုံက HIV ကလေး တွေအတွက်။

မနက်တိုင်သောအခါ နေမင်းကထွက်မြဲ။ ညနေတိုင်ပြန်တော့ ရှင်နေမင်း ဝင်မြဲ။ မိုးလင်းနှင့် မိုးချုပ်ကြားမှာ လူတော်တော်များများက ငါနှင့်ငါ့မိသားစု၏ အရေးအရာများအတွက်သာ အသက်ရှင်သန်ကြစမြဲ ဖြစ်ပါသည်။ ငါ့ကလေးရဲ့ ပညာရေး၊ ငါ့မိသားစုရဲ့ စားဝတ်နေရေး၊ ငါ့ဆွေမျိုးညာတိရဲ့ သာရေးနာရေး၊ ငါ့ဘိုးဘွားရဲ့ ကျန်းမာရေး စသည် စသည်။

မသန်းမြင့်အောင်ကတော့ အချိန်တော်တော်များများကို အများအတွက် ပေးဆပ်ထားပါသည်။ ပရဟိတနေ့တွေညတွေ။ ဆရာဖေမြင့် ဘာသာပြန်ဆို သည့် နှလုံးသားအာဟာရများ (Chicken Soup for the Soul) ထဲက ကြယ်ငါးကောက်သူ တစ်ယောက်လိုပဲပေါ့။

ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်သွားရင်း လှိုင်းရိုက်လို့ ကမ်းစပ်ပေါ် တင်လာသည့် ကြယ်ငါးကလေးများကို ကောက်ကာကောက်ကာ ရေထဲပစ်ချ ပေးနေသည့် လူတစ်ယောက်ကို နောက်က ပါလာသည့်လူက ပြောလေသတဲ့။ ကြယ်ငါးတွေအများအပြား လှိုင်းရိုက်တိုင်း ကမ်းပေါ်တင်နေသည့် လောကမှာ တစ်ကောင်တလေ ကောက်ပစ်နေလို့ ဘာထူးမှာလဲဆိုသည့်စကား။ ဤတွင် ကြယ်ငါးကောက်သူက နောက်တစ်ကောင်ထပ်ကောက်ကာ သူ့အတွက်တော့ ထူးပါတယ်ဗျာဟု ဆိုပြီး ပင်လယ်ထဲ လှမ်းပစ်ချလိုက်ပြန်သတဲ့။

မှန်ပါသည်၊ စာရေးဆရာမ မသန်းမြင့်အောင်၏ မေတ္တာနှင့် ကရုဏာ တရားက ဤကမ္ဘာလောကပေါ်ရှိ လူသားတိုင်း၏ထံသို့ကား မကျရောက်နိုင်ပါ။

www.nyisay.com



သို့သော် သူ လက်လှမ်းမီသမျှ ကြယ်ငါးကလေးတွေကိုတော့ သူ တတ်စွမ်းနိုင်သမျှ ကောက်ကာကောက်ကာ ပင်လယ်ထဲ ပစ်ချပေးနေခဲ့ပြီး ဖြစ်ပါသည်။ လောကကမ်းပါးစပ်ပေါ်မှာ ဖျပ်ဖျပ်လူးနေသည့် နောက်ထပ်ကြယ်ငါးများစွာကို သူ ကယ်တင်နိုင်ပါစေကြောင်းဖြင့် ပရဟိတစာရေးဆရာမသန်းမြင့်အောင်သို့ ရည်ညွှန်းလိုက်ရပေသည်။

*စတိုင်သစ်မဂ္ဂဇင်း*

ဇူလိုင်လ၊ ၂၀၁၀

❒

www.nyisay.com

## မောင်သာချို

❖ ၁၉၅၈ ခုနှစ် မတ်လ ၁၁ ရက်၊ အင်္ဂါနေ့တွင် အဖ ဦးဝင်းသိန်း၊ အမိ ဒေါ်တင်တို့မှ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွ ကျေးရွာတွင် ဖွားမြင်သည်။ အမည်ရင်းမှာ ဦးညွန့်သောင်း ဖြစ်သည်။

- သုံးခွကျေးရွာ မူလတန်းကျောင်း၊ ကွမ်းခြံကုန်းမြို့ အထက၊ မြောက်ဥက္ကလာ အလက ၁၊ အထက ၁ တို့၌ ပညာ သင်ကြားခဲ့သည်။

❖ ၁၉၇၇ ခုနှစ် ရူပဗေဒဂုဏ်ထူးဖြင့် ဆယ်တန်းအောင်မြင်ခဲ့သည်။ ထို့နောက် ဒေသကောလိပ် ၂ တွင် ပထမနှစ် သင်္ချာ အဓိက၊ ဒုတိယနှစ် သတ္တုဗေဒ အဓိကတို့ဖြင့် ပညာသင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ် တတိယနှစ် ရူပဗေဒကျောင်းသား ဘဝတွင် မြန်မာစာပေနှင့်ဘာသာစကားကို ပြောင်းလဲ သင်ယူခဲ့သည်။

❖ ၁၉၈၁ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ၁၉၈၃ ခုနှစ်တွင် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ ၁၉၈၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့များ ရရှိခဲ့သည်။

❖ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလထုတ် သောင်းပြောင်းထွေလာ ရယ်စရာ

www.nyisay.com



မဂ္ဂဇင်း မှ **ခေတ်သစ်မေတ္တာ** ကဗျာသည် ပထမဦးဆုံး ပုံနှိပ်စာမူ ဖြစ်သည်။ **မောင်သာချို** ကလောင်အမည်ဖြင့် **သမီးဖတ်ဖို့** အပါအဝင် ကိုးအုပ်၊ **ဂျက်ကွမ်းခြံကုန်း** အမည် ဖြင့် ခုနစ်အုပ် ရေးသားထုတ်ဝေခဲ့သည်။

- **သမီးဖတ်ဖို့** စာအုပ်အတွက် ဖြူးမိတ်ဆွေများ **စာပေဆု**၊ **တောင်ငူ မုဒိတာစာပေဆု**၊ **ဖျတ်ခနဲတွေ့ရသည့် ကျွန်တော်တို့ရှေ့က ကြယ်တာရာများ** စာအုပ်အတွက် **မန္တလေးစာဖတ်သူ အကြိုက်စာပေဆု**၊ **လက်ာရလင်း** စာအုပ် အတွက် **ထန်းရိပ်ညို စာပေဆုများ** ရရှိခဲ့သည်။

❖ ၁၉၈၈ ခုနှစ် ဇူလိုင်လတွင် စတင်ထုတ်ဝေသည့် အိပ်မက်ဖူးမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

- လုပ်သားများကောလိပ်၊ ဒေသကောလိပ်၊ နိုင်ငံခြားဘာသာသိပ္ပံ၊ ရန်ကုန်တက္ကသိုလ်၊ မိတ္ထီလာဒီဂရီကောလိပ်၊ ဟင်္သာတတက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

❖ ၂၀၁၀ ခုနှစ် တွင် ဟင်္သာတတက္ကသိုလ်မှ ပညာရေးတက္ကသိုလ်၊ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မြန်မာစာဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ဆဲ ဖြစ်သည်။

- မန္တလေး City FM နှင့် ချယ်ရီ City FM တို့မှလည်း အသံလွှင့် ဟောပြောမှုများ ဆောင်ရွက်လျက် ရှိပါသည်။

❒



စာအုပ်စာပေချစ်သူတို့က စိတ်ဝင်စားတတ်လေ့ရှိသော
အနုပညာရှင် မင်းသစ်၊ မောင်သင်းခိုင်၊ ဇော်(ပျဉ်းမနား)၊ မောင်ချောနွယ်၊
မောင်ရန်ပိုင်၊ မောင်အောင်ပွင့်၊ မင်းသိုက်မွန်၊ ဇောင်းထက်၊ နေစိမ့်၊ မောင်ဒီ၊
ရွှေစိုးဟန်၊ ဖေမြင့်၊ ကိုတာ၊ ကြူးနှစ်၊ နေဝင်းမြင့်၊ ဂျူး၊ အော်ပီကျယ်၊ သန်းမြင့်အောင်တို့၏ ပုံရိပ်များကို
လူသားဆန်မှုရှုထောင့်မှနေ၍ အတတ်နိုင်ဆုံး ရေးခြစ်ထားသော . . .

# ခေတ်ပြိုင်
# ခဲခြစ်ကောက်ကြောင်းများ
## မောင်သာချို

www.facebook.com/NyisayEbookCreator